
www.burmeseclassic.com

# ကြယ်စင်မှူးဝေ

## အသည်းကွဲလေဒီ




(အချစ်လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ မေလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃
ကြယ်စင်မှူးဝေ
အသည်းကွဲလေဒီ/ ကြယ်စင်မှူးဝေ – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၈ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) အသည်းကွဲလေဒီ

ကြယ်စင်မှူးဝေ

# အသည်းကွဲလေဒီ

www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့ ဖြူစင်တဲ့ဝိညာဉ်ကိုချစ်တယ်။
မြင့်မြတ်တဲ့နှလုံးသားလိပ်ပြာ
အနုပညာစန်းတွေနဲ့
နတ်ဒေဝတာတစ်ပါးလို
သူက အိပ်ပြီးလင်းလက်နှမြတ်နေတဲ့အခါ
ကျွန်မဘဝတစ်ခုလုံး
သူ့ရဲ့ရေသောက်မြစ်ထဲ
အသည်းနှလုံးထဲ
အခါခါလဲကျသေဆုံးရတော့မှာ

ချစ်ခြင်းဝတ်မှုန်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းဆိုတာ ဘာလဲဗျာ။ ရုပ်ဝတ္ထုလား။ စည်းစိမ်ဓနလား။ ကျွန်တော်ကတော့ ကျွန်တော့်အချစ်နတ်ဗုရားမရဲ့ အနုပညာမျှော်စမ်းရေထဲ လူးလိမ့်ကြည်နူးချင်တယ်။ အဲဒါ ရာသက်ပန်ပဲ။

လင်းပိုးအိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းဆိုတာ စောင့်စည်းခြင်းပဲ။ မီးတောင်မြို့တစ်ခုလို ရင်ထဲမှာ အုံပွဲ့ရှင်း မျိုသိပ်ရင်း ဘဝအတွက် ဖြစ်သင့်တာကို ဦးနှောက်နဲ့ ဆုံးဖြတ်သွားတာ အကောင်းဆုံးပါပဲ။

နေရဲမာန်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ချစ်ခြင်းဝတ်မှုန်။

(၁၉) နှစ်အရွယ်မို့ ရွှေရင်သိမ်းသစ် မကာပေမယ့် ဖြူစင်နုသစ်လွန်းလို့ လူက (၁၅) နှစ်သမီးလောက် ထင်ရသည်။

ချောတာလှတာထက် ချစ်စရာကောင်းတဲ့ကောင်မလေး တစ်ယောက်။

အရပ်က ကလန်ကလား။ ကိုယ်လုံးလေးလှပေမယ့် ပေါ်လွင်အောင် မဝတ်တတ်၊ မစားတတ်။ အလှအပလည်း မပြင်တတ်၊ မဆင်တတ်ပါ။

ဘုရားစူးရစေ့ တက္ကသိုလ်ကျောင်းသူ။ သချာမေဂျာနဲ့ ကျောင်းတက်နေပေမယ့် သူမပုံစံကို ကြည့်လိုက်လျှင် အထီးမှန်း



www.burmeseclassic.com

www.burmeseclassic.com



အမှုန်း သိပ်မသဲကွဲလှ။

စပို့ရှပ် ၄-၅ ထည်၊ ချည်လုံချည် ၄-၅ ထည်လောက်ကိုပဲ ပတ်လည်ရိုက်ဝတ်နေတာ။

အဲဒီ စပို့ရှပ်တွေ၊ ရှပ်တွေကလည်း သူမရဲ့ အစ်ကိုတွေနှင့် မတော်သည့်အကျီတွေ။ ကဲ ဘာလိုသေးလဲ။

အစ်ကို (၃) ယောက်အောက်က ညီမလေးမို့ ယောက်ျားစိတ် လုံးလုံးမပေါက်တာပဲ ကံကောင်း။ ယောက်ျားစိတ်မပေါက်ပေမယ့် သူမထံမှာ ယောက်ျားတစ်ယောက်၏ လက္ခဏာတွေ၊ သင်္ကေတတွေက အများအပြား။

ကြွခြေမဲ့တာ၊ ကလက်တာ၊ ဆတ်စလူးခါတာတွေ မရှိပေမယ့် ရဲတင်းမှု၊ အားမနာတတ်မှု၊ သတ္တိရှိမှုနှင့် ပြောချင်ရာ ပြောချလိုက်တာတွေကတော့ သူမထံမှာ တွေ့ရသည့်သင်္ကေတ။

ပြီးတော့ ကဗျာရူး၊ စာရူး။

သူမ၏လက်သုံးစကားတစ်ခုက –

“အရူးတကာ အရူးထဲမှာ ကဗျာရူး၊ စာရူးတာ အသန့်စင်ဆုံးပဲ။ ဥစ္စာရူး၊ လင်တရူး၊ မယားတရူး၊ အချစ်ရူးဆိုတဲ့ အရူးပေါင်းများစွာထဲမှာ ကဗျာရူး၊ စာရူးလို့ အခေါ်ခံရတာ ကျေနပ်တယ်”

အခြားတက္ကသိုလ်ကျောင်းသူလေးတွေမှာ ပြင်ပြင်





ဆင်ဆင်၊ ဝတ်ဝတ်စားစားနှင့် အတွဲတွေ၊ ဘာတွေလည်း အဆင်ပြေ ပြေသလိုထားရင်း ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေကြချိန်မှာ ...

ချစ်ခြင်းဝတ်မှုန်ကတော့ တစ်ကိုယ်တော် ဂျူလေဘီ။

လွယ်အိတ်ကို စလွယ်သိုင်းရင်း ကျောင်းစာဖတ်လျှင်ဖတ်၊ မဖတ်လျှင် ပြင်ပစာတွေ ဖတ်နေတတ်သူ။

လှိုင်တက္ကသိုလ်ရဲ့ သစ်ရိပ်တစ်ခုခုမှာ ဒါမှမဟုတ် စာသင်ခန်းတစ်ခုခုရဲ့ထောင့်မှာ စာတစ်မျိုးမဟုတ်တစ်မျိုး ဖတ်နေတတ်သူ။

သူမလက်ထဲမှာ ခေတ်ပေါ် ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ဝတ္ထု၊ ဒါမှမဟုတ် စာကြီးပေကြီး တစ်အုပ်အုပ်ပေါ့၊ အမြဲတွေ့ရသည်။

မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေဆိုလည်း ကဗျာကို သူမအကြိုက်ဆုံး။ ရွယ်တူလူငယ်တွေက အားအားရှိ ဖုန်းပွတ်၊ ဂိမ်းဆော့နေပေမယ့် သူကတော့ စာပဲ အမြဲဖတ်နေချင်သည်။

စာဖတ်တော့လည်း အွန်လိုင်းမှ ဖတ်တာထက် စာအုပ်ကို အားရပါးရကိုင်ပြီး ဖတ်ချင်သူ။ ခေတ်နောက်ကျတယ်ပဲ ပြောပြောလေ။

ယခုတလော သူမမျက်စိထဲ ပြက်ပြက်ထင်ထင်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကဗျာများဟာ ကဗျာဆရာ နေရဲမာန်ရဲ့ကဗျာတွေ။

ဟိုမဂ္ဂဇင်းမှာ တွေ့ရ၊ သည်မဂ္ဂဇင်းမှာတွေ့ရ။ သူ့ကဗျာလေးတွေဟာ အချစ်၊ အလွမ်း၊ အသည်းကွဲကြေမှုတွေနှင့် ဆန်းဆန်းပြားပြား၊ လင်းလင်းလက်လက်။ တစ်ကိုယ်ရေခံစားမှုတွေနှင့် အိုင်ကျင်းဖွဲ့ပြီး လှလှပပ။

သူကိုယ်တိုင်ခံစားနေရတာ ဟုတ်ချင်လည်း ဟုတ်မည်။ မဟုတ်ဘဲ ပိုကီးလုပ်နေတာလည်း ဖြစ်ချင်ဖြစ်မည်။

သို့ပေမဲ့ အနုပညာအနေနှင့် သိပ်ပြီး ရသမြောက်နေတာ၊ တယောလေးတစ်လက် ထိုးနေသည်ကို ကြားရသလို ငြိမ့်ငြိမ့်လေး စီးဆင်းနေတာတော့ အမှန်။

ချစ်ခြင်းဝတ်မှုန်ဟာ တကယ့်ဆရာကြီးမဟုတ်လို့ အနုပညာစံတွေ၊ ဘာတွေနှင့် အကဲမဖြတ်တတ်၊ မတည်းဖြတ်တတ်သော်လည်း ဆယ်ကျော်သက်မိန်းမငယ်လေးတစ်ယောက်၏ ခံစားတတ်သည့် နှလုံးသားနုနုလေးကို သူ့ကဗျာတွေက ကိုင်လှုပ်နိုင်စွမ်းရှိပါသည်။

ကဗျာဆရာဆိုတာ လွတ်လပ်ရေးမရခင်ခေတ်ကလို ကလောင်နှင့်တိုက်ပွဲဝင်ရမည်၊ ဘာညာဆိုတာတွေ အဿာထား။

တိုင်းပြည်အတွက် အကျိုးပြုကဗျာတွေ၊ တော်လှန်ရေးကဗျာတွေရေးရမည်ဆိုတာတွေ အဿာဘေးချိတ်။





ဘာပဲဖြစ်ဖြစ် ကဗျာဆရာတွေက စာရေးဆရာတွေ အများအပြားရှိနေကြတာမို့ အုတ်တစ်ချပ် သဲတစ်ပွင့် ကိုယ်နိုင်ရာ ထမ်းကြလိမ့်မှာပေါ့။

ချစ်ခြင်းဝတ်မှုန်ကတော့ ကဗျာတွေ၊ စာတွေမှာ ရသမြောက်နေမည်ဆိုလျှင်လည်း သူ့တာဝန် သူကျေပွန်ကြသည်လို့ ထင်ပါသည်။

သူမ နှစ်သက်သည့်ကဗျာဆရာနေရဲမာန်၏ ကဗျာတွေကို သူမ အရမ်းကြိုက်ပါသည်။

သည်တော့ သူ့ကဗျာပါသည့် မဂ္ဂဇင်းတွေကို အသစ်ရလျှင်လည်း ဝယ်သည်၊ အသစ်မရလျှင်လည်း စာအုပ်ဆိုင်မှာ လကျော်မှ အဟောင်းဈေးနှင့် တောင်းပန်ပြီးဝယ်သည်၊ စုသည်။

ယခုဆို ချစ်ခြင်း သူ့ကဗျာပါသည့်စာအုပ်တွေ စုနေတာ လေးလအတွင်း (၁၁) အုပ်။ (၁၁) ပုဒ်တောင်ရနေပေပြီ။

သင်္ချာမေဂျာ နောက်ဆုံးနှစ်ကျောင်းသူကြီးက ကဗျာတွေ၊ စာတွေ မြတ်နိုး။ ချစ်မက်သည်ဆိုတော့ သူမရဲ့ သူငယ်ချင်းတွေက ကောင်းကောင်းဟားသည်။ မေမိုးအိမ်က –

"နင်ဟာယ် အူကြောင်ကြောင်နဲ့။ နင့်ကိုယ်နင် လိုင်ဆိပ်ခေါင်တင်မင်းသမီးများ မှတ်နေသလား"

သိရှိခေတ်ကလည်း ကောင်းကောင်းကြီးသြဘာပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မယ်ခွေဟဲ့ . . . မယ်ခွေ။ ဆေးတံတိုပေးမယ့်သူ ရှာနေတာ။ ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ ခေတ်နောက်ပြန်ဆွဲမနေစမ်းပါနဲ့ဟာ။ လူတိုင်း လှုပ်လှုပ်ခတ်ခတ်နဲ့ သွားလာလှုပ်ရှားနေကြတဲ့အချိန်မှာ နင်တစ်ယောက်ပဲ စိန်ပြုံးကြာညောင်နဲ့ ထရောင်လင်းချင်နေတာ"

"ဟ . . . နင်တို့အပြောအရဆို ဒီခေတ်ကြီးထဲမှာ ကဗျာတွေ၊ စာတွေ မလိုအပ်တော့ဘူးပေါ့၊ ဟုတ်လား။ စာရေးဆရာတွေ၊ ကဗျာဆရာတွေအားလုံး မလိုအပ်တော့ဘူးလား"

"ဒီလိုတော့ သိမ်းကျုံးပြီး မပြောလိုပါဘူး။ ဒါပေမဲ့ နင့်အရွယ်၊ ငါတို့အရွယ် လူငယ်တစ်ယောက်အနေနဲ့ ငြိမ်ပြီး ကဗျာတွေ၊ စာတွေ ခံစားတတ်နေတာ သဘာဝမကျလို့ပါ"

"လူဆိုတာ သဘာဝတွေ မတူကွဲပြား ခြားနားနေကြတာကိုတော့ နင်လက်ခံတယ်မဟုတ်လား"

"အေး . . . ဒါတော့ လက်ခံပါတယ်"

"စရိုက်အမျိုးမျိုး၊ အကြိုက်အမျိုးမျိုးရှိကြတာလည်း လက်ခံတယ်နော်"

"အင်း . . . လက်ခံတယ်။ နင်နဲ့ငါတို့နဲ့ သီချင်းအကြိုက်တွေကအစ မတူကြဘူးလေ"

"Right . . . ဒါ အမှန်တရားပဲ။ ငါ့ကို လူတစ်မျိုးလို့ပဲ





မှတ်ယူလိုက်ကြပေါ့ဟာ"

"ဟိုက် . . . ဆေးမတိုက်တော့ဘူးဟ။ ဘယ်လိုပြေပြေ ပြေမရတော့ဘူး ဖြစ်နေပြီ"

"ကြောင်တောင်တောင်လို့တော့ မပြောနဲ့နော်။ ငါပြောခဲ့ဖူးသလိုပဲ အရူးတကာ့အရူးထဲမှာ စာရူး၊ ကဗျာရူးဖြစ်ရတာ ပိုပြီး သန့်စင်မွန်မြတ်ပါတယ်ဟာ"

"အေးပါ၊ ဒါပေမဲ့ ငါတို့နဲ့လည်း တွဲပါဦး။ နင့်ကို စာရူး တစ်ယောက်၊ ကဗျာရူး စာရူးတစ်ယောက်လို လွှတ်တော့မထားနိုင်ဘူးနော်။ နင်က မျက်မှန်ပါဝါ ပုလင်းဖင်လောက်နဲ့ ရုပ်ဆိုးကြီးလည်း မဟုတ်ဘူး"

"အေးပါ၊ ငါ့ကို ဒီလောက်ခင်တယ် ကြားရတာပဲ ဝမ်းသာကျေးဇူးတင်လှပါပြီ။ တို့ (၃) ယောက် အတူတူတွဲကြရင်း လွတ်လပ်စွာ သဘောထားတွေ ကွဲလွဲကြတာပေါ့"

"ရူးပါ့ ချစ်ခြင်းရယ်၊ နင့်အမေ ဘယ်လိုများ မွေးဖွားလာခဲ့ပါလိမ့်"

သီရိခေတ်နှင့် မေမိုးအိမ်တို့ ညည်းရင်း၊ တွားရင်း စိတ်ပျက်စွာ ကြည့်မိလိုက်ကြတာ။

ချစ်ခြင်းဝတ်မှုန်ဆိုသည့် ချစ်စရာသူငယ်ချင်းမလေးကို ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို ရှိုးရှိုးပဲ သားရေပင်နှင့် စည်းထားတော့ ဆံပင်က ကျောလယ်လောက်ရှိသည်။ ဘယ်လိုမှ ပြင်ဆင်ဖြတ်တောက် ဖြောင့်တာတွေ၊ လိုင်းဖောက်တာတွေ လုပ်မထားပေမယ့် သူမရဲ့ ဆံပင် လှပါသည်။

ပင်ကိုအရောင်ကိုက အညိုနုရောင်ပျော့ပျော့အိအိလေး။

နောက် မျက်နှာကျလေးအဆင်ပြေပြီး မျက်လုံးလေးတွေက အပြစ်ကင်းစင်၊ လှပရွှန်းစက်သည်။ နှာတံ၊ နှုတ်ခမ်းကအစ အထူးတလည် ပြင်ဆင်မထားပေမယ့် သူမ လှနေပါသည်။ ချစ်စရာကောင်းနေပါသည်။

သည်နေ့ဝတ်ထားတာ စပို့ရှပ်အဖြူအိအိလေးနှင့် လုံချည်က ချည်သားပျော့ပျော့ ကချင်ဆင်ပန်းရောင်။

ဖိနပ်ကလည်း မိန်းကလေးအများစုလို အမြင့်တွေ၊ အလှအပတွေ၊ လေဒီရှူးတွေ မဟုတ်ဘဲ အောက်ဖွိုပါအနက် လေးသာ။

သူမ၏အသားဖွေးဖွေးစိမ်းစိမ်းလေးနှင့်တော့ လိုက်မှ လိုက်။

"နင်သာ ပြင်လိုက် ဆင်လိုက်ရင် နင့်ရုပ်က တို့ကျောင်း တောင် ထိုင်ငိုသွားမှာ သိလား"

"ကျောင်းရဲ့ဘဲဘဲ ကြားလို့ နင်တို့ကို ပြဿနာလာရှာနေပါ့





မယ်တာ။ တန်ရာတန်ရာ ပြောစမ်းပါ"

"နင်က အလှအပကိုစိတ်မဝင်စားတာလား။ ယောကျ်ား စိတ် ပေါက်နေတာလား"

"တစ်ခုမှမဟုတ်ဘူး။ အလှ,မပြင်တာက ဝါသနာမပါ သို့။ ငါက ကျောင်းသူလေ၊ ငါ့ကိုယ်ပိုင်အချိန်တွေကို စာတွေ၊ အများတွေ၊ ပန်းချီကားတွေမှာပဲ မွေ့လျော်ချင်လို့၊ မြှုပ်နှံချင်လို့ တဲ့ သိပြီလား"

"ရှုံးပါ့ဟာ"

"ဟာ ... ချစ်ခြင်း၊ ဒါဆို တို့အစ်ကိုရဲ့ရုံးခန်းရှိတဲ့ လမ်းထဲမှာ ပန်းချီပြခန်းလေးတစ်ခုရှိတယ်။ (၃) ရက်ပြမှာဟ။ နေက်ဖြန် နောက်ဆုံးပဲ။ ကျောင်းလည်း ပိတ်တယ်။ ငါတို့ နင့် ကိုလာခေါ်မယ် ဘယ့်နှယ်လဲ"

"ဟုတ်လား၊ ပန်းချီပြခန်းက လောကနတ်တို့၊ ဟိုတယ် တို့မှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ပန်းချီဆရာက နာမည်အကြီးကြီးမဟုတ် ဘူးလေ။ သူ အဆင်ပြေရာမှာ သူ့အနုပညာကို ဖွင့်ထုတ်ပြတာ နေမှာပေါ့။ ဘာလဲ မကြည့်ချင်ဘူးလား"

"မကြည့်လည်းနေနော်၊ ငါတို့က နင့်ကို ပါရမီလိုဖြည့် ပေးတာ။ ပြီးရင်တော့ နင် ငါတို့ ရှော့ပင်ထွက်တဲ့နောက် ပြန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာ''

''အေးပါ ... အေးပါ၊ ငါကြည့်ပါ့မယ်။ နင်တို့မနက်ကျ စောစောလာခေါ်။ ငါ အဆောင်ပေါက်ဝက (၄) နာရီလောက်ကတည်းက ထိုင်စောင့်နေမယ်''

''ညကတည်းက မအိပ်ဘဲ ထိုင်စောင့်နေလိုက်ပါလား။ ကဗျာရူး၊ စာရူး၊ ပန်းချီရူးမရဲ့''

သူငယ်ချင်း (၃) ယောက်သား ရယ်မောလိုက်ကြရင်း မနက်ဖြန် ပန်းချီပြခန်းသွားကြည့်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

သည်ဆုံးဖြတ်ချက်ဟာ ချစ်ခြင်းဝတ်မှုန်ရဲ့ ဘဝတစ်ခုလုံးကို ကမောက်ကမ ဖြစ်စေတော့မှာဆိုသည့်အကြောင်းကိုတော့ ထိုစဉ်က သူမတို့ လုံးဝမတွေးထင် မသိရှိမိခဲ့ကြသေးတာအမှန်။

* * *



## အခန်း (၂)

ပန်းချီပြခန်းမှာ လူတွေ ကြိတ်ကြိတ်တိုးနေတာတော့ မဟုတ်။

ခေတ်ကြီးက နုလုံးသားတွေ ပါးလျားပြီး ရုပ်ဝတ္ထုတွေပဲ ဖွံ့ဖြိုးတိုးတက်သည့်ခေတ်။

လူလတ်ပိုင်း၊ လူကြီးပိုင်းတွေများပြီး လူငယ်က တစ်ယောက်စ နှစ်ယောက်စ။ အဲ ချစ်ခြင်းဝတ်မှုန်တို့ သူငယ်ချင်း (၃) ယောက် ဝင်သွားလိုက်တော့ ပန်းချီပြခန်းလေးက ပိုပြီး လင်းလက်သွားသယောင်။

ဘာပဲဖြစ်ဖြစ် မိန်းမငယ်လေး (၃) ယောက်၊ တစ်ပြိုင်နက်တည်းအားဖြင့် မိန်းမချောလေး (၃) ယောက် ဝင်သွားတော့ ပန်းချီပြခန်း



www.burmeseclassic.com

www.burmeseclassic.com



ငြီးလှပသွားသလို။

ရှမ္မော်ခင်းပန်းချီကားလေးတွေ၊ သားအမိပုံလေးတွေ၊ အတ္တဝါလေးတွေ၊ ရေဆေးပန်းချီကားတွေများပါသည်။

တိုင်းရင်းသားကလေးငယ်ပုံလေးတွေကလည်း အသက်ဝင်ပြီး ကရုဏာသက်စဖွယ်လေးတွေ။

သီရိခေတ်နှင့် မေမိုးအိမ်ကတော့ ရယ်ဒီမိတ်အကျီတွေ၊ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ လက်သည်းဆိုးဆေးတွေလောက်သာ စိတ်ဝင်စားတတ်တာမို့ ပန်းချီကားတွေကို ရှုပုံ ကြည့်ပုံကိုက ကြည့်ကာကြည့်၏ မမြင်ဆိုတာလို။

''ဒီအကြော်သည်မကြီး အကြော်ကြော်နေတာများ ပန်းချီဆွဲရသလားဟယ်။ ငါ့ပုံဆွဲတာမှ လှဦးမယ်''

''အေးလေ . . . ဒီမှာရော နေကြာခင်းနဲ့ မြက်ရိုင်းပင်တွေ ရောနှောနေတာများ ဘာဆန်းလို့လဲ''

''ဟေ့ . . . တိုးတိုး တိုးတိုး၊ ဘာမှ နားမလည်လည်း ငြိမ်ငြိမ်လေး ပါးစပ်ပိတ်ပြီးကြည့်ကြပါ။ တိတ်တိတ်နေ ထောင်တန်တဲ့။ လူကြီးတွေက နင်တို့ကို ပန်းချီခံစားတတ်သူလေးတွေဆိုပြီး အထင်တကြီးရှိနေ ကြည့်နေကြတာ။ နင်တို့ပါးစပ်က ပေါက်ပန်းလေးဆယ်လည်း ပြောလိုက်ရော သွားရော။ အထင်ကြီးခံချင် ငြိမ်ငြိမ်နေ''





ချစ်ခြင်းဝတ်မှုန် ဟန့်တားလိုက်ပြီး သူတို့ (၂) ယောက်နှင့် ခွဲထွက်လိုက်သည်။

သူမရဲ့သူငယ်ချင်းမတွေဟာ သဘောကောင်းပေမယ့် အနုပညာမှာ နတ္ထိ။ ပန်းချီကားဆိုတာလည်း နှစ်သက်ရမှန်းမသိ။ ကဗျာဖတ်ဖို့ဆိုတာလည်း ဝေလာဝေး။

သျှင်မ လရောင်ကျူးရင့်လောက်ပဲ ဝတ္ထုမှတ်ထင်သူတွေ။

သူတို့ ကဗျာမဖတ်ရုံမက ဖတ်သည့်ချစ်ခြင်းဝတ်မှုန်ကိုလည်း အရူးဘွဲ့ပေးသူတွေ။

ချစ်ခြင်း သူတို့နှင့် ခွဲထွက်ပြီးတော့ ပန်းချီကားလေးတွေကို စိမ်ပြေနပြေ အရသာခံပြီး ကြည့်ရှုသည်။

သူမဟာ ကလေးတစ်ယောက်မို့ ကလေးနားလည်သလောက်လေးနှင့် အနုပညာကိုခံစားမြတ်နိုးတတ်ပါသည်။

သူမ နှစ်သက်တာ ရှုမျှော်ခင်းပန်းချီကားလေးတွေပါ။ ကိုင်းပင်ဖွေးဖွေးလေးတွေနှင့် အိဝ်တန်းပျံငှက်တို့ကိုလည်း ကြည့်သည်။ ရေတံခွန် စိမ့်စမ်းနှင့် တောတောင်ရေမြေတွေကို သဘောကျသလို ပဒိုင်္ဂကလေးငယ်လေးရဲ့ သနားစဖွယ်ပုံကိုလည်း နှစ်သက်သည်။

ပန်းချီကားလေးတွေကို တစ်ပုံချင်းကြည့်ပြီး ပါသောသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘင်ရောလေးနှင့် ရိုက်ယူသည်။ တစ်နေရာမှာတော့ ပန်းချီကား ရဲ့ အောက်ခြေမှဆိုင်းက ထင်ထင်ရှားရှား။

နေရဲမာန်တဲ့။

"ဟင်"

ကဗျာရေးတဲ့ နေရဲမာန်နဲ့အတူတူလား။ တစ်ယောက်စီ လား။

အို ... သူဟာ ကဗျာလည်းရေး၊ ပန်းချီလည်း ဆွဲတဲ့ အနုပညာသမားတစ်ယောက်လား။

ပန်းချီကားလေးတွေကိုကြည့်ရင်း သူမ တွေးနေမိဆဲ သူမရဲ့သူငယ်ချင်းမနှစ်ယောက် ချစ်ခြင်းဝတ်မှုန်ထံ ပြေးချလာခဲ့ သည်။

"ဟဲ့ ချစ်ခြင်း ... ဒီခန်းမထဲမှာ ပန်းချီဆရာကိုယ်တိုင် ရှိနေတယ်တဲ့ သိရဲ့လား။ သူ့အပေါင်းအသင်း ကဗျာဆရာတွေ ရော ရှိနေတယ်"

"ဟုတ်လား။ သူက ပန်းချီဆရာဆိုပြီး ဘာလို့ ကဗျာ ဆရာတွေနဲ့ ပေါင်းတာလဲ"

"အနုပညာသမားအချင်းချင်းမို့ နေမှာပေါ့။ လာလေ ... ငါတို့သွားပြီး မိတ်ဆက်ရအောင်"

"အံမယ် ... နင်တို့နဲ့ အနုပညာနဲ့ ဘာဆိုင်လို့လဲ။





ကျွဲမတွေ၊ ကျွဲပါးစောင်းတီးမလို့လား"

"အောင်မယ် ... ငါတို့က နင့်ကိုပါရမီဖြည့်ပေးလို့ပါနော်။ ဒါ ငါတို့လိုင်းမဟုတ်ပါဘူး။ ငါတို့လိုင်းက အလှအပလိုင်း"

"မိတ်မဆက်ချင်လည်းနေပေါ့။ နင်က အနုပညာနဲ့ ပတ်သက်ရင် ရူးသွပ်တတ်လို့ ငါတို့ကအဖော်လိုက်ပေးမလို့ လာ သတင်းပေးတာ။ မိတ်မဆက်ချင်လည်းနေ။ နင် ဒီမှာ အချိန် ဖြုန်းတာ တစ်နာရီလောက်ရှိပြီ။ ဘာမှလည်း ဝယ်နိုင်တာမဟုတ် ဘဲနဲ့"

"ပန်းချီကားတွေက ဈေးကြီးလို့ပါဟယ်။ ငါ ဟိုတစ်နေ့ က ပလက်ဖောင်းပန်းချီကားလေးတွေဝယ်တာ တစ်ပုံမှ တစ် ထောင်ရယ်"

"အရေးထဲ ကပ်စေးနှဲနဲ့ တွေ့နေသေးတယ်။ ဒီပန်းချီ ကားချပ်တွေက ဘယ်လောက်လဲ။ ဒေါ်လာနဲ့မှ ရောင်းတာလား။ Not for sale လား"

"တစ်ကား တစ်သောင်းတဲ့ဟ။ ငါ မဝယ်နိုင်ပါဘူးလေ။ ပန်းချီကားလေးတွေကို ဓာတ်ပုံရိုက်သွားတယ်။ ပြီးမှ ပြန်ကူးမယ် လေ။ အဟဲ ... အားလုံးအလကားရသွားရော"

"ဟော ... ခုမှ ဦးနှောက်ဖောက်စားတဲ့ ပင့်ကူမနဲ့တွေ့ တော့တယ်။ ဒါတော့ ဘယ်ကောင်းမလဲဟ။ သူခိုးမှာ ပင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းပန်းဆွဲထားရတဲ့ ပန်းချီကားတွေကို နင်က တစ်နာရီအတွင်း အဝကြည့်၊ အဝခံစားတဲ့အပြင် ဓာတ်ပုံရိုက်ယူပြီး ပြန်ကူးမယ် ပေါ့။ ဒါလား အနုပညာချစ်မြတ်နိုးတာ''

''အေးလေ ... စကားကြီးစကားကျယ်ပြောပြီး လုပ်တော့ သူခိုးဓားပြ''

သီရိခေတ်နှင့် မေမိုးအိမ်တို့ သူမကို တမင်ဖွဲ့နေလျှင် ချစ်ခြင်းဝတ်မှုန် မခံမရပ်နိုင်ဖြစ်ရသည်။

''ငါ သူ့ဆီသွားပြီး ခွင့်တောင်းမှာပါ။ အဲလိုလုပ်လို့ ရ မရလည်း မသိလို့ပါ''

''ဒါဆိုလည်း သွားစို့၊ သူတို့ ဟိုဘက်မှာ''

သူငယ်ချင်း (၃) ယောက် ပန်းချီဆရာရှိရာသို့ တွန့်ဆုတ်ဆုတ်ဖြင့် ချီတက်သွားဖြစ်ကြသည်။

လှမ်းမြင်လိုက်ရတာ လူရွယ် (၃) ယောက်ပါ။ အသက်သုံးဆယ်နီးပါးတွေပေမယ့် အနုပညာသမားတွေပီပီ၊ လူပုံစံတွေက ခပ်ပိန်ပိန်။ နောက် တက္ကသိုလ်ကျောင်းက ဆရာတွေလောက် ရှိုးမကောင်း။ ဝတ်ပုံစားပုံကအစ ခပ်မှိန်မှိန်။

သူမတို့အထဲမှ အသွက်ဆုံးဆိုသည့် သီရိခေတ်ကလည်း အနားရောက်တော့ နောက်လျှိုသွားသဖြင့် ချစ်ခြင်းဝတ်မှုန် ကိုယ့်အားကိုယ်ကိုးလိုက်ရသည်။





''ဒီ ဒီမှာ ... ဆရာတို့အဲထဲက ဘယ်သူပန်းချီဆရာလဲ ဟင်''

''ဘာလုပ်မလို့လဲ ပန်းချီကားဝယ်မလို့လား''

''မဟုတ်, မဟုတ်ပါဘူးရှင်။ ကျွန်မတို့ မဝယ်နိုင်ပါဘူး။ ဒါပေမဲ့ ကျွန်မနှစ်သက်တဲ့ ပန်းချီကားလေးတွေကို ဓာတ်ပုံရိုက်ယူ မိပါတယ်။ အဲဒါ ခွင့်တောင်းတာပါ''

''ရိုက်ပြီးမှ ခွင့်တောင်းတယ်ပေါ့ ဟုတ်လား''

''ဟုတ်ကဲ့''

လူရွယ် (၃) ယောက် ပြုံးချင်ချင်။ အူကြောင်ကြောင် ချာတိတ်မလေးပါပဲ။ နေရဲမာန် ဘာမှမပြောပေမယ့် လင်းနိုက်နှင့် သူရက ပျော်တတ်သူတွေ။

''ဒါ ဦးနှောက်ဖောက်စားတာလို့ခေါ်တယ်။ ဘာပဲဖြစ်ဖြစ် မင်း တစ်ကားလောက်တော့ ဝယ်သင့်တာပေါ့''

''ဟိုလေ ... ကျွန်မကြိုက်တဲ့ပန်းချီကားတွေ အများကြီးမို့ပါ''

''အကြိုက်ဆုံးတစ်ကားကို ရွေးလိုက်ကွာ။ ငါတို့ ဒစ်စကောင့်ချပေးမယ်နော်၊ ဒါမှ လက်ဖက်ရည်ဖိုးရမှာ''

လူရွယ်နှစ်ယောက်က စကားတွေ အပြန်အလှန်ပြောနေ ပေမယ့် တစ်ယောက်ကတော့ ပြုံးယောင်မျက်နှာလေးနှင့်။ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး။

"ဟုတ် ... ဒါဆို ကျွန်မအကြိုက်ဆုံးတစ်ကား သွားယူလာခဲ့မယ်နော်။ ဈေးလျှော့ပေးနော်"

ချစ်ခြင်းဝတ်မှုန် ပန်းချီကားများရှိရာသို့ ပြန်ပြေးသွားတော့ လင်းနိုက်မှာ တဟားဟား။ နေရဲမာန် သူငယ်ချင်းကို ရန်လုပ်သည်။

"မင်းလုပ်တာနဲ့ ပန်းချီဆရာလည်း တစ်ပြားမှ တန်ဖိုးမရှိတော့ဘူး"

"ချာတိတ်မကြည့်ရတာ တကယ့်ဝါသနာအိုးလေးကွ။ ပန်းချီကားတွေရှေ့မှာ မထွေးနိုင် မမျိုနိုင်၊ ကြိတ်မနိုင်ခဲမရ အသွင်လေးနဲ့"

"လာပြီ နှာဘူး။ ဟိုက နင်မွေးမှ နင့်သမီးလောက်လေးနော်"

"ငါက ရိုးရိုးပြောတာပါ။ ဒီဘက်ခေတ်မှာ ဒီလို အနုပညာခံစားတတ်တဲ့ ရင်ဘတ်မျိုး ရှားသွားပြီ။ ဒါ ရှားပါးရတနာလေးပဲ"

သူတို့ဝေဖန်နေဆဲ ကောင်မလေး ပန်းချီကားတစ်ချပ်ကို ဖြုတ်ယူလာခဲ့ပြီး ပြန်ရောက်လာ၏။

"ဒီမှာပါ ဆရာ ... ဒီကားလေး ကျွန်မ ကြိုက်ပါတယ်။





ကျွန်မမှာ ဒီလ ငွေငါးထောင်ပဲပိုတော့လို့ နောက်လမှ ကျန်တာ ပေးပါရစေ"

"ရွှေ ပန်းချီကားအကြွေးဝယ်တဲ့သူတော့ တွေ့နေပြီ။ အာစရိ ဘယ့်နှယ်လုပ်မတုံး"

"ပေးလိုက်ပါကွာ၊ ဒစ်စကောင့်လေ ဒစ်စကောင့်"

နောက်ဆုံး ပန်းချီကားလေးကို ထုပ်ပိုးပေးနေစဉ် သူမက ပန်းချီဆရာကို မရဲတရဲကြည့်ပြီး -

"ဆရာက ကဗျာရော ရေးတာလားရှင့်"

"ရေးတယ်၊ ဘာဖြစ်လို့လဲ"

"ဒီနာမည်နဲ့ပဲလား"

"ဟုတ်တယ်လေ"

"ဟာ"

သူမဖြစ်သွားပုံက ကမ္ဘာဦးသူတို့ နေနှင့်လကို တွေ့လိုက်ရသလို တအံ့တသြ၊ တဝမ်းတသာ။

"ဒါ ... ဒါဆို ... ဆရာက ကဗျာဆရာနေရဲမာန်ပေါ့နော်"

"ဪ ... ဟုတ်ပါတယ်ဆိုမှ၊ ဘာလဲ မယုံလို့လား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ကျွန်မ အရမ်းဝမ်းသာသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ မှင်း ငါ့ကဗျာတွေ ဖတ်ဖူးလို့လား။ ပိုကီးတွေမလုပ်နဲ့"

"ပိုကီးမဟုတ်ပါဘူး။ ဆရာ့ကဗျာတစ်ပုဒ် ကျွန်မ ရွတ်ပြမယ်။ အပိုဒ်တိုင်းတော့ မရဘူး။ တစ်ပိုဒ်တလေ နှစ်ပိုဒ်နှစ်လေပဲရတယ်။ ဒီကဗျာလေးတော့ ကြိုက်လို့ ဖတ်ရင်းနဲ့ရသွားတာ"

ပြောပြီး သူမ ကဗျာရွတ်ပြတော့ နေရဲမာန် မျက်ခုံးပင့်သွားရသည်။ ကိုယ့်ကဗျာ ကိုယ်တောင်အလွတ်ရတာမဟုတ်။

နောက်ဆုံးစာကြောင်းလေးနှစ်ကြောင်းကို သူမက ဖြည်းဖြည်းလေး ရွတ်ပြသွားတာ အသံလေးတွေပင်တုန်လို့။

"သွေးလွှဲ သခင့်ရပ်လွှာပြယ်ကာ မလွှင့်သလို
မေလည်း ဝင့်တံ့ကြမ္မာ မလည်ပါစေနှင့်ကွယ်"

နေရဲမာန် သူ့ကလေးကို အထင်မသေးရဲတော့ပါ။ ကဗျာကိုချစ်တတ်တဲ့ ကောင်မလေး။ ပန်းချီကားတွေကို ချစ်တတ်တဲ့ကောင်မလေး။ ဆတ်စလူးလေးတော့ မဟုတ်ပါ။

မျက်ရည်ဝဲမတတ် အပြုံးလေးနှင့် နှုတ်ဆက်ပြီး သူမတို့အဖွဲ့ပြန်သွားတော့ သူငယ်ချင်းနှစ်ယောက်က ကောင်းချီးပေးလို့။

"ငါတို့ကဗျာတွေတော့ ဖတ်တောင်ဖတ်မိပုံ မရဘူး"

"မင်းက အချစ်ကဗျာ၊ အသည်းကွဲကဗျာတွေမှမရေးတာ။ နိုင်ငံရေးကဗျာတွေပဲ စွတ်ရေးနေတဲ့ကောင်။ ဒီခေတ်မှိုဒေ





ဟိုခေတ်သာဆိုရင် ထောင်ထဲကထွက်ရမှာကို မဟုတ်ဘူး။ မင်းမိန်းမလည်း ဟိုဥစ္စာ"

"သူရနော် မိန်းမတော့မထိနဲ့။ ကျုံ့တာ ဘာပြောပြောရတယ်"

"တော်ကြတော့ကွာ၊ စောစောကရတဲ့ ငါးထောင်နဲ့ လက်ဖက်ရည်ဆိုင် သွားရအောင်"

"ဒါပဲ ကောင်းတယ်"

သုံးယောက်သား လက်ဖက်ရည်ဆိုင်သို့ ချီတက်သွားဖြစ်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ချစ်ခြင်းဝတ်မှုန်။

သူမ၏အခန်းနံရံမှာ ပန်းချီကားလေးက နေရာယူထားပြီ။ သူမ နှစ်သက်သည့် ရှုမျှော်ခင်းပန်းချီကားလေ။ ကိုင်းပင်ဖွေးဖွေးတွေနှင့် အိပ်တန်းပျံငှက်ကလေးတွေ။ ပန်းချီဆရာက နာမည်ပေးမထားပေမယ့် ချစ်ခြင်းကိုယ်တိုင် ကိုယ့်ထူကိုယ်ထစနစ်ဖြင့် နာမည်ပေးထား၏။

အိမ်ပြန်ချိန်တဲ့။

နောက် သူမ ရိုက်ယူလာသည့် ပန်းချီကားလေးတွေကို ဓာတ်ပုံပြန်ကူးပြီး ကိုယ့်အခန်းထဲမှာ လျှောက်ချိတ်ထားတော့ သူမရဲ့အခန်းလေးက ပန်းချီပြခန်းလေးသဖွယ်။





ချစ်ခြင်းဝတ်မှုန်ဟာ လိုရာပြည့်စုံနေသည့် သူဌေးသမီးလေးတော့မဟုတ်ပါ။ မိဘနှစ်ပါးက ဝန်ထမ်းဖြစ်သလို အစ်ကိုတွေကလည်း အလုပ်ရသူရ၊ ကျောင်းတက်သူတက်တုန်းပါ။

သို့သော် သူမဟာ ရုပ်ဝတ္ထုတွေနှင့် သိပ်ပြီးဖွံ့ဖြိုး တိုးတက်နေသည့် ခေတ်ကြီးထဲမှာ ကိုယ်တိုင်ပါဝင်စီးမျောမနေဘဲ ဘေးမှငေးကြည့်နေတတ်သူတစ်ယောက်သာ။

ဒါကလည်း မစားရတဲ့စပျစ်သီးမို့ ချဉ်တာမျိုးမဟုတ်ဘဲ သူမကိုယ်တိုင်က စပျစ်သီးမကြိုက်တာမို့ ပြဿနာမရှိ။

ချစ်ခြင်းရဲ့ဒဿနက ...

ပညာဆိုတာ အမြစ်က ခါးပြီး အသီးကျမှ ချိုတယ်ဆိုသည့် စကားအတိုင်း။

ပညာရှာချိန် ငယ်ရွယ်ချိန်ဟာ ဘဝကို တည်ဆောက်ဆဲကာလတွေမို့ အလှ၊ အပ၊ အပြောက်အမွမ်းတွေနှင့် တန်ဆာဆင်နေဖို့မလို။

ပညာရှာချိန်မှာ ကြင်ယာဆိုတာလည်း စိတ်ကူးယဉ်နေဖို့မဟုတ်။ ခေါင်းထဲကိုမထည့်။

သည်တော့ သူမရဲ့တာဝန်က ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်။ နောက် အားလပ်ချိန်တွေမှာ စာကြည့်တိုက်သွား၊ စာအုပ်ဆိုင်သွား။ စာဖတ် ဒါပဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . ယခုတော့ သူမမှာ ပိုပြီးတော့တောင် အဆင်ပြေနေသေး၏။ ပန်းချီကားလေးတွေနှင့် တန်ဆာဆင်ထားသည့် သူမရဲ့အခန်းထဲမှာ စာဖတ်ရင်း အခန်းအောင်းနေမိချိန်က ခပ်များများ။

သီရိခေတ်နှင့် မေမိုးအိမ်ကတော့ ချစ်ခြင်းကို ကောင်းကောင်း မေတ္တာပို့၏။ သူမရဲ့အခန်းထိလိုက်လာကြပြီး ညဘာစာတွေ ရွတ်ဖတ်ကြတာ။

သူတို့နှစ်ယောက်က မြို့ထဲမှလာကြသူတွေပါ။ ချစ်ခြင်းလို အခေါင်မနေ။

"တို့ ခေါ်ခေါ်လေးတော့ ကဗျာရူးကနေ ပန်းချီရူးဖြစ်သွားပြီ။ အခု နင် ပန်းချီပြခန်းတွေ လျှောက်ကြည့်တော့ မလို့လား"

"အဲဒီလောက်လည်း မရူးသွပ်အားသေးပါဘူးဟာ။ ငါ့မှာ ကျောင်းတစ်ဖက်နဲ့"

"ဪ . . . အားရင် ရူးသွပ်တယ်ပေါ့။ အားနေတဲ့လူတွေပဲ ရူးသွပ်ကြတယ်ပေါ့။ စကားလုံးကတော့ ပြောင်မြောက်ပါပေတယ်"

"အားလပ်ဖို့လည်း လိုသေးတယ်လေ။ အခု ငါတို့ စာမေးပွဲတွေ နီးနေပြီ။ ငါ စာကြိုးစားရဦးမယ်။ ဘဝမှာ အခြေ





ကျပြီဆိုတော့မှ ငါ ရူးသွပ်တဲ့အလုပ်တွေကို ဇောက်ချပြီးလုပ်မယ်။ ခုတော့ လက်လှမ်းမီသလောက်လေးပဲ ရူးသွပ်လိုက်ဦးမယ်"

"အံ့ဩပါ့၊ ဘာလဲ လက်လှမ်းမီသလောက်လေးဆိုတာ ဆရာနေရဲမာန်ရဲ့ ကဗျာလေးတွေ၊ ပန်းချီကားလောက်လေးတွေပဲ ခံစားမယ်လို့ ဆိုလိုက်တာလား"

"သူနဲ့ငါက ရင်ဘတ်ချင်းနီးတယ်လေ။ ခံစားချက်ချင်းတူတယ်"

"တော်ကြာ ကဗျာတွေ ပန်းချီကားတွေကနေတစ်ဆင့် လူကိုပါသွားပြီး ရူးသွပ်မိနေဦးမယ်။ နင့်လူကြီးကြည့်ရတာ ဘဝင်ပါ"

"အဲလိုတော့ မဟုတ်လောက်ပါဘူး။ ကဗျာတို့၊ ပန်းချီကားတို့ဆိုတာလည်း သိပ်ပြီး ပေါ်ပြူလာဖြစ်တဲ့၊ ဟော့ဖြစ်တဲ့ အနုပညာတွေမှ မဟုတ်တာ။ ငါဆိုလိုချင်တာက ကဗျာဆရာ၊ ပန်းချီဆရာတွေကို အထင်သေးလို့ မဟုတ်ဘူးနော်။ အဲဒါတွေက ကဝိပစ္စည်း၊ ပညာရှင်တွေ၊ ပညာရှိတွေမှ အနုပညာအခံရှိတဲ့ လူတွေမှ ခံစားတတ်တာ။ ရုပ်ရှင်မင်းသား၊ အဆိုတော်တွေလောက် ပေါ်ပြူလာမဖြစ်ဘူးလို့ ဆိုလိုတာပါ"

"အောင်မယ်,မယ် ဒေါ်ချစ်ခြင်းဝတ်မှုန်လေးက ပြောတတ်လိုက်တာတော်။ ကဗျာတွေ၊ ပန်းချီကားတွေကို နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရင်ပဲ ပညာရှင် ကဝိအကျော်အမော်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ လူတစ်ရာမှာ ဆယ်ယောက် မခံစား တတ်ဘူးလေ။ စာတတ်တဲ့၊ စာဖတ်တဲ့ လူတစ်ရာမှာလည်း ဆယ်ဦး ကဗျာမဖတ်ဘူး။ စကားပြေတွေပဲ ဖတ်ကြတာ။ နင်တို့လည်း ပညာရှိထဲမပါဘူး"

"နင်ပဲ ပါတယ်ပေါ့ ကဝိမကြီးရဲ့"

"အေးလေ ...ဟုတ်တယ်လေ"

သူငယ်ချင်းနှစ်ယောက် ဝိုင်းပြီး ထုလိုက်၊ ရိုက်လိုက်ကြတာ အခန်းကျဉ်းလေးထဲ ပတ်ပြေးနေရသည့် ချစ်ခြင်းဝတ်မှုန်လေးရဲ့ဘဝ။

✳ ✳ ✳



## အခန်း (၄)

သူမတို့ခေတ်က (၃) နှစ်နှင့် ဘွဲ့ရပြီး ဘွဲ့ရသည့်နှစ်မှာပဲ ဆရာမတွေ အများအပြားခေါ်လိုက်သည်မို့ ချစ်ခြင်းဝတ်မှုန် တစ်ယောက် ကံကောင်းထောက်မစွာနှင့် ဆရာမသင်တန်း တက်ခွင့်ရလိုက်ပါသည်။

ရန်ကင်း ပညာရေးကောလိပ်မှာ တစ်နှစ်တက်ရမည်။ တက္ကသိုလ်ကျောင်းသူဘဝနှင့်တော့မတူ။ အဆောင်နေ သင်တန်းသူဘဝက စည်းကမ်းတင်းကျပ်သည်။

စည်းကမ်းလိုက်နာ သေးကင်းကွာပေါ့။ ချစ်ခြင်းဝတ်မှုန် ဆိုတာလည်း အစကတည်းက ဟော့ဟော့ရမ်းရမ်းမဟုတ်လို့ ပြဿနာမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက် (၅) နာရီကတည်းက P.T ဆင်း။ နောက် ဖွံ့ဖြိုးရေးဘာသာတွေဆက်ဝင်။ နံနက် (၈) နာရီမှာ နံနက်စာစား။ နံနက် (၉) နာရီမှ ညနေ (၃) နာရီထိ စာသင်ခန်းဝင်။

နောက် ညနေကျတော့လည်း ကိုင်းညွှတ်ဘာသာတွေ ဆက်ဆင်း။ ညနေ (၅) နာရီခွဲလောက်မှ ညစာစား။ ညပိုင်း (၉) နာရီထိ စတယ်ဒီချိန်။ အချိန်တွေကတော့ အပြည့်။

ချစ်ခြင်းဝတ်မှုန် အဖော်ကောင်းတာနှင့် ကာယယူမိသည်။ အထူးပြုပေါ့။ ပန်းချီတွေ၊ ဂီတတွေ ဝါသနာပါပေမယ့် ကံကြမ္မာက တစ်လှန့်ထားလေသလားမသိ။

ကာယကိုပဲ သူမယူမိသည်။ ဒီလိုပဲ ပြေးရင်း လွှားရင်း ခုန်ပေါက် ဆော့ကစားရင်း တစ်နှစ်တာအချိန်ကို ကျော်ဖြတ်ရအောင်ဆိုပြီး သူငယ်ချင်း သီရိခေတ်နှင့်အတူ ယူမိသည်။

သင်တန်းသို့ရောက်ကတည်းက အားကစားတွေ တန်းပြီး လုပ်နေရသည်မို့ ချစ်ခြင်းတို့ ဖွံ့ဖြိုးရေးဘာသာရပ်တွေကို မှန်မှန်မတက်ရသေးပါ။

စရောက်ကတည်းက အဆောင်လိုက်ဘောကန်၊ အသင်းလိုက်တွေ ဘောကန်နေရသည်မို့ ချစ်ခြင်းဝတ်မှုန်နှင့် သီရိခေတ် ကွင်းထဲမှတက်ရသည်မရှိ။

ဘောင်းဘီရှည်နှင့် တီရှပ်ဝတ်ပြီး ဘောလုံးကို ကြုံးကြုံး





ပြီးကန်နေရတာ။ နိုင်သည့်အခါနိုင်၊ ရှုံးသည့်အခါလည်းရှုံး။ အဆဲခံရသည့်အခါလည်း အဆဲခံရပါသည်။

"ဟို အဝါလေး။ ဘာလုပ်နေတာလဲ။ လိုက်လေ ဘောလုံးနောက်လိုက်လေ ... သောက်ဖျင်း"

ချစ်ခြင်းက တီရှပ်အဝါဝတ်ထားမိတာမို့ ကွင်းထဲက ဆရာလောင်းတွေရဲ့ ဆဲသံ၊ ဩဘာသံတွေ။ သူမကလည်း ပြန်ဆဲတာပါပဲ။

"တတ်လို့ပါနေတာ မဟုတ်ဘူးဟေ့။ လူမရှိလို့ ဝင်ကစားနေရတာ။ မကြည့်ချင်ပြန်ကြ"

ဘောလုံးမှာ သိပ်ပြီးနာမည်ကောင်းမရပေမယ့် အပြေးကျမဆိုး။ ပထမ တစ်ခါမှမရပေမယ့် ဒုတိယ တတိယတွေတော့ အရသား။

ဘတ်စကက်ဘောကျတော့လည်း ချစ်ခြင်းဝတ်မှုန်နှင့် သီရိခေတ်တို့ ပါပြန်တာပါပဲ။

"ပဲခူးဆားမတွေ သောက်သုံးသာမကျတာ"

ဆရာလောင်းတွေက သည်လို သည်လို ဩဘာပေးကြ၍ သည်လိုနှင့်ရောက်ပြီးတစ်လခွဲလောက်ကြာတော့ အားကစားပွဲစဉ်တွေ တစ်ကြောနားပြီး ဖွံ့ဖြိုးရေးဘာသာရပ်များ လိုက်တက်ဖို့ပြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ ပန်းချီချိန်ပေါ့။ ကျောင်းဆင်းတာနဲ့ ပန်းချီခန်း တန်းဝင်ရမယ်။ သူများအခန်းတွေ ဖြတ်ညှပ်ကပ်တွေနဲ့ ပန်းချီကားတွေ လုပ်ကုန်ပြီ"

"ဘာလဲဟေ့ ... ဘယ်လိုဖြတ်,ညှပ်ကပ်တာလဲ"

"တို့အခန်း ခုညနေဝင်ရမယ်လေ။ သွားတော့ သိမှာပေါ့။ အံ့ပါ့ဟာ ... နင် ပန်းချီမရူးတော့ဘူးလား။ ဘောလုံးတွေ၊ ဘတ်စကက်ဘောတွေ ကစားရင်း လိုင်းပြောင်းသွားပြီလား။ မြန်မာ့စလက်ရှင် အားကစားသမားကြီးလုပ်တော့မလို့လား"

"မလုပ်ပါဘူး။ ဖြတ် ညှပ် ကပ်ဆိုတာ ငါ တကယ် မသိလို့ မေးမိတာပါ"

"နင့်ကဗျာဆရာ ဘယ်သူ ဟိုပန်းချီကားတွေရော ရှိသေးလား"

"နေရဲမာန် ရှိတာပေါ့။ ပန်းချီကားတွေ ရှိသေးတာပေါ့။ အခေါင်က (၁၀) ယောက်လောက် စုနေရတာမို့ပါ။ ငါ့ပန်းချီကားတွေ ထုတ်မချိတ်သေးတာ"

"အေး ... မချိတ်နဲ့ဦး။ ချိတ်ရင်လည်း နင့်ကို ဝိုင်းဟားကြမှာ။ တို့အခန်းထဲကလူတွေကြည့်ရတာ ပေါ့ရွှတ်နေတာပဲ။ ဘာမှခံစားတတ်မယ့် နှလုံးသားရှိမယ့်ရုပ်တွေ မဟုတ်ဘူး"

"နှလုံးသားတော့ ရှိပါတယ်။ သူတို့ကြည့်လိုက်ရင်





အားတိုင်း ရည်းစားတွေနဲ့ ဖုန်းအိနေတာပဲ"

"အဲဒါက heart မဟုတ်ဘူး။ Sex ဟ။ Sex သိတယ် မဟုတ်လား။ ဖုန်းထဲပေါ်လာတဲ့ ပေါက်ကရပုံတွေကြည့်ပြီး အကောင်တွေက စိတ်ဆာနေကြတာ။ နုံတဲ့သူ၊ ကြိုက်တဲ့သူကို ဆွဲစားမှာပဲ။ တို့မိန်းကလေးတွေက သတိရှိဖို့ အသိရှိဖို့လိုတယ်"

ညနေကျတော့ သူတို့အတန်း ပန်းချီခန်းထဲသို့ ရောက်ရှိသွားကြသည်။ အခန်းထဲမှာ ပန်းချီဆရာ၏ ဆွဲလက်စရေဆေးပန်းချီကားများကို တွေ့ရသည်မို့ ချစ်ခြင်းနှင့်သီရိခေတ်တို့ လျှောက်ကြည့်မလို့ပြင်စဉ် ပန်းချီခန်းထဲသို့ ဆရာဝင်လာခဲ့သည်။

"မင်္ဂလာပါ ဆရာ"

"အင်" "ဟာ"

ချစ်ခြင်းရော သီရိခေတ်ပါ ကြောင်သွားသည်။ ပန်းချီဆရာက သူ။ နေရဲမာန်။ သူများတွေပြောနေသည့် ဆရာနေဆိုတာ သူပေါ့။

သူက ပညာရေးကောလိပ်က ပန်းချီဆရာလား။ လက်ထောက် ကထိက၊ ပန်းချီဌာန။ ဪ ဒါကြောင့် ပန်းချီကားတွေ ဆွဲနေအားတာကိုး။

ဝါသနာရဲ့ အသက်မွေးဝမ်းကျောင်းတစ်ထပ်တည်း ကျခွင့်ရတာ သူ ဘယ်လောက် ကံကောင်းလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနှင့်ရောပြီး နောက်တန်းမှာ ထိုင်လိုက်တာက ဆရာ သူမတို့ကိုမှတ်မိသွားမှာစိုးလို့ပါ။ သို့သော် မနှစ်က တစ်ခါလေးပဲ၊ ခဏလေးတွေ့ခဲ့ရသူကို သူ မှတ်မိမည်မထင်ပါ။

ချစ်ခြင်းတို့ အစိုးရိမ်ကြီးနေမိကြတာပါ။

သို့သော် ကိုယ်တောင်မှ သူ့ကိုမှတ်မိနေလျှင် သူကရော မှတ်မိနေနိုင်တာပေါ့။

အေးလေ မှတ်မိတော့လည်း ဘယ်တတ်နိုင်မလဲ၊ သူမ ပြန်စဉ်းစားကြည့်မိသည်။ သူ့ကို ဘာမှမဖွယ်မရာ မလေးမစား မလုပ်မိပါဘူး။ ထင်တာပဲ။

တစ်သောင်းတန်တဲ့ ပန်းချီကားကို ငါးထောင်ပဲပေးခဲ့ပြီး ယူလာခဲ့မိတယ်။ သူ့မိတ်ဆွေတွေကပြောတော့ ဒစ်စကောင့် ချတယ်တဲ့။

ကြွေးငါးထောင်ကျန်နေသေးတာတော့အမှန်။ အင်း ငါတော့ ကလိမ်ကကျစ်ဖြစ်နေပြီ။ ငါ ဘာဆက်လုပ်ရမလဲ။

ကိုယ့်အရပ် ကလန်ကလားကြီးကို ဝပ် ပုထားရင်း ချစ်ခြင်း စိတ်မသက်မသာဖြစ်နေရသည်။ သီရိခေတ်ကတော့ (၅) ပေပဲရှိသည့်အရပ်ကို အစွမ်းကုန်မတ်လို့။

"ဘာဖြစ်လဲဟ၊ ငါတို့ကို ဆရာမှတ်မိနေတော့လည်း ခပ်တည်တည်နဲ့ ကျန်တဲ့ကြွေးငါးထောင်ကို ဆပ်လိုက်ကြတာ





ပေါ့။ ပြီးရင် နှစ်ကုန်ရင် ဆရာ့ဆီက ပန်းချီထူးချွန်ပေးဆု တောင်းမယ်။ နောက် . . . ပန်းချီဌာနမှာ ဆရာဝင်လုပ်မယ်"

"အံ့ယ် . . . စိတ်ကူးတွေကတော့ ယဉ်ပါ့။ ထူးချွန်ဆိုတာ သူ့ဘာသာယူတဲ့သူတွေမှ ပေးလို့ရတာ။ ငါတို့က ကာယအထူးပြုတွေလေ။ ကာယထူးချွန်ပဲရမှာပေါ့"

"ဟေ . . . အဲလိုလား။ မသိပါဘူး။ ကာယထူးချွန်ကတော့ မသက်သာပါဘူး။ တစ်နေ့တစ်နေ့ ကွင်းထဲကကို မတက်ရဘူး။ လူလည်း ကုလားမဖြစ်နေပြီ"

"နင်ပဲ အဆိုတင်သွင်းတာလေ။ သင်တန်းတက်ရမယ့် တစ်နှစ်လုံး ပြေးရင်း၊ လွှားရင်း၊ ခုန်ရင်း၊ ပေါက်ရင်း ကစားရင်း ကျော်ဖြတ်ကြမယ်ဆို"

"အေးဟာ . . . ခုတော့ မသက်သာမှန်းသိပြီ။ တစ်နေ့တခြား ပေါင်ကားလာပြီဟာ။ တစ်နှစ်လုံးသာ ခုန်ပေါက်နေရရင်တော့ အသက်ထွက်မှာပဲ။ နှလုံးရောဂါရှိတယ်ဆိုပြီး ငါတို့ ပန်းချီအထူးပြုပြောင်းယူရရင် မကောင်းဘူးလား"

"တော်ပြီ . . . ဆက်ရက်လို ဟိုခုန် ဒီခုန် ခုန်မနေနဲ့။ ယိပ်လိုခေါင်းဝှက်ပြီးသာနေလိုက်ပေတော့"

နှစ်ယောက်သား တီးတိုး တီးတိုးစကားပြောနေပြီမို့သည်ကြောင့် ပန်းချီသဘောတရားတွေ ရှင်းပြနေသည့်ဆရာက



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြီးကျုံ့ပြီး လှမ်းပြောပြီ။

"နောက်က နှစ်ယောက် ဘာတွေဆွေးနွေးနေတာလဲ"

သီရိခေတ်က လှူလည်း။ ဆတ်ခနဲထရပ်လိုက်ပြီး –

"ပန်းချီကားတွေအကြောင်း ဆွေးနွေးနေတာပါ ဆရာ။ ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုရဲ့ တိုက်တန်းနှစ်သဘော အကြောင်း"

"ဟား ဟား ဟား ဟား"

"လီယိုနာဒိုက ရုပ်ရှင်မင်းသား။ ရောကုန်ပြီ၊ ပန်းချီဆရာကြီးက လီယိုနာဒိုဒါဗင်ချီပါ"

"အဲ အဲ ဟုတ်တယ်၊ ဟုတ်ပါတယ် ဆရာ။ ဟို မိုမိုနာကို"

"မိုနာလီဇာ"

သီရိခေတ်ပြောတာ အမြီးအမောက်မတည့်သဖြင့် တစ်ခန်းလုံး ဝိုင်းဟားနေကြသော်လည်း သူမကတော့ ခပ်တည်တည်။

"ကဲ ... ထိုင်ပါ၊ ထိုင်ပါ။ ဆရာရှင်းပြတာ အရင်နားထောင်လိုက်ပါဦး။ ပြီးမှ မင်းတို့ကြိုက်တဲ့အကြောင်းအရာကို ဆွေးနွေးပါ"

"ဟုတ်ကဲ့ပါ ဆရာ ... ဆောရီးပါရှင့်"





သီရိခေတ် ပြန်ထိုင်သွားတော့ ဆရာနေ စာဆက်ရှင်းပြသည်။

"နောက်တစ်ပတ်ထဲမှာ ဖြတ်ညှပ်ကပ်ပန်းချီပြပွဲတွေ လုပ်မယ်။ ပြိုင်ပွဲတွေလုပ်မယ်။ ပထမ၊ ဒုတိယ၊ တတိယ ရွေးမယ်၊ ဆုပေးမယ်"

"ဆုရတဲ့လူတွေကို ပန်းချီထူးချွန်ပေးမှာလားဆရာ"

"ဒီတစ်ချက်တည်းနဲ့တော့ ဆုံးဖြတ်လို့ ဘယ်ရမလဲ။ ကျန်တဲ့အရည်အချင်းတွေလည်း ကြည့်ဦးမှာပေါ့။ ထူးချွန်ဆိုတဲ့အတိုင်း ပန်းချီမှာ ပါရမီပါရ၊ ထူးခြားရဦးမှာပေါ့။ ပန်းချီကားချပ်တွေကို နှစ်သက်တတ်ရုံတင်မက ဖန်တီးနိုင်စွမ်းတွေလည်း ရှိရဦးမယ်"

"သွားပါပြီ"

"ဝေးပါပြီ"

"ခွေးကြီးမှ လက်ပေးသင်လို့မရတော့ဘူး"

တပည့်တွေထဲမှ တစ်ယောက်တစ်ပေါက်အသံတွေကို နားထောင်ပြီး နေရဲမာန် ပြုံးရတော့မလို့။ လူငယ်တွေပီပီ ပေါ့ပေါ့ပါးပါး။ ပျော်ပျော်ရွှင်ရွှင်။

စာသင်ချိန်ပြီးတော့ အားလုံးပင် ခေါင်းလေးတွင်ငုံ့ပြီး အခန်းပြင်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၊ ညှပ်၊ ကပ်ပန်းချီကားဆွဲဖို့အတွက် အောက်ခံ အနက်ပိန်းစာရွက်လေးတွေ တစ်ရွက်စီယူသွားကြတော့ နောက်ဆုံးမှာရောက်နေသည့် ချစ်ခြင်းဝတ်မှုန် ကိုယ်တိုင်မယူဘဲ သီရိခေတ်ကို (၂) ရွက်ယူခိုင်းပြီး သူမက ရှေ့မှလစ်ထွက်ဖို့ ကြိုးစားလိုက်သည်။

ဆရာက သူ့စားပွဲမှ အနက်ပိန်းတစ်ရွက်စီ ဝေပေးနေတာလေ။

သီရိခေတ် (၂) ရွက်တောင်းလိုက်ပါသည်။

"ဆရာ သူ့အတွက်ပါ"

"သူက ဘာဖြစ်လို့ လာမယူတာလဲ"

"ဟို ဟိုလေ"

"ဘာလဲ လီယိုနာဒို့နဲ့အတူ ရေအောက်လိုက်သွားမလို့လား"

"မဟုတ်ပါဘူး ဆရာ"

"ရှေ့ အကောင်းဆုံးပန်းချီကားတွေရအောင် တီထွင်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

သီရိခေတ် အနက်ပိန်း (၂) ရွက်ကို တောင်းယူခဲ့ရင်း အခန်းရှေ့မှာ စောင့်နေသည့် ချစ်ခြင်းဝတ်မှုန်ထံ သုတ်ခြေတင်ခဲ့သည်။





တစ်ခါတုန်းက ဗရုတ်သုတ်ခတွေလုပ်ခဲ့မိတာ မျက်နှာပူစရာ။ ချစ်ခြင်းဝတ်မှုန် ပန်းချီကားတွေကြည့်နေတုန်း သူနှင့်မေမိုးတို့ လောင်စိန်ကျခဲ့မိတာတွေ။

"ပန်းချီတစ်ကား တစ်သောင်းဆိုတောင် ဒီအခန်းထဲမှာ ကားတစ်ရာလောက်ရှိတာ။ ဆယ်သိန်းဖိုးပေါ့"

"ဝယ်တဲ့သူရှိဦးမှ။ ငါတို့လို နတ္ထိတွေ၊ ဦးနှောက်ဗလာတွေများနေရင်လည်း တစ်ကားမှ ရောင်းရမှာမဟုတ်ဘူး"

"နာမည်ကျော်ပန်းချီဆရာကြီးတွေရဲ့ ကားတွေဆို ဒေါ်လာနဲ့ရောင်းတာဆို။ မြန်မာငွေနဲ့ဆိုလည်း ဆယ်သိန်း၊ ဆယ့်ငါးသိန်းဆို"

"အေးပေါ့ ... နာမည်ကျော်ရင်တော့ ရှိမှာပေါ့။ ဒါပေမဲ့ မလွယ်ပါဘူးဟာ။ နာမည်ကြီးဖို့ဆိုတာ လွယ်မှတ်လို့"

"လွယ်ပါတယ်၊ ကြော်ငြာဘုတ်မှာ ကိုယ့်နာမည်ကို စာလုံးကြီးကြီးရေးလိုက်ပေါ့"

"ဟား ဟား ဟား"

ဘာရယ်မဟုတ် လှုငယ်ပီပီ လောင်ခဲ့၊ ကြောင်ခဲ့မိတာတွေ။ ခုလိုဆရာအဖြစ်နဲ့ ပြန်တွေ့ရမယ် မထင်လို့ပါ။

သည်ကြားထဲ ချစ်ခြင်းရဲ့သောက,က တစ်မျိုး။ သူက ပန်းချီကားဖိုးအပြည့်မပေးရသေးဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ဒုက္ခသည်တွေ။ အဲဒါကို သူက ဘိန်းစားချင်းအတူတူ တစ်မူးမိုရှုချင်သေး၏။

ချစ်ခြင်းက စိုးရိမ်သည့်မျက်နှာလေးနှင့် ဆီးကြို၏။

"သူ ငါတို့ကို မှတ်မိမနေပါဘူးနော်"

"မပြောတတ်ဘူးလေ။ ငါကလည်း နင့်ထက်ဆိုးတယ်ဟ။ မေမိုးနဲ့အတူ ပြခန်းမှာ လောင်ခဲ့မိတာတွေ"

"ဟယ် ... နင်တို့ကလည်း ငါ အတန်တန်တားနေတဲ့ကြားက"

"အေးလေ ... ခုလို ပြန်တွေ့မယ်လို့ ဘယ်ထင်မလဲဟ။ တစ်ဘဝစာ အပြီးမှတ်တာပေါ့"

"ကောင်းတယ် ... ငါတို့တော့ ဘယ်လိုမျက်နှာနဲ့ ရှေ့ဆက်ရမယ်တောင် မသိတော့ဘူး"

"မထူးတော့ပါဘူးဟာ။ ဟိုတုန်းကဒီဖိုင်းအတိုင်းပေါ့။ ခပ်တည်တည်၊ ခပ်ပြောင်ပြောင်ပဲပေါ့"

"မတူတော့ဘူးနော်။ ငါတို့ ဆရာမအလောင်းတွေ ဖြစ်နေပြီ။ အရင်တက္ကသိုလ်ကျောင်းက ဌေးလမင်းတို့လိုလုပ်လို့ မရတော့ဘူး"

"အလောင်းမကလို့ ... မီးရှို့ပြီးသား ဖြစ်ဖြစ်ဟာ။ ဒီတစ်ချက်တော့ ပြင်လို့မရတော့ဘူး။ ဆရာ့ကို အဝေးဆုံးကနေ





ရှောင်ရမယ်"

"အေး ... ကောင်းတယ်၊ ဆရာ့အရိပ်မြင်တာနဲ့ ငါတို့ပြေးကြစို့"

နှစ်ယောက်သား တက်ညီလက်ညီနှင့် ဆရာ့ကို ရှောင်ဖို့စစ်ဆင်ရေးတွေ၊ ဆွဲကြပြီးမှ စိတ်ထဲမှာ နေသာထိုင်သာ ရှိသွားကြသလိုလို။

✳

ဖြတ်၊ ညှပ်၊ ကပ် ပန်းချီဆိုတာ ပန်းချီပညာအစစ်မဟုတ်သေး။ ပန်းချီကားတစ်ကားဖြစ်အောင် ဖန်တီးထုတ်လုပ်ခြင်းသာ။

အနက်ပိန်းခံစာရွက်ပေါ်မှာ စိတ်ကူးဉာဏ်ရှိလျှင် ရှိသလောက် ပန်းချီကားတစ်ချပ်ဖြစ်အောင် ဖြတ်၊ ညှပ်၊ ကပ်လိုက်တာ။

ချစ်ခြင်းဝတ်မှုန်ကတော့ စိတ်ကူးယဉ်သမားပီပီ အနက်ပိန်းစာရွက်ပေါ်မှာ ရေလှိုင်းတွေထည့်သည်၊ နောက် လှေလေးတစ်စီးနှင့် လှော်ခတ်သူထည့်သည်။

နောက် လမင်းထည့်သည်။ လမင်းမှ လပြည့်။ အဲဒီလ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာမှ မင်းသမီးလေးတစ်ယောက်ရဲ့ မျက်နှာလေးကို ဖြတ်၊ ညှပ်၊ ကပ်လိုက်သေးသည်။

ပန်းချီကားကိုလည်း နာမည်ပေးလိုက်သေးရဲ့။

"အခြားကမ္ဘာမှချစ်သူ"တဲ့။ နောက် စာရွက်ရဲ့ အောက်ဘက်မှာ လေးလုံးစပ်လိုလို၊ ဘာလိုလိုနှင့် ဇာတ်သရွှေ့၊ မှတ်သရွှေ့ စပ်ပြီး ကဗျာလေး ရေးထည့်ပေးလိုက်သေး၏။

ချစ်သူကဝေဟင်၊
မြေပြင်ကကိုယ်ပေါ့။
ခရီးဘယ်လိုဆုံးလို့
ပင်လယ်တွေ ဘယ်လိုဖြတ်ပါ့မယ်
အလွှာက ခြား။

ကိုယ့် ဖြတ်၊ ညှပ်၊ ကပ်လေးကို ကိုယ်ကတော့ သဘောကျနေသည်။ အပြောကျယ်သည့် ငွေပင်လယ်ထဲမှာ လှေသေးသေးလေးနှင့် ခမောက်ဆောင်းထားသည့် ပုံ့ကိုင်ရှင်။

လမင်းက ဟိုး ဝေဟင်မှာ။ ချစ်သူကောင်မလေးက ပြုံးပြုံးလေးနှင့် လမင်းထဲမှ ငုံ့ကြည့်လို့။

အခြားသူတွေ ဘယ်လိုစိတ်ကူးနှင့် ဘယ်လိုဖန်တီးကြသည်မသိပေမယ့် သူမကတော့ ခပ်တည်တည်ပါပဲ။

ဖြတ်၊ ညှပ်၊ ကပ် ပန်းချီကားရဲ့ သဘောသဘာဝတွေ





လည်း ကောင်းကောင်းနားမလည်လိုက်ရပါ။ ထုံးစံအတိုင်း အနုပညာသမားဖြစ်လာမည့်သူပီပီ ရဲရဲတွေး၊ ရဲရဲလုပ်ချလိုက်တာပါပဲ။

နောက် သီရိခေတ်မှတစ်ဆင့် ပန်းချီကားလေးကို ပေးလိုက်သည်။

နောက်အပတ်ထဲမှာ ဖြတ်၊ ညှပ်၊ ကပ် ပန်းချီကားတွေ ပြပွဲလုပ်တော့ ခပ်တည်တည်နှင့် သွားကြည့်လိုက်တာပါပဲ။ ချစ်ခြင်းဝတ်မှုန်ပဲနော်။ ဆရာမအလောင်းကြီးဖြစ်လာလည်း ငယ်ကျင့်က မပျောက်။

တက္ကသိုလ်တုန်းကအတိုင်း ခပ်တည်တည်၊ ခပ်ပြောင်ပြောင်။ နောက်မှမြှောက်ပေးမည့် သီရိခေတ်ဆိုတဲ့ အဖော်အပေါင်းကလည်း ရှိနေလေရာ။

သူမရဲ့ပန်းချီကားနှင့် ခေါင်းစဉ်ကဗျာကို ကောင်းကောင်းဟားနေကြတာပါပဲ။ သူငယ်ချင်းများပေါ့။

"ဟဲ့ ... လမင်းထဲ ဘာဖြစ်လို့ သက်မွန်မြင့်ရောက်နေရတာလဲ။ ကိုယ့်ပုံကိုယ်ထည့်ပါလား"

"အဲဒီလောက် မျက်နှာမပြောင်ရဲလို့"

"ပြောင်မယ့်ပြောင် အဆုံးထိပြောင်လိုက်ပါလား"

"အေး ... နင့်ကျမှပြောင်။ ငါ့သူငယ်ချင်းကိုမထိနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိချင်ရင် ငါ့ကိုပဲထိ''

သီရိခေတ်က အဲလိုအားကိုးရသည်။ ပန်းချီခန်းမထဲမှာ အသံတွေတိတ်သွားသဖြင့် သူမ လှည့်ကြည့်လိုက်တော့ ဆရာ ဝင်လာတာ။

ဆရာက သူတပည့်တွေနှင့် စကားပြောလျက် သူဟာ အနေအေးသူပါ။ စကားပြောတာလည်း အေးသည်၊ လှုပ်ရှားမှုက အစ ခပ်အေးအေး။

ချစ်ခြင်းနှင့် သီရိခေတ်က ရာဇဝင်ရှိသည့် ရာဇာဝတ်သားတွေမို့ ပိုပြီးအေးသည်။ ပြိတ္တာတွေလို ပါးစပ်ပိတ်၊ ကိုယ်လုံးကျုံ့ခါ ပန်းချီကားတွေကို သာမန်ကာလျှံကာ ကြည့်ပြီး လစ်ဖို့ ပြင်ကြသည်။

အလကား ဘာမှလည်းပညာပါကြတာမဟုတ်။ ကိုယ့်လို ပဲ စိတ်ကူးတည့်ရာ လျှောက်ပြီးတီထွင်ဖန်တီး ထုတ်လုပ်ထား တာ။

ရှေ့လ ဆရာ့ပန်းချီပြပွဲကျမှ သေချာခံစား၊ သေချာ ကြည့်တော့မည်။ ဝယ်လို့တော့ရမှာမဟုတ်၊ တောင်းလို့လည်း ရမှာမဟုတ်။ အနားနီးမှ မီးစင်ကြည့်ကတော့မည်။

✳ ✳ ✳



# အခန်း (၅)

သည်နေ့ ကျောင်းပိတ်ရက်မို့ ချစ်ခြင်းဝတ်မှုန်နှင့် သီရိခေတ်တို့ အပြင်ထွက်ကြသည်။

သည်လိုပဲ လိုင်းကားတိုးစီး၊ စာအုပ်တန်းမှာဝင်မွှေ။ သူမနှင့်သီရိခေတ်က နှစ်ကိုယ့်တစ်စိတ်လား၊ နှစ်စိတ်တစ်ကိုယ် လားတော့မသိ။

ချစ်ခြင်းက စာပေဝါသနာပါပြီး သီရိခေတ်က အဝတ် အစား၊ အလှအပစိတ်ဝင်စားသည်။

သည်တော့ သူ့နောက်လည်း ကိုယ်လိုက်၊ ကိုယ့်နောက် လည်းသူလိုက်ပေါ့။ နှစ်ယောက်သား စိတ်ချမ်းသာ ကိုယ်ချမ်း သာ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး သီရိခေတ်နောက်သို့ အရင်လိုက်ပေးလိုက်ပြီး သူ့ကိစ္စပြီးတော့ ကိုယ်သွားချင်ရာကိုခေါ်ခဲ့သည်။

ချစ်ခြင်းဝတ်မှုန်ရဲ့ဝါသနာကတော့ စာအုပ်တန်းမှာ လျှောက်မွှေတာပါပဲ။ စာအုပ်ဆိုင်ဝင်ပြီး ယနုလထုတ် မဂ္ဂဇင်းများကို လျှောက်မွှေသည်။ မာတိကာကြည့်သည်။

ဆရာ့ကဗျာလေးများ ပါမလားပေါ့။ သူကလည်း ရေးအားကောင်းပါသည်။ ပုံစံကြည့်တော့ ခပ်အေးအေးပေမယ့် တစ်လကို အနည်းဆုံး တစ်ပုဒ်၊ နှစ်ပုဒ်တော့ပါစမြဲ။

"ဟာ ... တွေ့ပြီ"

သည့်လလည်း သူကများ မဟေသီမှာတစ်ပုဒ်၊ ရုပ်ရှင်တေးကဗျာမှာတစ်ပုဒ် ပေါင်းနှစ်ပုဒ်တောင်တွေ့သည်။

ချစ်ခြင်းဝတ်မှုန် နှစ်အုပ်လုံး ဝယ်ပစ်လိုက်သည်ပါပဲ။ အနားမှ သီရိခေတ်ကတော့ မကျေမနပ်နှင့် တပွစိစိ။

"ငါလိုချင်တဲ့ ရယ်ဒီမိတ်အကျီလေး ပိုက်ဆံမပြည့်လို့ ချေးပါဆိုတော့ ကုန်နေပြီဆို။ ခု စာအုပ်ဝယ်ဖို့ကျ ဘယ်က ရောက်လာတာလဲ"

"ဒါလေးက ဆယ်လူကော့တက်ဟ။ ငါ့အောက်ဆီဂျင်လေး၊ ရှိသမျှ ဘတ်ဂျက်လေး အကုန်ချသုံးလိုက်တာ"

"သူငယ်ချင်းချင်း အားမကိုးရဘူး။ အလကား ပေါင်းဖို့





ကို မကောင်းဘူး"

"နင်ကလည်း တစ်လမှတစ်ခါ၊ နှစ်ခါ ထွက်ရတာ။ မဂ္ဂဇင်းထွက်ရက်နဲ့ ကြုံတုန်း စာအုပ်ဝယ်ရတာ။ နင့်အကျီက မဝယ်ရလို့ ဘာမှမဖြစ်ဘူး"

"နင့်စာအုပ်လည်း မဝယ်ရလို့ ဘာမှမဖြစ်ဘူး"

"ဖြစ်တယ်၊ မဝယ်ရရင် ငါသေသွားနိုင်တယ်"

"ပိုလိုက်တာ၊ ပိုကီးမ။ နင် ဒီစာအုပ်တွေဝယ်တာ နင့်ဆရာရဲ့ကဗျာတွေပါလို့ မဟုတ်လား"

"အေးလေ ... ဟုတ်တယ်လေ"

"ရူးပါ့ဟာ၊ လူကဖြင့် သတ္တိမရှိဘဲနဲ့"

"ဘာကို သတ္တိရှိရမှာလဲ"

"ဆရာ့ကို နင် ဘယ်လောက်ကြိုက်နေကြောင်း သွားပြောပါလား။ ခုတော့ သူ့ရှေ့တောင် မရပ်ရဲဘဲနဲ့"

"အို ငါကြိုက်တာက သူ့ကဗျာတွေ၊ သူ့ပန်းချီကားတွေနဲ့ သူ့ရဲ့အနုပညာမှော်တွေ စီးဆင်းနေတဲ့ နှလုံးသားဝိညာဉ်လေးကိုပါ"

"အမယ်လေး၊ အမယ်လေး ဝိညာဉ်ဆိုတာ သေတဲ့လူကိုမှ သုံးတာ။ နင့်ဥစ္စာ မထိတ်သာ မလန့်သာရှိလိုက်တာ"

"အေးလေ ငါ သူ့ကို နှစ်သက်မြတ်နိုးတယ်ဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



နတ်ဒေဝတာတစ်ပါးကို ကိုးကွယ်သလို မြတ်နိုးသလိုပါလေ''

''သွားပြီ ... နင်တော့ရှုံးပြီ။ ကဗျာရှုံး စာရှုံးကနေ အချစ်ရှုံး ဖြစ်တော့မယ်''

''အချစ်ရှုံးလို့တော့ မပြောပါနဲ့ဟာ။ ငါ သူ့ကို လူလိုချစ်တာမဟုတ်ပါဘူး''

''ဘာလဲ နတ်လိုချစ်တာလား''

''အင်း ... အဲလိုဖြစ်မယ်ထင်တယ်''

''နင်တော့ ဂေါက်သွားပြီ၊ ကဲ ကဲ ... ရှာသာကြီး မရောက်ခင် အဆောင်ပြန်ကြစို့''

နှစ်ယောက်သား ရန်ကင်းသို့ ပြန်ခဲ့ကြရင်း ချစ်ခြင်းဝတ်မှုန် ရင်ထဲမှာ မအီမလည်။ သီရိခေတ် သူမကိုဝေဖန်တာ သည်းမခံနိုင်။

တစ်ကိုယ်တော်နေမှပဲ စိတ်ချမ်းသာတော့မည် ထင်သည်။ စာသင်ချိန်၊ ဖွံ့ဖြိုးရေးချိန်တွေရဲ့ ပြင်ပမှာ ဒီလိုပဲ တစ်ကိုယ်တော်နေမှ အဆင်ပြေတော့မည်။

သီရိခေတ်ဟာ တဖြည်းဖြည်းနှင့် သူမကို အထင်သေးနေတာလား၊ မကျေနပ်နေတာလား။ သဘောထားကွဲလွဲခွင့်တွေ ရှိပေမယ့် သည်လောက်ထိတော့ မပြောသင့်ဘူးထင်သည်။

✳





ဆရာ့ပန်းချီပြပွဲရဲ့ နောက်တစ်နေ့မှာမှ ချစ်ခြင်းဝတ်မှုန် သွားကြည့်ခဲ့သည်။ လူရှင်းမည့်အချိန် ရွေးသွားတာမို့ နံနက် (၇) နာရီ။

သူများတွေ သွားလာလှုပ်ရှားနေကြမည့် အချိန်မှာ သူမ ပန်းချီခန်းမထဲရောက်နေသည်။ တစ်ယောက်တည်းပါပဲ။

ယခုအခါ သီရိခေတ်နှင့်သူမ သိပ်မတွဲဖြစ်တော့။ ရင်ထဲမှာ အုံ့ကျင်းဖွဲ့ပြီး ငြိုးမာန်ဖွဲ့နေတာမဟုတ်ပေမယ့် ဘာတွေနှင့် အုံ့မှိုင်းနေမှန်းကိုမသိ။

အရင်လိုလည်း မသွက်လက်တော့၊ အရင်လိုလည်း မရွှင်မြူးတော့ပါ။ ဘာခံစားချက်တွေမှန်း နားမလည်ပေမယ့် သူ့ကဗျာလေးတွေ ဖတ်ကာ သူ့ပန်းချီကားလေးတွေကြည့်ကာနှင့် သူမ ငြိမ်သက်နေချင်မိသည်။

နောက် သူ့ရှေ့ကိုရောက်သွားတာမျိုးမဟုတ်ဘဲ သူ့ကို တစ်နေရာရာမှ ငေးကြည့်နေချင်မိသည်၊ လမင်းကို မြေပြင်မှ ငေးကြည့်သလိုမျိုးပေါ့။

ရင်မှာ ပြင်းပြင်းထန်ထန် ဝေလျှင်လှိုင်းမိသလို ခံစားချက်မျိုးမဟုတ်ပေမယ့် စမ်းရေစီးသလို၊ တယောသံလေး ငြိမ့်ညောင်းသလို တသိမ့်သိမ့် ခံစားနေမိတာ၊ တသိမ့်သိမ့် ငေးကြည့်နေချင်မိတာ။



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်းရောဂါရင့်လာတာလား။ အကြီးအကျယ် အရှုံးအမှုံး ခံစားမှုမျိုး မဟုတ်ဘဲ ညင်ညင်သာသာလေးဝေးကြည့် ချင်မိတာ ဘယ်လိုအဖြစ်မျိုးလဲ။

တစ်နေ့ကိုတစ်ခါလောက် သူ့ပုံရိပ်လေးမြင်လိုက်ရလျှင် ထိုနေ့အဖို့ ပြီးပြည့်စုံသွားသလို။

ဘယ်သူ့ကိုမှမပြောရဲ မပြောဖြစ်ဘဲ တစ်ကိုယ်တည်း ရှုံးခဲ့ရသည့်အဖြစ်များ။ တစ်ကိုယ်တည်း ချစ်ခဲ့မိသည့်ရက်များ။

ချစ်ခြင်းဝတ်မှုန်ဟာ ကဗျာတွေနှစ်သက်မိပေမယ့် ကဗျာမရေးတတ်ခဲ့ပါ။ သို့သော် ယခုတော့ သူမ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ဖြစ်အောင် မရေးတတ်ပေမယ့် စာတစ်ကြောင်း ကဗျာတစ်ကြောင်းတော့ဖြင့် ရေးခြစ်လို့ကြည့်နေမိတတ်ပြီ။

ဒါဟာပဲ အနုပညာသမားတစ်ယောက်ဖြစ်ဖို့ အစပျိုး ခြင်းလား၊ စွန့်ဦးတီထွင်မှုလား။

ရင်ထဲမှာ စူးနင့်နေအောင် စွဲလန်းမှုက လူမသိ သူမသိ။

ကဗျာလေးတွေ၊ ပန်းချီကားလေးတွေမှတစ်ဆင့် သူ့ရဲ့ နှလုံးသားအထိ ငေးမျှော်ကြည့်ရှုနေမိတာ ဘာလဲ။

နေမြင့်လို့ အရှုံးရင့်လာတာလား။

အဖြစ်က သည့်ထက်ဆိုးပါသည်။

မိန်းမငယ်လေးတစ်ယောက်၏ ခံစားချက်ကို ဦးစားပေး





မိသည့်အဖြစ်တွေဟာ သူမဘဝအတွက် အကျည်းတန်း အရုပ် ဆိုးသော ဒဏ်ရာတွေ ဗရပွနှင့် နာကျင်အက်မွစေခဲ့မည်ဆိုတာ သူမ မတွေးမိခဲ့ရိုးအမှန်ပါ။

သူမ အဲသည်တုန်းက ကမ္ဘာ့ရဲ့ "စည်းအပြင်ကလူ" ကို မဖတ်ဖူးသေးခဲ့တာတော့ အသေအချာ။

✳

ပန်းချီခန်းထဲမှာ ချစ်ခြင်းတစ်ယောက်တည်း ပန်းချီကား လေးတွေကြည့်လိုက်၊ ဓာတ်ပုံရိုက်လိုက်လုပ်နေမိတာ အချိန်တွေ ဘယ်လောက်ကြာမှန်းပင်မသိ။ ခြေသံလိုလိုကြားမိလို့ ဆတ်ခနဲ သွေးလန့်စွာ လှည့်ကြည့်မိလိုက်တော့ –

"ဆရာ"

"ဪ"

စကားသံတွေ တိတ်ဆိတ်သွားပြီး ချစ်ခြင်း ဘာဆက် လုပ်ရမှန်းမသိတော့။

အခြေအနေတွေက ဘယ်လိုလဲ။ သူမရင်ထဲမှာ ဆရာ အပေါ် တအားကြီး ချစ်မြတ်နိုးနေမိတာ။ လူသိမှာထက် သူသိမှာ စိုးမိသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"သွားတော့မယ်"

နှုတ်ဆက်သံလား၊ ငိုညည်းသံလို မပီပိုးတဝါးနှင့် သူမ ပန်းချီကားထဲမှ တရွေ့ရွေ့ထွက်ခွာလာမိတော့ ဆရာက တည် ငြိမ်စွာပင် လှမ်းပြောခဲ့သည်။

"အကြိုက်ဆုံးပန်းချီကားတစ်ချပ်ကိုရွေးလိုက်။ ဒီတစ်ခါ လက်ဆောင်ပေးမှာပါ၊ မရောင်းပါဘူး"

"ဪ"

ဒါဆို ဆရာ သူမတို့ကို သိနေ၊ မှတ်မိနေသည်ပဲ။ ချစ်ခြင်းဝတ်မှုန် မရဲတရဲပြန်ကြည့်ပြီး ပန်းချီခန်းမထဲမှ တရွေ့ရွေ့ ထွက်ခွာလာခဲ့မိသည်။

ရင်ထဲမှာ အသည်းအူတွေ တစ်ပြုံလုံး ကိုင်လှုပ်ခံနေရ သလို။ မပျော်တော့ပါဘူးကွယ်။

တစ်ခါက သိပ်ပြီးပျော်ရွှင်၊ ပေါ့ပါးရဲတင်းခဲ့တဲ့ ကောင်မ လေးတစ်ယောက် သေဆုံးသွားခဲ့ပြီလား။

လူ့ဘဝဆိုတာ စရိုက်တွေအမျိုးမျိုးနှင့် ပြောင်းလဲရှင်သန် တတ်သည်ဆိုလျှင်ဖြင့် သူမ ယခု စရိုက်ပြောင်းလဲသွားခဲ့ပြီ။

တိတ်ဆိတ်သော၊ လျှို့ဝှက်သော၊ ရင်ထဲမှာပဲ မြှုပ်နှံ ခံစားတတ်သော မိန်းကလေးတစ်ယောက်။

* * *



## အခန်း (၆)

ချစ်ခြင်းဝတ်မှုန်နှင့် သီရိခေတ်။

ပညာရေးကောလိပ်ဝင်းထဲမှာ လမ်းလျှောက်နေကြရင်း သူမက ချစ်ခြင်းကို ဆရာတွေနေသည့် အဆောင်များဘက်သို့ ခေါ်သွားခဲ့သည်။

"ငါ့ အင်္ဂလိပ်တီချယ်ဆီ သွားစရာရှိလို့ လိုက်ခဲ့စမ်းပါ"

အဖော်အဖြစ်ခေါ်တာမို့ လိုက်သွားဖြစ်သည်။ ဆရာတွေ အတွက် လိုင်းခန်းက သစ်သားဆောင်တွေ။

"အဲဒီအခန်း (၃) ခန်းမှာ ဆရာမဒေါ်ယဉ်ယဉ်မြရယ်၊ ဆရာဦးနေရဲမာန်ရယ်၊ ဆရာမဒေါ်ကျင်ဝေရယ် နေကြတယ်"

"ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . ဆရာ့မိသားစု အဲဒီမှာလေ။ တွေ့လားဟိုမှာ ကလေးနို့တိုက်နေတာ ဆရာ့အမျိုးသမီးဘေးက ကလေးလေးက ဆရာ့သား။ ဆရာ့မှာ ကလေးနှစ်ယောက်နဲ့။ အမျိုးသမီးက သိပ်ပြီးမကျန်းမာဘူး။ သူ့ဆေးဖိုး၊ ကလေးစရိတ်၊ အိမ်စရိတ်တွေနဲ့ ဆရာ့ခမျာ လုံးချာပတ်ချာလည်နေတာပဲ"

သီရိခေတ် ရှင်းပြတာတွေ ချစ်ခြင်းနားထဲသို့ မကြားတစ်ချက် ကြားတစ်ချက်။ သူ့အသံက ဟိုးအဝေးမှလာနေသည့် မိုင်းဗုံးတွေအဆင့်ဆင့် ပေါက်ကွဲနေသည့်နှယ်။ သီရိခေတ် ဒီနေရာကို ဘာလို့ခေါ်လာသလဲ။ သူမ ရိပ်စားမိပါပြီ။ သည်အဆောင်ဟာ သူမတို့ရဲ့ စာသင်ဆောင်တွေ၊ အိပ်ဆောင်တွေနှင့် ဝေးကွာလွန်းပါသည်။

ချစ်ခြင်းတစ်ကိုယ်လုံး ရေခွေးငွေ့တွေလို တရှိန်းရှိန်း အငွေ့ပျံနေပြီ။

ငါ ဘာဖြစ်လို့ ဒါတွေမတွေးမိခဲ့တာလဲ။ ဆရာ့အရွယ်ဟာ သားတွေ၊ သမီးတွေ၊ ဇနီးတွေနှင့် ဝေဆာ ပွားစည်းနေမည့် အရွယ်လို့ ဘာလို့ တစ်ချက်လေးတောင်မှ မတွေးမိခဲ့တာလဲ။

ငါဟာ သဘာဝနဲ့ ကင်းလွတ်လှတယ်။ ငါ့ကိုယ်ငါ လူထဲက လူတစ်ယောက်ဆိုတာ မေ့လျော့နေခဲ့တယ်။

ချစ်ခြင်း မျက်ဝန်းထဲမှာ မျက်ရည်ပူတို့ အငွေ့ပျံသွေ့





သောင်နေသလို ရင်ထဲမှာ နာကျင်မှုတွေနှင့် စူးအောင့်မှုလောင်နေခဲ့သည်။

သူမ ဘာစကားတစ်ခွန်းမျှ မဝေဖန်နိုင်တော့။ မပြောနိုင်တော့။ အသံမထွက်နိုင်တော့ပါ။

သူမရဲ့အမှုအရာတွေရော ပိရိခဲ့ရဲ့လား။ မဖုံးနိုင်၊ မဖိနိုင်များ ဖြစ်နေခဲ့သလား။

အလို ဘုရားရေ။

သူမကို မိန်းမဆိုးလို့ လူတွေက ပညတ်ကုန်ကြပြီလား။ သတ်မှတ်ကုန်ကြပြီလား။

ဆရာ့ကို သူမ တိတ်တဆိတ် မြတ်နိုးနေမိတာ၊ နိုးကြည့်နေမိတာ လူတွေသိကုန်ကြပြီလား။

လူတွေမသိလည်း ကိုယ့်ကိုယ်ကိုယ် သိပါသည်။ သူမရဲ့အထိရာက အကြီးကြီး။

ယခုပင် ဟက်ခနဲကွဲပြီး အသည်းက သွေးတွေ တစိမ့်စိမ့်ယိုစီးနေခဲ့ပြီ။

ဆရာမနှင့် စကားအလိုက်အထိုက်ပြောသင့်ပေမယ့် မချိသွားဖြီးနှင့် သူမ အင်း အဲ ဖြစ်နေတာ။ သီရိခေတ်ကတော့ နိုင်မိမှာ အသေအချာ။ ဆရာမကတော့ ဒီအထိ သိမည်မထင်။

နာရီဝက်လောက်ကြာမှ သူမတို့ ပြန်လာဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အိမ်မှာ ဆရာ့ကို မတွေ့ခဲ့ရပါ။

သီရိခေတ်ပြောသလို စား၊ ဝတ်၊ နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရရှာမှာပေါ့။ ကေဒါရကျေးမင်းလို ဇနီးအတွက် သား သမီးအတွက် စပါးနှံတွေ ရှာဖွေကိုက်ချီနေရရှာမှာပေါ့။

အပြန်လမ်းမှာ သီရိခေတ်ရော သူမပါ ငြိမ်သက်စွာ ပြန်လာဖြစ်ကြသည်။ အဆောင်နားရောက်မှ သူက –

"ဆရာက တို့တွေ သင်ထောက်ကူကားချပ်တွေဆွဲတဲ့ အခါလည်း ဝင်ငွေရတယ်။ ဒါပေမဲ့ ဆရာကသဘောကောင်းတော့ တချို့တွေက အလကားပဲတင်း ဆွဲခိုင်းတာပဲ။ မိသားစုမှာ သူပဲ ရှာနေရတော့ တအားကြီးတော့ မပြေလည်ဘူးပေါ့ဟာ"

"ဪ"

သာမန် အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့တာဝန်တွေ၊ ရုန်းကန်မှုတွေ ဖြစ်နိုင်သော်ငြား ချစ်ခြင်းဝတ်မှုန် ဆရာ့ကို သနားလိုက်တာ။ ရင်ထဲမှာ နင့်နေ၏။

မျက်ရည်စီးတွေ ဝေ့နေသည့် အငွေ့လောင်မျက်ဝန်းကို သီရိခေတ်မမြင်အောင် ဖုံးကွယ်ရင်း အဆောင်သို့ ခက်ခဲစွာ ပြန်လာခဲ့ရသည့်နေ့။

✳ ✳ ✳



## အခန်း (၇)

ဆရာနှင့် သူတပည့်တွေစုပြီး ကဗျာ လက်ရေးစာအုပ်လေးထုတ်ကြသည်။ ဈေးမကြီးပါဘူး။ ကဗျာဆရာကြီးနှင့် ကဗျာမှာ တရှူးလေးတွေစုပြီး အနုပညာအရထုတ်သည့်ကဗျာ။

သူများတွေဆီမှတစ်ဆင့် ချစ်ခြင်းလည်း တစ်အုပ်ဝယ်ယူအားပေးခဲ့သည်။ နောက် ဆရာ့အလွမ်းကဗျာလေးတွေကို ဖတ်ကြည့်သည်။ ဆရာ့ကဗျာတွေက အလွမ်းတင်မက ရုန်းကန်မှုတွေ၊ နောက် ဆရာ ဆရာမတွေရဲ့ ဖြူစင်မှု၊ အနစ်နာခံမှုလေးတွေ ပါပါသည်။

အလွမ်းကဗျာလေးတွေ ဖတ်ကြည့်ပြီးတော့လည်း ဆရာ့ကို သနားနေမိပြန်သည်။ ဆရာ့ကဗျာတွေက ချစ်သူနှင့် မဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဆည်းရလို့ ကြေကွဲဆွေးမြည့်နေရသည့် ခံစားချက်မျိုး။

ဩော် . . . ဆရာ့ခမျာ ချစ်ဦးသူနဲ့ မဆုံဆည်းခဲ့ရရှာလို့လား။ အခုရတဲ့ ဆရာကတော်က ချစ်ဦးသူမဟုတ်လို့လား။ သူမရဲ့ အတွေးထဲမှာ ဆရာ့အကြောင်းတွေနှင့်ပဲ ပြည့်လို့နေခဲ့တာ။

သူမတို့က ကာယ အတွေ့ယူကြတာမို့ ပန်းချီခန်းသို့လည်း ခဏခဏမရောက်ပါ။ ကစားကွင်းထဲမှာသာ တည်ငြိမ်စွာ ပြေးလွှားခုန်ပေါက်နေရသည်။

သို့သော် ပညာရေးကောလိပ်ဝင်းတစ်ခုထဲမှာမို့ တစ်နေ့ကို တစ်ခါလောက်ဖြစ်ဖြစ် ဆရာ့ကိုမြင်ရပါသည်။

အခြားသူတွေ သတိမထားမိကြပေမယ့် ချစ်ခြင်းကတော့ ဆရာ့ကို ငြိတွယ်သော မျက်ဝန်း၊ ဆွေးမြည့်သောမျက်ဝန်းများနှင့် ငေးကြည့်နေခဲ့မြဲ။

တကယ့်ကိုအလွှာခြား၊ ဘဝခြားနေသူပါပဲ။ ချစ်ခြင်းဝတ်မှုန်ဆိုတာ ပေါ့သွမ်းသောမိန်းကလေးတစ်ယောက် မဟုတ်တာမို့ ဆရာ့ကို မနောက်နှင့်တောင် မချစ်သင့်တာ သိနေခဲ့ပါသည်။

သို့သော် . . .

အစကတည်းက မပွင့်လင်းခဲ့သည့် တစ်ဘီးလိမ့်အချစ်ကို သူမ ရပ်တန့်စေလို့မရ။





အစကတည်းက လူလိုချစ်တာမဟုတ်ဘဲ နတ်ဒေဝတာတစ်ပါးလို မျှော်ငေးတမ်းတလိုသူမို့ သူမက ကိုယ့်အချစ်တွေကို ဘရိတ်အုပ်လို့မရပါ။

ဒီလိုပဲ သူ့အရိပ်ကလေးကို မျှော်ငေး လွမ်းမြည့်ပြီး တစ်ကိုယ်တည်း ဒုက္ခစာဖြစ်ခဲ့ရတာ။

ကဗျာလေးတွေလည်း တစ်ပိုဒ်စ၊ နှစ်ပိုဒ်စ ရေးဖြစ်ခဲ့ပါရဲ့။

ဒါဟာ စိတ်ကူးယဉ်အချစ်လား။
သန့်စင်သည့်ပလေတိုးနစ်လဝ်(ဖ)လား။
သူလိုရင်ပြုံး
သူမုန်းရင်ကြေ
သေဆိုသေ
ရှင်ဆိုရှင်
ကျွန်မရင်ထဲမှာ
သူမှသူ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကဗျာတစ်ပုဒ်ရေးတတ်ဖို့ စာတစ်ပုဒ်ရေးတတ်ဖို့ဆိုတာ ပါရမီတို့ အတတ်ပညာတို့ထက် နှလုံးသားက အဓိကခံစားတတ်ဖို့လည်းလိုသည်ထင်ရဲ့။

ချစ်ခြင်းဝတ်မှုန်မှာ ခံစားမှုတို့နှင့် တိမ်းတိမ်းပွေပွေ။

သူမရဲ့နှလုံးသားက သတ်ပုံမှားနေပေမယ့် ပြင်ဆင်လို့မရ။ သန္ဓေသားဘဝမှာပဲမို့ အန္တရာယ်မပေးနိုင်ဘူးလို့ ဆင်ခြင်ပေးလို့မဖြစ်။

အများအမြင်မှာ မတင့်တယ်။

သူမ ဆွေးမြည့်နေတာ၊ သူမ ငေးရော်တမ်းတနေမိတာ။ သူမရဲ့အဖြစ်က ငုံးဆုလူမသိလို့ ထင်ရပေမယ့် –





ကိုယ့်လိပ်ပြာကိုယ် မသန့်။ ခံစားနာကျင်နေမိတာ ချစ်ခဲ့မိတာနှင့်မမျှ။

ယခုအခါ ကုန်လွန်ခဲ့ပြီဖြစ်သည့် အတိတ်က မဝေးလှဘူးဆိုပေမယ့် ရက်ပေါင်းတစ်ရာကျော်ခဲ့ပြီ။

တစ်ရက်လောက် မမြင်ရရင်တောင် တစ်သက်လောက် ထင်ခဲ့မိသူမို့ ချစ်ခြင်းရဲ့ခံစားမှုက ပြင်းပြင်းရှရှ။

မပွင့်လင်းခဲ့ဘူးဆိုပေမယ့် သင်တန်းပြီးဆုံးတော့မည့် နေ့ရက်လေးတစ်နေ့မှာ ဆရာက ပန်းချီကားလေးတစ်ချပ် လက်ဆောင်ပေးခဲ့သလို့။

ချစ်ခြင်းဝတ်မှုန်ကလည်း နှလုံးသားနရီစည်းတွေ မနိုင်မနင်။ ပရမ်းပတာ၊ ကွဲအက်မြည့်ရှုခဲ့ရသည့် ကဗျာအပိုင်းအစလေးများကို အမှတ်ထင်ထင်ပေးအပ်ခဲ့မိသည်။ လက်ရေးကဗျာစာအုပ်လေး ပြန်တွေးကြည့်မိတော့လည်း ဒါပါပဲဆရာ။

မနေ့တစ်နေ့ကလို ပူဆွေးတမ်းမြည့်နေရဆဲပေမယ့် ချစ်ရလွန်းသူကို –

မျက်လုံးများနဲ့ တမ်းတသွေ့လောင်ခဲ့ရုံမှတစ်ပါး –

ချစ်သူ့ပါးပြင်ကိုလည်း မနမ်းမိခဲ့ပါဘူး။

ချစ်သူကို လက်ဖျားနဲ့တောင် မထိမိခဲ့ဘူးထင်ပါသည်။

ရင်ထဲမှာ တုန်ဟီးမြည်ကြွေးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာခြင်း ရှိုက်သံတွေ –

ကွဲကွာခြင်း တေးသံတွေ

တကယ်ကျတော့လည်း

မမွေးဖွားမီကတည်းက သေဆုံးခဲ့ရတဲ့ ချစ်ခြင်းတစ်ခုဟာ –

သေကွဲ ရှင်ကွဲတွေ ထပ်မံခွဲခွာရတော့ရော ဘာများထူးခြားတောက်ပလာရဦးမှာတဲ့လဲလေ။

ရင်ထဲမှာတော့ ငိုညည်း၊ ရှိုက်ငင်သံတွေ

ကပ်ကမ္ဘာအသေချာဆုံးသည့်အထိ။

ချစ်ခြင်းဝတ်မှုန်ဆိုတာ တည်ငြိမ်လင်းလက်သည့် ကျောင်းဆရာမလေးတစ်ယောက် ဖြစ်ခဲ့ပြီ။

ထို့အတူပဲ –

ချစ်တတ်လွန်းခဲ့သည့် နှလုံးဦးတစ်ခုကြောင့် ပါရမီဆိုတာတွေလည်း တဖျပ်ဖျပ်ပွင့်။

ချစ်သူကြောင့် သေလုမတတ် လွမ်းမြည့်နာကျင်ခံစားတသမှုတွေက နှလုံးခုန်စက်ကလေးကို တအားကြီး ညှစ်ညှစ်ထုတ်။

ချစ်သူနှင့် ခွဲခွာခဲ့ရသည့် ရက်ပေါင်းတစ်ရာကျော်အတွင်း ကဗျာလေးတွေ အောင်အောင်မြင်မြင်နှင့် ဖူးပွင့်လာစေခဲ့ပြီ။





အခြားကဗျာဆရာတွေ ဘယ်လိုခံစား၊ ဘယ်လိုရေးကြသည်မသိပေမယ့် –

ချစ်ခြင်းဝတ်မှုန်ဆိုသည့် ကောင်မလေးကတော့ ချစ်သူကို လွမ်းသည့်အလွမ်းများနှင့် ကိုယ့်နှလုံးသွေးကို မင်တို့ပြီး *ကဗျာလေးတွေ ဖူးပွင့်လာခဲ့ပြီ။*

ကဗျာလေးတွေ ရေးတတ်ခဲ့ပြီ။

တစ်ချိန်တုန်းက –

အသည်းကွဲကဗျာလေးတွေ၊ ခံစားချက်ကဗျာလေးတွေကို နှစ်သက်ခဲ့မိလို့များ –

သူမကိုယ်တိုင် အသည်းကွဲကဗျာတွေ ရေးနေရလေသလား။

ဆရာ့အတွက် ရည်စူးပြီးရေးခဲ့မိတဲ့ကဗျာတွေ။

"အဟင်း"

အနုပညာဆိုတာ ဘယ်လိုကြီးလဲ။

တစ်ခါတုန်းကတော့ ကိုယ် ဆရာ့ကို တစ်ဖက်သတ်ချေကြည့်၊ ချွေးမြည့်မိတာကို လူသိမှာစိုးလို့ နေမထိ ထိုင်မသာ။

နောက် ဒီအဖြစ်တွေကို ပြန်တွေးကြည့်၊ ပြန်တွေးမိတော့လည်း ရင်ထဲမှာ နောင်တတွေနှင့် နာကျင်ချွေးမြည့်ခဲ့ရော။

ဆရာ့ကိုချစ်မိတာက တခြား၊ နောင်တရတာကတခြား။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ယခုကျတော့လည်း ကိုယ်ရေးဖွဲ့မိသည့် နှလုံးသားမှ ပြုံးပြုံးပြက်ပြက် ခံစားမှုအပိုင်းအစတို့ကို တစ်နိုင်ငံလုံးသိအောင် ဖွင့်ချပြမိပြန်ပါရောလားလေ။

အားလုံးနှင့်အတူ သူသိပါစေ၊ သူလည်း ဖတ်မိပါစေ။ စာနာနားလည်နိုင်ပါစေဆိုသည့် မျှော်လင့်ချက်ကလေးက မပီပြင် ဝိုးတဝါး။

ဒါဟာပဲ အနုပညာသမားတစ်ယောက်ရဲ့ အတွေးလား။

ချစ်သောဆရာ

အလွှာခြား၊ ကမ္ဘာခြားကနေပြီး

ကောင်မလေးတစ်ယောက်ရဲ့ အရှုံးအမှူးဆန်ခဲ့မိတဲ့ နှလုံးသားလေးကို စာနာနားလည်ခွင့်လွှတ်နိုင်ပါစေ။

လို့ ဆုတောင်းငိုကြွေးခဲ့ရသည့်အဖြစ်တွေ။

* * *



## အခန်း (၉)

မစဉ်းလဲခဲ့ပါ ချစ်သူ
နှလုံးသားမြူတွေအုံ့ဆိုင်း
တဗိုင်းဗိုင်းလှူးလွန့်လဲကျ
စာနာရ
နာကျင်ရ
ကြင်နာရ
နောင်ကြဉ်ရ
အကဲရှုကွဲကြေ
အသားမာစတွေက
ဗရပွ။



www.burmeseclassic.com

www.burmeseclassic.com



လှပခြင်းများစွာနဲ့လေ

ရင်ခွင်ပျောက်ဝိညာဉ်တစ်ခု

ဒူးထောက်ဗျာကြွယ်လှည့်လည်

သက်လှယ် ကျွန်မကိုခွင့်လွှတ်တော့။

ရေးခဲဖူးသည့်ကဗျာလေးကို ပြန်ဖတ်ရင်း ချစ်ခြင်းဝတ်မှုန် အဝေးဆီသို့ ငေးရော်နေခဲ့မိသည်။

ယခုတော့လည်း ဒဏ်ရာအနာတရတို့ ရင်ထဲမှာ အမြုတေတစ်ခုလို အုံကျင်းဖွဲ့ခါ ငြိမ်သက်နေခဲ့ပြီ။

ဒါဟာပဲ မီးတောင်မြို့တစ်ခုလား။

ဘယ်သောအခါ မနိုင်မနင်းနှင့် ပွင့်ထွက်လာစေဦးမှာလဲ။

ချစ်ခြင်းဝတ်မှုန်ကတော့ ဆေးကောင်းတစ်လက်တွေ့သူလို သူမ သိပ်ပြီးခံစားနေရသည့်အခါ နှလုံးသားမှပုံရိပ်ကို ကဗျာလေးတွေအဖြစ် ဖွင့်ထုတ်ပစ်လိုက်နိုင်ခဲ့သည်။

ယခုတော့ အသက်တွေလည်း ရင့်ကျက်လို့ နယ်မြို့လေးတစ်မြို့မှာ အထက်တန်းပြဆရာမလုပ်ရင်း ကဗျာလေးတွေ တိတ်တဆိတ် ရေးသားနေမိခဲ့တာ။

မဂ္ဂဇင်းတွေမှာ ဒီလိုပဲ တစ်လတစ်ပုဒ် နှစ်လတစ်ပုဒ်လောက် တစ်ခါတလေလည်း တစ်လထဲ နှစ်ပုဒ်လောက် ပြောက်





ကျားပါနေခဲ့ပါသည်။

အသက် (၂၅) နှစ်ဆိုတာလည်း မငယ်တော့ပါဘူး။ သို့သော် ချစ်ခြင်းဝတ်မှုန်အတွက် အချိန်ကာလတွေ ပျောက်ဆုံးနေခဲ့သည်။

ဆရာနှင့်ခွဲခွာခဲ့ရတာ မနေ့တစ်နေ့ကလိုပဲ ပူနွေးလတ်ဆတ်ဆဲပါ။

သူနှင့်ကိုယ်ဟာ ကမ္ဘာကြီးရဲ့ အမိုးတစ်ခုအောက်မှာ အတူရှိနေတယ်ဆိုရုံနှင့် နှလုံးသားတွေချွေးမြည့် လွမ်းဆွတ်သွားခဲ့တာ။

ယခုထိ ရှုံးသွပ်ဆဲပါဆရာ။

ဆရာကတော့ သားတစ်ရာ မြေးတစ်ဖြာနဲ့ ဘဝမှာ စိုပြည်သာယာနေမှာပါ။ စိုပြည်သာယာနေပါစေလို့ပဲ ချစ်ခြင်း ဆုတောင်းမေတ္တာပို့နေပါတယ် ဆရာ။

ချစ်ခြင်းဟာ မိန်းကလေးပေမယ့် မိန်းမ မဆန်ခဲ့ပါ။

သူမသင်တာလည်း မြန်မာစာမို့ ကျူရှင်တွေ ဘာတွေ မသင်။ ကျောင်းမှာအချိန်ပြည့် ကျွမ်းကျင်စွာ လေ့ကျင့်သင်ကြားပေးပြီးလျှင် ကျန်တာ သူမရဲ့ ကိုယ်ပိုင်အားလပ်ချိန်။

မြို့ကလေးသေးတာရယ်၊ သူမရဲ့ တည်ကြည်မှုရယ်၊ အထက်တန်းပြဆရာမဆိုသည့် အရှိန်နှင့် ပေါင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို နှောင့်ယှက်မည့်သူ၊ နှောင့်ယှက်ဝံ့သူမရှိပါ။

အေးချမ်းစွာပဲ သူမ နေလို့ထိုင်လို့ အသက်ရှူလို့ရပါသည်။

ငယ်နုစဉ်က ပန်းချီကားလေးများကို နှစ်သက်တတ်သည့် ချစ်ခြင်းဟာ ယခုကျ သဘာဝအလှအပ၊ ရှုမျှော်ခင်းတို့ကို ဖြည့်ငေးတတ်ခဲ့ပြီ။ ချစ်ခင်နှစ်လိုခဲ့တတ်ပြီ။

သူမ သွားလေ့ရှိတာ ကားလမ်း၊ တောင်တန်းရိပ်နှင့် တောတန်းလေးကို ခပ်ပျပျမြင်ရသည့် ရှုခင်းလှသည့် လက်ဖက်ရည်ဆိုင်လေးသို့ပါ။

မြို့စွန်မကျတကျမှာရှိပေမယ့် သူမ နေရသည့် ကျောင်းနှင့် မဝေးကွာလှပါ။

လူလည်း စည်ကားလှတယ်မဟုတ်။ အေးချမ်းသည့်ဆိုင်ကလေး။

အများတကာတွေ ဆိုင်ကယ်၊ ကားတွေနှင့် အဆင်ပြေနေကြသော်လည်း ချစ်ခြင်းကတော့ ဂျပန်စက်ဘီးလေးနှင့်ပါပဲ။

စက်ဘီးလေးကိုစီးပြီး သူမရဲ့ တောလက်ဖက်ရည်ဆိုင်လေးသို့သွားသည်။ သူမ သွားလေ့ရှိတာ ညနေ (၇) နာရီ။

နာရီဝက်လောက်ထိုင်လိုက်သည့်အခါ ဆိုင်လေးထဲမှ ကမ္ဘာကြီး၏ ပြတင်းပေါက်ကို သူမ မြင်ရမြဲ။





ကားလမ်းမရယ်၊ တောင်တန်းရိပ်ရယ်၊ တောတန်းလေးတပြန့်နှင့် အိပ်တန်းပျံငှက်ကလေးတွေ။ နောက် လောကကို အလှဆုံး နှုတ်ဆက်ဖြန်းပက်နေသည့် ညနေဆည်းဆာ။

လက်ဖက်ရည်တစ်ခွက်ကို နာရီဝက်လောက် အချိန်ဆွဲသောက်ရင်း အဝေးသို့ငေးမျှော်နေတတ်သည့် မိန်းမပျိုဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့ပြီး —

ကမ္ဘာတစ်ပတ် ခရီးထွက်နေမိတာ။

သူမ မြို့လေးသို့ရောက်ရှိပြီး နှစ်လလောက်အကြာ တောလက်ဖက်ရည်ဆိုင်လေးကို ရှာဖွေတွေ့ရှိပြီး တစ်လမကြာခင် တစ်နေ့မှာတော့ ထောင့်စားပွဲလေးတစ်ခုမှာ တစ်ကိုယ်တော်။

ကမ္ဘာကြီးထဲ စိတ်နှင့်ရွက်လွှင့်နေမိသည့် သူမအနားသို့ လူငယ်တစ်ယောက် ညင်ညင်သာသာပင် ရောက်ရှိလို့လာခဲ့သည်။

"ဆရာမ ကျွန်တော့်နာမည် လင်းပိုးအိမ်ပါ။ ဒီစားပွဲမှာ ခေတ္တထိုင်ပါရစေ"

"ဟုတ်လား၊ ဘယ်သူ့အဖေလဲ။ ကလေးတွေရဲ့ပညာရေး ဆွေးနွေးချင်တယ်ဆိုရင် ကျောင်းကိုလာခဲ့ပါ။ ဒါ ကျွန်မရဲ့ ကိုယ်ပိုင်အချိန်ပါ"

သူမက ခပ်တည်တည်နှင့်ပြောတော့ ထိုလူငယ်က ဟန့်များများနှင့် သူနဖူးသူရိုက်ရင်း —



www.burmeseclassic.com

www.burmeseclassic.com



"သေပြီဆရာ၊ ဆရာမရယ် ကျွန်တော့ပုံစံက ကလေး အဖေပုံ ပေါက်နေလို့လားဗျာ"

"ကလေးအဖေမဟုတ်ရင် ကလေးအစ်ကိုပေါ့။ ဆောရီး ဖိုး ဒါ ကျွန်မရဲ့ကိုယ်ပိုင်အချိန်"

သည့်လောက်ပြောနေသည့်ကြားမှ သူက ခပ်ပြုံးပြုံး။ သူ့လက်ထဲမှာ မဂ္ဂဇင်းစာအုပ်ကိုလည်း စားပွဲပေါ်ထိုးတင်လိုက် သေး၏။

"ဆရာမရယ် ... ကိုယ့်ပရိသတ်ကိုတော့ လေးစားရ မယ် မဟုတ်လား။ နို့မို့ ဆရာမရဲ့ကဗျာတွေ ခံစားမယ့်သူ မရှိ ဖြစ်သွားမှာပေါ့။ ကျွန်တော်က ဆရာမကဗျာလေးတွေကို fb ကနေ တင်ပေးနေတာ၊ ဖြန့်ပေးနေတာ။ Like လုပ်တဲ့လူတွေကို အများကြီးဗျ။ ဒီတစ်ခါတော့ ဆရာမပုံပါ တင်ပေးလိုက်တယ်"

"ဘာ"

သူမရဲ့ပုံပါ တင်လိုက်တယ်ဆိုလို့ ချစ်ခြင်းဝတ်မှုန် ဒေါသ တွေ ပေါက်ကွဲသွားသည်။ အင်တာနက်ဆိုတာ လွယ်တာမဟုတ်။ ကောင်းတာနှင့်ဆိုးတာ ဒွန်တွဲနေသည့်အရာ။

ကောင်းသတင်းကို ဖတ်နိုင်သလို၊ မကောင်းသတင်းကို လည်း ဖွနိုင်သည့်နေရာ။

သူမအော်ထည့်လိုက်လျှင် ထိုလူငယ်က သူ့ရင်ဘတ်





သူ့ဖိလိုက်ပုံက အကဲပိုပို။

စတိုင်လ်များများနှင့် သူဟာ သည့်လက်ဖက်ရည်ဆိုင် ထဲ ဘွားခနဲ ဘယ်လိုရောက်လာခဲ့တာလဲ။ သူမငေးနေတုန်း ငေါင်နေတုန်း ရောက်လာတာလား။

"ရှင် ရှင် ... ကာယကံရှင်ရဲ့ ခွင့်ပြုချက်မရဘဲ ဘာဖြစ် လို့ ပုံတွေတင်၊ ကဗျာတွေ တင်ရတာလဲ။ ရှင့်ကို တရားစွဲမယ်"

"ကိုယ်ကြိုက်တဲ့ကဗျာကို ရှယ်တာပဲဗျာ။ ဆရာမပုံကို တင်တာကလည်း အများသိစေချင်လို့ပါ။ ဒါပေမဲ့ သိသိသာသာ ပုံကို မတင်ပါဘူးဗျ။ ခုလေးတင် ဆရာမ ဟိုးအဝေးကို ငေးနေ တုန်း တစ်စောင်းပုံလေးကို ရိုက်တင်လိုက်တာပါ"

"ချစ်ခြင်းဝတ်မှုန်ရဲ့အတွေးနှင့် အငေး ... အဲလေ အရေးဆိုပြီး ခုလထုတ်ကဗျာလေးနဲ့ တွဲတင်ပေးလိုက်တာ။ တကယ်ဆို ဆရာမ ကျွန်တော့်ကိုကျေးဇူးတောင်တင်ရမှာ။ နာမည်ကြီးအောင်၊ လူသိအောင်လုပ်ပေးလို့လေ"

သူမရဲ့စားပွဲမှာ မထိုင်ရဲပုံနှင့် ဘေးစားပွဲမှာ သူမဘက် လှည့်ပြီး ထိုင်လျက်။ စကားတွေက ရေပက်မဝင်။ သူ့ရုပ်က ရွှန်းရွှန်းစားစား။

ချစ်ခြင်းဝတ်မှုန် မကျေနပ်ပါ။

"ဒီမှာ ရှင် ဒီအလုပ်မျိုး ဒီတစ်ခါပဲ လုပ်မိပါစေ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဆို ရှင့်ကိုဖမ်းပြီး ထောင်ချခိုင်းမယ် သိလား"

"ဆရာမကလည်း ဒေါ်ကြီးပဲ။ မကြိုက်ဘူးဆိုရင်လည်း နောက်မလုပ်တော့ပါဘူးတဲ့ဗျာ။ အဲ . . . ကဗျာကတော့ ကျွန်တော် နှစ်သက်သလို ဖရန့်တွေလည်း ခံစားပါစေတော့လို့ တင်ပေးတာပဲ။ ဆရာမကဗျာတွေရေးနေတာလည်း လူတွေဖတ်ဖို့ပဲမဟုတ်လား။ ဘယ်လိုပုံစံနဲ့ပဲဖတ်ဖတ် လူတွေများများဖတ်ဖြစ်လေ ပိုကောင်းလေပေါ့"

သူရှင်းပြတာ နည်းလမ်းကျနေသဖြင့် ချစ်ခြင်း ဘာမှ ပြန်မပြောနိုင်တော့ဘဲ သူ့ကို ကိုယ့်ရဲ့သန္တရသလေးအား လာရောက်ဖျက်ဆီးသူအဖြစ်နှင့်သာ သတ်မှတ်ကာ အမှန့်ချေပစ်ချင်စိတ် ပေါက်မိသည်။

"ကဲပါ ဆရာမရယ် . . . ဒီကဗျာပါတဲ့စာအုပ်လေးမှာ ဆရာမရဲ့လက်မှတ်လေးထိုးပေးပါ။ အမှတ်တရပေါ့"

"အောင်မယ် . . . ဒါ ရှင့်ဘာသာဝယ်လာတာပဲ။ ကျွန်မ လက်ဆောင်ပေးတာမှမဟုတ်တာ"

"ဒါတော့ ဒါပေါ့ဗျာ။ ဒါပေမဲ့ ဆရာမ ကဗျာပါတဲ့စာအုပ်မှာ ဆရာမလက်မှတ်လေး ထိုးပေးရတာ ဘာများပင်ပန်းသွားတာ မှတ်လို့ဗျာ။ ကျွန်တော်က ဆရာမရဲ့ ရှားရှားပါးပါး ပရိသတ်ပျနော်။ စာဖတ်ပရိသတ်ကို လေးစားမှပေါ့"





"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ ပေး"

သူက ကစားတောင်စားလို စကားတွေတတ်နေ၊ တင်နေတော့ ချစ်ခြင်းဝတ်မှုန် သူယူလာသည့် စာအုပ်မှာ လက်မှတ်ထိုးပေးလိုက်ရင်း –

ရင်ထဲမှာ ကျဉ်ခနဲ။ တစ်ခါကလည်း ဒီလိုပဲလေ၊ ဆရာ့ထို့ သူမ မိတ်ဖွဲ့ခဲ့ဖူးတယ်၊ နှောင့်ယှက်ခဲ့ဖူးတယ်။

သူမ ဒီမြို့မှာ လျှို့ဝှက်စွာနေခဲ့တာပါ။ ကဗျာရေးတဲ့ ချစ်ခြင်းဝတ်မှုန်ဆိုတာ သူမပါလို့ တစ်ခါမှ ဖွင့်ဟဝန်ခံခဲ့တာမဟုတ်။

တစ်ခုပဲရှိသည်။ သူမရဲ့ဓာတ်ပုံ မဂ္ဂဇင်းအချို့မှာပါဖူးသည်။ နောက် စာတိုက်မှကဗျာပို့တာ။ စာတိုက်မှတစ်ဆင့် မဂ္ဂဇင်းတွေရောက်လာတာ။ စာမူခရောက်လာတာတော့ တိုးတိုးသိတ်သိတ် ရှိခဲ့ပြီ။

"ကျေးဇူးပါ ဆရာမ၊ ကျွန်တော့်နာမည် လင်းပိုးအိမ်ဆိုတာလည်း မှတ်ထားပေးပါနော်။ ဒီမှာ address ကတ်လေး။ ဆရာမ အလိုရှိရာခိုင်းဖို့ ကျွန်တော့်ကို သတိရလိုက်ပါ"

ခေါင်းငုံ့ ကိုယ်ကိုညွတ်ရင်း သူ ဆိုင်ထဲမှ ထွက်ခွာသွားတော့ ဆိုင်ထဲမှ လူအချို့နှင့်အတူ သူမလည်း ငေးကြည့်မိသည်။

အရပ်မြင့်မြင့် စတိုင်လ်ကျကျနှင့် သူမတို့အရွယ် လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ။ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်။ သူ ဘယ်သူလဲ။

အိမ်ကျမှ လိပ်စာဖတ်ကြည့်ရဦးမည်။ ယခုတော့ သူ ပေးခဲ့သည့်လိပ်စာကတ်ကို သူမ ပိုက်ဆံအိတ်ထဲသို့ ထည့်ခဲ့ရသည်။

ထိုညနေက ရှခင်းတွေ ထင်သလောက် မသာယာခဲ့သလို။

✳ ✳ ✳



## အခန်း (၁၀)

ချစ်ခြင်းဝတ်မှုန် တောလက်ဖက်ရည်ဆိုင်လေးသို့မသွားတော့ပါ။ သူမ ညီမြမလုပ်ချင်။ ရှုမျှော်ခင်းကြည့်သည့်အလုပ်ကို သူမ စွန့်လွှတ်ရတော့မည်။

သူမရောက်နေသည့်မြို့လေးဟာ ဝေနိမြစ်ရဲ့ဘေးမှာ ရှိတာမို့ မြစ်ကမ်းနားမှ ရှုမျှော်ခင်းကြည့်လျှင်လည်း ဖြစ်သည်။

အင်း . . . ကိုယ်က အရွယ်လွန်အပျိုကြီးတစ်ယောက် မဟုတ်တာမို့ တစ်ကိုယ်တော်ရှက်လွင့်နေလို့တော့ မသင့်တော်သေးဘူးထင်ရဲ့။

ကိုယ်က ဘယ်လောက်ပင် ရိုးသားရိုးသား စတန့်ထွင်တယ်မပြောနေမှာလားပင်။ တောလက်ဖက်ရည်ဆိုင်လေးမှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ပြဿနာမရှိပေမယ့် မြစ်ကမ်းနားမှာ သွားငေးမှာက တော့ ကျိန်းသေ အဖော်လိုလိမ့်မည်။

လောလောဆယ်တော့ သူမ ဘယ်မှမထွက်ဘဲ တစ်နေ့ တစ်နေ့ ကျောင်းတက်လိုက်၊ စာဖတ်လိုက်၊ အခန်းအောင်းပြီး တီဗီကြည့်၊ ကဗျာရေးသည့်အခါ ရေးပေါ့။

ချစ်ခြင်းဝတ်မှုန် ကိုယ့်ရုပ်ကိုယ် မှန်ထဲမှာ ငေးမိပြန် သည်။ ငယ်မူငယ်သွေးတွေ ကုန်ပြီလားမသိ။

အသက် (၂၅) နှစ်အရွယ် တည်ကြည်ငြိမ်သက်သည့် မိန်းမပျို။

ဆံပင်က ခါးထိရှည်နေပြီ။ သူများလို ဖြောင့်ခြင်း၊ ပုံသွင်းခြင်း၊ ညှပ်ခြင်းတွေ ဘာမှမလုပ်။

ရိုမီယိုနှင့် ဂျူးလိယက်ဇာတ်ကားထဲက မင်းသမီးလို ဆံပင်ကို အလယ်ကခွဲကာ ရိုးရိုးပဲ စည်းထားရုံ။

ကျောင်းတက်လျှင်တော့ နှစ်ပတ်လျှိုထုံးပြီး ထားသည်။

ပျော့ပျောင်းအိဖတ်သည့် သူမရဲ့ဆံပင်က ခပ်စင်းစင်းပဲ။ ဆံနွယ်တွေကတော့နဖူးမှာ ကုပ်မှာ ခပ်ဖွာဖွာ။

နောက် ဝတ်ပုံ၊ စားပုံကရော။

ငယ်စဉ်က အစ်ကိုတွေရဲ့ စပို့ရှပ်တွေ၊ တီရှပ်တွေ၊ ရှပ်တွေနှင့် နေခဲ့သည်။ ယခုကြီးတော့ ကိုယ့်ဘာသာချုပ်ဝတ်





သည့် ချည်ထည်ဝတ်စုံလေးတွေ။

သိပ်ပြီး မြန်မာဆန်ချင်လို့မဟုတ်ပေမယ့် ကိုယ်က ဆရာမမို့ ဖလန်း ဖလန်းထနေတာတွေ မမြင်ချင်၊ မကြည့်ချင်။ ဝတ်လည်းမဝတ်ချင်။

ခေတ်ကို မီရုံပဲမီချင်သည်။ မလွန်ချင်ပါ။ တစ်ခါတလေ တော့လည်း ငယ်ငယ်က ရှပ်တွေ၊ စပို့ရှပ်တွေ ဝတ်တတ်ပါ သည်။ အိမ်နေရင်းပေါ့။

လင်းပိုးအိမ်တဲ့။

ဟိုတစ်နေ့က လူကို သူမ သတိရမိသွားတော့ ပြုံးချင် ချင်။

သူ့လိပ်စာကတ်က အထင်ကရလေ။

သည်မြို့ရဲ့ မျက်နှာဖုံးတစ်ယောက်ပေပဲ။ သူ့မိဘများက လည်း နာမည်ကြီးတွေပါ။

ဆိုင်ကယ်အရောင်းဆိုင်ကြီးက ဟီးနေသလို၊ ဆေးမျိုးစုံ နှင့် ပစ္စည်းမျိုးစုံဆိုင်ကြီးကလည်း ကြီးကြီးမားမား။ 'သပြေရိပ်' ဆိုတာ နာမည်ကျော်တွေ။

သူမကတော့ သူ့လိပ်စာကတ်ကို ချောင်ထိုးထားလိုက် ပါပြီ။ သူ့လိုကားတစီးစီးနှင့် လုပ်ငန်းရှင်ပေါက်စဟာ စီးပွားရေးပဲ နားလည်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ကျော ဘာဆိုင်လို့လဲ။ အလကား စတန့်ထွင်တာ။ ပေါ်ပြူလာလုပ်တာ၊ ဒါမှမဟုတ် သူမကို အထင်သေးလို့ ရောကြည့်ချင်လို့လည်း နေမှာပေါ့။

မည်သို့ပင်ဖြစ်စေ ချစ်ခြင်းဝတ်မှုန် ယခုရက်များအတွင်း အနေအထိုင် သိုသိပ်လိုက်ပါသည်။

✳

သည်နေ့ကျောင်းပိတ်ရက်။

ချစ်ခြင်းဝတ်မှုန်တို့ကျောင်းမှာ ရပ်ဝေးကလာသည့် ဆရာမတွေအတွက် လိုင်းခန်းသဘောမျိုး အိမ်လေးတွေရှိပါသည်။ သစ်သားအိမ်လေးတွေ။

သူမတို့အိမ်မှာ ဆရာမ (၃) ယောက် စုနေကြပါသည်။ အားလုံးဟာ အရွယ်မတိမ်းမယိမ်းတွေ စုပြီး ထမင်းချက်စားကြတာမို့ တစ်ပတ်တစ်ခါတော့ အလှည့်ကျဈေးဝယ်မြဲ။

ဈေးက နည်းနည်းတော့လှမ်းပါသည်။ သည်တစ်ပတ် ဈေးဝယ်ရမည့်သူက ချစ်ခြင်းဝတ်မှုန်ပါ။

သည်တော့ စက်ဘီးလေးကိုနင်းပြီး ဆွဲခြင်းထည့်ကာ သူမ ဈေးသို့ထွက်လာခဲ့ပါသည်။





"အင်"

ဈေးမရောက်ခင် ဆိုင်ကယ်အရောင်းခန်းမ၊ ဆေး တီး စက်ဘီး စသည်ဖြင့် လိုရာအစုံရသည့် သပြေရိပ်ဆိုင်ကြီး ကို ဖြတ်ရတော့ သူမ ဆိုင်ဘက်သို့ ယောင်လို့တောင်မလှည့်။

ခေါင်းကိုငုံ့ပြီး စက်ဘီးကိုအတင်းကျုံးနင်းခဲ့တာ အသည်းအသန်။

အင်းလေ၊ သူရှိချင်မှလည်းရှိမှာပေါ့။ ငါ အစိုးရိမ်ကြီးနေတာလည်း ဖြစ်မည်။

ငါကလည်း ဆယ်ကျော်သက်ကျောင်းသူလေးမဟုတ်။ သူကလည်း ဆယ်တန်းကျောင်းသားလေးမဟုတ်။

ချစ်ခြင်း ဈေးထိပ်မှာ စက်ဘီးအပ်ခဲ့ပြီး ဈေးထဲဝင်ခဲ့သည်။ နောက် သူတို့မှာလိုက်သည့်အတိုင်း စာရင်းနှင့် စားသောက်စရာတွေဝယ်ရသည်။

တစ်နာရီကျော်ကြာတော့ သူမ ဈေးဝယ်လို့ပြီးသွားပြီမို့ ဆွဲခြင်းကိုဆွဲကာ ဈေးထဲမှထွက်ခဲ့တော့ စက်ဘီးအပ်သည့်နေရာမှာ သူ့ကိုတွေ့ရသည်။

"ဆရာမ ဈေးဝယ်လာတာလား"

"ဟုတ်တယ်"

"ကျွန်တော့်အိမ်ကို အိမ်လည်ဖိတ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မအားဘူး။ ရှင်မြင်တဲ့အတိုင်းပဲလေ။ အသားငါးတွေ ဟင်းချက်စရာတွေနဲ့ ချက်ရဦးမှာ"

"ရပါတယ် . . . ခဏလေးပါဗျာ။ ဆရာမကို မေမေက အရမ်းတွေ့ချင်နေလို့ပါ"

"ဘာဆိုင်လို့လဲ။ ရှင့်မေမေကတော့ ကျွန်မကဗျာတွေ မဖတ်လောက်ဘူး ထင်ပါတယ်"

"ဟုတ်ပါတယ် . . . မဖတ်ဖူးပါဘူး။ မေမေက စာမတတ်ဘူးလေ"

"အို"

ချစ်ခြင်းဝတ်မှုန် စိတ်မကောင်းဖြစ်သွားရတာ၊ သူမက ငေါ်ပြောပေမယ့် တကယ်ဖြစ်နေလို့ပါ။ သူက မျက်နှာညှိုးငယ်စွာနှင့် ဆက်ပြော၏။

"ကျွန်တော့်မေမေက သူ စာမတတ်တော့ စာရေးဆရာ၊ ကဗျာဆရာဆိုရင် မိုးပေါ်က သိကြားမင်းလောက်ကို ထင်နေရှာတာ။ မေမေက သနားစရာကောင်းပါတယ်ဗျာ။ ဖေဖေကလည်း နှိမ်တယ်"

"အို"

"လူတွေကတော့ မနှိမ်ရဲပါဘူး။ ဒါပေမဲ့ . . . သိတယ်မဟုတ်လား။ မေမေက သူ့အားနည်းချက်ကြောင့် အမြဲအားငယ်





နေတတ်တယ်လေ။ အခုလည်း ဆရာမကို သူ အရမ်းတွေ့ချင်ပေမယ့် သူ့လို စာမတတ်၊ ပေမတတ် မိန်းမတစ်ယောက်ရဲ့ ဖိတ်ခေါ်မှုကို လက်ခံမှာမဟုတ်ပါဘူးလို့ ပြောပြီး အားငယ် ကျန်ခဲ့တာ"

စကားတွေကတော့ ချည်ပြီးတုပ်ပြီး၊ ဒါဟာပဲ စီးပွားရေးသမားတစ်ယောက်ရဲ့ စကားပရိယာယ်တွေလား။

ချစ်ခြင်းဝတ်မှုန် တွေဝေနေတုန်း သူက သူမ၏ဈေးခြင်းကို ညင်သာစွာဆွဲယူပြီး သူ့ကားထဲသို့ ထည့်မည်ပြင်လျှင် ချစ်ခြင်းများများသလဲ ဟန့်တားရသည်။

"ဒီမှာ ရှင် သွားနှင့်၊ ကျွန်မဘာသာ စက်ဘီးနဲ့လိုက်ခဲ့မှာပေါ့ရှင်"

"ဆရာမစက်ဘီး မပျောက်စေရပါဘူး။ ကျွန်တော် ယူနှင်းလိုက်မှာပါ"

"ရှင် လျှာမရှည်နဲ့နော်။ ကျွန်မ ဝင်ခဲ့မယ်ဆိုရင် ပြီးရောပေါ့"

"စိတ်မချလို့ပါဗျာ။ ဆရာမက ငယ်ငယ်ချောချောလေး ဒီမြို့ထဲမှာ ကျွန်တော့်လို ကဗျာရူး၊ စာရူးတွေကလည်း ရိုက်သတ်လို့မကုန်နိုင်တော့"

"အပိုတွေပြောတာ သိပ်မုန်းတာပဲ။ ကျွန်မကို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ကျွန်မ ကဗျာရေးတာ ရှင်တစ်ယောက်ပဲ၊ ဘယ်လိုက ဘယ်လို''

''ထင်သလား ဆရာမ၊ ဆရာမကို ရောက်ကတည်းက အသည်းကွဲကဗျာဆရာမလေးမှန်း တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီးသား တပ်လှန့်ပြီးသား။ ကျွန်တော်တောင် အဲဒီကောင် တွေပြောလို့ သိရတာပါ''

''ရှင်''

သူပြောလိုက်တာက အကြီးကြီးမို့ ချစ်ခြင်းဝတ်မှုန် လန့်ဖြန့်တုန်ခိုက်သွားမိစဉ် သူက သူမကို သူ့ကားထဲသို့ ညင်သာစွာ ဆွဲယူထည့်သွင်းလိုက်သည်။ နောက် ကားကို ညင်သာစွာ မောင်းထွက်၏။

သူ့လုပ်ပုံ၊ ကိုင်ပုံက မြန်မှမြန်။ ချစ်ခြင်းဝတ်မှုန် မင်သက်မိနေတုန်း ဖျတ်ခနဲ လှုပ်ရှားလိုက်တာ။

''ဒီလိုလေ ဆရာမရဲ့၊ ကဗျာတွေကို ကျွန်တော်သတိထားမိ၊ နှစ်သက်မိနေတာတော့ ဆရာမရဲ့ပထမဦးဆုံးကဗျာကတည်းကပဲ။ အဲ လူကိုတော့ ဒီရောက်မှ ဟိုကောင်တွေ လက်တို့ပြမှ သိရ၊ မြင်ရတာ''

သူပြောသည့် ဟိုကောင်တွေဆိုတာ ဘယ်သူလဲ။ သူ တမင် ခြောက်လှန့်နေတာလား။





ဘုရားရေ ... မြို့သေးသေးမှာ ယခုလို သူ့ကားပေါ် ချစ်ခြင်းပါလာတာလည်း သတင်းဖြစ်တော့မှာပဲ။ သတင်းတင်တော လိုရာတွေ ဆွဲစေ့ပြီး မဟုတ်တာတွေပြောနေမှဖြင့်။

ကိုယ်က မိန်းမသား။ ပြီး ကျောင်းဆရာမတစ်ယောက်။ အပုပ်လည်းမခံနိုင်။ အဟုတ်လည်း အထင်မခံနိုင်။

စိုးရိမ်မှုကြောင့် သူမတစ်ကိုယ်လုံး ပူလောင်လာလိုက်တာ။ ငရဲမီးကန်ထဲဝင်နေရသည့်အတိုင်း။

သူမတော့ ဆွမ်းခံရင်းငှက်သင့်ရပြီလား။

ခဏအတွင်းမှာပင် သူတို့တိုက်ကိုရောက်သည်။ မြေပေါ်ကြသူတွေမို့ ဆိုင်ခန်းတွေ၊ ရှိုးရွမ်းတွေကသတ်သတ်။ တိုက်က နောက်ဘက်မှာ အေးအေးချမ်းချမ်း၊ တိတ်တိတ်ဆိတ်ဆိတ်။

ကားလေး တိုက်ရှေ့ရပ်လိုက်တော့ သူ့မေမေဆိုတာ တကယ်ပင် ပြုံးပြုံးရွှင်ရွှင်နှင့် ကြိုဆိုစောင့်မျှော်နေခဲ့ပါသည်။

ချစ်ခြင်း ကားပေါ်မှ တုန်တုန်လှုပ်လှုပ်နှင့် ဆင်းမိသည်နှင့် သူ့မေမေက ကြိုဆိုဖက်ပွေ့ပြီး ဧည့်ခန်းသို့ ခေါ်သွားလိုက်တာ နွေးနွေးထွေးထွေး။

သူ့မေမေဟာ သူပြောသလို အားငယ်တတ်သူကလား။ ချစ်ခြင်းကတော့ သူ့မေမေကို သံအမတ်ကြီးခန့်ဖို့တောင် စိတ်ကူးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခေါ်တာကို လိုက်လာတယ်နော်။ ဝမ်းသာလိုက်တာ သမီးရယ်။ သားနဲ့မေမေက လောင်းကြေးထပ်ပြီး စိန်ခေါ်ထားတာကွဲ့။ ခုတော့ မေမေနိုင်ပြီ"

"ရှင်"

လောင်းကြေးထပ်ထားတယ်ဆိုပါလား။ လောင်းကစားသားအမိကြီးပါလား။ သူက ဝင်ရှင်းပြ၏။

"ဒီလိုပါ ဆရာမ ... မေမေက သူတွေ့ချင်တယ်၊ ဆရာမကို သူ အိမ်လည်ဖိတ်ချင်တယ်ပေါ့။ ကျွန်တော်က ဆရာမ လိုက်မှာမဟုတ်ဘူး၊ တစ်ခါမှ မတွေ့ဘူးတဲ့မေမေ့ကို အရေးလုပ်မှာ မဟုတ်ဘူး။ ခေါ်လို့ရမှာမဟုတ်ဘူးလို့ ပြောထားတာ။ ခု ကျွန်တော်ရှုံးသွားပြီ။ ဒါပေမဲ့ အဲဒီအရှုံးကို ကျေကျေနပ်နပ် ခံယူပါတယ်။ အဲဒီအရှုံးကြောင့် ကျွန်တော် အရမ်းဝမ်းသာ ကြည်နူးရပါတယ်ဗျာ"

သိပ်ရှုပ်ပြီး သိပ်လည်ပတ်သည့် သားအမိတွေ၊ စီးပွားရေးသမားတွေရယ်လို့ ချစ်ခြင်းဝတ်မှုန် ကြောက်ရွံ့ထိတ်လန့်နေမိသည်။

သူမဟာ ဝက်ပါထဲသို့ ခြေကျွံမိပြီလား။ ရှေ့လျှောက်ပြီး ဘယ်လိုစိတ်ဆင်းရဲစရာတွေနှင့် ကြုံနေရဦးမှာလဲ။

ကိုယ့်စိတ်သာမူလ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့





ဘူးဆိုပေမယ့် ပတ်ဝန်းကျင်ဂယက်၊ လောကဓံယက်ဆိုတာ သူမ မေ့ထားလို့မရ။

သူ့မေမေ အဆင်သင့်ပြင်ဆင်ညှေ့ခံကျွေးမွေးသည့် အစားအသောက်များကို တို့စနန်း၊ ဆိတ်ခနန်းစားရင်း ချစ်ခြင်းဝတ်မှုန် သူမ မေးသမျှ သနားကြင်နာစွာ ဖြေဆိုမိပါသည်။

သူ့မေမေဟာ စာမတတ်သူမို့ သူ့အတွေး၊ သူ့အထင်များက သနားကရုဏာသက်စဖွယ်။

"သမီး ဘယ်အရွယ်ထဲက ကဗျာတွေစရေးတာလဲဟင်။ အသက် (၁၆) နှစ်လောက်ကတည်းကလား"

"အန်တီရယ် ဒီလောက်လည်း မဟုတ်ပါဘူးရှင်။ ချစ်ခြင်း ကဗျာရေးတာ (၄) နှစ်ကျော်လောက်ပဲ ရှိပါသေးတယ်"

"ဘယ်သူသင်ပေးလို့ ရေးတတ်တာလဲဟင်။ မေမေက စာရေးဆရာ၊ ကဗျာဆရာတွေဆိုတာ သူ့အလိုလို ရေးတတ်နေတယ်ထင်မိတာ။ သားတောင်မှ ရေးပါလားလို့ အမြဲတိုက်တွန်းနေရတာ"

သူပြောတာတွေက ရယ်စရာကောင်းပေမယ့် ချစ်ခြင်း မရယ်ရက်ပါ။ တွေးကြည့်တော့လည်း မသိ၊ နားမလည်ခြင်းဆိုတဲ့ အနုပညာကလည်း တစ်မျိုးလှပနေတာပဲ မဟုတ်ပါလား။

ချစ်ခြင်းက အန်တီခေါ်ပြီး သူက မေမေ့နာမ်စားသုံး

www.burmeseclassic.com



သည်။ အလုပ်တွေသိပ်ရှုပ်နေမည့် စီးပွားရေးသမားကြီး လင်းပိုး အိမ်ကတော့ သူ့အမေပြောသမျှ အပြုံးနှင့်ကြည့်နေခဲ့သည်သာ။

သည့်တစ်ခုတော့ ချစ်ခြင်း သူ့ကို အမှတ်ပေးမိသည်။ သူဟာ သူ့အမေ စာမတတ်တာကိုလည်း သိမ်ငယ်ရှက်ရွံ့မနေ။ သူ့အမေရဲ့ အတွေးအခေါ်၊ အပြောအဆိုတွေကိုလည်း သိမ်ငယ်ရှက်ရွံ့သွားအောင် ဟန့်တားခြင်းမပြုပါ။

သူဟာ မိခင်ကို နားလည်နိုင်သည့် သားကောင်းတစ်ယောက်ပါပဲ။ ဒီတစ်ချက်ကတော့ ချီးကျူးစရာကောင်းပါသည်။

သူ့မေမေကလည်း တကယ် ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းသည့် တောသူရိုးရိုးပါ။ သူက သူတို့မိသားစု၏ အနေအထားကို တိုးတိုးရှင်းပြသည်။

"ဖေဖေနဲ့ကျွန်တော်က စီးပွားရေးသမားတွေဆိုပေမယ့် သမ္မာအာဇီဝသက်သက်ပါ။ ဆရာမ မယုံရင် စုံစမ်းကြည့်လို့ရပါတယ်"

"ကျွန်မနဲ့ဘာဆိုင်လို့ စုံစမ်းရမှာလဲ။ ရှင် စကားပြောတာ ကြည့်ပြောနော်"

"ဩော် ... ကျွန်တော့်ကို ဝိသမလောဘသားရယ်လို့ မခင်ရဲမှာစိုးလို့ပါ။ ကျွန်တော် ဗိုလ်မှူးတွေနဲ့ပေါင်းစားတဲ့ ခရိုနီလည်း မဟုတ်ဘူး။ ဘိန်းကုန်ကူးတဲ့ မူးယစ်ရာဇာလည်း မဟုတ်





ဘူး။ အရက်ရောင်းတဲ့ ဆိုင်လည်း မဟုတ်ဘူး။ ရိုးရိုးပဲ ရောင်းတယ် ဖောက်ကားတာပါ။ ဆိုင်ကယ်ဆိုလည်း ဝန်ထမ်းတွေ၊ လယ်သမားတွေ နိုင်လုံတဲ့အထောက်အထားပါရင် လူနှစ်ယောက် သုံးယောက်က အာမခံရင် အကြွေးစနစ်၊ အရစ်ကျစနစ်နဲ့ ရောင်းပေးတယ်။ ကျွန်တော်တို့ဆိုင်က အများပြည်သူနဲ့ မျှတစွာ ဆက်ဆံပါတယ်"

"နေစမ်းပါဦး ... ကျွန်မကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောပြနေရတာလဲ။ ကျွန်မကိုပြောပြစရာအကြောင်း မရှိဘူးလို့ ထင်ပါတယ်"

"ပြောပြချင်နေလို့ပါ။ ဖေဖေက မေမေ့ကို နှိမ်တယ်ဆိုပေမယ့် သူ့မိန်းမကို တယုတယလေးထားတာပါ။ ကျွန်တော်တို့ သားအဖပဲ စီးပွားရှာပြီး မေမေ့ကကို ငြိမ်းငြိမ်းချမ်းချမ်းလေးထားတယ်။ ရွှေ့က အရောင်းခန်းမတွေမှာ ငရဲပြည်လို ပူလောင်လှုပ်ရှားနေရပေမယ့် ဟောဒီမေမေရှိတဲ့အိမ်ကလေးကတော့ မေမေ့မေတ္တာရိပ်နဲ့ နိဗ္ဗာန်ဘုံလို အေးချမ်းလှပါတယ်"

ငရဲဘုံနှင့်နိဗ္ဗာန်ဘုံဟာ ကျယ်ဝန်းလှသည့် ခြံကြီး၏ရှေ့နှင့် နောက်မှာပင် ငြိမ်းချမ်းစွာ ယှဉ်တွဲတည်ရှိနေပုံ သူက ရှင်းပြသည်။

သူ့မေမေက ပြုံးပြုံးလေးနှင့် ချစ်ခြင်းကို လိမ္မော်သီးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အခွံခွာပေး၊ စပျစ်သီးလေးတွေခွဲပေးတော့ သူမ ကရုဏာသက်ရသည်။

သဘောကောင်းပြီး အေးချမ်းသည့် ချစ်စရာမိန်းမချော တစ်ဦးပါပေ။ သူက သူ့မေမေကို ချစ်မြတ်နိုးစွာကြည့်ပြီး –

"မေမေ့ကိုမြင်လိုက်ရင် ယောက္ခမတော်ချင်တဲ့သူများတယ်။ ဖေဖေ့ကိုမြင်လိုက်ရင်တော့ ဘယ်သူမှ ယောက္ခမတော်ချင်မှာမဟုတ်ဘူး။ မေမေက ကျွန်တော့်ရဲ့ဂုဏ်ဖဲလေ။ ကျွန်တော် မေမေ့ဆီ ကောင်မလေးတွေ ခေါ်မလာဘူး"

သူ့စကားကို မသိကျိုးနွံပြုပြီး ချစ်ခြင်း အန်တီ့ကို တလေးတစား နှုတ်ဆက်လိုက်သည်။

"ခုလိုကျွေးမွေးတာ ကျေးဇူးပါ အန်တီ။ ကျွန်မကို ခွင့်ပြုပါဦးနော်"

"အို သမီး ... မေမေက မနက်စာကျွေးဖို့ပါ ပြင်ဆင်ထားတာ။ အခု (၁၀) နာရီထိုးပြီ။ (၁၁) နာရီထိုးရင် နံနက်စာစားကြမယ်လေ။ အမှတ်တရပေါ့"

အပျက်အပျက်နှင့် ချစ်ခြင်း နာခေါင်းသွေး အထွက်မခံနိုင်ပါ။ လင်းပိုးအိမ်ဟာ ဒါရိုက်တာကြီးပေါ့။ သူ့အမေက ဇာတ်ပို့ဇာတ်ရံ။

"ချစ်ခြင်း ဈေးဝယ်လာတာပါ အန်တီ။ အိမ်မှာ သူတို့





တွေ ကျိန်ဆဲနေလောက်ပါပြီ။ ပြီး ချစ်ခြင်း ဒီနေ့ အဝတ်တွေလျှော်ရမယ်၊ ခေါင်းလျှော်ရမယ်။ လုပ်စရာအလုပ်တွေ အများကြီးရှိသေးလို့ပါရှင်၊ ပြန်ခွင့်ပြုပါနော်"

သူ့ကိုမကျေနပ်ပေမယ့် ရိုးသားသည့်သူ့မေမေကိုတော့ မိန်းမသားချင်းမို့ ချစ်ခြင်း လေးစားရသည်။ ဦးညွှတ်နှုတ်ဆက်ပြီး သူမရဲ့ဈေးခြင်းကို ကြည့်တော့ မမြင်။

"ကျွန်မဈေးခြင်းရော"

"သူတို့ချက်နှင့်ရအောင် ကျွန်တော် လူလွှတ်ပြီးပို့နိုင်းလိုက်ပါပြီ"

"ဟင်"

သူမနှင့်အတူနေသည့် ဆရာတွေက ဘယ်လိုထင်မလဲ။ ဘယ်လိုပြောကြမလဲ။ သူငယ်ချင်းတွေလည်းမဟုတ်ကြသေး။ ယခုမှတွေ့ပြီး အတူနေကြသူတွေပါ။

ပြီး မိန်းမတွေပီပီ အတင်းကလည်း ပြောတတ်ကြပါပေ့။ ကိုယ့်ရှေ့မှာ တစ်ကျောင်းလုံးရဲ့အတင်းကို ပြောနေကြတာ ကိုယ်အကြား။

ချစ်ခြင်းဝတ်မှုန် မျက်စိမျက်နှာပျက်ပျက်နှင့် အတင်းထရပ်ပြီး ဒေါ်သစ္စာမွန်ကို နှုတ်ဆက်ကာ အပြေးတစ်ပိုင်းထွက်ခဲ့ပြီ။

သူက အံ့အားကြီးသင့်နေရာမှ သူမ နောက်သို့လိုက်



www.burmeseclassic.com

www.burmeseclassic.com



မည်ပြင်လျှင် ချစ်ခြင်းဝတ်မှုန် အော်ပစ်ခဲ့သည်။

"ရှင် ကျွန်မနောက်ကို မလိုက်နဲ့။ ရှင်ဟာ ကျွန်မ အတွက် ယမမင်းပဲ။ ကျွန်မရဲ့သေတွင်းကို ရှင် တူးပေးနေတာ"

"ဟာဗျာ ... ဆရာမရယ်။ အဲလောက်ကြီးအထိတော့ မပြောသင့်ပါဘူးဗျာ။ ကျွန်တော့်ခင်မင်မှုကို နည်းနည်းလောက် ဖြစ်ဖြစ် အသိအမှတ်ပြုသင့်ပါတယ်"

"တောင်းပန်ပါတယ်ရှင်၊ ရှင်ကျန်ခဲ့ပါတော့"

သူမ တိုက်ရှေ့မှာရပ်ထားသည့် ကိုယ့်ဂျပန်ဘီးအပြာ လေးကို တွန်းယူပြီး ခြံပြင်ရောက်သည်နှင့် ဆိုင်ကယ်ရှိုးရှမ်းကို ရော၊ ဟီးထနေသည့် ဆိုင်ကြီးကိုရော လှည့်မကြည့်တော့ဘဲ အမြန်ဆုံးနည်းနှင့် စက်ဘီးကိုသာ ကြိုးနင်းခဲ့ပါသည်။

ဩော် ... အသွားမတော်တစ်လှမ်း၊ အစားမတော်တစ် လုပ်တဲ့။ အစားတစ်လုပ်ကြောင့် သေတတ်သလို၊ အသွားမတော် သည့် ခြေတစ်လှမ်းကြောင့်လည်း မပြေးသော်ကာန်ရာရှိခဲ့ရလေပြီ။

ဒါဟာ ရိုးရိုးသားသား အဖြစ်တစ်ခုလား။

ထောင်ချောက်မိသလို အမိခံလိုက်ရတာလား။

ချစ်ခြင်းဝတ်မှုန် မတွေးတတ်အောင်ပင် အဖြစ်သနစ်က ရှုပ်ထွေးခဲ့လေသည်။

✳ ✳ ✳



## အခန်း (၁၁)

နောက်တစ်နေ့မှာတော့ မြို့ကလေးမှာ ချစ်ခြင်းဝတ်မှုန် လင်းပိုးအိမ်၏ကားနှင့်ပါသွားတာ၊ သူမမေမေနှင့် သွားတွေ့တာ၊ သူတို့အိမ်ကို အလည်လိုက်သွားတာတွေက အင်တာနက်သတင်း ထက်မြန်သည်။

တောမီးလောင်တာထက်ဆိုးသည်။

အပြီးသတ် ကောက်ချက်ကပို၍ပြီးရင်နာစရာကောင်း သည်။

သူတို့မြို့က စီးပွားရေးသမား၊ သူဌေးသား၊ လူချော လူလှ လင်းပိုးအိမ်ကိုပဲ ချစ်ခြင်းဝတ်မှုန်က မာယာတွေ၊ ကာမျာ တွေနှင့် မြှူဆွယ်သိမ်းသွင်းသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကတော့ ချစ် ရွာတစ်ဝက်၊ မုန်း ရွာတစ်ဝက်ပါပဲ။

ကိုယ့်ဘက်က မခံမရပ်နိုင်သူတွေရှိသလို သူ့ဘက်က နာတဲ့သူတွေလည်းရှိရဲ့။

ချစ်ခြင်းဝတ်မှုန် တုန်လှုပ်နေသည့်စိတ်တို့ကို စုစည်းပြီး အကောင်းဆုံးအဖြေကို ထုတ်ရသည်။

လောကဓံတရားထဲက ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့နဲ့ ငါ အကျိုးပေးလှတယ်။

ဒါဟာပဲ လောကဓံတရားပေါ့လေ။

သူမက ဆရာမတစ်ယောက်မို့ ယခုမှရောက်တာ (၂)လ လောက်ရှိမည့်မြို့မှ ပြောင်းပြေးလို့လည်း ရမည်မဟုတ်။

သည်တော့ တည်ငြိမ်စွာနှင့်ပင် ပြဿနာကို ဖြေရှင်းရမည်။ လူတွေ ထင်ကြေးပေးနေတာမဟုတ်ကြောင်း သူမ သက်သေပြရမည်။

ကိုယ့်ကျောင်းထဲက ဘယ်မှမထွက်တော့ဘူး။ ဒါဆို လင်းပိုးအိမ်နဲ့ တွေ့စရာအကြောင်းမရှိ။ သူ့ကို ကိုယ်ပိုးနေတယ်လို့ ပြောစရာမဖြစ်အောင်၊ ကိုယ့်ကို သူပိုးနေတယ်လည်း အပြောမခံရအောင် သူမ ကိုယ့်ဝပ်ကျင်းလေးထဲမှာပဲ နေတော့မည်။

✳





ဘယ်မှမထွက်ပါဘူးဆိုပေမယ့် ညကရေးဖြစ်သည့် ကဗျာလေးနှစ်ပုဒ်ကို မဟေသီနှင့် ရုပ်ရှင်တေးကဗျာသို့ သည်နေ့ ပို့ရမည်။

စာတိုက်သွားတာတော့ သူနှင့်တွေ့မည်မထင်။ သူဟာ သူ အလုပ်တွေရှုပ်နေမှာပါ။

သည်ခေတ်က ဖုန်းခေတ်၊ အင်တာနက်ခေတ်မို့ ကိုယ့် ဖုန်းနံပါတ်ကို သူ ကြံဖန်ပြီးရသွားမှာလည်း စိုးရိမ်နေရသေး၏။

လူငယ်တွေပီပီ အင်တာနက်တွေ၊ viber တွေ၊ message တွေ စသည့်နည်းလမ်းတွေနှင့် ဆက်သွယ်လာလျှင် ပြီးပို့ လေရော။

သည်မြို့မှာတော့ သူမ ဖုန်းဆက်စရာလူမရှိ။ ကျောင်းကိစ္စကျတော့လည်း ကိုယ်က ကျောင်းထဲမှာနေတာ။

သို့သော် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တွေကို ကျောင်းမှာပေးထားရတာတော့ရှိသည်။

မနက် (၉) နာရီလောက်မှာ ကျောင်းမှခွင့်တောင်းပြီး သူမ စာတိုက်သို့ ခြေလှမ်းထွက်ခဲ့သည်။

ကျောင်းနှင့်စာတိုက်က အလှမ်းသား။ မြို့၏ အရှေ့နှင့် အနောက်။ စက်ဘီးနှင့် (၁၀) မိနစ်လောက် နင်းရမည့်ခရီး။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းယူနီဖောင်းနှင့်ပင် သူမထွက်ခဲ့တာမို့ ရင်ဖုံး လက်စက အဖြူ၊ ချည်ထည်အစိမ်း၊ နှစ်ပတ်လျှိုဆံထုံးလေးနှင့် သူမအသွင်က ချစ်စဖွယ်။

ခေါင်းမှာ ဂျုံရိုးခမောက်လေးဆောင်းလို့။

''ဟင်''

စာတိုက်ရှေ့မှာ ကားတစ်စီးရပ်ထားတော့ ချစ်ခြင်း တုန် လှုပ်ရသေးသည်။ သူ့ကိုကြောက်လို့ မဟုတ်ပေမယ့် သူမ အပြော မခံချင်တော့ပါ။

ကိုယ့်ဘာသာ ငြိမ်းငြိမ်းချမ်းချမ်းပင် ဆရာ့ကိုလွမ်းသည့် အလွမ်းတွေမှာ နစ်ဝင်ပျော်မွေ့နေချင်သည်။ ဘေးပယောဂတွေ မဝင်ချင်။ သူတစ်ပါး ကဲ့ရဲ့ စကားတင်းဆိုတာတွေလည်း မခံစား ချင်။

စက်ဘီးကိုရပ်ပြီး သူမ စာတိုက်ထဲဝင်သွားတော့ ကိုယ် တော်ချောက စာတိုက်မှူးမမနှင့် စကားတွေ ရယ်ရယ်မောမော။ သူမကိုမြင်တော့ သူ့ရုပ်က ဝင်းဝင်းလက်လက်။

''ဟော ... ဆရာမ မတွေ့တာကြာပြီနော်။ မေမေက တောင် တဖွဖွမေးနေသေးတယ်။ စာလာထည့်တာလား။ ရှေ့ အပတ်ထဲမှာ မေမေ့မွေးနေ့ရှိတယ်။ ကျွန်တော် ဖိတ်စာလာပေး မယ်နော်။ ဆရာမ လာမှဖြစ်မယ်။ ဆရာမက မေမေ့ရဲ့ အထူး





ဧည့်သည်တော်လေ''

ကမ္ဘာ့ကဗျာက မိတ်ဟောင်း ဆွေဟောင်းတွေနှယ်။ သူ့စကားတွေက ရေပက်မဝင်။ ရေပက်မဝင်ရုံတင်မက သူမ စာထည့်မည့် စာရေးမလေး၏အနား၊ သူမအနားသို့ပါ ရောက် လာပြီး စာအိတ်တွေကို ဆွဲယူကြည့်ရှုနေသေး၏။

သူ့ရုပ်က အရမ်းရင်းနှီးပျော်ဝင်နေသည်။ စာတိုက်ထဲမှ လူသုလေးပါးကလည်း သူနှင့်ကိုယ့်ကို ငေးကြည့်လို့။

သူက သည်မြို့ရဲ့ အိမ်ရှေ့မင်းသားတစ်ပါးလေ။ ကိုယ် ကလည်း တစ်ကျောင်းတည်းသော အထကရဲ့ဆရာမ တစ် ယောက်။ ကဗျာရေးတာတော့ လူတိုင်းသိမည်မထင်။

ချစ်ခြင်းဝတ်မှုန်ကတော့ ဖြူသည်၊ မည်းသည် ဘာမှ မပြော။ မရိုင်းရုံအဖြစ် သူ့ကို တစ်ချက်ပြုံးပြရုံ။

သို့သော် သူက ပွဲကိုထိန်းထားနိုင်ပါသည်။ တစ်ယောက် တည်းလည်း စကားတွေဆက်ပြောနေတာပါပဲ။

''မေမေ့အသက် (၅၅) နှစ်တောင်ပြည့်သွားပြီဆရာမရဲ့။ အဲဒါ သံဃာတော် (၅၅) ပါးပင့်ပြီး ဆွမ်းကပ်မယ်၊ သင်္ကန်းကပ် မယ်။ တစ်မြို့လုံးကို မဖိတ်ဘူးနော်။ ဗီအိုင်ပီတွေလောက်ပဲ ဖိတ်မှာ''

သူ့စကားကို စာတိုက်မှူးမမက ဝင်နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်မီအိုင်ပီက မိန်းမချောလေးတွေတင်လား။ ငါတို့လို အဘွားကြီးတွေ မပါဘူးလား"

"ပါရမှာပေါ့ မမကြီးရယ်။ အဟားဟား အကျိုးဆောင်ခ မြိုးမြိုးမြက်မြက်လေး ပေးရမှာပေါ့ဗျာ"

သူဟာ လူတိုင်းနှင့် ရင်းနှီးကျွမ်းဝင်သူပါပဲ။ စီးပွားရေးသမားပီပီ စကားပြော အနုပညာက လှမှလှ။

"အင်"

သူက ကိုယ့်ဖုန်းကို အမှတ်မထင်ဆွဲယူပြီး သူ့ဖုန်းနံပါတ်၊ သူ့အမည်တွေ ရိုက်ထည့်နေလိုက်တာ အကျအန။

ချစ်ခြင်းဝတ်မှုန် ဘယ်လောက်ပင် လူရှည်လည်တယ် ထင်ထင် သူ့နှင့်တွေ့လျှင် ခံသွားရမြဲ။

သူမ ချက်ချင်းပင် ပြန်ယူဖို့ ကြိုးစားပေမယ့် မရ။ စာထည့်ပြီး ဖုန်းကိုပြန်ယူပြီး သူ့ကို နှုတ်မဆက်ဘဲ စာတိုက်မှ ပြန်ထွက်ခဲ့တော့ သူကလည်း နောက်မှလိုက်ထွက်လာခဲ့သည်။

"ဆရာမ ညကျ viber နဲ့ စကားပြောမယ်"

"သေလိုက် ... အဲဒီမှာ ရှင် လဲသေလိုက်"

သူကတော့ သူ့ကို ပန်းနှင့်ပေါက်နေသည်လို့များ ထင်လေသလားမသိ။ ရယ်သံတိုးတိုးက ဆွဲဆောင်မှုအပြည့်နှင့် စပါးကြီးမြွေကြီး ညို့နေသလို။





လရောင်အသေကြီးနဲ့လာပြီး မညို့နဲ့ရှင်ရေ
ကျွန်မက ဆေးမတိုးတော့တဲ့ ဝေဒနာသည်။

✳

ညကျတော့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ပြီး စကားတွေပြောကြ၊ တီဗီကြည့်ကြနှင့်။ ချစ်ခြင်းတို့ (၃) ယောက်မှာ ယမင်းခင်နှင့် ခင်သည်းမွန်က တစ်တွဲ၊ ချစ်ခြင်းကတစ်ကိုယ်တော်။

သူတို့နှစ်ယောက် အတူသွား၊ အတူလာ၊ အတူစား အတူအတင်းပြောကြသည်။ မိန်းမဆန်လွန်းသည့် မိန်းမတွေပါပဲ။

ချစ်ခြင်းဝတ်မှုန်ကတော့ တိတ်ဆိတ်ခြင်းကို နှစ်သက်သူ။ စကားကို လိုသလောက်ပဲပြောပြီး တစ်ကိုယ်တည်းတွေးရ၊ ငေးရ၊ ဆွေးရတာကိုပဲ နှစ်သက်သည်။

နောက် စာဖတ်စရာရှိဖတ်၊ သည်ကြားထဲကမှ ကဗျာလေးတွေ ရချင်လည်းရတတ်တာ။

ကိုယ့်အခန်းလေးရဲ့ပြတင်းမှတစ်ဆင့် မိုးကောင်းကင်ကို မော့ကြည့်၊ လမင်းကိုမော့ကြည့်၊ ရွေ့လျားနေသည့်တိမ်မွှာလေးတွေကို ငေးကြည့်နေမိရင်း ချစ်ခြင်းရင်ထဲ ကြေကွဲလို့လာရသည်။

ဘယ်တော့မှ ဆုံဆည်းခွင့်မရသောချစ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောကကြီးရဲ့ ရှိရှိသမျှ အရာအားလုံးရဲ့ အဝေးဆုံးမှာ သူရောက်နေသလိုပဲ။

ငါ့ဘဝက ဘယ်လိုလဲ။

ကမ္ဘာကြီးထဲမှာ အတူရှိနေပေမယ့်

ငါတို့နှစ်ယောက် အဝေးဆုံးမှာရှိနေကြရတယ်။

မျက်ရည်များနှင့် သီးနင့်ရင်း ချစ်ခြင်းဝတ်မှုန် ဘော့ပင်ကိုင်ကာ ကဗျာအပိုင်းအစလေးတွေ ရေးခြစ်မိခဲ့ပြီ။

သူရှိနေတယ်

တိမ်မြွှာတွေရဲ့အဝေး

တောင်တန်းတွေရဲ့အဝေး

ပင်လယ်ပြာရဲ့အဝေး

စင်ရော်တွေရဲ့အဝေး

စကြဝဠာရဲ့အဝေး

သမုဒ္ဒရာခုနစ်တန်ရဲ့အဝေး

အဝေး အဝေး အဝေးဆုံးမှာ။

ကျွန်မ မွေးဖွားခဲ့ (သေဆုံးခဲ့တယ်)

သူ့အသွေးအသား

သူ့အကိုင်းအခက်

သူ့နှလုံးအိမ်





သူ့ဝိညာဉ်အိုပိန်ပိန်လေးရဲ့

ရေသောက်မြစ်ထဲမှာ။

ကဗျာလေးကို ခေါင်းစဉ်ပေးလိုက်သည်။

**"အဝေးဆုံးသစ်ပင်"** တဲ့။

မျက်ရည်များနှင့် ရှုတ်ချည်း ဖုံးအုပ်သွားသည့် လမင်းကို မော့ငေးရင်း သူမ ဆွေးမြည့်နေမိစဉ် အနီးရှိ စားပွဲပေါ်မှဖုန်းလေး အသံမြည်လာခဲ့သဖြင့် ချစ်ခြင်းဝတ်မှုန် လန့်ဖြန့်သွားခဲ့သည်။

Message ဝင်လာတာ –

"ဟင်"

သူ လင်းပိုးအိမ်။ ဘယ်ကနေဘယ်လို သူမရဲ့ဖုန်းနံပါတ် ရသွားတာလဲ။

ဆရာမ ရုပ်ရှင်တေးကဗျာက အသည်းကွဲကဗျာလေး အရမ်းကြိုက်တယ်။

ဆရာမက တကယ့်အဆွေးသမားကြီးလား။

အိပ်မက်ဆိုးက နိုးထပါတော့ဗျာ။

အိပ်မက်အသစ် ထပ်မက်ပါတော့။

အိပ်မက်အသစ်မှာ ရွှေမင်းသားလေးစောင့်မျှော်နေတယ် သိလား။

Good night baby



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ...ရာရာစစ"

သူမ ဒေါသနှင့် သူ့ထံ message ပြန်ပို့၏။

"သေလိုက်"

ဖုန်းကို စက်ပိတ်လိုက်ပြီး ချစ်ခြင်းဝတ်မှုန် အိပ်ရာပေါ် လှဲရင်း ဂျာနယ်အသစ်တစ်စောင်ကို ဆောင်းပါးတွေရော၊ ကဗျာပါ တစ်လုံးမကျန် ဝါးစားလိုက်ပါသည်။

* * *



## အခန်း (၁၂)

ကျောင်းမှာ မြို့ခံဆရာမတွေက အယောက်နှစ်ဆယ်လောက်ရှိပြီး အခြားမှလာသူက (၁၀) ယောက်လောက်ရှိသည်။

ချစ်ခြင်းက အားလုံးနှင့်သင့်အောင်နေပေမယ့် လူသဘောက အခက်သား။

မြို့ခံအပျိုချောဆရာမတွေ လင်းပိုးအိမ်နှင့် ပတ်သက်ပြီး ချစ်ခြင်းကို မျက်စိစပါးမွေးစူးနေကြသည်။

"သူက ဘာမို့လို့လဲ၊ ရုပ်ကလည်း ပပဝတီရှုံးအောင် လှမနေပါဘူး"

"အေးလေ ...ပုံတုံးကြီး။ တောင်မရောက် မြောက်မရောက်ပုံ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်ရမ်းခေတ်က ပုံမျိုး"

"လှိုင်ထိပ်ခေါင်တင်တဲ့။ ဘောလည်အောင်စောင့်နေရတာ"

ရယ်သံခပ်အုပ်အုပ်နှင့် တီးတိုးသံတွေ။ ချစ်ခြင်းကတော့ ဘာမှကို ဂရုမစိုက်။ ကိုယ်မှ သူတို့လင်းပိုးအိမ်ကို စိတ်မဝင်စားတာ။

ကိုယ်က ကိုယ့် feel နှင့်ကိုယ်။

ကိုယ့်စာကိုယ်သင်ပြီး ကိုယ့်အတန်းကိုယ်ဝင်သည်။ ကိုယ့်အလုပ်ကိုယ်လုပ်သည်။

သည်ညနေတော့ အစည်းအဝေးရှိသည်။ အစည်းအဝေးမှာ အထက်တန်းပြဆရာမတွေ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းတွေတက်ရမည်တဲ့။ ပုသိမ်မှာ ထ (၆) မှာ။ သည့်လိုပဲ နီးစပ်ရာမှာနေကြပြီး သင်တန်း (၄) ရက်တက်ရမည်တဲ့။

ချစ်ခြင်းကတော့ သင်တန်းရက်တိုတက်ရမှာ ပျော်သည်လည်းမဟုတ်၊ စိတ်ညစ်တယ်လည်းမဟုတ် တာဝန်ပဲလေ။

သို့သော် အထက်တန်းပြဆရာမ အများစုကတော့ ညည်းလိုက်ကြတာ။ ခိုထက်ဆိုးသည်။

"အမယ်လေး ... ငွေက ကုန်ဦးမယ်။ ကိုယ့်ဘာသာနေရ,စားရဦးမှာ"





"ခရီးစရိတ်က တစ်မျိုး၊ အနည်းဆုံး (၂) သောင်း (၃) သောင်းတော့ကုန်မှာပဲ"

ဘာမှမညည်းသည့်ချစ်ခြင်းကို မေးဆတ်ပြကြသည်။

"ချစ်ခြင်းကတော့ သူဌေးပဲ။ ဒါမှမဟုတ် စပွန်ဆာရှိနေလို့လား။ လုံးဝမညည်းဘူး"

"ညည်းတော့ရော သွားရမှာပဲလေ။ ဒါလည်း ကျွန်မတို့အလုပ်ရဲ့အစိတ်အပိုင်းတစ်ခုပဲ။ မညည်းတော့ပါဘူး"

"အေးပေါ့ ... သူကတော့ သွားရင်း လာရင်း ကုန်ကြမ်းတွေ၊ ဘာတွေတောင် ရလိမ့်ဦးမယ်"

"ကုလားမနိုင် ရနိုင်မဲမနေကြပါနဲ့ရှင်။ ချစ်ခြင်းကအားလုံးကို လက်မြှောက်အရှုံးပေးထားပါတယ်နော်"

သည့်စဉ် သူတို့ကျောင်းထဲသို့ ကားတစ်စီးဝင်လာသဖြင့် ဆရာမတွေ ကြည့်လိုက်ကြသည်။

"ဟာ ... လင်းပိုးအိမ်ပါလား၊ ဘာလာလုပ်ပါလိမ့်"

"နင့်လာပိုးတာပေါ့ သဲနုရဲ့"

မြို့ခံဆရာမလေးများ တစ်ယောက်နှင့်တစ်ယောက် စနောက်နေကြစဉ် သူက ဖိတ်စာတွေကို ဆရာကြီးမှစကာ ဆရာဆရာမအားလုံးကို တစ်စောင်စီဝေနေလေ၏။

နောက် သူမတို့အတန်းများဘက်သို့ ရောက်ရှိလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စွာဖြင့် အားလုံးကို ဖိတ်စာဝေလေသည်။

"ကျွန်တော့်မေမေရဲ့မွေးနေ့နော်၊ လာရမယ်။ မလာတဲ့သူကတော့ ဒဏ်ကြေးပဲ"

"အံမယ် ... ရှင်က တစ်မြို့လုံးဖိတ်တာ ဘယ်သူလာမလာ သိမှာလိုက်လို့"

"သိတာပေါ့၊ တစ်မြို့လုံးမဖိတ်ပါဘူး။ မီအိုင်ပီတွေပဲဖိတ်တာပါ"

"ချစ်ခြင်းဝတ်မှုန်ကို ဖိတ်ချင်တာနဲ့ ကျွန်မတို့ တစ်ကျောင်းလုံးကို ဖိတ်လိုက်ရတယ်ဆိုပါစို့"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဆရာ ဆရာမတွေပဲ အားလုံးကို လိုလိုလားလား ဖိတ်ခေါ်ပါတယ်ဗျာ။ မနက်ဖြန်မနက်နော် အားလုံးလာရမယ်"

"လာရမှာပေါ့၊ မွေးနေ့လက်ဆောင်လည်းပေးမယ်၊ အဝလည်းဆွဲမယ် ဘာကျွေးမှာလဲ"

"ဒံပေါက်နဲ့အိုက်စခရင်"

"လူကြီးတွေလည်း သွေးတိုး၊ လေဖြတ်ကုန်ပါဦးမယ်။ ရှင့်မေမေမွေးနေ့လည်းပြီးရော လူကြီးတွေလည်း ရှောရောဆိုရှင် တရားခံဖြစ်နေဦးမယ်နော်"

"လူကြီးတွေအတွက်က ထမင်းဖြူလေ၊ အပြစ်တင်





မစောပါနဲ့ သဲနုရယ်"

လင်းပိုးအိမ်ရဲ့မျက်လုံးတွေက အတန်းဝင်နေသည့် ချစ်ခြင်းဝတ်မှုန်ဆီမှာပဲ ကျိုးကန်းတောင်းမျှော်။ သူက ကိုယ်တိုင်ဖိတ်ပြီး ကတိတွေတောင်းခဲ့ချင်တာ။

အတန်းအားလို့ နားနေခန်းမှာထိုင်နေကြသည့် ဆရာမတွေကလည်း သိတာပင်။

"ကိုလင်း သဲနုတို့ကို ဖိတ်စာပေးခဲ့လေ။ ဖိတ်ပေးလိုက်မယ်"

"ရတယ် ... ငါက ကိုယ်တိုင်ဖိတ်ချင်တာ"

သူတို့နှင့်တွေ့လျှင် တွန့်ဆုတ်ဆုတ်လုပ်နေလို့ မရ။ ကိုယ်က ပိုပြီးရဲတင်းပြလိုက်မှ အဆင်ပြေမှာ။

"သူက ကြာဦးမှာ။ အချိန်ကုန်ဖို့ တော်တော်လိုသေးတာနော်"

"ဘယ်လောက်စောင့်ရ စောင့်ရ"

"ရောဂါက တော်တော်ရင့်နေပြီပဲ"

"ဆေးမတိုးတော့ဘူး"

လင်းပိုးအိမ် လည်ပါသည်။ ချစ်ခြင်းဝတ်မှုန် စာသင်သည့်အခန်းရှေ့မှာ မတ်တတ်ရပ်လိုက်သည်။ ပြီး ကဗျာေးတစ်ပုဒ်ကို –



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကို ပြောလိုက်ပါ၊ ညည်းသည်စောင့်နေတယ်လို့"

ဆယ်တန်းကျောင်းသား/သူတွေမို့ သူတို့ဆရာမကို ရွှေစွန်ညိုကြီးလာဝဲတာ သိကြတာပင်။ အားလုံးပင် ပြုံးစိ ပြုံးစိ။

လင်းပိုးအိမ်ကလည်း မင်းသားရုံးအောင် လန်းနေခဲ့သည်လေ။ ဝတ်စားဆင်ယင်ပုံကအစ တကယ့်ကိုစမတ်။

"ဆရာမ ... ညည်းသည်"

ကလေးတွေရှေ့မို့ သူမ ဘာဘောက်လုပ်လို့မရ။ တော်ကြာ မလုံသည့်အိုးမို့ တုတ်မိုးရုံနှင့် ကွဲသည်လို့ပြောကြဦးမည်။

လူစိမ်းတစ်ယောက်ကိုတွေ့သလိုပဲ ခပ်တည်တည်နှင့် သူမ အခန်းရှေ့သို့ ထွက်ရသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"မေမေ့မွေးနေ့ ဖိတ်ချင်လို့ပါ ဆရာမ"

နားနေခန်းမှ ဆရာမအားလုံး ဝိုင်းကြည့်နေကြမှာ သူမ သိနေသည်။

သူကတော့ ရွှန်းရွှန်းစားစား။

"ကျွန်မတို့သင်တန်းသွားရဦးမှာ"

"သင်တန်းက စနေနေ့မှ သွားရမှာမဟုတ်လား။ မေမေ့မွေးနေ့က သောကြာနေ့လေ။ မငြင်းပါနဲ့ ဆရာမရယ်။ ဆရာမ မလာရင် မေမေ အရမ်းဝမ်းနည်းမှာ။ သူက ဆရာမကို အရမ်း





ခင်တယ်။ အထင်လည်း ကြီးတယ်။ လေးလည်း လေးစားတယ်လေ"

"သူထင်နေတာတွေ တစ်ခုမှမဟုတ်ဘူးလို့ ရှင် ရှင်းပြလိုက်ပေါ့"

"သူပျော်နေတာလေး မဖျက်ဆီးရက်ပါဘူးဗျာ။ ကိုယ့်ကို ခင်မင်လေးစားတဲ့ ပရိသတ်ကိုတော့ ဆရာမ လေးစားသင့်တယ် မဟုတ်လား"

"ရှင်က တဆိတ်ရှိ ဒီအလုံးနဲ့ပဲ ကျွန်မကို ကိုင်ပေါက်နေတာပဲ။ ရှင့်မေမေ ကျွန်မကဗျာတွေ မသိပါဘူး"

"သိတယ် ... ကျွန်တော် ဖတ်ပြတယ်။ မေမေ အရမ်း သဘောကျတာပဲ"

"ရှင် မပိုပါနဲ့နော်။ ကျွန်မရေးတဲ့ကဗျာကို လူငယ်တွေ တစ်ယောက်စ နှစ်ယောက်စပဲကြိုက်မှာပေါ့။ လူကြီးတွေ မကြိုက်လောက်ပါဘူး။ အထူးသဖြင့် ရှင့်မေမေ။ သူက ရိုးရိုးကြီးလေ"

"ဩော် ... ကြိုက်ပါတယ်ဆိုမှဗျာ။ မေမေ ငယ်ငယ်ကလည်း ဆရာမလိုပဲ အသည်းကွဲဖူးတယ်"

"ရှင်နော် တော်ပြီး ပေး ဖိတ်စာ"

ခဏလေးအတွင်းမှာပင် စကားတွေ ရေပက်မဝင်ပြောနေသည့် သူ့ကို အတင်းစကားဖြတ်ပြီး ဖိတ်စာဆွဲယူလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက မျက်လုံးဒေါက်ထောက်ပြီး အကဲခတ်နေကြပြီလေ။

ကောင်းသတင်းထက် ဆိုးသတင်းတွေပဲ ပြောကြမည်ဆိုတာ အသေအချာ။

* * *



## အခန်း (၁၃)

သော်ကြာနေ့ကျတော့ သူ့မေမေရဲ့မွေးနေ့ပွဲကို အားလုံးနှင့်အတူ သူမလည်း သွားရပါသည်။

သူ့ကို အမြင်ကတ်ပေမယ့် သူ့မေမေကို လေးစားရပါဦးမည်။ ပြီး သေသေချာချာဖိတ်ထားလျက်နှင့် မသွားလျှင် တမင်စတန့်ထွင်သည်၊ ညှိုးပြလုပ်သည့်လို့ အပြောခံရမှာ အသေအချာ။

သူကလည်း ကျောင်းထိလိုက်လာပြီး ဆွဲခေါ်ချင် ခေါ်မည့်သူ။ စိတ်ချရတာမဟုတ်။ မသိမသာလေး အများနှင့်ရောလိုက်သွားတာမှ တော်ဦးမည်။

သူမနှင့် တစ်အိမ်တည်းအတူနေကြသည့် ယမင်းခင်နှင့် ခင်သည်းမွန်တို့ မနက် (၄) နာရီလောက်မှထကာ ပြင်ဆင်ခြယ်သ



www.burmeseclassic.com

www.burmeseclassic.com



နေကြပေမယ့် ချစ်ခြင်းဝတ်မှုန်ကတော့ မနက် (၅) နာရီခွဲမှထပြီး တစ်ကိုယ်ရေကိစ္စတွေလုပ်၊ မိတ်ကပ်ပါးပါးကို တစ်မိနစ်အတွင်း လိမ်း၊ ဆံပင်ကိုလည်း ခေါင်းဖြီး နောက်မှ ဆံနှိပ်တစ်ခုနှင့် ညှပ်ထားရုံ။

နောက် ကချင်ထည် ပန်းနုရောင်ဝမ်းဆက်လေး ဝတ်လိုက်သည်။ ဖိနပ်က ဖအောကတ္တီပါ ပန်းရောင်။

သူမ၏ ပြင်ဆင်ချိန်က (၅) မိနစ်။

(၆) နာရီမှာ (၃) ယောက်ထွက်ခဲ့ကြသည်။ လက်ဆောင်အဖြစ် ယမင်းခင်နှင့်ခင်သည်းမွန်တို့က ဈေးကြီးသည့် အကောင်းစား ပါတိတ်တွေ ဝယ်လာခဲ့ပေမယ့် ချစ်ခြင်းကတော့ ယောဂီတဘက်အညိုနုပျော့ပျော့လေးနဲ့ နံ့သာဖြူပုတီးလေးသာ။

သူများတွေလို ပါကင်လှလှနှင့်လည်း မထုပ်ပိုး။ စက္ကူအိတ်နှင့်သာ ထည့်ယူခဲ့ပါသည်။

ကျောင်းနှင့် သူတို့တိုက်က အလှမ်းသားမို့ သူမတို့ ဆိုက်ကားစီးမည်ပြင်ကြစဉ် အနားသို့ ကားတစ်စီးရပ်လာသဖြင့် ကြည့်လိုက်တော့ သူ၊ လင်းပိုးအိမ်။

"ဆရာမတို့ကိုလာကြိုတာ"

"ဆရာမတို့လို့ မပြောပါနဲ့နော်။ ချစ်ခြင်းဝတ်မှုန်ကို လာကြိုတာမဟုတ်လား"





"ဆရာမတို့အားလုံးကို လာကြိုတာပါဗျာ။ တဲ ... တက်ကြပါ"

သုံးယောက်သား နောက်ဘက်မှာပဲ ဝင်ထိုင်လိုက်ကြ၏။ သူ့မျက်လုံးတွေက အရမ်းပျော်ဝင် ညွှတ်နူးနေပြီး ချစ်ခြင်းကို ကြည့်ပုံက ရွှန်းရွှန်းလက်လက်။

ဘေးလူတွေသိရုံမကလို့ တစ်ကမ္ဘာလုံးပဲသိသိ။ သူကတော့ ဂရုမစိုက်နိုင်တော့ပြီ။

"အရမ်းလှတာပဲဗျာ၊ ဆရာမ ဒီလောက်လှမှန်း ခုမှ ထပ်သိရတယ်"

သူ့အသံက တိုးတိုးလေးပေမယ့် (၃) ယောက်လုံးတော့ လုံလောက်စွာကြားရသည်ပါပဲ။ ချစ်ခြင်းဝတ်မှုန် ဒေါသတွေလား၊ အရှက်တွေလား မသိရပေမယ့် ဖြူနုသည့်အသားက ချက်ချင်း ဝတ်စုံအရောင်ပြောင်းသွားသည်။ ပန်းနုရောင်။

သို့သော် သူများတွေ အားရမှာစိုးလို့ ချစ်ခြင်း သူ့ကို ရန်မလုပ်တော့ပါ။ ကဲကဲ မဆက်တော့ပါ၊ သူနှင့်တန်တာ ဦးပေကွာ။

မွေးနေ့ပွဲက နောက်ဘက်တိုက်မှာပြုလုပ်ခြင်းပါပေ။ သံဃာတော်တွေ ဆွမ်းကပ်နေပြီမို့ သူမတို့ တိတ်ဆိတ်စွာ ဝင်သွားကြတော့ သူက သူ့မေမေထံ ချစ်ခြင်းကို လက်ဆွဲခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



သလို သူမမေမေကလည်း ဝင်းလက်သွားသောအပြုံးနှင့် ဆီးကြို ပါ၏။

ဒုက္ခပါပဲ။ ငါတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာပဲ။

ငါ ဝက်ပါထဲကို ခေါင်းတိုးဝင်နေမိပြီလား။ ဘုမသိ ဘမသိနှင့် မာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်တာ၊ ဗီဒီယိုရိုက်တာတွေ တဝကြီးခံနေရပေပြီ။

သူ့ဖေဖေ စီးပွားရေးသမားကြီးဆိုသူကလည်း ချစ်ခြင်းကိုတော့ လေးလေးစားစား နှစ်နှစ်လိုလို။

ခက်တော့နေပါပြီ။

သူမ ရှေ့ဆက်ပြီး အလိုလိုက်နေဦးမှာလား။ မိသားစုပုံစံမျိုး ဆက်ဆံနေကြတာကို အလိုက်အထိုက်နေပေးလိုက်လျှင် မင်းပရိသတ်အစုံအညီပွဲမှာ ကြေညာမောင်းခတ်သလို ဖြစ်တော့မည်။

ချစ်ခြင်းဝတ်မှုန် မသာယာပါ။ မသာယာသည့်အပြင် ရင်ထဲမှာ ဗလောင်ဆူနေရပါပြီ။

ငါတော့ အားနာတာနဲ့ အချောင်ယောက်ျားယူနေရတော့မှာပဲ။ ရင်ထဲမှာ မနှစ်မြို့။ ကိုယ်မဖြစ်ချင်တာကို ဖြစ်ရမှာစိုးတာကြောင့် မျက်ရည်က ဝေ့ချင်ချင်။





သူမ ပရိယာယ်ဆင်ရပါတော့မည်။ ဆရာကြီးဦးသုခရဲ့ ဘဝသံသရာသီချင်းထဲကလိုပဲ လူ့လောကဆိုတာ —

ဖြစ်ချင်တာတွေလည်း မဖြစ်ရပါ၊

မဖြစ်ချင်တာတွေလည်း ဖြစ်ရတာ၊

အဲဒါ အဲဒါ ဘဝသံသရာ

ဆိုပေမယ့် ဖြစ်ချင်တာတွေ မဖြစ်ရလျှင် နေပါစေ။ မဖြစ်ချင်တာတွေ ဖြစ်မလာဖို့ကိုတော့ သူမ တားဆီးနိုင်ရမှာပေါ့။

အလွဲကြီးလွဲခဲ့ရသည့် အချစ်တစ်ခုအတွက် တမြည့်မြည့် ခံစားနေရသည်နှင့်ပင် ဘဝက လုံလောက်နေပါပြီ။

နောက်ထပ် အလွဲတစ်ခုအဖြစ် မခံနိုင်တော့။ ရင်ထဲမှ စိုးရွံ့ထိတ်လန့်မှုကြောင့် သူမ ရင်တွေတဒိတ်ဒိတ်ခုန်နေပြီး ခြေဖျား၊ လက်ဖျားတွေ အေးစက်လာတာလည်းအမှန်။

ကိုယ်က ကျောက်ခေတ်ကအရိုင်းအစိုင်းတစ်ယောက် မဟုတ်တာမို့ နောက်ပြန်ဆုတ်တာတောင် မရိုင်းအောင် တောင်းပန်ရ၊ ယဉ်ကျေးပြရပါဦးမည်။

သူ့ကို အရေးမလုပ်ပေမယ့် လူကြီးမိဘတွေကိုတော့ ချစ်ခြင်းဝတ်မှုန် လေးစားရှိသေရပါဦးမည်။ သည်တော့ သူမ ပန်းလေးကိုဖက်ကာ မွေးနေ့ပွဲလာ ပရိသတ်များနှင့် စကားဆိုနေသည့် ဒေါ်သစ္စာမွန်၏ လက်နှစ်ဖက်ကို လေးစားစွာဆုပ်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့လက်ဆောင်ပေး၊ နှုတ်ဆက်စကားဆိုရပါတော့သည်။

"အန်တီ . . . ကျွန်မ ရင်ထဲမကောင်းဖြစ်လာလို့ ပြန်ခွင့်ပြုပါဦးနော်။ အန်တီ့ကိုလေးစားလို့သာ လာခဲ့တာပါ။ ချစ်ခြင်းသိပ်နေမကောင်းဘူး၊ ခွင့်ပြုပါဦးနော်"

"အို . . . သမီးလေး၊ ဟုတ်ပါရဲ့ကွယ် ခြေဖျား လက်ဖျားတွေ အေးစက်လို့ပါလား။ သား သားရေ ဆေးခန်းပို့ပေးလိုက်ပါကွယ်။ သမီးရယ် နေမကောင်းတဲ့ကြားထဲက လာရရှာတယ်နော်။ အန်တီ ကျေးဇူးတင်လိုက်တာကွယ်၊ သား သေသေချာချာ လိုက်ပို့ပေးလိုက်နော်"

ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ချေပြီတည်း။ ယခုမှ ထပ်လွဲသည့်အလွဲက အကြီးကြီး။

လူတချို့ ကဲ့ရဲ့စကားတင်းဆိုဖို့၊ ကမ္ဘာကြီးဟာ အသက်ရှူဖို့ အောက်ဆီဂျင်တောင် မရှိတော့သလို သူမ တကယ်ပင် အသက်ရှူတွေကျပ်၊ မျက်စိတွေပြာလာခဲ့ပေပြီ။

"ရ . . . ရပါတယ် အန်တီ။ ကျွန်မ ပြန်နားလိုက်ရင် အဆင်ပြေသွားမှာပါ။ ဒီမှာ မွေးနေ့ပွဲတန်းလန်းနဲ့ ကျွန် ကျွန်မ အရမ်းအားနာ"

သူမမျက်လုံးထောင့်မှာ လူတချို့က စိုးရိမ်ပူပန်သွားကြပြီ။ လူတချို့ကတော့ နှုတ်ခမ်းကိုမဲ့ အတင်းပြောဖို့ ခေါင်းချင်း





ပူးလိုက်ကြတာ မြင်နေရ၏။

ကောင်မ ခွင်ဖန်တာ၊ မာယာကဝေမ၊ သားကောင်စစ်ခတ်တဲ့နေရာမှာ သိပ်ပြီး ကျွမ်းကျင်တယ်။

လူတွေကို ဂရုမစိုက်တတ်သည့် ချစ်ခြင်းဝတ်မှုန် တစ်ယောက် သူမ ပြောခဲ့ဖူးသလိုပဲ။

"ရှင်ဟာ ကျွန်မအတွက် ယမမင်းပဲ။ ကျွန်မရဲ့သေတွင်းကို ရှင်တူးပေးနေတာ"

လင်းပိုးအိမ်ကလည်း မွေ့တော့ ချိတော့မလို ပျာပျာသလဲ။ သူမ တဒင်္ဂ ရှူးသွပ်သွားချင်မိသည်။ ဒါမှ သင်းကို အော်ဟစ်၊ ထုရိုက်၊ ကုတ်ဖဲ့ပစ်လို့ရမှာ။

ယခုတော့ မချိသွားဖြီနှင့်။

သူ့မေမေကလည်း ဂရုစိုက်လိုက်တာ အလွန်။ သူတစ်ယောက်တည်းဆို ခြိပြင်ရောက်သည်နှင့် အော်ဟစ်ပြီး ခွေးမောင်းသလို မောင်းထုတ်ပစ်ရမှာ အားမနာပေမယ့် ယခုကျ ဒေါ်သစ္စာမွန်ကိုယ်တိုင် သူမ လက်မောင်းကိုကိုင်ကာ ခြံပြင်ရောက်သည်အထိ လိုက်ပို့၊ ကားထဲထည့်ပေးပြီး တဖွဖွ စိုးရိမ်နေသည့်စကားတွေကြောင့် သူမမှာ မျက်ရည်တွေမနိုင်ရင်ကာ ကျလာတော့မှာကို တောင့်ထားနေရပါသည်။

"သမီးလေး မပေါ့နဲ့နော်။ နှလုံးများ အားနည်းတာလား



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ တစ်ခါလောက် သေသေချာချာ မက်ဒီကယ်ချက် လုပ်ကြည့်ပါ။ သား . . . အဲဒါကို ခေါင်းထဲထည့်ထားနော်။ လောလောဆယ်တော့ ဆရာဝန်ကြီး ဆေးခန်းကိုပဲ ခေါ်သွားပေးလိုက်"

သူမ ဒေါ်သစ္စာမွန် လက်တပြုပြုနှင့်ကျန်ခဲ့တာကို စကားတစ်ခွန်းနှင့်တောင် ပြောလို့မရတာမို့ လက်အုပ်လေးပဲ ချီပြခဲ့ရပါသည်။

ကားလေး ခြံရှေ့မှထွက်သည်နှင့် သူမ သူ့ကို ဒေါသတကြီး၊ မျက်ရည်လည်ရွဲနှင့် ကားရပ်ခိုင်းသည်။

"တော်ပြီ . . . ကျွန်မကို ကားရပ်ပေးတော့၊ ရှင်ပြန်တော့"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ။ ကိုယ် ဆေးခန်းလိုက်ပို့မလို့လေ။ လူကြီးတွေရှေ့မှာတော့ ကောင်းမိကောင်းရဲနဲ့ကွာ"

"လူကြီးတွေကို အားနာလို့ ရှင့်ကိုကောင်းကောင်း ဆက်ဆံတာ။ တော်ပါပြီရှင်၊ ကျွန်မကို ကားရပ်ပေးပါတော့။ ကျွန်မဆိုက်ကားနဲ့ ကျောင်းကိုပြန်မယ်"

"ဆရာမ နေမကောင်းဘူးလေ။ ဆေးခန်းသွားမှ ဖြစ်မှာပေါ့။ ဘာလဲ ဆေးထိုးမှာ ကြောက်လို့လား"

"ကိုလင်းမိုးအိမ်ရယ် . . . ကျွန်မဘာသာ နေပါရစေတော့နော်။ ရှင် အန်တီ့မွေးနေ့ပွဲကို ပြန်သွားပါ။ ဒါဆိုရင် ကျွန်မကို





ကူညီရာရောက်ပါပြီ"

"မရဘူးကွာ၊ ကိုယ်ကတော့ ဆေးခန်းလိုက်ပို့ရမှာပဲ။ ပြီးရင် ကျောင်းကိုပြန်ပို့မယ် ဒါပဲ"

"ရှင် ရှင် . . . ကျွန်မ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ပြီး သေသွားတာကို မြင်ချင်လို့လား"

"အဲဒီလောက်ထိ ကိုယ့်ကိုမုန်းနေတာလား"

"ဟုတ်တယ် . . . မုန်းတယ်။ ရှင်နဲ့ပတ်သက်မိလို့ အခု ကျောင်းမှာ၊ မြို့ထဲမှာ ကျွန်မကို အမနာပစကားတွေ အပြောခံရတယ်။ ကဲ့ရဲ့စကားတင်းဆိုခံနေရတယ်။ ကျွန်မ အဲဒီဘဝက လွတ်မြောက်ချင်ပြီ"

"ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ပါဘူး ချစ်ခြင်းရယ်။ ကိုယ်တို့ရဲ့ ခင်မင်မှုကို လူတွေကြောင့် မရပ်တန့်ပါရစေနဲ့ဗျာ"

"ကျွန်မ ရှင့်ကို မခင်ချင်ဘူး။ လူတွေရဲ့တံတွေးခွက်မှာ ပက်လက်လည်းမမျောချင်ဘူး။ မှောက်ခုံလည်း မမျောချင်ဘူး။ အကောင်းဆုံးက ရှင် ကျွန်မနဲ့ကင်းကင်းနေလိုက်ပါ။ လက်ရှောင်နေလိုက်ပါ"

သူမ တောင်းဆိုနေရင်းနှင့်ပင် ဆေးခန်းသို့ရောက်ရှိလာခဲ့ပေပြီ။ ဆေးခန်းမှ ဆရာဝန်ကြီးကလည်း သူ့ကို လိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့။

"ညီလေး ...အစ်ကို ဆေးခန်းပိတ်မှလာမလို့။ (၉) နာရီလောက်ဆို ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ် အစ်ကိုရဲ့။ ကဲ ...အစ်ကို ဒီမှာ ကျွန်တော့်ရဲ့ဗီအိုင်ပီလေး နေမကောင်းလို့ ကြည့်ပေးပါဦး"

"အားပါး ညီလေးရဲ့ဗီအိုင်ပီလေးက ချောလှ ယဉ်လှချည်လား"

"အစ်ကိုသိလား။ ကဗျာဆရာမလေး ချစ်ခြင်းဝတ်မှုန်။ အထက,က အထက်တန်းပြ ဆရာမ"

"ဪ ...ဖတ်ဖူးတယ် ဖတ်ဖူးတယ်။ အင်တာနက်မှာ ညီပဲ သူ့ကဗျာလေးတွေ တင်ပေးနေတာလေ၊ အဟား ...ကိုယ့်ညီက လန်းလှချည်လား"

"လန်းမှ ဟတ်ထိမှာပေါ့ဗျာ။ တစ်ဘဝလုံး ရင်ခုန်နေဖို့ဆိုတာ တော်ရုံနဲ့မဖြစ်ဘူး"

သူ့စကားတွေက စည်းကျော် ဘောင်ကျော်နေပေပြီ။ ချစ်ခြင်းဝတ်မှုန် ဘယ်လိုတွေရန်လုပ်ရမလဲ စဉ်းစားနေတုန်း ဆရာဝန်က သူမကို ခုတင်ပေါ်လှဲခိုင်းပြီး သွေးပေါင်ချိန်၊ နားကျပ်ထောက်နှင့်။ လင်းပိုးအိမ်ကလည်း တကယ့်လူနာရှင်ကြီးလို ပျာပျာသလဲ။





ဆေးခန်းထဲမှလူတွေ၊ လူနာတွေကလည်း ပိုင်းကြည့်လို့။

သူမအဖြစ်က သူ့စက်ကွင်းမှမလွတ်တော့ဘူးလား ဘယ်တော့မှ။

"နှလုံးအားနည်းတယ်။ အိပ်ရေးဝအောင် အိပ်ပါ။ စိတ်ဆင်းရဲစရာတွေ မတွေးပါနဲ့။ နှလုံးအားဆေးနဲ့ လိုအပ်တဲ့ဆေးတွေ ဆေးညွှန်းရေးပေးလိုက်မယ်။ ညီလေး ဝယ်ပေးလိုက်ပေါ့"

"အစ်ကို့ဆေးခန်းမှာ မရှိဘူးလား"

"တစ်မျိုးပဲရှိတယ်။ ကျန်တဲ့နှစ်မျိုး မရှိဘူး"

"ဪ ...ဒါဆိုလည်း ကျွန်တော်ပဲ ရှာဝယ်လိုက်ပါ့မယ်။ ကျေးဇူးပဲ အစ်ကို၊ မေမေ့မွေးနေ့ကို ဆက်ဆက်ကြွခဲ့ပါနော်"

"စိတ်ချ ညီ၊ စိတ်ချ။ လာကိုလာမှာ"

ဆေးဖိုးလည်း ပေးတာမတွေ့ဘဲ ဆေးခန်းထဲမှပြန်ထွက်ခဲ့တော့ သူမ မျက်စောင်းထိုးမိသည်။

"ဆရာဝန်ကို အားနာလိုက်တာ၊ ရှင်ဟာလေ"

"မနာနဲ့ချစ်ခြင်းရဲ့။ အဲဒီဆေးခန်းက ကိုယ်တို့တိုက်ကို အလကားဖွင့်ခွင့်ပေးထားတာ"

"ဪ"

သူမ ဘာများပြောနိုင်ဦးမှာတဲ့လဲ။ သူ့ကားပေါ်မှ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမယ့်လည်း ပြောမရတာမို့ သူ့သဘောအတိုင်း။ သူက ဆေးဆိုင်ဝင်၊ ဆေးဝယ်ပြီးမှ ချစ်ခြင်းဝတ်မှုန်ကို ကျောင်းသို့ ပြန်ပို့ပေးခဲ့သည်။

"နေမကောင်းတော့ ဒံပေါက်နဲ့ တည့်မှာမဟုတ်ဘူး။ တည့်မယ့်အစားအသောက်လေးတွေ ကိုယ် ချိုင့်နဲ့ထည့်ပြီး လာပို့ပေးမယ်"

"မပို့နဲ့၊ ကျွန်မ ဘာမှမစားချင်ဘူး"

"မစားလို့တော့မဖြစ်ဘူး။ မနက်ဖြန်လည်း ပုသိမ်သွားရဦးမှာမဟုတ်လား။ ကားလက်မှတ် ကိုယ်ဝယ်ပေးလိုက်မယ်"

"ရထားနဲ့သွားမှာ"

သူ့ကိုခွတိုက်ပြောပေမယ့် တကယ်လည်း ရထားနှင့် သွားမှာ။

"ဒါဆိုလည်း ရထားလက်မှတ်အတွက် ကြိုချိတ်ထားမှပေါ့။ ကိုယ်လှမ်းပြီး ဖုန်းဆက်လိုက်မယ်"

"ရတယ် . . . အုပ်စုနဲ့သွားမှာ။ ရှင် ဝေးဝေးမှာ နေစမ်းပါ"

"ကိုယ်က ချစ်ခြင်းရဲ့အဝေးဆုံးသစ်ပင် မဟုတ်ဘူး။ အနီးဆုံးသစ်ပင်"

သူမ သူ့ကို ဘာစကားမှမပြောတော့ဘဲ ကိုယ်နေထိုင်ရာ





အိမ်လေးပေါ်သို့ တက်ခဲ့တော့ သူက နောက်မှ လှမ်းအော်လိုက်သေး၏။

"ချစ်ခြင်းတို့သွားမှာ (၄) ယောက်။ (၃) ယောက်က ကားနဲ့သွားမှာ။ ချစ်ခြင်းတစ်ယောက်ပဲ ကားမူးတတ်လို့ ရထားနဲ့ သွားမှာ။ ကိုယ်အားပါးက စီစဉ်လိုက်ပြီ အိုကေနော်"

တော်တော်လူလည်ကျသည့်လင်းပိုးအိမ်အား ချစ်ခြင်းဝတ်မှုန် မျက်စောင်းထိုးလိုက်တာ မုန်းလွန်းလို့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူက ဂရုစိုက်လေ၊ လူတွေက ချစ်ခြင်းကို မျက်စိစပါးမွေးစူးလေ။

မွေးနေ့ပွဲကကိစ္စအတွက် ပြောစရာစကားတင်းတွေက ပြောမဆုံးပေါင် တောသုံးထောင်။ မလိုသူတွေက မလိုသလိုပြောပြီး လိုသူတွေက ကရုဏာစကားနှင့် ကျန်းမာရေးအခြေအနေ လာမေးကြ၏။

"ချစ်ခြင်း နေကောင်းသွားပြီလား။ နှလုံးအားနည်းတာဆို မပေါ့နဲ့နော်"

"ချစ်ခြင်းက အနုပညာသမား၊ ကဗျာသမား၊ စာသမားဆိုတော့ အရမ်းခံစားတတ်တယ်ထင်တယ်။ စိတ်ကိုလျှော့ထား





နော်။ စာရေးဆရာ၊ ကဗျာဆရာတွေဆို အသက်တိုတာ များတယ်"

"ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့တော့ အသက်ရှည်ပါတယ် မမရယ်"

"သူတို့က အရက်မသောက်ဘဲကိုး။ အရက်သောက်တဲ့ဆရာတွေတော့ မြန်မြန်သေမှာပေါ့"

"အရက်နဲ့နှလုံးနဲ့တော့ ရောကုန်ပြီ"

ကိုယ့်ကို စကားလာမေးသမျှ အလိုက်အထိုက် ပြောနေရဆဲ။ ကျောင်းထဲသို့ ဆိုင်ကယ်တစ်စီးဝင်လာပြီး စတီးငါးဆင့်ချိုင့်ကြီးနှင့် ဆင်းလာသူဟာ လင်းပိုးအိမ်တို့ဆိုင်မှ ကောင်လေးတစ်ယောက်ပါ။

သူကိုယ်တိုင် လာပို့လျှင် ချစ်ခြင်း အော်ထုတ်မှာမို့ လူကြုံနှင့်ပို့လိုက်တာ။ လူကြုံကလည်း သူမထံ ကိုယ်တိုင်လက်ရောက်လာမပေး။ သူမှာကြားသည့်အတိုင်း တသွေမတိမ်း။

ကျောင်းမှ စာရေးကြီးမှတစ်ဆင့် ပေးခဲ့သည်။ စာရေးကြီးက ချစ်ခြင်းဝတ်မှုန်ထံ တပြုံးပြုံးနှင့် လာပို့လေ၏။

"ဒီမှာပေါ့ ... မောင်တော်ဘုရားက နှမတော်လေးအတွက် ပွဲတော်အုပ် ဆက်သလိုက်တယ်။ ငါတို့ကျောင်းတော့ မင်္ဂလာ တယ်ရှိနေပါလား ... အပေါ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးပဲ စားလိုက်၊ ချစ်ခြင်း အစာမကျေလို့ ဒီနေ့ ထမင်းမစားဘူး"

"အေးလေ ... အခုပေးလိုက်တာလည်း လူမမာစာတွေ။ စွပ်ပြုတ်နဲ့ ဘာတွေလည်း မသိပါဘူး။ ပေးတဲ့သူ့ရဲ့ စေတနာကိုတော့ အသိအမှတ်ပြုသင့်တာပေါ့ဟာ"

ဝိုင်းကြည့်နေကြသည့် မျက်ဝန်းတွေထဲမှာ လိုသူတွေရော မလိုသူတွေပါ ရောင်စုံ။ ချစ်ခြင်းဝတ်မှုန် ဆေးတံတိုကဗျာကို သွားသတိရမိသည်။

ဆေးတံတို တစ်ညှို့လောက်
ရှော့သောက်တော့ပေး
မယူလိုက်က မိုက်လို့ထင်
ယူလိုက်ပြန်က ကြိုက်တယ်ထင်
သောက်စေချင် ခုတင်တွင်ထောင်ခဲ့ကွဲ့
ညို့နွဲ့ရဲ့လေး။
လင်းပိုးအိမ်ဟာ တော်တော်ခက်တာပဲ။
သူ့ကြောင့် ငါ အနေရ အထိုင်ရကျပ်လိုက်တာ။

ချိုင့်ကိုယူထားရအခက် ပြန်ပေးရအောင်လည်း လူကမရှိတော့။

"အားလုံး အတူတူစားကြတာပေါ့နော်"





သည်လိုပြောပြီး အီလည်လည်နှင့် ယူထားရသည် အဖြစ်။

✳

ညကျတော့ သူ့ထံမှ ဖုန်းဝင်လာခဲ့၏။

"ချစ်ခြင်းလေး နေကောင်းရဲ့လား"

"ဘယ်လိုဖြစ်တာလဲ၊ နေရင်း ထိုင်ရင်း လူကို မလေးစားတော့ပါလား"

"ဩော် ... ဆရာမလို့ခေါ်ရတာ သူစိမ်းဆန်နေသလားလို့ပါ"

"သူစိမ်းတွေပဲဟာ၊ သူစိမ်းလိုခေါ်ပေါ့"

"ကိုယ့်ရင်ထဲမှာ သူစိမ်းလို့ မခံစားရဘူး။ အရမ်းရင်းနှီးသွားပြီလို့ ခံစားနေရတယ်"

"ကျွန်မမှာ အချိန်မရှိဘူး။ အရည်မရ အဖတ်မရ စကားတွေ ပြောနေမယ်ဆိုရင် ဖုန်းချလိုက်မယ်"

"ဟိုး ဟိုး ဖုန်းတော့မချပါနဲ့ကွာ။ မေမေက ချစ်ခြင်းလေးတဲ့ လက်ဆောင်အတွက် အရမ်းကျေးဇူးတင်ကြောင်း ပြောပေးပါဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူများလို အဖိုးတန်တွေမပေးနိုင်ဘဲနဲ့"

"တန်ဖိုးဆိုတာ ရင်ထဲကမြတ်နိုးမှုနဲ့ပဲ တိုင်းတာတယ်လေ။ မေမေက ချစ်ခြင်းပေးတဲ့ ယောဂီတဘက်လေးနဲ့ နှံ့သာဖြူပုတီးလေးကို အရမ်းနှစ်သက်တယ်။ စိတ်ကူးကောင်းတယ်တဲ့။ သူ့အတွက် အသုံးလိုမယ့်ပစ္စည်းကို ပေးတယ်တဲ့။ ဘုရားမေ့တရားမေ့ပြီး လင်နဲ့သားပဲ ခေါင်းထဲရှိတဲ့သူ့ကို ဘုရားတရားဘက်သတိလည်သွားအောင် မြှုလုပ်ပေးတဲ့ကျေးဇူးရှင်မလေးတဲ့ဗျား"

"ဘုရားရေ"

သူမက ဒီလောက်မတွေးခဲ့ပါဘဲ အဖြစ်အပျက်က အကြီးအကျယ်။ ချစ်ခြင်းဝတ်မှုန် စိတ်ပျက်ရသည်။ သူ ညတိုင်းဖုန်းဆက်နေတာလည်း မကြိုက်။ ကိုယ့်အခန်းထဲမှာဆိုပေမယ့် အပြင်ဘက်ကကြားမှာစိုးလို့ တိုးတိုးပြောရသည့်အဖြစ်။

"ဖေဖေကလည်း ကျေးဇူးတင်နေတယ်"

"ဘာဆိုင်လို့လဲ၊ သူရော နှံ့သာဖြူပုတီးလိုချင်လို့လား"

တစ်ဖက်မှ ရယ်သံတိုးတိုးက ဆွဲဆောင်မှုအပြည့်၊ ညှို့ဓာတ်အပြည့်။

ချစ်ခြင်းကိုတော့ လာမညှို့နဲ့၊ မရဘူး။

"ဖေဖေလား နှံ့သာဖြူပုတီး လိုချင်မှာ။ သူ့မိန်းမ စိတ်ချမ်းသာနေတာကြည့်ပြီး သူလည်း စိတ်ချမ်းသာတာပေါ့ဗျာ"





"ဩော် ... ရှင့်အဖေရဲ့ခေါင်းထဲမှာ ဂဏန်းပေါင်းစက်ပဲရှိမယ်ထင်တာ"

"ဂဏန်းပေါင်းစက်တင် ဘယ်ကမလဲဗျာ။ နှလုံးသားလည်း ရှိတာပေါ့။ ဖေဖေက မေမေ့ကို သိပ်ချစ်တာဗျ။ ဟိုရှေးသီချင်းထဲကလိုပေါ့ဗျာ။ သက်ဆုံးတိုင်၊ ရိုးမြေကျ ချစ်မယ့်အချစ်မျိုး"

"ဟုတ်ပါပြီ၊ ကဲ ... ဒါပဲမဟုတ်လား။ ကျွန်မ မနက်ခရီးသွားဖို့အတွက် ပြင်ရ ဆင်ရဦးမယ်"

"ကျွန်တော် လိုက်ပို့မယ်နော်"

"တော်ပါပြီ ... ရှင်လာရင် ကျွန်မကို လူမုန်းပိုများလိမ့်မယ်။ မြို့မှာရှိသမျှ အပျိုတွေ ကျွန်မကို ဝိုင်းရိုက်လိမ့်မယ်"

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ။ ချစ်ခြင်းက အလကားနေရင်း လူတွေကို ကြောက်နေရတာကိုး။ ကျွန်တော်ထင်တာက ချစ်ခြင်းဝတ်မှုန်ဆိုတာ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တဲ့ တစ်ကိုယ်တော်လေး လားလို့"

"ဟုတ်တယ်၊ အရင်ကတော့ ဟုတ်တယ်။ ဒီမြို့ရောက်မှ ကျွန်မရဲ့ သတ္တိတွေကို ရိုက်ချိုးဖျက်ဆီးခံလိုက်ရတယ်"

"ကျွန်တော်ကြောင့်လား"

"ဟုတ်တယ် ရှင့်ကြောင့်။ လူတွေကဲ့ရဲ့စကားပြောင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မစ္ဆရိယလှိုင်းလုံးကြီးတွေက ကြီးလွန်းလို့ ကျွန်မ ခေါင်းမပြူသာဘူး။ ကမ္ဘာကြီးထဲ အောက်ဆီဂျင်တွေတောင် ရှိသေးရဲ့လားလို့ ခံစားနေရတယ်''

''ကျွန်တော် စိတ်မကောင်းဘူးဗျာ။ ကိုယ် ဘာလုပ်ပေးရမလဲဟင်''

''ကျွန်မနဲ့ အဝေးဆုံးမှာနေပေးပါ။ ကျွန်မနဲ့ ဘာမှလာမပတ်သက်ပါနဲ့။ ခုလို ဖုန်းပြောတာကအစပေါ့။ ဘာအကြောင်းနဲ့မှ ကျွန်မတို့ ဆက်သွယ်စရာမလိုပါဘူးရှင်''

''ရက်စက်တယ်ဗျာ၊ ချစ်ခြင်းဝတ်မှုန်ဆိုတာ တစ်ချိန်က လူတစ်ယောက်ကို သိပ်ချစ်ခဲ့မိဖူးတယ်ဆိုတာ ချစ်ခြင်းရဲ့ကဗျာလေးတွေက သက်သေခံနေတယ်'

''အဲဒါနဲ့ ဘာဆိုင်လဲ''

''ချစ်ခဲ့ဖူးတဲ့လူချင်း ကိုယ်ချင်းစာပေးရမှာပေါ့။ လူသားချင်း စာနာနားလည်ပေးရမှာပေါ့။ တစ်ဖက်သတ်အချစ်၊ တစ်လမ်းသွားအချစ်ဟာ ဘယ်လောက်ကြေကွဲခံစားရကြောင်း ချစ်ခြင်း ကိုယ်တွေ့ကြုံဖူးရဲ့သားနဲ့ဗျာ''

''ရှင် ကျွန်မကို လူပျိုစကားပြောနေတာလား။ ဒီလောက်တားဆီးနေတဲ့ကြားထဲက ရှင် မလွယ်ဘူး။ တောင်းပန်ပါတယ်၊ ကျွန်မကို မဆက်သွယ်ပါနဲ့တော့''





ချစ်ခြင်းဝတ်မှုန် ဖုန်းပိတ်လိုက်ပြီး [illegible] သည်။

မကြားချင်တော့ဘူး။ အချစ်ဆိုတာ မကြုံချင်တော့ဘူး။ ယုံလည်းမယုံဘူး။

လောကကြီးထဲမှာ ယောကျ်ားတွေဟာ လျှာအရိုးမရှိတိုင်း လှည့်ဖြားပြောဆိုလေ့ရှိကြတယ်။

ကမ္ဘာကြီးထဲမှာ ကျားဝံစဉ်းလဲတွေပဲများတယ်။

ကိုယ်က အချစ်ကို နောက်ထပ်မရှာဖွေဘဲ လောကကြီးထဲ တစ်ကိုယ်တည်း ရှက်လွင့်ချင်သူ။

မိန်းကလေးမို့ လူ့ခန္ဓာကိုယ်က ရော်ရွက်ဝါလို မလွင့်ချင်ပေမယ့် –

စိတ်ကိုတော့ ကမ္ဘာကြီးနှင့်အပြည့်အမောက် ပင်လယ်စင်ရော်တွေလို ပျံသန်းနေချင်တာ။

အိမ်ထောင်သားမွေး မပြုချင်ပါ။

လောကရဲ့ အချည်အနှောင်တွေလည်း မခံချင်။

လင်းပိုးအိမ်လို စီးပွားရေးသမားတစ်ယောက်က ကဗျာယောင်ယောင်၊ စာယောင်ယောင်နှင့် သူမကို လာရောက် ဆက်သွယ်တာလည်း မယုံကြည်။

ပေါ်ပြူလာလုပ်ချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ ပေါ်ပြူလာဖြစ်သည်ထင်လို့ အပျော်ချစ် အပျော်သဘော တွဲချင်တာပါ။

ကိုလင်းပိုးအိမ်ရေ၊ ကျွန်မက ရှင်အလိုရှိတဲ့ ပေါ့ပေါ့ ပါးပါးကောင်မလေးတစ်ယောက် မဟုတ်ပါဘူး။ ခပ်ဟော့ဟော့နဲ့ ခေတ်လွန်ကဗျာဆရာမလေးလည်း မဟုတ်ဘူး။

ရင်ထဲမှာ ဆွေးမြည့်နာကျင်နေတဲ့ ချစ်ခြင်းတွေနဲ့ သိပ်ပြီး လေးလံနေတဲ့ ကောင်မလေးတစ်ယောက်ပါ။

ရုပ်ဝတ္ထုတွေကို ဦးစားမပေးဘဲ

စိတ်ခံစားမှုကိုသာ ဦးစားပေးတတ်တဲ့ ကမ္ဘာလောကထဲ မှာ ရှောင်ခွာပြေးနေတဲ့ လက်တွေ့ဘဝကို ကြောက်ရွံ့တတ်တဲ့ ကောင်မလေးတစ်ယောက်ပါ။

ရှင် အချိန်မီ နောက်ပြန်ဆုတ်လိုက်ပါနော်။

* * *



## အခန်း (၁၅)

ချစ်ခြင်းဝတ်မှုန် ဘူတာဆင်းခဲ့ချိန်ဟာ နံနက် (၅)နာရီ။ အမြန်ရထားက သူမတို့ဘူတာသို့ (၆) နာရီမှာဆိုက်ရောက်မည်။

(၆) နာရီဆိုတာ နှင်းတောင်မကွဲသေး။ မိုးလည်းမလင်း သေးပါ။ ကျောင်းမှ ဘူတာသို့ သူမ ဆိုက်ကားနှင့်ဆင်းခဲ့သည်။

(၄) ရက်၊ (၅) ရက် ခရီးပဲမို့ ခရီးဆောင်အိတ်က ခပ် သေးသေး။ သူများတွေလို သူမက ဇာချဲ့တတ်သူမဟုတ်။

ယူနီဖောင်း (၂) စုံ၊ အပြင်ဝတ်စုံ (၂) စုံ။ ခါးမှာတစ်စုံ၊ အနွေးထည်ဝတ်ထားသည်။ စောင်တစ်ထည်ပါသည်၊ ဒါပါပဲ။

အစားအသောက်တွေလည်း ကြော်လှော်ပြီးမယူခဲ့။ ရောက်ရာအရပ်မှာ ကြုံသလို ဝယ်စားလိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဝတ်မှုန် ဘူတာရောက်တော့ လက်ထောက်ရုံပိုင်က အထက်တန်းလက်မှတ်တစ်စောင် ထွက်ပေးသည်။

သူမက ပိုက်ဆံပေးဖို့ ပြင်ပေမယ့် သူက –

"ကိုလင်းပေးသွားတယ်" တဲ့။

ထားလိုက်ပါတော့လေ။ ဒီမြို့မှာတော့ သူ့စက်ရိပ်က ဘယ်လိုမှ လွတ်မှာမဟုတ်ဘူး။

ဘူတာမှာ လေတဟူးဟူးတိုက်ခတ်နေသည်မို့ ဆောင်း၏ အအေးဒဏ်ကို သူမ တော်တော်ခံစားနေရသည်။ နောက်ဆုံး ပါလာသည့်စောင်ကို ထုတ်ခြုံလိုက်တော့မှ နေသာထိုင်သာ ရှိသွား၏။

(၆) နာရီမထိုးခင် ရထားဝင်လာသဖြင့် ချစ်ခြင်းဝတ်မှုန် ခရီးဆောင်အိတ်ကိုယူ၊ စောင်ကိုခေါက်ပိုက်ကာ ရထားပေါ် အတင်းတိုးတက်ရသည်။ ရထားက ခဏလေးပဲရပ်သည်။

သူမ ကိုယ့်နေရာကိုယ်ရှာပြီး နေရာမှာထိုင်ရသည်။ ရထားတွဲထဲမှာ နေရာတွေကတော့ လွတ်နေတာများပါသည်။ သူမ ခုံမှာလည်း သူမတစ်ယောက်တည်း။ သို့သော် သူမရှေ့မှာ စုံတွဲတစ်တွဲ နေရာယူထားတာက အဖြစ်ဆိုးသည်။

လင်မယားဆိုလည်း အိမ်ကျမှကဲပါလား။ ယခုတော့ တစ်ယောက်နှင့်တစ်ယောက် နှစ်ပင်လိမ်တော့မတတ်။





သက်ပြင်းချပြီး မျက်စိမှိတ်ထားရင်း သည်ပုံအတိုင်းဆို တစ်လမ်းလုံးများ မျက်စိမှိတ်ထားရတော့မလားဟု တွေးရင်း ချစ်ခြင်းစိတ်ပျက်နေမိသည်။

မုံသိမ်သို့ နေ့လယ် (၂) နာရီလောက်မှရောက်မှာမို့ တစ်နေ့လုံးလည်း အိပ်လိုက်နိုင်မှာမဟုတ်ပါ။

လောလောဆည်တော့ မိုးမလင်းတတ်သေးတာမို့ ချစ်ခြင်းဝတ်မှုန် မျက်စိမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေရပါသည်။

သူမအနားသို့ လူရောက်လာတာလည်း ချစ်ခြင်းမျက်စိဖွင့်မကြည့်။ နားထဲမှာတော့ ရှေ့မှစုံတွဲ၏ အညုအခရာသံတွေ။

"သူနော် ... ဟင်း မကျေနပ်ပါဘူး"

"ချစ်ကလည်းကွာ ချစ်လို့ပါ"

"တော်ပါ ... ပြီးတော့ သူ့မိဘသဘောတူတဲ့သူပဲ ယူမှာ မဟုတ်လား"

"မယူပါဘူးဆိုမှကွာ၊ ချစ်ကိုပဲယူမှာ"

"ယုံပါဘူး"

"ယုံအောင် ဘယ်လိုသက်သေပြရမှာလဲ"

ခိုးခိုးခစ်ခစ်၊ တိုးတိုးဖွဖွအသံတွေက သိင်္ဂါရ ရှာမြောက်ဘဲ ကိလေသာထကြွသောင်းကျန်းနေသံတွေ။

ရထားနောက်ဘူတာဆိုက်တော့ ချစ်ခြင်း မျက်စိဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း နှာခေါင်းထဲမှာ ခရေပန်းနံ့လေး ရသဖြင့် လှည့်ကြည့်မိတော့ –

"ဟင်"

"နိုးပြီလား"

"ရှင် . . . ရှင်"

သူကြောက်လို့ ရှောင်နေခါမှ သူမဘေးမှာပါလာတာ လင်းပိုးအိမ်။

"ရှင် . . . ဘာလိုက်လုပ်တာလဲ"

"ကိစ္စရှိလို့ပေါ့ဗျ။ အများပြည်သူပိုင်တဲ့ ရထားပေါ်မှာ ကျွန်တော်ပါလာတာ ရာဇဝတ်မှုတော့ မဟုတ်ပါဘူးနော်"

"ရှင် . . . တရားလွန်ပြီ၊ များနေပြီထင်တယ်"

"ကျွန်တော့်ကိစ္စနဲ့ကျွန်တော် သွားတာပါဗျာ။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ"

"ရှင် ဘယ်လိုပြောပြော ကျွန်မ မယုံဘူး။ ရှင့်လို စီးပွားရေးသမားတစ်ယောက်က ကိစ္စရှိလို့ဆိုရင်လည်း ကားနဲ့သွားမှာပေါ့။ ကားက ခဏလေးနဲ့ရောက်တယ်လေ။ ရှင်တို့အတွက် အချိန်ဆိုတာ ငွေပါ"

"ချစ်ခြင်းပြောမှ ကျွန်တော်လည်း ဝိသမလောဘသမား အစွယ်ပြူးပြူး ဘီလူးကြီးဖြစ်ရတော့တယ်။ ကျွန်တော်လည်း





ဗုထုဇဉ်လူသားတစ်ဦးပါဗျာ။ ချစ်တာတ်၊ လွမ်းတာတ်၊ ခံစားတတ်ပါတယ်"

"ဘာဆိုင်လို့လဲ"

"ညက ချစ်ခြင်းလုပ်ပုံလည်းကြည့်ဦးဗျာ။ ကျွန်တော့်နှလုံးသားကို ဓားထက်ထက်နဲ့မွှမ်းသလို ခံစားရတယ်။ ကိုယ့်အပေါ် ရက်စက်လွန်းလို့ စန္ဒရားချစ်ဆွေရဲ့ မွှေးလွန်းသည့်ပန်းကို အော်ဟစ်ဆိုပြီး ပေါက်ကွဲပစ်လိုက်တော့မှ ရင်ထဲကဒဏ်ရာ နည်းနည်းနေသာခဲ့တယ်"

"ရက်စက်မှုအပေါင်း သရုပ်ဆောင်းခဲ့သည်။ မာယာပရိယာယ်နှစ်သွယ်ယှက်လို့"

"ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ မာယာပရိယာယ် မသုံးခဲ့ဘူး။ မလှည့်စားခဲ့ဘူး"

"ချစ်ခြင်းက မလှည့်စားပေမယ့် ကျွန်တော့်အဖြစ်က မရှုနိုင် မကယ်နိုင်ဖြစ်နေရပါပြီဗျာ။ ပထမ ကဗျာလေးတွေကို အရှုံးအမှူး နှစ်သက်ခံစားမိတယ်။ နောက် လူကိုမြင်ပြီး နတ်သမီးမြင်လိုက်ရတဲ့ ဘုရင်ကြီးလို ရူးသွားခဲ့တယ်"

"ဒုက္ခပါပဲ၊ အတိသယဝုတ္တိအလင်္ကာတွေ၊ အလွန်အကျူး ဖွဲ့ဆိုခြင်းတွေ ကျွန်မ မယုံကြည်တတ်ဘူး။ မာယာ တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခြင်း လူ့ကဲခတ်မည့်ပါဘူးဗျာ။ ကိုယ့်ကြောင့် လူတစ်ဖက်သား သေလုမတတ် ခံစားနေရတာ၊ သွေးစိမ်းရှင်ရှင်ထွက်ပြီး အသည်းဟက်တက်ကွဲနေရတာတွေ မမြင်ဘူးလားဗျာ"

ချစ်ခြင်းဝတ်မှုန် သက်ပြင်းချပြီး သူ့ကို စိတ်ပျက်စွာ ကြည့်မိသည်။

သူ တကယ်ပဲ ခံစားနေရပုံပေါ်ပေမယ့် သူ့မ မသနားနိုင်။

သမင်ဆိုတာ ကျားကိုသနားနေလို့မဖြစ်။ သဘာဝတရားကြီးကိုက သူတို့ဘက်က အသာစီးယူထားပြီးသား။

သူက ဆွေးဆွေးမြည့်မြည့်နှင့် ဆက်ပြီးပြောနေသည်မှာ တိုးတိုးလေး။

"ကျွန်တော့်အချစ်ကို ကျွန်တော် သရုပ်မခွဲတတ်တော့ဘူး။ ကျွန်တော့်အချစ်ကို ကျွန်တော် မရပ်တန့်စေနိုင်တော့ဘူး။ ချစ်ခြင်းကို ကဗျာရေးတဲ့ အနုပညာမှော်ကဝေမလေးမို့ မြတ်နိုးတာ၊ စွဲလန်းတာ၊ အရူးအမူးချစ်မိတာ၊ အလှအပကို ကိုးကွယ်ရုံသက်သက်ဆိုရင် ကျွန်တော့်အနားမှာ မိန်းမချော မိန်းမလှတွေ အများကြီးပါ။

ချစ်ခြင်းကို ချစ်ခြင်းဝတ်မှုန်ဖြစ်နေလို့ကို ကျွန်တော် အရူးအမူး မြတ်နိုးကိုးကွယ်ချင်မိတာ"





"ရှင် တော်တော် တရားလွန်နေပါလား"

"ခင်ဗျာ"

"လူကြားထဲ ပေါ်တင်ကြီးကို ရင်ဖွင့်နေတော့တာပဲနော်။ နေရာတောင်မရွေးတော့ဘူး"

"ကျွန်တော် ရူးသွားပြီထင်ပါရဲ့ဗျာ"

သူ့အသွင်က တကယ်ပဲ ဆောက်တည်ရာမဲ့။ ညည်းညည်းတွားတွား။ သူ့လက်ထဲမှာ ခရေကုံးလေးကလည်း ပျော့ပျော့နွဲ့နွဲ့။

ဈေးထဲမှာရောင်းသလို နှီးနှင့်သီထားတာမဟုတ်။ အပ်ချည်နှင့် သီထားပုံ။

"ညက တစ်ညလုံးအိပ်လို့မရဘူး။ ကျွန်တော့်ကို အစိမ်းသက်သက်ကြီး မရက်စက်လိုက်ပါနဲ့ဗျာ။ ချစ်ခြင်း မုန်းလွန်းလို့ မုန်းမယ်ဆိုရင်တောင် သေဆေးပေးမယ်ဆိုရင်တောင် မေ့ဆေးနဲ့ပေးပါ။ မေ့ဆေးပေးပြီးမှ မလှုပ်နိုင်တော့တဲ့ ကျွန်တော့်ကို သတ်လိုက်ပါ"

သူ့မျက်ဝန်းမှ မျက်ရည်ပါးပါးစီးကျနေပြီး မျက်လုံးတွေ သွေးလိုနီရဲလာတော့ ချစ်ခြင်းဝတ်မှုန်ရင်ထဲ နင့်ရသည်။

သူ့ကိုမချစ်ပေမယ့် –

တစ်ချိန်က ဆရာ့ကို ကိုယ် အရူးအမူး အထင်ကြီးခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မြတ်နိုးမိခဲ့တာ၊ လွမ်းဆွတ်နာကျင် ဆွေးမြည့်ခဲ့ရတာတွေကို ကိုယ်ချင်းစာသွားမိလို့ပါ။

သူ့စကားသံတိုးတိုးက ဆက်လက်ပျံ့လွင့်ဆဲ သူမ ကြားရရုံလေး။

"ကျွန်တော့်ကြောင့် ချစ်ခြင်းရဲ့စိတ်တွေ မွန်းကျပ်ရမယ်၊ စိတ်အနှောင့်အယှက်ဖြစ်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီမြို့မှာ ကျွန်တော်ရှိနေသမျှ ချစ်ခြင်း အနေကျပ်မှာပါ။ ကျွန်တော် ရှောင်ပေးပါ့မယ်။ ကျွန်တော်က ယောကျ်ားပဲဗျာ။ ဘယ်အရပ်မှာနေနေ နေလို့ရပါတယ်၊ တင့်တယ်ပါတယ်"

"ဪ . . . ဒုက္ခပါပဲရှင်၊ ရှင့်ဘာသာ ကိုယ့်အိမ်ကိုယ်နေပါ။ ကျွန်မကို မဆက်သွယ်၊ မဆက်ဆံနဲ့ပေါ့။ ဒါဆို ရတယ်လေ။ ရှင့်မိဘတွေက တစ်ဦးတည်းသောသားကို ဘယ်ခွဲချင်ပါ့မလဲ"

ချစ်ခြင်းဝတ်မှုန် စိတ်ဆင်းရဲနေရပါသည်။ ကိုယ့်အနားမှာ ကိုယ့်ကို အရူးအမူး လွမ်းပြနေတာ အစစ်လား အတုလား။ သူမ ဘာတွေဆက်လုပ်ပြီး ဘယ်လိုနေရမှာလဲ။

"ရှင် ဘယ်ထိသွားမှာလဲ။ ဟသ်ာတလား ပုသိမ်ထိလား"

"ပုသိမ်ထိသွားမှာ။ ကျွန်တော် ကိုယ့်မြို့က အပြီးထွက်လာခဲ့တာ"





သူ့မှာ ကျောပိုးအိတ်တစ်လုံးနှင့်။

"ရှင် ပေါက်ကရတွေ လျှောက်မလုပ်နဲ့။ ရှင့်ကိုယ်ရှင် ဆယ်တန်းကျောင်းသားလေးများ မှတ်နေသလား။ ရှင့်အရွယ်ဟာ အချစ်ရူး ရူးရတဲ့အရွယ်လည်း မဟုတ်ဘူး"

"အချစ်ရူးဆိုတာ ချစ်ခြင်းတို့အရွယ်လား။ ချစ်ခြင်းတို့ မိန်းကလေးတွေပဲ အချစ်ရူးတာလား"

သူမတို့နှစ်ယောက် စကားတွေ အချေအတင်ပြောနေတာမို့ ရှေ့မှာစုံတွဲကိုပင် သတိမထားမိတော့ပါ။

"ရှင် ကျွန်မကို ထည့်မပြောပါနဲ့။ ကျွန်မက ရှင့်လို ပေါက်ကရအလုပ်တွေ မလုပ်ဘူး။ ရင်ထဲမှာပဲ တမြည့်မြည့် ခံစားတာ။ ကျွန်မ ပေါက်ကွဲတာက ကဗျာရေးရုံပဲ။ ရှင့်လို လောကကြီးထဲက ထွက်မပြေးဘူး။ မိဘရင်ခွင်ထဲက ထွက်မပြေးဘူး။ ရှင့်လို အရူးမထဘူး"

"လူချင်းမတူ၊ ခံစားချက်ချင်းမတူသလို ယောကျ်ားနဲ့ မိန်းမ သဘာဝချင်းလည်းမတူဘူး ချစ်ခြင်း။ ကျွန်တော့်ကို ဘာမှ ဝေဖန်စရာမလိုဘူးဗျာ"

"ဒါဆိုလည်းပြီးရော ကျွန်မ ရှင့်ကို ဘာမှမပြောတော့ဘူး"

သူမက မြတင်းပေါက်ဘက်နေရာရတာမို့ ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆင့် အပြင်ဘက်သို့ ငေးကြည့်နေလိုက်သည်။ ဘာပဲပြော ပြော ချစ်ခြင်းဟာ လူမို့ လူသားနှလုံးသားရှိပါသည်။

လင်းပိုးအိမ်တစ်ယောက် အချစ်ရူး ရူးနေတာကို ဘယ်လိုဖြေပေးရမပါ့မလဲဟု စဉ်းစားနေမိသည်။

သူမ ကိုယ့်အဖြစ် ကိုယ့်အချစ်ကို ပြန်ပြီး စဉ်းစားကြည့်မိ၏။

ဆရာ့ကို အဆီးအတားမရှိ ချစ်မိခဲ့ပေမယ့် ဆရာဟာ အိမ်ထောင်ရှင်တစ်ယောက်လို့ သိလိုက်ရသည့်အခါ သူမရဲ့အချစ်တွေကို အလိုလို ဘရိတ်အုပ်မိလျက်သား။

လောကရဲ့ စည်းမျဉ်းတွေအရ မဖြစ်သင့်သည့်ကိစ္စ။

ယခုလည်း သူမမှာချစ်သူရှိတယ်ဆိုလျှင်ရော။ သူ သူ့အချစ်တွေကို ဘရိတ်အုပ်နိုင်လေမလား။

သို့သော် သူမပြောတာရော ယုံပါ့မလား။

သူမကလည်း မှသားကို ဒွာန်ကရိုဏ်းကျအောင် ပြောတတ်မည်မထင်။

သည့်စဉ် သူမ၏ပခုံးသို့ သူ့ အိကျလာသည်ကြောင့် သူမ ငုံ့ကြည့်မိသည်။

တစ်ညလုံး အိပ်မပျော်ဘဲ အချစ်ဝေဒနာခံစားနေရရှာ သူမို့ ရထားအလှုပ်နှင့် ခေတ္တငိုက်မျဉ်း အိပ်ပျော်သွားပုံ။





သူမ ကဲကဲဆတ်မနေနိုင်တော့ပါ။ သူ အိပ်ပျော်နေသည်ကို နိုးပစ်ရမှာလား၊ အိပ်ခိုင်းလိုက်ရမလား။

ကိုယ်ကအပျိုမို့ ယောက်ျားတစ်ယောက် မှီနေတာကြီးလည်း မနေတတ်။ အများအမြင်လည်းမတင့်တယ်။ သည်တော့ သူမ ဖြည်းညင်းစွာထပြီး သူ့ကို ရထားပြတင်းနံရံမှာ မှီပေးထားခဲ့သည်။

နေရာတွေချောင်သည်မို့ သူမ သင့်တော်ရာနေရာတစ်ခုမှာ သွားထိုင်လိုက်ပါသည်။

✳

ကံဆိုးမသွားရော မိုးလိုက်လို့ရွာတာလား။

ပုသိမ်မရောက်ခင် ဒိုက်ပျက်ဘူတာမှာပင် ရထားက ဘီးချော်သွားခဲ့သည်။

သင်တန်းက တနင်္ဂနွေမှစမှာမို့ စနေညရောက်လျှင် မီသေးသည်။ ယခုအတိုင်းဆို ခရီးတော့ဖင့်ဦးမည်။

သူက လမ်းမှထမင်းထုပ်တွေ ဝယ်ခဲ့တာမို့ ရထားပေါ်မှာပင် မနက်စာစားလိုက်၊ ညစာစားလိုက်နှင့်။

ယခုကျ သူ့အသွင်က တည်တည်ငြိမ်ငြိမ်။ ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန် သူ့ကို အဓိပ္ပာယ်လွဲမှားစေမည့် ဆက်ဆံပုံမျိုး မလုပ်ခဲ့ပါ။

အကြည့်တစ်ချက်၊ အမူအရာတစ်ကွက်မှ မလွဲမှားစေရ။

ကိုယ့်နှလုံးသားကိုလည်း အလကားမပေးနိုင်။ သူ့နှလုံးသားကိုလည်း အလွဲသုံးစားမလုပ်လိုပါ။

သူ့အပေါ် သူမ၏ဆက်ဆံပုံက မိတ်ဆွေတစ်ယောက်ထက် မပို။

ရထားတွေ ပုံမှန်ပြန်ပြီးသွားနိုင်အောင် ယောက်ယက်ခတ်နေကြရင်း ညနေ (၅) နာရီမှ ပုသိမ်ဘူတာသို့ ရထားဆိုက်ခဲ့သည်။

ဆောင်းတွင်းမို့ အမှောင်ကတော့ သန်းချင်ချင်။ တစ်လမ်းလုံး စကားတွေ သိပ်မပြောဖြစ်ခဲ့ကြ။ သူ ရင်ဖွင့်ပြီးကတည်းက ငြိမ်သက်သွားလိုက်တာ သူ့အသွင်က ဆွေးဆွေးမြည့်မြည့်။

ဖျတ်လတ်သွက်လက်သည့် လူငယ်တစ်ယောက်၏ ရင်ထဲသို့ အချစ်ဆိုသည့်စေတန်နတ်ဆိုး ဝင်ရောက်စီးနင်းဖဲ့ခြေခံလိုက်ရသည့်အခါ။

ကိုယ့်တုန်းကလည်း ဒီလိုပါပဲလေ။

ဖျတ်လတ်၊ သွက်လက်၊ ရဲရင့်မှုတွေအားလုံး ပျောက်ဆုံးသွားခဲ့တာ။

ယခု ရထားဘူတာဝင်တော့ သူမ ဘာဆက်လုပ်ရမှန်းမသိ။ မြင်မြင်ထင်ထင်ဆိုလျှင်တော့ ဆိုက်ကားလေး ဘာလေးငှား၊ သင်တန်းတက်ရမည့်ကျောင်းသို့ သွား။ အနီးအနားမှာဖြစ်ဖြစ် နေစရာရှာ။

ယခုကျ မှောင်တော့မည်။ ဆိုက်ကားတွေလည်း ရမ်းပြီး မငှားရဲ။ အဖော်လည်းတစ်ယောက်မှမရှိ။

"ထ (၆) နားမှာ ကိုယ့်အသိအိမ်ရှိတယ်။ သူတို့အိမ်က တည်းခိုခန်းသဘောမျိုး ဖွင့်ထားတာ။ သန့်လည်းသန့်တယ်။ မိန်းကလေးတစ်ယောက်တည်းလည်းရတယ်"

"ရှင်ကရော ဘယ်သွားမှာလဲ"

"ခြေဦးတည့်ရာပဲလေ။ ဒါပေမဲ့ ချစ်ခြင်းကို လိုက်ပို့ဦးမှာပါ"

"ခက်တာပဲရှင်၊ ရှင် ပေါက်ကရတွေ အရမ်းမလုပ်ပါနဲ့။ ရှင့်မေမေရဲ့မျက်နှာကို ပြန်မြင်ယောင်ပါ"

"အပေါ်ယံတွေ စိတ်ပူမနေပါနဲ့ဗျာ။ ကဲ သွားကြစို့"

သူက ချစ်ခြင်းဝတ်မှုန်၏အိတ်ကိုပါ သယ်ဆောင်ပြီး ကားငှားသည်။ နောက် လိပ်စာပြောပြီး နှစ်ယောက်အတူ သူပြောသည့် အိမ်သို့ရောက်သွားသည်။

အိမ်က နှစ်ထပ်အိမ်။ ပိုင်ရှင်က အသက် (၆၀) ခန့် အမျိုးသမီးကြီးတစ်ဦးပါ။







www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ရော အောက်ထပ်မှာပါ အခန်းတွေနှင့်။ တည်းခိုခန်းဝီဝီပြင်ပြင်ကြီးတော့မဟုတ်။ စုံတွဲတွေ၊ မဟုတ်က ဟုတ်ကအတွဲတွေ လက်မခံ။ သန့်သည်။ ဘာပဲပြောပြော နေရာ စိမ်းမို့ ချစ်ခြင်းဝတ်မှုန် ကြောက်နေမိသည်။ အားငယ်မိသလိုလို။

"ရှင်ရော ဒီည ဒီမှာပဲတည်းပါလား။ နောက်နေ့ကျ အိမ်ပြန်ပေါ့"

"မပြန်ဘူး။ ကိုယ်သွားချင်ရာသွားမှာ။ ဟိုးကမ္ဘာကြီးဆုံး တဲ့အထိ လျှောက်ပြီး ရှက်လွင့်နေမှာ"

"ဩော်၊ ခက်တော့တာပဲ။ ရှင် ဘယ်လိုဖြစ်နေတာလဲ။ ကဲ ရှင်လည်း တစ်ခန်းယူ"

နောက်ဆုံး တစ်ယောက်တစ်ခန်းယူပြီး သူနှင့်ချစ်ခြင်း တစ်အိမ်တည်းမှာ အတူတည်းခဲ့ကြမိသည့်အဖြစ်။

သူဟာ စပါးကြီးမြွေကြီးလား။

သူ့ကိုကြောက်လို့ ပြေးပါသည်ဆိုမှ သူနှင့်ပဲ တည့်တည့်တိုးနေရသည့်အဖြစ်။

* * *



## အခန်း (၁၆)

ဘာပဲပြောပြော သူ စီစဉ်ပေးခဲ့သဖြင့် ချစ်ခြင်း အဆင်ပြေရတာတော့အမှန်။ သူ့မိတ်ဆွေ ဒေါ်လေးနန်း၏အိမ်မှာနေပြီး စားတော့လည်း ဒေါ်လေးနန်းထံမှာပင် သူက ပြောခဲ့ ပေးခဲ့သည်။

သူ့ကိုလည်း မြို့ပြန်ဖို့ မနည်းတရားချရသည်။ ပြန်တွေး မိပါရဲ့။ ဒေါ်လေးနန်းတို့ဆီမှာ တည်းခိုသည့်ညက။

ဒေါ်လေးနန်းဟာ သူ့မိတ်ဆွေမို့ ဆိုင်ကယ်လည်း ငှားလို့ ရသည်။

"ကျွန်တော်တို့ မြစ်ကမ်းဘက် ခေတ္တသွားရအောင်"

"ကျွန်မတို့အသိတွေနဲ့တိုးရင် တစ်မျိုးထင်နေကြမယ်။ ရှင်စကားပြောချင်လည်း ဒီမှာပဲပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာပြောမလဲ၊ ချစ်ခြင်းအခန်းထဲ ကျွန်တော်ဝင်တော့လည်းမသင့်တော်၊ ကျွန်တော့်အခန်းထဲ ချစ်ခြင်းဝင်တော့လည်း မသင့်။ လောကကြီးမှာ ပညတ်ချက်တွေ များလွန်းပါတယ်ဗျာ"

"ဩော် . . . ဒါတော့ လူထဲနေကြတာပဲရှင်။ မသင့်တော်တာတွေတော့ ရှောင်ရမှာပေါ့။ ဒီအိမ်ရှေ့လမ်းမကြီးမှာပဲ လမ်းလျှောက်ရင်ရော"

"ချစ်ခြင်းက ကျွန်တော်နဲ့တွဲပြီး ဆိုင်ကယ်မစီးရဲတာလား။ ကျွန်တော်ကတော့ ချစ်ခြင်းကိုတင်ပြီး ပုသိမ်တစ်မြို့လုံးလျှောက်မောင်း၊ ကမ္ဘာကြီးဆုံးအောင် လျှောက်မောင်းချင်တာ"

"အဲလို လိုက်လျောလိုက်ရင် ကျွန်မ ရှင့်ကို မျှော်လင့်ချက်ပေးသလို ဖြစ်သွားမှာပေါ့။ ကျွန်မကြောင့် ဘယ်သူ့ကိုမှ မခံစားစေချင်ပါဘူးရှင်"

"ကျွန်တော်ကတော့ အဲလိုမထင်ဘူးဗျာ။ ရှေးခေတ်တုန်းကတောင် အသတ်ခံရခါနီးတဲ့ ရာဇဝတ်သားတွေကို သူတို့ရဲ့ နောက်ဆုံးဆန္ဒတွေ လိုက်လျောပေးတယ်တဲ့။ ချစ်ခြင်းလည်းအဲဒီလိုသဘောထားပြီး ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ဖြစ်ဖြစ်လိုက်လျောသင့်ပါတယ်"

"ရှင့်စကားကြီးက မထိတ်သာ မလန့်သာရှင်။ ကျွန်မ





တောင်းပန်ပါတယ်။ မြစ်ဆိပ်ထိလည်း သွားမနေပါနဲ့ ရှင့်ဆိုင်ကယ်လည်း မစီးပါရစေနဲ့။ ဒီအိမ်ရှေ့လမ်းမှာပဲ လမ်းလျှောက်ရင်း စကားပြောပေါ့"

နောက်ဆုံး အဲဒီအိမ်ရှေ့လမ်းမှာပင် လမ်းလျှောက်ရင်း စကားတွေပြောဖြစ်ကြသည်။

"ကျွန်တော့်ဘဝမှာ ဒီလောက်ထိ ခံစားကြေကွဲနေရမယ်လို့ တစ်ခါမှ မတွေးမိခဲ့ပါဘူးဗျာ။ အသည်းကွဲဝေဒနာဆိုတာ တော်တော်ဆိုးတာပဲနော်။ အသည်းကွဲကဗျာ၊ ရင်ကွဲနာကဗျာတွေကို ကြိုက်နှစ်သက်မိလို့များ ဒီလို ခံစားနေရတာလား"

"ရှင်တစ်ယောက်ယောက်ကို ပြောင်းချစ်လိုက်ပါ။ အဲဒီတစ်ယောက်ကို စိတ်ပါသွားရင် ပထမ ခံစားချက်တွေ သက်သာလာပါလိမ့်မယ်"

"ချစ်ခြင်းရော၊ အဲဒီနည်းနဲ့ ကုစားလို့ရသလား။ ကုစားကြည့်ဖူးသလား"

"ဩော် . . . ကျွန်မကတော့ အသည်းနာကျရတာကိုပဲတသသ၊ တမြည့်မြည့်ခံစားနေချင်သူကိုး။ ရှင်နဲ့ ခံစားချက်ချင်းတူမှ မတူတာ"

"ချစ်ခြင်း ကျွန်တော့်လောက် မချစ်တတ်ပါဘူးဗျာ။ မခံစားတတ်ပါဘူး။ ချစ်ခြင်း အဆက်အသွယ်ဖြတ်မယ်ဆိုတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကမ္ဘာပျက်မလောက် ခံစားခဲ့ရတယ်။ အရှူးမီးဝိုင်း ခံစားခဲ့ရတယ်''

''ဩော် ... ခက်လိုက်တာရှင်။ ယောကျ်ားပဲ စိတ်ကို တင်းပေါ့။ ချင်းစိမ်းနဲ့မိတ်သလင်၊ သူ့ကြွင်မှုကိုယ်ကြွင်ပေါ့ရှင်''

''အပြောလေးကတော့ လွယ်လိုက်တာဗျာ။ ဒါဆို ချစ်ခြင်းရော သူ့ကိုမုန်းသလား။ မေ့နိုင်သလား ပြော''

''ဟာ ... ရှင်ကလည်း အဲဒီအကြောင်းတွေပြောမယ် ဆိုရင် ကျွန်မ အိမ်ထဲပြန်ဝင်တော့မယ်''

ချစ်ခြင်းဝတ်မှုန် တကယ်ပင် စိတ်ညစ်ရပါသည်။ ဆွမ်းခံ ရင်းငှက်သင့်နေရတာ။

''ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ချစ်ခြင်း မုန်းမှာ လည်း မခံစားနိုင်ဘူး။ လိပ်မကြီး လိပ်ဥပျောက်သလို တလည် လည်နဲ့ ခံစားနေရမယ့် ကျွန်တော့်ကို စာနာတဲ့အနေနဲ့ မိတ်ဆွေ တစ်ယောက်လိုတော့ ဆက်ဆံပေးပါ။ ကျွန်တော့်ကို အလိုက် အထိုက်လေးတော့ ဆက်ဆံပေးပါဗျာ။ တိခနဲ့ အစိမ်းဖြတ် ဖြတ် ချလိုက်ရင် ကျွန်တော် သေသွားလိမ့်မယ်''

သူ့အသံတွေ တုန်ယင်အက်ကွဲနေပြီး သူ့မျက်ဝန်းတွေ စိုလက်လာတော့ သူမ တစ်ထစ်လျှော့ပေးဖို့ ကိုယ့်စိတ်ကိုယ် တောင်းဆိုရသည်။





''တကယ်တော့လည်း ရင်ကွဲနာ ဘယ်လောက်ကျကျ အနာဆိုတာ ကျက်တတ်ပါတယ်ရှင်။ ဒါပေမဲ့လေ ရှင်တောင်းဆို တဲ့အတိုင်း မိတ်ဆွေတစ်ယောက်လိုတော့ ကျွန်မ သဘောထား ပေးနိုင်ပါတယ်။ ရှင်လည်း နက်ဖြန်ကျရင် ကိုယ့်အိမ်ပဲ ကိုယ် ပြန်ပါ၊ တခြားလျှောက်မသွားပါနဲ့''

''ချစ်ခြင်းရဲ့စကားကို ကျွန်တော်နားထောင်ပါ့မယ်။ ကျွန်တော့်အပေါ် စိမ်းစိမ်းကားကား၊ ပစ်ပစ်ခါခါမလုပ်ရင် တော် ပါပြီ''

''တစ်ခုတော့ရှိတယ်နော်၊ တော်ကြာ လူတွေက ကြိုး ရှည်ရှည်နဲ့ လှန်ထားတယ်။ မာယာသုံးတယ်လို့ စွပ်စွဲလာမှာ ကျွန်မ့ကြောက်တယ်''

''မစွပ်စွဲစေရဘူး စိတ်ချ။ ကျွန်တော် ချစ်ခြင်းရေ့က မားမားမတ်မတ် ကာကွယ်ပေးသွားမှာပါ''

နှစ်ယောက်သား ပြောဖြစ်ခဲ့သည့်စကားတွေ။ မနက်ကျ တော့ သူ့ကတိအတိုင်း မြို့သို့ပြန်သွားလေမှ သူမ သက်ပြင်းချ ရသည့်အဖြစ်။

✳



www.burmeseclassic.com

www.burmeseclassic.com



သင်တန်း (၄) ရက်တက်ပြီး ကြာသပတေးနေ့မနက် အစောကြီး ရထားနှင့်ပြန်ရမည်။ အမြန်ရထားက ပုသိမ်ဘူတာမှ (၄) နာရီထွက်မှာမို့ ချစ်ခြင်းဝတ်မှုန် (၃) နာရီလောက်မှာ ဘူတာ ဆင်းရမည်။

ဘူတာနှင့်တည်းခိုအိမ်ကလည်း အဝေးသား။ ဆိုက်ကား ပြောထားရမလား။ ဆိုင်ကယ်ကယ်ရီပြောထားရမလား။ ခက်တာက ချစ်ခြင်းတစ်ယောက်တည်း ဘယ်သူ့ကိုမှ မယုံမကြည်ဖြစ်နေတာ။

နံနက်အစောကြီး မိန်းမငယ်လေးတစ်ယောက်တည်း ဘယ်လိုသွားရမှာတဲ့လဲ။ ခေတ်ကြီးကလည်း မဖွယ်မရာသတင်းတွေနှင့် ပြည့်နှက်နေသည့်ခေတ်။ မုဒိမ်းမှုတွေ၊ လူကုန်ကူးမှုတွေကလည်း မကြားချင်အဆုံး။

သည်အခါ သူမ သတိရမိတာ လင်းပိုးအိမ်ဆိုသည့် တောက်တဲ့လေးပါပဲ။

ည (၉) နာရီအထိ ကိုယ့်အခန်းထဲမှာ မေးထောက်ပြီး စိတ်ညစ်နေမိဆဲ။ တံခါးခေါက်သံ တဒေါက်ဒေါက်ကြောင့် သူမ လန့်သွားပြီး အော်သံက သွေးလန့်သံ။

"ဘယ်သူလဲ"

"ကျွန်တော်ပါ ချစ်ခြင်းရဲ့ လင်းပိုးအိမ်"





"ဟင် ... ရှင်"

သရဲလာခြောက်တာလား။ သူတို့မြို့နှင့် ပုသိမ်တာ မိုင်ပေါင်းတစ်ရာကျော် ဝေးနေလျက်နှင့်။

ချစ်ခြင်း ကပျာကယာ တံခါးသွားဖွင့်ကြည့်လိုက်တော့ မိုင်ပေါင်းရာကျော်ကို အပြေးလာခဲ့ရသည့် မာရသွန်အပြေးသမား တစ်ယောက်လို့ သူ့ပုံစံက ဖရိုဖရဲ။

ဂျင်းဘောင်းဘီနှင့် သားရေဂျာကင်မှာလည်း နှင်းတွေစိုရွှဲလို့။ သူ့ခေါင်းမှာ သူ့မျက်တောင်များမှာလည်း နှင်းတွေနှင့်။

"အို ... ရှင်ဖျားတော့မှာပဲ"

သင့်တော်တာတွေ မသင့်တော်တာတွေ မစဉ်းစားနိုင်တော့တာ။ မိန်းမသားမို့ မိခင်စိတ်ကြီးစိုးနေတာလား။ သူ့အပေါ်ထားမိသည့် မမြင်နိုင်သော သံယောဇဉ်ကြိုးတွေလားတော့မသိ။

သူမ သူ့ကို ခေါင်းတွေနှင်းသုတ်ဖို့ မျက်နှာသုတ်ပဝါထုတ်ပေး။ ရင်ထဲနွေးသွားအောင် ကော်ဖီတစ်ခွက် ဖျော်ပေးပြီး ပါးစပ်မှလည်း တဗျစ်တောက်တောက်။ သူမရဲ့အခန်းကျဉ်းလေးထဲမှာ။

"ရှင် ဘာဖြစ်လို့အဝတ်လဲဖို့တွေ ယူမလာတာလဲ။ အအေးပတ်တော့မှာပဲ။ ဘာနဲ့လာတာလဲ၊ ခြေလျင်များ လျှောက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေးလာတာလေ၊ ကျွန်တော့်ရဲ့နတ်ဖုရားမဆီ အမီ အခစားဝင်လာတာ"

"ရှင် ခုထိ နောက်နေနိုင်သေးတယ်နော်။ ရှင့်အိမ်က ရော သိရဲ့လား။ ရှင် ဒီလိုပဲ ထင်ရာစိုင်းနေကျလား"

"ကျွန်တော် အရင်က ဒီလိုမဟုတ်ပါဘူး။ လိမ္မာတဲ့ သားလေးတစ်ယောက်ပါ။ ကျွန်တော်ပုံသေနည်းတွေ၊ ကျွန်တော့် ရဲ့ နိယာမတွေ ဖောက်လွှဲဖောက်ပြန် ဖြစ်နေရတာ၊ ဟန်ချက် မညီတဲ့ အချစ်တစ်ခုကြောင့်ပါ"

"ရှင်ဟာလေ သေတာတောင် ခုံပေါ်က မျက်စပစ်တုန်း ဆိုတဲ့လူ။ ကဲ ... ရှင် ဆိုင်ကယ်နဲ့လာတာမဟုတ်လား။ ရှင့် ဆိုင်ကယ်နဲ့တော့ ကျွန်မ ပြန်မလိုက်ဘူးနော်"

"ဆိုင်ကယ်က ပြန်လွှတ်လိုက်ပါပြီ ချစ်ခြင်းရဲ့။ မြို့က နေ ခေါ်လာတာ။ ကျွန်တော်တို့ (၂) ယောက်ရထားနဲ့တော့ အတူတူပြန်ကြမယ်မဟုတ်လား။ ကျွန်တော် ရုံပိုင်ကြီးဆီလည်း ဝင်ပြီး လက်မှတ်ဘွတ်ကင်လုပ်ခဲ့ပြီးပါပြီ"

"အင် ... ရှင်ဟာလေ သိပ်လည်တာပဲ"

"ကောင်းသော လည်ခြင်းပါဗျာ။ ကျွန်တော် ဘွဲ့ရပြီး ကတည်းက စီးပွားရေးလုပ်ငန်းတွေမှာ ဦးစီးလုပ်ကိုင်ခဲ့တာမို့ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးတွေအားလုံး သေချာ





အောင် ဆောင်ရွက်တတ်ပါတယ်"

"ဟုတ်ပါပြီ၊ ကဲ ... အခု ရှင့်အဝတ်လဲဖို့ကိစ္စရော ရှင့်အဝတ်တွေ နှင်းတွေနဲ့ စိုထိုင်းနေတယ်"

"ဒါလည်းလွယ်ပါတယ်။ ထ ကျွန်တော်တို့ ညဈေးတန်း ကိုလျှောက်ကြစို့။ အဝတ်ဝယ်မယ်၊ အစားအသောက်တွေ အိမ် ပြန်လက်ဆောင်တွေ ဝယ်ကြမယ်"

"ရှင်က ကျွန်မအတွက် လိုက်လာတာဆိုတော့ ကျွန်မ တလည်း လိုက်လျောရဦးမှာပေါ့လေ"

"အိုကေ ... ကျွန်တော် လိုက်လာရကျိုး နပ်သွားပြီ ဗျာ"

သူက အရင်ထရပ်ပြီး သူမကို လက်ကမ်းပေးတော့ ချစ်ခြင်း သူ့လက်ကို ပုတ်ထုတ်ပြီး မျက်စောင်းထိုးလိုက်သည်။

"ကျွန်မတို့နှစ်ယောက် မိတ်ဆွေတွေပဲနော်"

"ချစ်ခြင်းလည်း ကျွန်တော့်လိုပဲ သေတာတောင် ခုံပေါ် က မျက်စပစ်တုန်း"

"ဘာ ဘာ ဘာ ရှင် ဘာပြောလိုက်တယ်"

"အား အား အလကားနောက်တာပါ ဆရာမရဲ့ ဆောရီး ဆောရီး"

ဆရာမပီပီ အကျင့်ပါနေသည့် လက်က သူ့နားရွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိမ်တော့ သူမှာ ကဏန်းအညှပ်ခံရသလို တအားအား အော်နေရပေမယ့် ရင်ထဲမှာ အပျော်တွေက တဝုန်းဝုန်း။

အချစ်ကမ်းပါးကြီးက တောင်ပြိုကမ်းပြို။

အချစ်မြစ်ကြီးကလည်း တသွင်သွင် တသုန်သုန်။

သူ ညာတာပါတေးနှင့် သူ့ရဲ့အနုပညာ မှော်ကဝေမလေးကို လက်ဆွဲပြီး ညဈေးတန်းသို့ ချီတက်ခဲ့ပါသည်။

ဩော် လောကကြီးက သည်လိုတော့လည်း ကြယ်တွေစုံသောညအဖြစ် သာယာလှပနေပုံများလေ။

* * *



## အခန်း (၁၇)

မနက်ကျတော့ (၃) နာရီလောက်ကတည်းက သူတို့ဘူတာဆင်းရသည်။ လမ်းမှာ ချစ်ခြင်းဝတ်မှုန် သူ့ကို အရေးဆိုရသည်။

"ကျွန်မတို့ (၂) ယောက် အတူစီးလို့တော့မဖြစ်ဘူးထင်တယ်။ သူများတွေ တစ်မျိုးထင်လိမ့်မယ်"

"ဒါဆို ကျွန်တော်က နောက်တွဲမှာစီးရမှာလား။ ကျွန်တော်လိုက်လာတာ ချစ်ခြင်းကို စောင့်ရှောက်ဖို့နော်"

"ဟုတ်ပါတယ်၊ တစ်ခုံတည်းအတူမထိုင်ဖို့ပြောတာပါ။ ခုံလွဲပြီးထိုင်မှဖြစ်မယ်"

"မရဘူးဗျာ၊ ဘယ်သူတွေဘယ်လိုထင်ထင်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို အပီအပြင်စောင့်ရှောက်မယ်''

''မြို့ကလူတွေ မြင်သွားရင် ရှင်လည်းမကောင်းဘူး၊ ကျွန်မလည်းမကောင်းဘူးလေ''

''ဘာဖြစ်လို့မကောင်းရမှာလဲ။ ကျွန်တော်တို့ ကောင်းကောင်းနေနေကြတာပဲ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေကြတာပဲဗျာ''

''ကဲ ... ရှင့်ကို ကျွန်မ ဘာမှမပြောတော့ဘူး''

ဘူတာရောက်တော့ 'လက်မှတ်သွားယူပြီး ရထားပေါ်သို့ တက်နှင့်ကြသည်။

ကံကဆိုးချင်တော့ သူမတို့တွဲထဲမှာ ကျောင်းကဆရာမတွေပါ ရောက်လာသည်။ ယမင်းခင်၊ ခင်သည်းမွန်နှင့် သဲနုခိုင်။

အလာတုန်းက ကားနှင့်ပေမယ့် အပြန်ကျ ရထားနှင့်ပြန်ကြပုံ။

သူတို့ခုံတွေက နှစ်ခုံလောက်တော့ခြားသည်။ သူတို့က လာနှုတ်ဆက်တာပါပဲ။ အသံတွေက အောက်ကလိအာသံ။

''အံမယ် ... ချစ်ခြင်းတော့ ခိုးထုပ်ခိုးထည်နဲ့ကို မိတာပဲဟေ့''

''ချစ်ခြင်းက တယ်လက်သွက်ပါလား။ (၄) ရက်အတွင်း ဘယ်လိုစည်းရုံးလိုက်တာလဲ''





''ကိုလင်း အန်တီတို့သိရဲ့လား။ သဲနု လှမ်းတိုင်လိုက်မှာနော်။ အန်ကယ်ရောသိလား''

''ငါ ကလေးမှမဟုတ်တာ။ ခုလည်း ငါ့ကိစ္စနဲ့ငါလာရင်း ချစ်ခြင်းနဲ့တွေ့တာ''

''ယုံအောင်လည်း ပြော၊ ဒီနေ့ ပြန်မယ့်ရက်ဆိုတာ သိလို့လာတာမဟုတ်လား။ အံ့ရော ... ကိုယ့်အိမ်မှာ ဒီလောက်အလုပ်တွေ ရှုပ်နေတဲ့ကြားက''

''ဟ ... ဒါ ဘာအံ့ဩစရာရှိသလဲ။ ကမ္ဘာဦးအစကတည်းက ငါတို့ယောက်ျားတွေဆိုတာ မျှော်တဲ့အမျိုးမှမဟုတ်ဘဲ စိုက်စိုက်လာတဲ့ အမျိုးလေ။ ဒီကိစ္စထက် ဘယ်ကိစ္စမှ အရေးမကြီးဘူး''

လင်းပိုးအိမ် ကွယ်ဝှက်မနေချင်တော့ပါ။ အခြေအနေက ကိုယ့်ရှေ့မှ မားမားမတ်မတ် ရပ်ရတော့မည့်အခြေအနေ။

ကဲ ဘာဖြစ်သေးလဲ။ မဏ္ဍပ်တိုင်ဖက်ပြီရတော့ရော ဘာအရေးလဲ။ သူ ဝန်ခံလိုက်သဖြင့် သဲနုခိုင် ပါးစပ်ပိတ်သွားသည်။

ချစ်ခြင်းဝတ်မှုန် ဘာစောဒကမှ မတက်နိုင်တော့ပါ။ ငြင်းချက်ထုတ်လည်း ယုံကြမှာမဟုတ်ဘူးလေ။

သူမတော့ ဆွမ်းခံရင်း ငှက်သင့်တာလား။ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်သွားတာတော့အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဝတ်မှုန် ကိုယ့်နေရာမှာ ကုပ်ကုပ်လေးထိုင်ရင်း ရထားထွက်လာတော့ ပြတင်းမှတစ်ဆင့် ရထားလမ်းဘေး ရှုခင်းတွေ ကြည့်လိုက်လာခဲ့သည်။

နေထွက်သည့် ရှုခင်းရော၊ ကျေးလက်ရှုခင်းတွေပါ သူမ ငေးကြည့်နေခဲ့သည်။

လင်းပိုးအိမ်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ချစ်ခြင်းကိုသာ စကားတွေ တီးတိုးပြောလျက်။

ဟို (၃) ယောက်ကလည်း သူမတို့ (၂) ယောက်ကိုသာ မျက်ခြေမပြတ်ကြည့်နေကြလေ၏။

"ချစ်ခြင်းရယ်၊ တစ်နေ့ကျရင် လက်ထပ်မယ့်အတူတူ ကျွန်တော့်ကိုပဲ စဉ်းစားပါလားဗျာ"

"ရှင်နော်၊ သူများတွေက အထင်အမြင်သေးနေရတဲ့ ကြားထဲ ရှိုးရိုးသားသားနေစမ်းပါ"

"ချစ်ခြင်းမေတ္တာဆိုတာ ကောက်ကျစ်စဉ်းလဲတဲ့အရာမှ မဟုတ်တာဗျာ။ ချစ်ခြင်းရဲ့ချစ်ဦးသူဆိုတာကြီးကိုလည်း မေ့လိုက်ပါတော့"

"ရှင် သူ့ကို ဘာမှထည့်ပြောစရာမလိုဘူး။ အဲဒါ ကျွန်မရဲ့ ဂုဏ်ထူးဆောင်ချစ်သူရှင့်။ တစ်သက်လုံး တမြတ်တနိုး ချစ်သွားမှာ"





"သူကရော ချစ်ခြင်းအပေါ်မှာကောင်းလို့လား"

"ချစ်ခြင်းမေတ္တာဆိုတာ ဘာနဲ့မှတိုင်းတာစရာမလိုဘူး"

"ဘာပဲဖြစ်ဖြစ်ဗျာ။ သူ့ကို ပြတိုက်ထဲပို့လိုက်ပါတော့။ လက်တွေ့ဘဝနဲ့ အံမဝင်၊ ခွင်မကျပါ"

"ဒါ ရှင်ပြောစရာမလိုပါဘူး။ ရှင်နဲ့ကျွန်မ စကားတွေ များမနေချင်ဘူး။ ဟိုမှာ သဲနုခိုင်တို့ ကြည့်နေကြတယ်"

"ကြည့်ကြည့်ပေါ့။ ဘာအရေးစိုက်စရာလိုသလဲ"

"ဘာပဲဖြစ်ဖြစ် ရှင် ဣန္ဒြေရရနေသင့်တာပေါ့"

"ဣန္ဒြေရရ နေတာပဲလေ။ ကျွန်တော် ချစ်ခြင်းကို မဖွယ်မရာမလုပ်ပါဘူး"

"ရှင်နော် . . . ပြောပုံကိုက တော်ပြီ"

ချစ်ခြင်းဝတ်မှုန် သူ့အနားမှာနေရမှာ လိပ်ပြာမလုံသည်မို့ ရှေ့မှအဒေါ်ကြီးနှင့် နေရာလဲထိုင်တော့ သူကလည်း ခပ်တည်တည် အဒေါ်ကြီးဘေးမှ ကောင်လေးနှင့် နေရာလဲသည်ပါပဲ။ ပြီး စကားနှာထိုးလိုက်သေး၏။

"ဆရာမနော် . . . ကိုယ့်ဘာသာ ဣန္ဒြေပျက်အောင်လုပ်နေ တာ။ ကိုယ့်လူနဲ့ကိုယ်မနေဘဲ ဘာသူများနဲ့ တွဲချင်နေရတာလဲ"

"တော်ပြီ . . . ရှင် ငြိမ်ငြိမ်နေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ"

သူကတော့ ရယ်ရယ်မောမောနှင့် ပေါ့ပေါ့ပါးပါး၊ သဲနုခိုင်တို့ ယမင်းခင်တို့နှင့် စကားတွေ လှမ်းပြောလို့၊ စကားလုံးတွေကတော့ ဆူးလှည်းကြီးလို ဟိုငြိ သည်ငြိ။ ရထားပေါ်မှာ သူတို့ချည်းပဲ ရှိနေကြသည့်နှယ်။

"ကိုလင်း အခြေအနေက အိုကေပြီလား"

"အိုကေပြီ ထင်တာပါပဲဗျာ။ သူ့ကိုချစ်ရေးဆိုရတာလည်း ချောတိုင်တက်နေရသလိုပါပဲ။ အပေါ်ရောက်လိုက်အောက်ပြန်ကျလိုက်ပဲ။ ဘယ်တော့မှ အောင်ပန်းဆွတ်ခူးနိုင်မယ်မသိဘူး"

"အဲဒါ မာယာလို့ခေါ်တယ်ရှင့်။ မိန်းမသားတွေရဲ့မာယာတစ်သိန်း အပလိမ်းအနန္တဆိုတာ မကြားဖူးဘူးလား"

"ကြားဖူးတယ် မမြင်ဖူးဘူး"

"ဒါဆို ရှင် လေ့လာလိုက်ဦး။ မလေ့လာဘဲ သွားစမ်းရင်တော့ ရှင် ကဝေသည်နဲ့တွေ့တဲ့လူလို ကျွမ်းထိုးမှောက်ခုံလိမ့်ကျသွားလိမ့်မယ်"

"ကျစမ်းပါစေဗျာ၊ ကျချင်လွန်းလို့ ခက်နေတာ"

"အိမ်ထောင်ကျမှာ ပြောနေတာမဟုတ်ဘူးရှင့်။ ကျွမ်းထိုးမှောက်ခုံ ပစ်ကျမှာကိုပြောတာ"





သူရော ဆရာမတွေပါ ရယ်မောနေကြလျှင် ချစ်ခြင်းစိတ်ထဲ ဖျဉ်းခနဲ ခံစားလိုက်ရသည်။ သူတို့ ငါ့ကို မလေးစားကြလို့၊ အလေးမထားကြလို့ ပြောဆိုတိုက်ခိုက်နေကြတာပဲ။

ကိုယ်က လူလိမ္မာမို့အမျက်မထွက်ပေမယ့် ပုထုဇဉ်ပီပီရင်ထဲမှ မခံမရပ်နိုင်သည့်စိတ်တွေက ဆပ်ပြာပူပေါင်းလိုတဖောက်ဖောက်ကွဲနေပြီ။

သူမ အားတင်းပြီးထားရင်း နေရာမှထရပ်လိုက်တော့သူ့အသွင်က ပျာပျာသလဲ။

"ဘယ်သွားမလို့လဲချစ်ခြင်း"

"ဩော် ... ကျွန်မ အပေါ့အပါးသွားမလို့ပါ"

ကိုယ့်အိတ်ပါယူသွားလျှင် သူ ကဖျက်ယဖျက်တွေ လုပ်နေမှာစိုးလို့ သူမ လူချည်းပဲ သွားလိုက်သည်။ သူက စိုးရိမ်တကြီးလှမ်းကြည့်နေသဖြင့် ချစ်ခြင်း အိမ်သာထဲသို့ ခေတ္တဝင်လိုက်ရသည်။

နောက် ဖျတ်ခနဲထွက်ကာ တစ်ဖက်ရထားတွဲသို့ ကူးသွားလိုက်သည်။ အားပါးတွဲပင် (၃) တွဲပါလာသည်မို့ နောက်ဆုံးတွဲထိ ချစ်ခြင်း တိုးဝှေ့ပြီးကူးသွားလိုက်သည်။

ရထားတွဲတွေက တစ်တွဲနှင့်တစ်တွဲ ကူးသွားလို့ရပါသည်။ နောက် ရိုးရိုးတွဲ၏နောက်ဆုံးထောင့်လေးမှာ သူမ ကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်ပါသည်။

အမြန်ရထားဆိုပေမယ့် ရိုးရိုးတန်းတွဲများမှာ ကုန်တွေ တင်ကြသဖြင့် သူမ ပုန်းနေသလိုမျိုး နေလို့ရနေသည်။

ချစ်ခြင်းဝတ်မှုန်ဆိုတာ လောကကြီးထဲမှာ အေးဆေးပဲ နေချင်သူပါ။ စာလေးတွေရေး၊ ကဗျာလေးတွေရေးပြီး ကိုယ်ဖတ်ချင်သည့် စာတွေ ပေတွေကို ဖတ်ချင်သည်။

လူဆိုတာ လူ့တာဝန်ဝတ္တရားအရ အသက်မွေးဝမ်းကျောင်းမှုအတွက် ကျောင်းဆရာမလုပ်ပြီး တပည့်တွေကို စာသင်ဆုံးမသွန်သင်၊ အလုပ်တာဝန်ဝတ္တရားတွေ လုပ်နေရတာနှင့်ပင် အလုပ်တွေရှုတ်လှပါပြီ။

အိမ်ထောင် သားမွေးမှုကို အပိုအလုပ်လို့ မခံယူပေမယ့် မဖြစ်မနေ ကြိုးပမ်းထမ်းရွက်ရမည့်အလုပ်လို့လည်း မခံယူပါ။

လောကကြီးထဲမှာ အပျိုကြီးတွေမှအများကြီး။

အချစ်နှင့် ကြုံတွေ့လို့ လက်ထပ်လိုက်ရတာကို အပြစ်လို့ မယူဆမိပေမယ့် မချစ်ဘဲ လက်ထပ်တာမျိုးတော့လိုကို မလိုအပ်။

လင်းပိုးအိမ်ကို သူမ ခင်သလိုလိုပဲရှိသည်။ အားနာပါးနာနှင့်တော့ ကိုယ့်ဘဝကို ထိုးမကျွေးနိုင်။ လက်လည်းမထပ်နိုင်ပါ။





အိမ်ထောင်သားမွေးအလုပ်ဆိုတာ အချစ်သာမပါလျှင် တော်တော့်ခက်ခဲကြမ်းတမ်းသည့် ခရီးခဲကြီးတစ်ခုပါ။

ကိုယ်က အလုပ်မရှိ၊ အကိုင်မရှိ၊ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ မို့ဆိုလျှင်လည်း ထားပါတော့။

ဆရာအောင်ဝေးရဲ့ ကဗျာတစ်ပုဒ်ထဲကလို အိမ်ထောင်ပြုခြင်းဟာ မိန်းမအချို့ရဲ့ စီးပွားရေးဆိုသလို။

သူဌေးတစ်ယောက်ကိုကောက်ယူပြီး သူ့တိုက်ပေါ်တက်နေ၊ သူ့ကားကိုတက်စီး၊ သူ့ငွေတွေ နှိုက်သုံးတာမျိုးလည်း ချစ်ခြင်းဝတ်မှုန်တို့က ဝါသနာမပါ။

တစ်ကိုယ်တည်း အပျိုကြီးလုပ်ပြီး ကိုယ့်ရဲ့ဂုဏ်ထူးဆောင်ချစ်သူကို တစိမ့်စိမ့်လွမ်း၊ ကိုယ်ဝါသနာပါသည့် စာတွေ၊ ကဗျာတွေရေး၊ စာပေနှင့်မွေ့လျော်။

အတွေးနှင့်ပင် စိတ်ချမ်းမြေ့ရသည့်ဘဝပါပဲ။

လက်တွေ့ကျကျဘဝကို ရင်မဆိုင်ရဲလို့တော့ မဟုတ်။ ချစ်ရသူနှင့်ဆိုလျှင်တော့ သီချင်းထဲကလို နွေကန္တာခရီးကြမ်းလည်း လှမ်းရဲပါတယ်၊ ခရောင်းကြမ်းလည်း သွားရဲပါတယ်။

အဲ . . . မချစ်တဲ့သူနှင့်ဆိုလျှင်တော့ ဘဝဟာ တကယ့်ကို ကန္တာရ ခရီးခဲ ခရီးကြမ်းကြီး ဖြစ်နေမှာ အသေအချာ။

ချစ်ခြင်းဝတ်မှုန်ရဲ့မိတ်ဆွေ သူငယ်ချင်းမလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရင်ဖွင့်ခဲ့သလို –

"အမယ်လေး ချစ်ခြင်းရယ် . . . အိမ်ထောင်များပြုဖို့ မစဉ်းစားပါနဲ့။ သူ့များအမြင်မှာ သူက အရာရှိကြီး၊ ငါက အရာရှိကတော်။ ဒါပေမဲ့ . . . တကယ့်လက်တွေ့ဘဝမှာကျ သူလည်း အလုပ်နဲ့၊ ငါလည်း အလုပ်နဲ့။ အိမ်ဖော်လည်း ဖယောင်းရုပ်မှာစိုးလို့ မငှားရဲဘူး"

"ကလေးနှစ်ယောက်တာဝန်နဲ့ဆိုတော့ မနက် (၄) နာရီ လောက်ထဲကထပြီး ချက်၊ ပြုတ်၊ ဖွပ်လျှော်။ ငါ့ကိုယ်ငါ သနားလိုက်တာ။ သနားလိုက်တာ။ အပျိုဘဝတုန်းက ယောင်လို့တောင် မတွေးမိခဲ့တဲ့ အိမ်ထောင့်တာဝန်တွေနဲ့ပိပြီး လူက မလှုပ်နိုင်တော့ဘူး။ ဒါတောင် သူက ဂုဏ်မြင့်သူမို့ ဂုဏ်နိမ့်တဲ့ငါ့ကို လူရှေ့ သူရှေ့မရှောင် အော်လိုက် ဟစ်လိုက်၊ နိုင်စားလိုက်တာတွေ မပါသေးဘူး"

"နင်တို့တွေ ချစ်လို့ယူကြတာမဟုတ်လားဟယ်"

ချစ်ခြင်းက အားမလို အားမရ ဝင်ထောက်မိတော့ သူ့အသံက ပိုပြီးကျွတ်ကျွတ်ညံသွားတယ်။

"အမယ်လေး ငါညံ့တာ။ ငါညံ့တာ။ အပျိုဘဝက သူ့အပြော သူ့အယုအယတွေကို တစ်သက်လုံးခံမယ့် သရဖူအစစ်ကြီးမှတ်ပြီး လက်ထပ်လိုက်မိတာ။ အခုကျ သူ့အချစ်က ရွှေရည်





စိမ်ကြီးပဲ။ အိမ်ထောင်သက်ရလာလေ ဒုက္ခတွေ့လေပဲ။ နင် အိမ်ထောင်ပြုဖို့ လုံးဝမစဉ်းစားနဲ့"

"နင်ယူပြီးတာနဲ့ သူ့များကို လိုက်တားနေတယ်။ ငါလည်း ကိုယ့်ချစ်သူနဲ့သာဆို ဒုက္ခတွေခံလိုက်ချင်ပါသေးတယ်"

"မိုက်ရူးရဲမဆန်စမ်းပါနဲ့ဟာ။ နင် တစ်နေ့လောက် ငါ့ ဒုက္ခတွေကို လက်တွေ့လာပြီးကြည့်စမ်းပါ။ ငါ စေတနာနဲ့ တားနေတာ။ 'ကလေးကငို သေးကစို၊ ဒန်တိုကပျောက် လင်ကဒေါက်' ဆိုတဲ့ ရှေးဟောင်းစာချိုးလိုပါပဲ။ တကယ် တကယ် စိတ်ကုန်တယ်"

"နင်က ကပ်စေးနဲ့နေသေးတာကိုး။ အိမ်ဖော်လေး ဘာလေး ငှားပါလား"

"အံမယ် . . . မရွှေချစ်ခြင်းဝတ်မှုန်ရယ်၊ သူ့လစာနဲ့ ငါ့လစာပေါင်းမှ (၅) သိန်းလောက်ရတာ။ အိမ်လခ၊ ကလေးစရိတ်၊ စားစရိတ်၊ ဝတ်စရိတ်။ ဒီကြားထဲ သူက လစာအကုန်အပ်တာ မဟုတ်ဘူး"

"ကဲ . . . တော်ပါတော့ဟယ်။ ငါ နင်မပြောလည်း ယောက်ျားမယူချင်ပါဘူး။ အလကား အံပိုအလုပ်တွေ"

ဒီလို ဒီလို ပြောဖြစ်ခဲ့သည့် စကားတွေ။

ယခုလည်း လင်းပိုးအိမ်တစ်ယောက် သူမကို ကျွားပိန်



www.burmeseclassic.com

www.burmeseclassic.com



တွယ် တွယ်နေပြီး တောက်တဲ့ကစ် ကပ်နေတာကို စိတ်ပျက်မိသည်။

သူမက စိတ်မပါပေမယ့် အခြေအနေကွေကမလှုပ်သာ။ လူတကာရဲ့တံတွေးခွက်မှာ ပက်လက်မျောနေရပြီထင်ပါသည်။

ကိုယ်ကောင်းလျှင် ခေါင်း ဘယ်မရွှေ့ဆိုပေမယ့် ပတ်ဝန်းကျင်အနေအထားကြောင့် သူမမှာ အလိုလိုနေရင်း မာယာကဝေမကြီးဖြစ်နေရပေပြီ။

ဆေးတံတိုကဗျာလေးလိုပါပဲ။

မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်ပြန်က ကြိုက်လို့ထင်ဆိုသလို။

သူမ လင်းပိုးအိမ်ရဲ့အချစ်ကိုလက်ခံလျှင်လည်း သူ့ငွေမို့မြူဆွယ်ဖြားယောင်းပြီး ဆွဲစေ့တယ်လို့ပြောကြမှာဖြစ်ပြီး –

ယခုလို ရှောင်ခွာပြေးနေတော့လည်း မာယာကဝေသည်မကြီး သားကောင်ကို မျှော့နေအောင် ပြုစားနေသည်လို့ ပြောကြမှာမလွဲ။

ဘယ်ဘက်ကမှ မလွတ်နိုင်သည့် ဇာတ်လမ်းတစ်ပုဒ်ကို သူမ အဝေးဆုံးမှရှောင်နေတာပဲကောင်းသည်။

ဟင်းသီးဟင်းရွက်တောင်းတွေ၊ ကုန်တွေနှင့် ပြည့်နေသည့် ကုန်တွဲလိုဖြစ်နေသည့် တွဲထောင့်မှာ သူမ ငြိမ်ငြိမ်လေး





ဝပ်နေလိုက်မည်။

သည်လိုပဲ ရှခင်းကြည့်ရင်း ငေးရင်း မောရင်း မိုက်ဆာတော့လည်း ဝယ်စားမှာပေါ့။ သူမ၏အန္တရာယ်ဆည်အိတ်ထဲမှာ ငွေ (၅) ထောင်လောက်ပါသေးသည်။

တခါတော့ ချစ်ခြင်းဝတ်မှုန် စိတ်ချမ်းသာနေမိသည်။ တဖြည်းဖြည်း လင်းချင်းလာသည့် လောကကြီးထဲမှာ တစ်ယောက်တည်း တွေးချင်ရာတွေး၊ ငေးချင်ရာငေးရင်း သူမ၏ စိတ်တွေက လွန်ခဲ့သော (၅) နှစ်ကျော်ကာလကို ပြန်ရောက်သွားလိုက်။

ခဏကြာတော့ သူမ အပူအပင်ကင်းမဲ့စွာနှင့်ပင် ဈေးရောင်းသည့် ခရီးသည်အဒေါ်ကြီးတွေ၏ကြားမှာ အိပ်ပျော်သွားခဲ့သည်။

*

ရထားကတလှုပ်လှုပ်မို့ ချစ်ခြင်းဝတ်မှုန် အိပ်မက်ထဲမှာ ကလေးလေး ပြန်ဖြစ်နေခဲ့သည်။ မေမေက သူမရဲ့ပုခက်ကို လွှဲပေးနေ၏။

အံမယ်. . . သားချော့တေးလေးတစ်ပုဒ်ကိုတောင်ဆိုလို့။



www.burmeseclassic.com

www.burmeseclassic.com



မေမေဆိုနေတဲ့သီချင်းက သားချော့တေးအစစ်မဟုတ်ဘဲ ဆရာရေးဖွဲ့ခဲ့ဖူးသည့် ကဗျာလေးတစ်ပုဒ်။

"သွေလဲ သခင့်ရုပ်လွှာပြယ်ကာမလွင့်သလို
မေလည်း ဝဋ်တုံ့ကြမ္မာ မလည်ပါစေနှင့်ကွယ်"
ဆိုတဲ့ကဗျာ။

အမေက ခွေးခွေးမြည့်မြည့် ရွတ်ဆိုနေသလို သူမကလည်း မျက်ရည်တွေ တပေါက်ပေါက်စီးကျလို့။

လွမ်းလိုက်တာဆရာရယ်။

မပီပြင်ခဲ့တဲ့ အချစ်တစ်ခုကို အသက်ထက်ဆုံး ရာသက်ပန် လွမ်းဆွတ်ကြေကွဲရင်း တမြည့်မြည့်သတိရနေရတာ။

ချစ်ခြင်းကို မိုက်မဲတယ်လို့ဆိုရင်လည်း ခံယူလိုက်မှာပါ။ မိုက်တယ်ပဲထားလိုက်ပါတော့လေ။

သူမ တကယ်ပဲ မျက်ရည်တွေနှင့် ရှိုက်ငင်နေမိဆဲ ညင်သာစွာ လှုပ်နိုးနေမှုကြောင့် ချစ်ခြင်း လန့်နိုးသွားရသည်။

"လင်းပိုးအိမ်"

တူတူပုန်းသလို ရထားတွဲကြီးထဲမှာ ကုန်ပစ္စည်းတွေရဲ့နောက်မှာ နေတာတောင် သူ ရှာတွေ့ခဲ့တာပါပဲ။

"ချစ်ခြင်းရယ် သူစိမ်းတွေကြားမှာ ဘယ်လိုစိတ်ကူးနဲ့များ စိတ်ချ လက်ချ လာပုန်းနေ၊ အိပ်နေရတာလဲဗျာ"





သူ့အသံက ခွေးခွေးမြည့်မြည့်။

သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေက ရစ်ခွေယှက်သန်းလျက်။

"ကျွန်မ စိတ်ညစ်လာလို့ပါ။ ရှင်ရော သူတို့ရော ကျွန်မကိုရှေ့ထားပြီး စကားလုံးတွေနဲ့ စော်ကားနေကြတာ ကျွန်မရှင့်ကိုရော သူတို့တွေနဲ့ရော မတွေ့ချင်ဘူး။ မျက်နှာချင်းမဆိုင်ချင်ဘူး မုန်းတယ်"

"ဆောရီးပါ ချစ်ခြင်းရယ်၊ ကျွန်တော့်ဘဝက မိုးမမြင်လေမမြင် အရူးအမူးဖြစ်နေရပါပြီ။ ချစ်ခြင်း ကျွန်တော့်ကို မုန်းချင်မုန်းပါ။ သူတို့ကိုတော့ မမုန်းပါနဲ့။ မိန်းမဆိုတာ ဒီလိုပါပဲ။ မနာလိုတတ်၊ မစ္ဆရိယစိတ်တွေ များတတ်ကြတယ်။ တစ်ကျောင်းထည်း အတူနေကြရမှာမို့ ရန်သူတွေမဖြစ်စေချင်ပါဘူး"

"ရှင် တရားချနေစရာမလိုပါဘူး။ ကျွန်မက ရွှေမှုန်တွေပြီး မွေးဖွားလာတဲ့ ရွှေဘုံစံမင်းသမီးတစ်ပါးလည်း မဟုတ်ဘူး။ လူ့လောကကြီးထဲမှာပဲ ပြည်သူ (၅၁) သန်းနဲ့အတူ ဒုက္ခသုခတွေနဲ့ ရုံးထွေးပြီး ကြီးပြင်းလာခဲ့တဲ့ သာမန်ပြည်သူ တစ်ယောက်ပါ"

"လောကအကြောင်းလည်း နားလည်တယ်။ လောကဓံအကြောင်းလည်း ခံစားဖူးပါပြီ။ လူတွေကို နားလည်မှုတွေ ပေးရ



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ကျွန်မ နှလုံးသားတွေ ထုံကုန်ပြီ။ မခံစားတတ်တော့ဘူး''

''တောင်းပန်ပါတယ် ချစ်ခြင်းရယ်၊ ချစ်ခြင်းကို စော်ကားဖို့ မရည်ရွယ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ခံစားချက်တွေ ပြည့်နှက်နေခဲ့လို့ပါ''

''ထားပါတော့လေ၊ ဒါပေမဲ့ လောလောဆယ် ကျွန်မ ဒီကပဲ ရထားစီးမယ်။ ရှင်သွားတော့''

''ချစ်ခြင်းရယ် ... ကျွန်တော် စိတ်မချဘူး''

''အပိုတွေမပြောနဲ့။ ဘာမှ စိတ်မချစရာ မရှိဘူး။ ဒါ မြန်မာပြည်။ အလင်းရောင်အောက်မှာ ဘာမှ မဖွယ်မရာမဖြစ်ဘူး။ ကျွန်မမှာလည်း နားကပ်လေးတစ်ရန်ပဲရှိတာ။ ရွှေတွေ၊ ငွေတွေလည်း သူများမျက်စိကျစရာမရှိဘူး''

''ရွှေငွေပါလို့ စိတ်မချတာမဟုတ်ဘူးဗျ။ လူကို စိတ်မချတာ''

''ဒီနားမှာ အဒေါ်ကြီးတွေချည်းပဲ။ စိတ်မချစရာမရှိဘူးရတယ်''

လင်းပိုးအိမ် ခေါင်းကုတ်နေရသည်။ ရထားက တစ်ဘူတာပြီးတစ်ဘူတာ ရပ်လိုက် သွားလိုက်။ လူတွေကလည်း တက်လိုက် ဆင်းလိုက်။





ရိုးရိုးတန်းတွဲဆိုတာ လူပေါင်းစုံ အလွှာပေါင်းစုံ တိုးဝှေ့စီးသည့်နေရာ။ ယခုပင် ယောကျ်ားတွေ မိန်းမတွေ အများအပြားတက်လာကြပေပြီ။

လင်းပိုးအိမ် ချစ်ခြင်းကို ချော့မနေနိုင်တော့ပါ။ လက်ကို ညင်သာစွာဆွဲပြီး တောင်းပန်ရှင်းပြရ၏။

''ချစ်ခြင်းရယ် ... ကလေးမဆန်စမ်းပါနဲ့ဗျာ။ ဒီလိုပဲ ရေလိုက် ငါးလိုက်နေသွားပါ။ သူတို့နဲ့ ရောလျှောက်ပြီး တွေ့နေရဦးမှာပဲလေ။ အခု သူတို့ကို ရှောင်နေမယ်ဆိုရင် အကျည်းတန်သွားမှာပေါ့''

''ကျွန်မ ဘာကိုမှ ဂရုမစိုက်ဘူးရှင်။ အစကတည်းက ကျွန်မစရိုက်က တစ်ကိုယ်တော်နေထိုင်ခြင်းမျိုး''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ ဂရုစိုက်လိုက်ပါဗျာ''

''ဒါဆို ကျွန်မ ရှင်နဲ့အတူ မထိုင်ဘူး။ သူတို့နဲ့ သွားထိုင်မယ်''

လင်းပိုးအိမ် ချစ်ခြင်းကို လက်ဆွဲပြီး နဂိုနေရာရောက်အောင် ပြန်ခေါ်ခဲ့ပါသည်။ နောက် သူမ၏ တောင်းဆိုချက်အတိုင်း သဲနုခိုင်နှင့် နေရာချင်းလဲပေး၏။

သူနှင့် သဲနုခိုင်ကတစ်ခုံ။ သူမက ယမင်းခင်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးတိုင်သည်။

တစ်လမ်းလုံး လင်းပိုးအိမ် သူတို့ (၄) ယောက်ကို ရေပူရေချမ်းကမ်းလှမ်းပြီး စောင့်ရှောက်ခေါ်ငင်လာခဲ့သည်။

ချစ်ရသူ၏ စိမ်းကားမှုကြောင့် လင်းပိုးအိမ်ရင်ထဲ ကြေကွဲနာကျင်ရသည့် နေ့တစ်နေ့ပါ။

* * *



## အခန်း (၁၈)

အခြေအနေတွေက မှန်တိုင်းမလာခင် လေပြည်ညင်း တိုက်ခတ်သလိုလား။

ဒေါ်သစ္စာမွန်၏မွေးနေ့ပွဲမှာ တစ်မြို့လုံးကို ကြေငြာသလို ဖြစ်ခဲ့ရသည့်ကြောင့် အများသတ်မှတ်ထားတာက လင်းပိုးအိမ်နှင့် ချစ်ခြင်းဝတ်မှုန်ဆိုသည့် ဆရာမလေးတို့ ချစ်နေကြပြီဟာ။

သူမ တော်တော်စိတ်ပျက်နေပါသည်။

ဖိအားတွေက အများအပြား။

လောကကြီးမှာ ကိုယ်ကောင်းပေမယ့် ခေါင်းရွှေ့ရတော့ မလို။ ချစ်ခြင်းကတော့ ခေါင်းအရွှေ့လည်းမခံ။ ကိုယ်ရွှေ့တာ လည်း မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်းပိုးအိမ်နှင့် အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေဖို့ သန္နိဋ္ဌာန်ချထားသည်။

သူမ အရင်လိုပဲ စိတ်လွတ်ကိုယ်လွတ် နေချင်သည်။ နေဝင်ချိန်ဆည်းဆာလေးတွေ၊ အိပ်တန်းပျံငှက်ကလေးတွေ၊ တိမ်မှာလေးတွေ၊ နောက် မြစ်ရေစီးဆင်းပုံနှင့် မြစ်ထဲမှ တံငါလှေလေးတွေ၊ သဘော်၊ မော်တော်တွေ သွားနေတာတွေကို ငေးချင်ရာ ငေးမည်။

ကဗျာလေးတစ်ကြောင်းတလေ ရချင်လည်းရမည်။ တစ်ပိုဒ်တလေ ရချင်လည်းရမည်။

ယခုဆို သူမ မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေတောင် ပို့ကြည့်နေပြီ။ ပါလာခဲ့ပြီ။

ကိုယ်က စာကဗျာ အနုပညာတွေကို တစိုက်မတ်မတ် အနှောင်အဖွဲ့ကင်းကင်းနှင့် လုပ်ချင်နေကာမှ အချစ်ရေးတွေ၊ လူမှုရေးတွေက အနှောင့်အယှက်အဖြစ် ဝင်လာနေ၏။

အနုပညာရှင်တွေ အိမ်ထောင်မပြုရဘူးလို့ ပညတ်ချက် မရှိပေမယ့် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အိမ်ထောင်ရေးကြီးကိုတော့ ချစ်ခြင်း မတည့်ဆောက်ချင်။

ယခုဆို ကျောင်းမှာ ဆယ်တန်းအောင်ချက်၊ ရှစ်တန်းအောင်ချက်တွေ ကောင်းရေးအတွက် ညစာကျက်ဝိုင်းတွေလုပ်





တော့မည်။ စာမေးပွဲကြီးနီးပြီလေ။

မိဘနှင့် ဆရာ၊ ကျောင်းသားအပြိုင် မြို့မိ မြို့ဖတွေပါ ဝိုင်းဝန်းကူညီလုပ်ဆောင်ရတာ ထုံးစံ။

ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ (၃) လလုံးလုံး ညစာကျက်ဝိုင်းတွေလုပ်ကြမည်။ ညနေ (၆) နာရီမှ (၁၀)နာရီအထိ။

သည်အခါ အတက်ကြွဆုံး၊ စိတ်အပါဆုံး မြို့မိမြို့ဖက လင်းပိုးအိမ်တို့သားအဖပါ။ ဦးလင်းနောင်က လိုအပ်သည့်ငွေကြေးကို ပံ့ပိုးသလို လင်းပိုးအိမ်က ညတိုင်းလာပြီးစောင့်ရှောက်ဖို့ တာဝန်ယူ၏။

ကျန်သည့် မြို့မိမြို့ဖတွေက အလှည့်ကျလာပြီး စောင့်ရှောက်မှာပေမယ့် လင်းပိုးအိမ်ကတော့ ဒိုင်ခံ၊ ဒိုင်အိပ်၊ ဒိုင်စား။

သည်အခါ သူ့အပင်ပန်းခံပြီး လုပ်ပေးနေပေမယ့် လူတွေကတော့ လျော်ချင်ချင်၊ ပြုံးချင်ချင်။

လျောင်လည်းလျောင်ချင်စရာလေ။ သူ့စေတနာတွေကလည်း အရောရော အထွေးထွေး။ အများအမြင်မှာ ဒွေးရောယှက်တင်။

မစွန်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ။ သူ့ခမျာ ကုန်လည်ကုန်သေး၊ သူများအပြောလည်း ခံရတော့မလို့ ငပေါကြီးဖြစ်နေရတာ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ချစ်ခြင်းဝတ်မှုန် လင်းပိုးအိမ်ဘက်က နာရ ဖြန်သည်။

သူမက လင်းပိုးအိမ်ကို စကားမပြော ဂရုမစိုက်သည့်မှု ကို ကျင့်သုံးနေသဖြင့် သူ့ကို ဘယ်လိုသတိပေးရမှန်းမသိ။

လင်းပိုးအိမ် အချစ်ရူး ရူးနေတာကို မုန်းသည်။ ယောကျ်ားပဲ ယောကျ်ားမာနထားပေါ့။ ကိုယ့်ကိုမချစ်သည့်မိန်းမ တစ်ယောက်အတွက် ဘဝကိုပေးဆပ်နေစရာမလို။

သူများလှောင်စရာ ပြောင်စရာဖြစ်အောင် မနေနဲ့ပေါ့။ သူမ ဘယ်လိုသတိပေးရမလဲ။

Viber နဲ့ပြောရမလား။ message ပို့ရမလား။ ဖုန်းပြော လို့တော့မဖြစ်။

သူမတို့ကျောင်းမှာ ကျောင်းချိန်အတွင်း ဖုန်းမပြောရ။ ဖုန်းမကိုင်ရပါ။ မနက်မှ ည (၁၀) နာရီအထိပေါ့။ နေ့လယ် ကျောင်းဆင်းချိန် (၁) နာရီနှင့် မနက်စောစော ညဘက်ပဲ ဖုန်း ပြောလို့ရသည်။

သို့သော် ကိုယ်က သူ့ကို စကားမပြော၊ ဖုန်းမပြောသည့် မှုကို ကျင့်သုံးနေတာ။ ခေါ်လည်းမခေါ်။

ယခုကျ သူ့ကို လူတွေက ကွယ်ရာမှာ လှောင်ချင်နေကြ တာ၊ ရယ်ပွဲဖွဲ့ချင်နေကြတာကို ချစ်ခြင်း မခံမရပ်နိုင် ဖြစ်နေရ





သည်။ သူ့ကို ဘယ်လိုလုပ်ရမှန်းမသိ။

သည်နေ့ညနေလည်း (၆) နာရီထိုးသည်နှင့် ဆိုင်ကယ် နှင့် ဝတ်စုံပြည့်ပေါက်ချလာတာ လင်းပိုးအိမ်ပါ။

ကျောင်းရဲ့ဝင်ပေါက်မှာ အလုပ်ကျ မိဘနှစ်ဦး၊ မြို့မိမြို့ဖ တစ်ဦးနှင့်အတူ သူကတော့ ပင်တိုင်အမာခံ မြို့မိ မြို့ဖ။

ကျောင်းရဲ့ဂိတ်ဝက ချစ်ခြင်းတို့အိမ်နှင့် သိပ်မဝေးတာမို့ သူတို့စကားကျယ်ကျယ်ပြောလျှင် ကြားရသည်။

"ဘယ်လိုလဲ ကိုလင်းရဲ့။ လျှောက်ပြန်သံပေး ခြေအေး ဝမ်းယောင်အဆင့်က မတက်သေးဘူးလား"

"ခင်ဗျားကတော့ ဒီကျောင်းမှာ (၂၄) နာရီတာဝန်ပေး ရင်တောင် ဝမ်းပန်းတသာ ကြိုဆိုမယ့်လူ"

"ခုနေ ခင်ဗျားသေသွားရင် ဒီကျောင်းမှာပဲ အစောင့် ဖြစ်နေလိမ့်မယ်။ သိပ်လည်း အစွဲအလန်းမကြီးပါနဲ့ဗျာ။ ကိုယ့် စိတ်ကိုယ် လျှော့ပါ"

တစ်ယောက်တစ်ပေါက် စကားတွေက သူ့ဘက်က လို သလိုလို၊ လှောင်သလိုလို။ ချစ်ခြင်းဝတ်မှုန် ကိုယ့်အိမ်ပေါ်မှ ဆင်းလာပြီး ကျောင်းသို့ လျှောက်သွားတော့ သူတို့အနားမှ ဖြတ် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းမို့ အလှအပထက် နွေးထွေးဖို့ကို ဦးစားပေးရသည်။ ချစ်ခြင်းဝတ်ထားတာက ချည်လုံချည်နှင့် အပေါ်မှ ဆွယ်တာခေါင်းစွပ်အပြာ။ အဲဒီအပေါ်မှာမှ ဂျာကင်ထပ်ဝတ်ထားသည်။ ဂျာကင်က အနက်ကွက်။

မျက်နှာလေးပဲပေါ်နေတော့ ဖြူနုသည့် မျက်နှာလေးက ဝင်းဝင်းပပ။ သူများတွေလို ဘာမှလည်း အလှမပြင်သည့် မိန်းကလေးပါ။

အသားမပတ်အောင် cream တစ်ခုလိမ်းထားရုံ။

သူမကို လင်းပိုးအိမ် ငေးကြည့်နေပုံက ခွေးခွေးမြည့်မြည့်။ တကယ်လည်း ငေးကွာနေကြတာပဲလေ။

သူမ ထိတ်ခနဲ သတိရသွားတာ သူဟာ ဒုတိယချစ်ခြင်းဝတ်မှုန် ဖြစ်နေပြီလားလို့ပါ။

ကိုယ့်တုန်းကလည်း ဆရာ့ကို သည်လိုပဲ ခွေးခွေးမြည့်မြည့်၊ တမ်းတမ်းတတနှင့် ငေးကြည့်ဖူးခဲ့သည်လေ။ တစ်လမ်းသွားအချစ် တစ်ဘီးလှိမ့်အချစ်နှင့်။

သံသရာလည်တာလား၊ ဝဋ်လည်တာလား။ မဟုတ်သေးပါဘူး။

သည်အဖြစ်မျိုးတွေ မည်သူ့ကိုမှုမကြုံစေချင်။ မြင်လည်း မမြင်ချင်။





သူမ သူ့ကိုမကြည့်။ တမင်မကြည့်။ ရက်စက်ချင်လို့ မဟုတ်။ သူ့ကို မျှော်လင့်ချက်ပေးမိသည့် အပြုအမူ၊ အပြောအဆိုတွေကိုရှောင်မည်လို့ ချစ်ခြင်း အဓိဋ္ဌာန်ပြုထားလို့ပါ။

မည်သူ့ကိုမှု နှုတ်မဆက်၊ လှည့်မကြည့်ဘဲ ချစ်ခြင်း ခေါင်းငုံ့ပြီး ကိုယ့်ကျောင်းကို လျှောက်လာခဲ့တော့ သူ့မှာ ခေါင်းစွပ်မပါတာ သတိထားမိလိုက်သည်။

ကျောင်းဂိတ်ဝမှာ စားပွဲ၊ ကုလားထိုင်တွေချပြီး စောင့်နေကြတာမို့ နှင်းတွေကလည်းကျ၊ လေကလည်း တိုက်နေပါသည်။ လယ်ကွင်းဘေးမှ စာသင်ကျောင်းလေ။

သူများတွေက အနွေးထည်တွေ၊ ဂျာကင်တွေ၊ ခေါင်းစွပ်တွေနှင့်။ ဝတ်စုံပြည့်။

သူ့ပုံစံကတော့ ဂျာကင်ပဲပါသည်။ ခေါင်းစွပ်တောင်မပါ။ ဘောင်းဘီရှည်ဝတ်ထားပေမယ့် နွေးမည့်ပုံစံမဟုတ်။

သူဟာ အရာအားလုံးကို မေ့လျော့နေတာလား။ မညီမျှသည့် ချစ်ခြင်းတစ်ခုကြောင့် အရာရာကို မေ့လျော့ပြီး ရင်ထဲမှာ မှုလောင်နေသလား။

ကိုယ့်တုန်းကလည်း ဒီလိုပဲ ချစ်ဆိပ်တွေတက်ခဲ့ဖူးသည်မို့ စာနာမိပေမယ့် –

အဆုံးစွန်ထိ သဘောကောင်းမပေးနိုင်။ သူ့ကိုမချစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးသည်အထိ အနှစ်နာမခံနိုင်ပါ။

ကျောင်းထဲမှာ ချစ်ခြင်း ကိုယ့်အချိန်မှာ စာရှင်းပြ၊ စာကျက်ခိုင်းနေရင်း စိတ်ကမဖြောင့်။ နှင်းထဲမှာ သည်အတိုင်း ထိုင်နေသည့် သူ့ကို လှမ်းကြည့်မိပြီ။

နောက်ဆုံး သူမ သူ့အဖေထံ message ပို့ရသည်။ ဟိုလူပို့သလိုလို သည်လူပို့သလိုလို၊ သူပို့သလိုလို။

အဖေ

ကျွန်တော့်အနွေးထည်နှင့်ခေါင်းစွပ် ပို့ပေးလိုက်ပါ။

သည်တော့မှ ချစ်ခြင်းဝတ်မှုန် နေသာထိုင်သာ ရှိသွားရသည်။

(၁၀) မိနစ်အတွင်း သူ့အဖေကိုယ်တိုင် အနွေးထည်နှင့် ခေါင်းစွပ်ပို့ပေးရှာသည်။

သူမ စိတ်အေးသွားပြီး ကလေးတွေစာကျက်နေတာကို စောင့်ပေးနေဆဲ သူမ၏ဖုန်းသို့ message ဝင်လာသည်။

ကျေးဇူးတင်ပါတယ် ချစ်သူ။

ဘုရားရေ ခေါင်းစွပ်နဲ့အနွေးထည်မှာတာ ငါမှန်း သူ ဘယ်လိုသိသွားတာလဲ။

သူတို့သားအဖက လူလည်ကြီးတွေမို့ ကြံဖန်ပြီးသိသွား ပြီထင်ပါသည်။





ချစ်ခြင်းဝတ်မှုန် စိတ်ညစ်သွားသည့်အပြင် သူ အထင် လွဲမှာ၊ ဘဝင်မြင့်သွားမှာ အရမ်းစိုးရိမ်သွားမိသည်။

✳

ည (၁၀) နာရီမှာ စာကျက်ဝိုင်းပြီးသွားတော့ သူမတို့ ကိုယ့်အိမ်ကိုယ်ပြန်၊ ကိုယ့်အခန်းထဲ ကိုယ်ရောက်သွားကြသည်။

အိပ်ရာထဲ ခေတ္တလဲလျောင်းစဉ် သူမ၏ဖုန်းသို့ message ဝင်လာခဲ့သည်။

ကိုယ့်ကို ဖုန်းဆက်ခွင့်ပေးပါ။ အရမ်းကြီးမရက်စက်ပါနဲ့ ချစ်ခြင်းရယ်။ ကိုယ် သေလုမတတ် ခံစားနေရပါတယ်တဲ့။

ချစ်ခြင်းဝတ်မှုန် သူ့ကို သတိပေးစရာတွေရှိသည်။ သို့ သော် ဖုန်းဆက်ခွင့်ပေးလိုက်လျှင် သူပြောသည့် ချောတိုင်တက် သလိုပဲ သူက ထိပ်ဆုံးထိအောင် တက်ဦးမည်။

ကိုယ်က တိုင်ခြေရင်းထိအောင် ဆွဲချချင်နေတာ။ သို့ သော် သတိတော့ပေးဦးမှပါပဲ။ သူမ message ပြန်ပို့လိုက်ပါသည်။

"ကောင်းပြီ ဆက်"

ချက်ချင်းပင် သူ့ထံမှ ဖုန်းဝင်လာခဲ့သည်။

"ချစ်ခြင်း ကိုယ့်ကို အရမ်းမုန်းနေသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ကြေကြေကွဲကွဲနှင့် လှိုက်လှိုက်လှဲလှဲ။ ချစ်ခြင်း တည်ငြိမ်စွာပင် ပြန်ပြောရ၏။

"ကျွန်မကို အပိုစကားတွေ မပြောနဲ့။ ကျွန်မပြောတာပဲ နားထောင်"

"ကောင်းပါပြီ"

"ရှင့်မှာ မာနမရှိဘူးလား။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုး မထားတော့ဘူးလား။ တစ်ဖက်က ခါးခါးသီးသီးနေရင် ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှကိုယ်ကြင်ပေါ့ရှင့်"

"ပြောရက်လိုက်တာ ချစ်ခြင်းရယ်။ ကိုယ်"

"တော်ပြီ၊ ရှင် ကျောင်းကိုမလာနဲ့တော့။ ရှင့်ကို လူတွေက သနားသလိုလိုနဲ့ လှောင်ချင်နေကြတာ၊ ကျွန်မ မမြင်ချင်ဘူး"

"ချစ်ခြင်းက ကျွန်တော့်အတွက် မခံမရပ်နိုင် ဖြစ်နေတာလား"

"မဟုတ်ပါဘူး၊ ရှင် ပေါကြီးဖြစ်နေရတာ ကျွန်မ ပယောဂမပါချင်လို့"

"ဘာပဲဖြစ်ဖြစ်လေ၊ ချစ်ခြင်းရဲ့အရိပ်ကလေးကို တစ်နေ့ တစ်ခါလောက်မြင်နေရရုံနဲ့ ကမ္ဘာကြီးကို ကျွန်တော် ရင်ဆိုင်ရဲ ပါပြီ။ ဘယ်သူတွေ ဘာပဲပြောပြော"





ဘုရားရေ၊ ကျွန်မတုန်းကလည်း ဆရာ့ရဲ့အရိပ်ကလေးကို တစ်နေ့တစ်ခါလောက်မြင်ခွင့်ရရုံနဲ့ ကမ္ဘာကြီးကို မေ့လျော့နိုင်ခဲ့တာ။

"ရှင်ဟာလေ၊ ပြောလေ ဆိုးလေပါလား။ ယောက်ျား မာန ထားစမ်းပါရှင်။ ဒါပဲ နောက် ကျောင်းကို မလာနဲ့။ ဖုန်းလည်း မဆက်နဲ့တော့"

"ချစ်ခြင်း ချစ်ခြင်းရဲ့အသံလေး၊ ရုပ်လေးကို မမြင်ရ မကြားရရင် ကျွန်တော်သေမှာ"

"မသေဘူး။ ကျွန်မတုန်းကလည်း သူ့ကိုချစ်လွန်းလို့ သူနဲ့ခွဲရရင် သေသွားမလား၊ ရူးသွားမလားလို့ ထင်ခဲ့မိတယ်။ တကယ်ခွဲကြတော့လည်း ရင်ကွဲနာကျရပေမယ့် သေလည်း မသေ၊ ရူးလည်းမရူးပါဘူးရှင်။ ရှင် ကိုယ့်စိတ်ကိုယ် ဆုံးမပါ။ အကောင်းဆုံးကတော့ ရှင်နဲ့သင့်တော်မယ့် မိန်းကလေး တစ်ယောက်ကို အမြန်ဆုံး လက်ထပ်လိုက်ပါလို့ ကျွန်မ အကြံပေးပါ တယ်"

"တော်တော် တရားမျှတတဲ့အကြံပါပဲ။ အခုလို စာနာတဲ့ အတွေးအတွက် ကျေးဇူးတင်ပါတယ်ဗျာ"

သူမ ဖုန်းကို ဖြတ်ချလိုက်ပြီး ဖုန်းကို ပါဝါပိတ်လိုက်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝမ်းနာ ကိုယ်သာသိပါတယ် လင်းပိုးအိမ်ရယ်။ ကျွန်မ စေတနာကို ရှင် လက်ခံစေချင်ပါတယ်။

✳ ✳ ✳



## အခန်း (၁၉)

သူကတော့ ထုံးစံအတိုင်း ကျောင်းကိုလာမြဲပါပဲ။ ချစ်ခြင်းဝတ်မှုန်ထံသို့လည်း ညတိုင်း ဖုန်းဆက်မြဲ။ သူမကတော့ သူနှင့်တစ်ခွန်း နှစ်ခွန်းပြောပြီးသည်နှင့် ဖုန်းကို ပါဝါပိတ်လိုက်မြဲ။

သူဟာ ကိုယ့်တုန်းကလိုပဲ နေမြင့်လေ အရှုံးရင့်လေ ဖြစ်နေတာလား။

တကယ်ကျတော့လည်း လောကကြီးဟာ သူ့သဘော သူဆောင်နေကြတာပါပဲလေ။

ကိုယ်က နေဝါတတ်ဖို့၊ ခံယူတတ်ဖို့၊ နှလုံးသွင်းမှန်ဖို့ပဲ အရေးကြီးပါတယ်။

တစ်နေ့မှာတော့ သူမ၏ဖုန်းသို့ မော်လမြိုင်မှ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် သီရိခေတ်ထံမှ ဖုန်းဝင်လာခဲ့သည်။ ချစ်ခြင်းမှာ အုံ့အုံ့ ညြညြနှင့် ဝမ်းပန်းတသာ။

"ဟယ် ... သီရိခေတ်၊ နင် ငါ့ဖုန်းနံပါတ် ဘယ်လိုရ သွားတာလဲဟင်"

"နင်နဲ့ ပုသိမ်မှာ သင်တန်းအတူတက်ခဲ့တဲ့ ဆရာမ တစ်ယောက်ဆီကရတာ။ ငါ ဝမ်းသာလိုက်တာဟယ်။ ငါတို့တွေ ကွဲကွာသွားကြတာ ကြာပြီနော်"

သူမတို့ တက္ကသိုလ်တက်စဉ်၊ သင်တန်းတက်စဉ်က ဖုန်းတွေ ဒီလောက်ခေတ်မစားသေး။ မပေါသေးပါ။ သည်ဘက် ခေတ် (၂) နှစ်၊ (၃) နှစ်လောက်မှ ဖုန်းတွေ ပေါ်ပေါက်လာတာ။

"အေးဟယ် ... ငါ ဝမ်းသာလိုက်တာ။ နင်ရော အိမ် ထောင်ကျနေပြီလားဟင်"

"ကျပြီ၊ မနှစ်ကမှ အိမ်ထောင်ကျတယ်။ နင်တို့ကို သတိရပါတယ်။ အဆက်အသွယ်ပြတ်နေတော့လေ။ မဖိတ်ရ တော့ဘူး။ ဪ ငါ့အမျိုးသားက နင့်ပရိသတ်ဟဲ့ သိလား။ သူက နင့်ကဗျာတွေကို ကြိုက်တယ်တဲ့"

"တော်စမ်းပါဟာ ငါ့အသည်းကွဲကဗျာတွေကို ဘယ်သူ မှ ကြိုက်မှာမဟုတ်ပါဘူး။ နင့်ကိုကစ်ချင်လို့ နင့်သူငယ်ချင်းရဲ့ ကဗျာတွေ ကြိုက်တယ်လို့ ပြောတာနေမှာပါ။ အခု နင့်ကိုလည်း





ရရောပြီးသွားရော မဟုတ်လား"

"တကယ်ကြိုက်တာဟ၊ နင် ငါ့သူငယ်ချင်းဆိုတာ နောက်မှသိတာပါ။ ဪ ... ဒါထက် ဝမ်းသာစရာပြောရဦး မယ်။ နင့်ဆရာလေ အခု မော်လမြိုင်ပညာရေးကောလိပ်မှာ တာဝန်ကျနေတယ်"

"ဪ"

သူမအသံက ဆွေးဆွေးမြည့်မြည့်။

ပြီးခဲ့လေသော အတိတ်ရဲ့ပန်းချီကားလေး။ သူ့ဘာသာ သူ့အဓိပ္ပာယ်နှင့်သူ လှပနေခဲ့တာ။

အိပ်မက်တွေ ပြီးဆုံးသွားခဲ့ပြီပဲ။

ဘယ်လိုမှ ရှေ့ဆက်လို့မဖြစ်တဲ့၊ ရှေ့ဆက်ဖို့ မသင့်တော် တဲ့ တစ်လမ်းသွားအချစ်ကို သီရိခေတ် ဘာလို့ လှောင်ပြောင် နေတာလဲ။

"နင်ကလည်း တစ်ခါတည်း အသက်များ ထွက်သွားပြီ လား။ ဆရာ့ကို ငါတွေ့တယ်၊ ဆရာက အရင်ထက်ပိုပြီး တည် ငြိမ်သွားတယ်။ နင့်ကိုလည်း မေးပါတယ်"

"အပိုတွေ ရှိုးမနေပါနဲ့တော့ဟာ။ ငါတို့ရဲ့ စိတ်ပြတ်သတ် နေတဲ့ ဘဝတွေကို မလှောင်ချင်ပါနဲ့တော့။ နောက်မှ ငါ ဖုန်း ဆက်လိုက်မယ်နော်။ ဒီနေ့တော့ ညကျောင်းသွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟဲ့ မိန်းမ ...ငါ တကယ်ပြောတာ။ ဆရာ အခု လွတ်လပ်သွားပြီ။ သူ့ဖုန်းနံပါတ်ယူထားလိုက်။ နင် ဆက်ကြည့်ချင်ကြည့်ပေါ့။ နင် ဆရာ့ကို အရူးအမူးချစ်ခဲ့တာ ငါသိပါတယ်"

"အို ...ဆရာ ဆရာ့အမျိုးသမီး"

"သူ ဆုံးသွားရှာပြီ၊ ကလေးနှစ်ယောက်နဲ့ ဆရာ ကျန်ခဲ့တယ်"

"ဒုက္ခပါပဲနော်၊ ဆရာ အခု ဘယ်လိုနေသလဲဟင်။ နင် နင် အခြေအနေ ကြည့်ပေးပါဦး"

"နင့်ဘာသာနင်ပဲ စုံစမ်းတော့။ ဆရာ့ဇနီးဆုံးတာ (၂) နှစ်လောက်ပဲရှိသေးတယ်တဲ့။ သားကြီးက (၈) နှစ်၊ သမီးက (၅) နှစ်။ လောလောဆယ်တော့ ဆွေမျိုးထဲက လာပြီးစောင့်ရှောက်နေတယ်ထင်တယ်။ ကဲ ကဲ ... ဆရာ့ဖုန်းနံပါတ်နဲ့လိပ်စာ message ပို့လိုက်မယ်"

သီရိခေတ် ဖုန်းချသွားပြီး ချက်ချင်းပင် message ဝင်လာသည်။ ဆရာ့ဖုန်းနံပါတ်နှင့် ဆရာ့လိပ်စာ။

ချစ်ခြင်းဝတ်မှုန် ရင်တွေတုန်လွန်း၊ ခုန်လွန်းလို့ ပေါက်ကွဲထွက်တော့မလား ထင်ရတော့မှ သူမ ဆရာ့ကို ယခုထိ ပြင်းပြင်းပြပြ ချစ်မိနေဆဲပါလားလို့ သိလိုက်ရပါသည်။





ဆရာ့ဖုန်းနံပါတ်လေးကို တဖွဖွရွတ်ဆိုကြည့်ရင်း ချစ်ခြင်းဝတ်မှုန် ည (၁၀) နာရီကိုစောင့်နေရသည်။ ညကျောင်းတက်နေရသည်မို့ ကျောင်းဆင်းချိန်ကိုစောင့်ရမည်။

သူမ အမှတ်မထင်လှမ်းကြည့်မိတော့ ကျောင်းဂိတ်ပေါက်ဝမှာ လင်းပိုးအိမ်။

သူဟာ နေကြာပန်းလိုပဲ နေမင်းကိုမျှော်ငေးရင်း သွေ့လောင်ခြောက်သွေ့သွားမှာ။

ချစ်ခြင်းဝတ်မှုန် သက်ပြင်းချမိပါသည်။ တစ်ဖက်သတ်အချစ်တွေဟာ ဆိုးရွားလှပါတယ်။

ည (၁၀) နာရီမှာ သူမ ကိုယ့်အိမ်ပြန်ပြေး အိပ်ခန်းထဲဝင်ပြီး ဆရာ့ထံ ဖုန်းဆက်ဖို့ပြင်မိသည်။

သူမ ရင်တွေခုန်နေလိုက်တာ ပရမ်းပတာ။ ဆရာ ယခုထိ ကျွန်မကို လွမ်းမိုးနိုင်ဆဲပါ။

ဖုန်းနံပါတ်ကလေးကို နှိပ်မလို့ပြင်စဉ် လင်းပိုးအိမ်ထံမှ ဖုန်းအရင်ဝင်လာ၏။

"ချစ်ခြင်း"

"ဘာလဲ ... ကျွန်မ အိပ်တော့မလို့"

"ချစ်ခြင်းအသံလေး တစ်ခွန်း နှစ်ခွန်း ကြားရရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိတာပြော၊ ကျွန်မ အရမ်းပင်ပန်းနေလို့"

"သန်ဘက်ခါ ကိုယ့်မွေးနေ့ပါ။ အဲဒါ တစ်ကျောင်းလုံးကို"

"အို ... ကျွန်မ မလာချင်ပါဘူး။ ရှင်တို့လို သူဌေးတွေအတွက် လက်ဆောင်လည်း ပေးစရာမလိုဘူး"

"မေမေ့တုန်းကလို အလိုအပ်ဆုံးပစ္စည်းလေးကို ပေးရင်ရပါပြီ။ ကိုယ့်အတွက် ပန်းလေးတစ်ပွင့်၊ ဒါမှမဟုတ် တစ်ရည်းပေးလည်း ရပါတယ်"

"ကျွန်မတို့ကိုလူတွေက ဘယ်လိုထင်မြင်ယူဆနေသလဲဆိုတာ ရှင်သိလျက်နဲ့။ ကျွန်မကို ဖိတ်ဖို့မကောင်းဘူး"

"ချစ်ခြင်းရယ် ... ကျွန်တော့်ဘဝရဲ့အရေးပါဆုံးသူကိုမှ မဖိတ်ရဘူးဆိုရင် ကျွန်တော့်မွေးနေ့က ဘာများ အဓိပ္ပာယ်ရှိဦးတော့မှာလဲ"

"ဘာပဲဖြစ်ဖြစ် ... ကျွန်မ မလာချင်ဘူး။ ကျွန်မကို ခွင့်လွှတ်ပါ"

"ချစ်ခြင်း အရမ်းရက်စက်တယ်။ အရမ်းစိမ်းကားလွန်းပါတယ်ဗျာ။ ချစ်ခြင်းမလာရင် ကျွန်တော့်ဘဝဟာ လူအများရဲ့ တံတွေးခွက်မှာ ပက်လက်မျောရတော့မှာပေါ့"

"ဩော် ... ရှင်က ရှင်မျောမှာတော့ ကြောက်တယ်ပေါ့။





ကျွန်မမျောရမှာရော မတွေးမိဘူးလား"

"ဘယ်သူမှမမျောရအောင် ကျွန်တော်တို့နှစ်ယောက် အမြန်ဆုံးလက်ထပ်ကြမယ်လေ။ ကျွန်တော့်မိဘတွေနဲ့ ချစ်ခြင်းရဲ့မိဘတွေထံသွားပြီး နားဖောက်မယ်၊ တောင်းရမ်းမယ်။ ခမ်းခမ်းနားနား လက်ထပ်ကြမယ်။ ချစ်ခြင်းရဲ့ဘဝတစ်ခုလုံးကို လိုလေသေးမရှိစေရအောင် ကျွန်တော် စောင့်ရှောက်သွားမှာပါ"

"ဟိုး ... ဆရာကြီး စိတ်ကူးတွေယဉ်မနေနဲ့။ ကျွန်မ အိပ်တော့မယ်"

"ချစ်ခြင်း ... ကျွန်တော့်မွေးနေ့ပွဲကို ဆက်ဆက်လာမယ်ဆိုမှ အိပ်ခွင့်ပေးမှာ"

"အံမယ် ရှင်ခွင့်ပေးမှလား၊ ကဲ အခု ကျွန်မဖုန်းပိတ်ပြီ အိပ်ပြီ"

သူမ တကယ်ပင် ဖုန်းကို စက်ပိတ်လိုက်ပြီး အိပ်ရာဝင်လိုက်ပါသည်။ ဆရာ့ထံ မနက်ဖြန်မှဆက်တော့မည်။

မနက်ဖြန်မှ ရက်ရာဇာလေ။

အတွေးနှင့်ပင် ရင်တွေခုန်လွန်းသည်ကြောင့် သည်ညအိပ်လို့ရပါဦးမည်လားပင်မသိ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နံနက် (၆) နာရီကတည်းက သူမ ဖုန်းဆက်ဖို့ စိတ်ကူးနေပါပြီ။ သို့သော် ဆရာတို့လို အနုပညာသမားတွေဟာ ညဘက်မှာ စိတ်ကူးတွေ ဖြန့်ကျက်ပြီး ကိုးတောင်ပြည့်ကျားတွေလို ကိုးကုန်းကိုးကျင်း လျှောက်သွားနေမှာ။

ကမ္ဘာကြီးကို စိတ်နဲ့ပတ်ချင်ပတ်နေမှာ။

ဒါကြောင့် ဆရာ အိပ်ရေးပျက်မှာစိုးလို့ သူမ ဖုန်းမဆက်ရက်။

အလုပ်တွေလျှောက်လုပ်နေပေမယ့် စိတ်က ဖုန်းဆက်ဖို့ပဲ အာရုံရောက်နေသည်။

ချစ်ခြင်း မေတ္တာဆိုတာ ဘယ်လိုကြီးလဲ။ ဇီဇာကြောင်တဲ့





အပျိုကြီးတစ်ယောက်လို ဘာကိုမှ အလိုမကျနိုင်တာမျိုးလား။

ကိုယ့်ကို သေလုမတတ် ချစ်ပါသည်ဆိုသည့် လင်းပိုးအိမ်ကိုကျ ခေါင်းထဲပင် မထည့်။ ကိုယ့်ကိုချစ်လား၊ မချစ်လားပင် မသေချာသည့် ဆရာ့ကိုကျ သူ့အကြောင်းလေးကြားရတာနှင့်ပင် ရင်တွေ တဒိုင်းဒိုင်းခုန်နေရပြီ။

နံနက် (၇) နာရီကျ သူမ မနေနိုင်တော့ပါ။ နံနက် (၈) နာရီမှာ အပိုချိန်သင်ရဦးမည်လေ။

ထမင်းဟင်းလည်းချက်ပြီးပြီ။ သနပ်ခါးလိမ်း၊ အဝတ်လည်း လဲပြီးပြီမို့ ကိုယ့်အိပ်ခန်းထဲမှာပဲ ရင်ခုန်သံတွေကြောင့် တုန်ယင်နေချင်သည့် အသံကိုထိန်းရင်း သူမ ဖုန်းခေါ်လိုက်ပါပြီ။

"ဟဲလို နေရဲမာန်ပါ"

နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရသည့်အသံ။

ဆရာရယ်၊ ကမ္ဘာကြီးထဲမှာ အတူရှိနေကြလျက်နဲ့ ကမ္ဘာခြားနေကြရတယ်နော်။

"ဆရာ"

သူကတော့ ကိုယ့်အသံကို ဘယ်မှတ်မိမှာလဲ။ ကြိုတင်ပြီး သိထားမှာမဟုတ်ဘူးလေ။

"ပြောပါခင်ဗျာ"

သူမ ဘာတွေဆက်ပြောရမှန်းမသိ။ မျက်ရည်ကြည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝေ့လာတာ ဝမ်းသာလို့လား။ ဆရာ့ကို သနားလို့လား။

"ဆရာ ... ကျွန်မ ချစ်ခြင်းဝတ်မှုန်ပါ"

"ဩော်"

သူ့အသံကလည်း ဆွေးဆွေးမြည့်မြည့်ရှိသည်ဟု သူမ ခံစားလိုက်ရလျှင် ချစ်ခြင်းဝတ်မှုန်၏ ရင်ထဲမှာ တဖြည်းဖြည်း ခံစားခဲ့ရသည့် ရင်ကွဲနာ ရှင်ကွဲနာတွေ တစ်ချိတည်း သက်သာ ပျောက်ကင်းသွားသလို။

"ဆရာ့အကြောင်းကို သိရိခေတ်ပြောပြလို့ သိရပါတယ်။ ခုမှသိရလို့ ခုမှ သတင်းမေးရတာ ခွင့်လွှတ်ပါ ဆရာ"

"ရပါတယ်ဗျာ၊ ဘာခွင့်မလွှတ်စရာရှိသလဲ။ ခုလို မေးဖော်ရတာပဲ ကျေးဇူးတင်လှပါပြီ"

ဆရာ့အသံက သူ့ဟန်အတိုင်း နူးနူးညံ့ညံ့။

"ဆရာ အဆင်ပြေရဲ့လားဟင်။ ဆရာ အရမ်းခံစားခဲ့ရမှာပဲနော်"

တကယ်က သူမ သည်အကြောင်းတွေ ဆရာနှင့် ဆွေးနွေးနေဖို့မကောင်းပါ။ ဆရာ့မှာလည်း ရင်ကွဲနာ ယခုထိရှိနေရမှာပါပဲ။

လူဆိုတာ ကိုယ့်စိတ်ခံစားချက်နှင့်ကိုယ်။ ဆရာက ဆရာ့ဇနီးကို လွမ်းနေသလို သူမကလည်း ဆရာ့ကိုလွမ်းနေမည်။





လင်းပိုးအိမ်ကတော့လည်း သူမကို တမ်းတလွမ်းဆွတ်နေပြန်ရော။

လောကကြီးဟာ ဒီလိုပါပဲ။ အလွဲကြီးလွဲနေကြတာကိုက လောကနီယာမပါ။

တစ်ဖက်မှ အသံတိတ်နေသဖြင့် သူမ နောင်တရသွားမိသည်။ ဒီမေးခွန်းတွေ မမေးသင့်ဘူး ထင်ပါရဲ့။

"ဆောရီးပါ ဆရာ၊ ချစ်ခြင်း မမေးသင့်ဘူး။ ဆရာ အဆင်ပြေရဲ့လားဟင် ကလေးတွေကလည်း ငယ်သေးတော့"

"ဒီလိုပါပဲဗျာ။ ဘဝဆိုတာ ရပ်တံ့နေလို့ရတာမှမဟုတ်တာ။ အဆင်ပြေအောင် ဖန်တီးရပါတယ်"

သူမရင်ထဲမှာ ဆရာနှင့် စကားတွေအများကြီးပြောချင်နေပေမယ့် လောလောဆည်ရင်ထဲမှာ ခံစားချက်တွေနှင့် ပြည့်ကျပ်နေသဖြင့် သူမ ဘာဆက်ပြောရမှန်းမသိ။

ဆရာလည်း သူမလိုပဲ စိတ်တွေဝေဝါး ရှုပ်ထွေးနေရှာမလား။

"နောက်မှ ဖုန်းထပ်ဆက်မယ်နော် ဆရာ။ ချစ်ခြင်း ဆရာ့အသံကို နှစ်ပေါင်းများစွာကြာမှ ခုလိုပြန်ပြီးကြားခွင့်ရတာ အရမ်းဝမ်းသာမိပါတယ်။ ဆရာ့ဘဝအတွက် စိတ်မကောင်းရတာက တစ်ပိုင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာမ။ သတင်းပေးတာ ကျေးဇူးပါ"

ဖုန်းလေးကို ရင်မှာပိုက်ရင်း သူမ မျက်ရည်တွေစီးကျနေမိစဉ် ဆရာ့ဘက်မှ ဖုန်းချသွားခဲ့သည်။

သူမ ငိုရှိုက်နေမိတာ သိမှတ်မဲ့စွာ။ ကျောင်းသွားဖို့ လိမ်းထားသည့် သနပ်ခါးတွေလည်း မျက်ရည်တွေနှင့် ပျောပါသွားပေပြီ။

သည်စဉ် သူမထံသို့ ဖုန်းဝင်လာပြန်သည်။ ချစ်ခြင်း ကြည့်လိုက်တော့ လင်းပိုးအိမ်။

"ဟယ်လို ... ချစ်ခြင်း"

"ပြော ... ကျွန်မ ကျောင်းသွားတော့မလို့"

"ချစ်ခြင်း ကျွန်တော့်မွေးနေ့ကိုလာဖို့ ဝတ်စုံပို့လိုက်မယ်"

"အောင်မယ် .. ကျွန်မဘာသာ ရှိတာနဲ့ဝတ်လာမှပေါ့"

"ချစ်ခြင်းငိုထားလား။ ဘာဖြစ်လို့လဲဟင်၊ ဘယ်သူဘာဖြစ်လို့လဲ။ မိဘဆွေမျိုးတွေ နေမကောင်းလို့လား။ ကျွန်တော် စိုးရိမ်လိုက်တာ"

"ဘာမှမဟုတ်ပါဘူး၊ နောက်မှပြောမယ် ဒါပဲနော်"

သူမ ဖုန်းပိတ်လိုက်ပြီး မျက်နှာသစ်ရ၊ သနပ်ခါး ပြန်လိမ်းရသည်။





ရင်ထဲမှာ နေမထိ ထိုင်မသာ။ ဆရာ့ကို သနားလိုက်တာ။ ကလေးနှစ်ယောက်နဲ့ ဒုက္ခတွေရောက်နေမည့်ဆရာ့ကို သူမ ကူညီပေးချင်လိုက်တာ။

ဖေဖေ၊ မေမေနှင့် အစ်ကို (၃) ယောက်ကို သူမ ပြန်ပြီးမြင်ယောင်ကြည့်မိတော့ ကြက်သီးထရသည်။

လွယ်ပါ့မလား။ ခွင့်လွှတ်ကြည်ဖြူပေးနိုင်ပါ့မလား။

ပေါ်လီယာနာလိုပဲ တွေးဦးမှ။

နောက်မှတွေးမယ်၊ အခု မတွေးသေးဘူး။ လောလောဆည် ကျောင်းသို့ (၈) နာရီမီအောင် အပြေးအလွှားသွားရပါလေသည်။

*

ညကျောင်းက တစ်ရက်ခြားတာဝန်ကျတာမို့ အိမ်မှာ ချစ်ခြင်းတစ်ယောက်တည်း။

အိမ်ညည့်ခန်းထဲမှာထိုင်ပြီး ပြတင်းမှတစ်ဆင့် လမင်းကိုမော့ငေးရင်း ချစ်ခြင်း ဆရာ့ကို သတိရနေမိသည်။

သူ ဘာတွေများလုပ်နေမလဲ၊ သူမ ခဏခဏ ဖုန်းဆက်ရင်ကြိုက်ပါ့မလား။ ယခု ည (၈) နာရီ၊ ဆရာ့မှာ ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နဲ့ ဂျင်ဂျင်လည်နေမှာပဲ။

သူမ မရဲတရဲနှင့် ဆရာ့ဖုန်းနံပါတ်ကိုနှိပ်လိုက်မိပါသည်။ အားတုံ့အားနာ။

"ဆရာ"

"ဩော် ... ချစ်ခြင်းဝတ်မှုန်"

ဆရာ သူမ၏ဖုန်းနံပါတ်ကို မှတ်မိတာလား။ အသံကို မှတ်မိတာလားတော့မသိ။

ဆရာ့အသံကြားလိုက်တာနှင့် ချစ်ခြင်း အရမ်းငိုချင်မိသွားတာကရော ဘာကြောင့်လဲ။

ရောဝတီတိုင်းနှင့် မွန်ပြည်နယ်။

သို့ပေမဲ့ ရင်ထဲမှာ ကမ္ဘာကြီးခြားနေရသည့်နှယ်။ တောင်တွေအထပ်ထပ် ပိတ်ဆီးနေသည့်နှယ်။ သမုဒ္ဒရာတွေ အတန်တန်ခြားနေသည့်နှယ်။ ခံစားနေရသည်။

ဒါဟာပဲ ဝေးကွာခြင်းရဲ့နိမိတ်ပုံလား။

"ဆရာ နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ဝတ်မှုန်"

"ရှင်"

သူများတွေက ချစ်ခြင်းလို့ခေါ်သည့် သူမကို ဆရာက ဝတ်မှုန်ဆိုပါလား။ ရင်ထဲ နွေးထွေးရမည့်အစား ငိုချင်စိတ်က





တားမရ ဆီးမနိုင်။

"ဆရာ နေကောင်းပါတယ်၊ ဝတ်မှုန်ရော"

"ကောင်း ... ကောင်းပါတယ်ဆရာ"

"ဝတ်မှုန်အသံတွေ အက်နေတယ်။ ဖျားချင်နေသလားမသိဘူး။ ကျန်းမာရေးဂရုစိုက်မှပေါ့။ အခု ဝတ်မှုန်နေတာ ဘယ်မှာ"

"ဝတ်မှုန်ဇာတိက ဝါးနက်ချောင်း မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ကျောင်းရက်ရှည်ပိတ်မှ ပြန်လို့ရပါတယ်"

"နေရတာရော အဆင်ပြေရဲ့လား"

ချစ်ခြင်းဝတ်မှုန် မျက်ရည်တွေ စီးကျနေမိတာ ဆရာ့ကိုသနားလွန်းလို့ပါ။ ကလေးနှစ်ယောက်နှင့် အလုပ်တစ်ဖက်နှင့် လောကဓံ ဝဲဂယက်ထဲမှာ စုန်းစုန်းမြုပ်နေရသူက သူမကို အဆင်ပြေ မပြေမေးနေတော့ သူမ ရှိုက်သံမထွက်အောင် ပါးစပ်ကို တအားပိတ်ထားမိသည်။

"ပြေ ပြေပါတယ်ရှင်"

"ဝတ်မှုန် ... ဘာဖြစ်လို့လဲဟင်"

"ဆ ဆရာ့ကို သနားလို့ပါ"

"ဩော် ... ဝတ်မှုန်ရယ်၊ မသနားနဲ့ မသနားနဲ့။ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒီလိုပါပဲ။ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်ပေါ့။ ကလေးတွေ ကြီးပြင်းလာတဲ့အခါကျတော့ ဆရာ တစ်လှည့်အနားယူမယ်လေ''

ချစ်ခြင်းဝတ်မှုန် ဘာမှပြန်မပြောနိုင်တော့ဘဲ ခံစားမှုကြောင့် လူက တစ်ကိုယ်လုံး တုန်လှုပ်နေမိပြီ။ မျက်ရည်များကလည်း ပါးပါးစီးကျလို့။

သူမ စကားမပြောနိုင်တော့ပါ။ ဖုန်းကို ငြင်သာစွာပိတ်လိုက်မိပြီး ချစ်ခြင်း ကလေးတစ်ယောက်လို အိပ်ရာထဲမှာ လူးလိမ့်ငိုမိသည်။

သူမရဲ့ဆရာ။

သူ့ဘဝမှာ အကူအညီ အရမ်းလိုအပ်နေပြီ။ သူမ အကူအညီပေးရမည်။ စစ်ကူတပ်တွေပို့သလိုပေါ့။

သို့သော် ကလေးတွေက သူမကို လိုလားပါ့မလား။ အချို့သောကလေးများဟာ မိထွေး ပထွေးအလိုမရှိ။

နောက် သူမရဲ့မိဘ မောင်ဘွားတွေကရော။ အတွေးနှင့်ပင်' ပိုပြီး ကြေကွဲလာရသည်။ အဖြေကို ကြိုသိနေသည်ပါပဲ။

မျက်ရည်တွေနှင့် အပြင်လောကသို့ မှန်ပြတင်းမှ ငေးကြည့်နေမိစဉ် ဖုန်းလာပြန်၏။ သူမ နံပါတ်ကို ဆွဲယူကြည့်လိုက်သည်။ လင်းပိုးအိမ်။





သူမ ဖုန်းမပြောချင်တော့ပါ။ တစ်ယောက်နှင့် တစ်ယောက် လိုက်တမ်း ပြေးတမ်း ကစားနေကြသလိုပါပဲ။

ကိုယ့်လိုပဲ ချစ်ဒုက္ခသည်တစ်ယောက်မို့ စာနာစိတ်ဖြင့် သူပြောတာ နားထောင်ပေးဖို့ ချစ်ခြင်း ဖုန်းဖွင့်လိုက်မိသည်။

"ချစ်ခြင်း"

"ပြောပါ"

"ကျွန်တော် အရမ်းခံစားနေရတယ်ဗျာ။ မနက်ဖြန် ချစ်ခြင်း ဆက်ဆက်လာခဲ့နော်"

"ကျွန်မ မလာတော့ရော ရှင်လာခေါ်မှာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ချစ်ခြင်းမလာရင် ကျွန်တော့်မွေးနေ့ပွဲက အဓိပ္ပာယ် ဘယ်ရှိတော့မလဲ"

"ရှင် မဖျော့ပ်တိုင်ဖက်မတက်တဲ့ သေသေဝပ်ဝပ်နေမယ်ဆိုရင်တော့ မိတ်ဆွေသဘောမျိုးဖြစ်ဖြစ် ကျွန်မလာရမှာပေါ့"

"ကျွန်တော် သေသေဝပ်ဝပ်နေပါ့မယ်ဗျာ"

"သေသေဝပ်ဝပ်ဆိုတဲ့ အဓိပ္ပာယ်ရော ရှင် သေသေချာချာ သဘောပေါက်ရဲ့လား"

"ပြောပါဦးဗျာ"

"ကျွန်မကိုမခေါ်နဲ့ပေါ့။ ကျွန်မအနားကိုမလာနဲ့။ ဟိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ခါ အနန်တို့မွေးနေ့ပွဲတုန်းကလို ရှင်တို့အသိုင်းအဝိုင်းထဲ ဆွဲမသွင်းနဲ့။ ရှင်တို့ မိသားစုထဲ ဆွဲမသွင်းနဲ့"

"ကောင်းပါပြီဗျာ၊ ကျွန်တော်မျိုးကြီး သေသေချာချာ နာခံပါ့မယ်။ ချစ်ခြင်းအနားကို မလာပါဘူး၊ တစ်ခုတော့ရှိတယ်"

"ဘာ ဆင်ခြေပေးဦးမလို့လဲ"

"ကျွန်တော်က မွေးနေ့ရှင်လေ။ ကိုယ့်မွေးနေ့ကိုလာသမျှ ကလေးရော ခွေးရော အားလုံးကို နှုတ်ဆက်ရမှာ ကျွန်တော့်တာဝန်၊ ကျွန်တော့် ဝတ္တရားပါ"

"အဲဒါ ဘာဖြစ်လဲ"

"ချစ်ခြင်းကိုကျမှ မခေါ်ရဘူးဆိုတော့ ထူးခြားဖြစ်စဉ် ဖြစ်နေမှာပေါ့"

"ဖြစ်ဖြစ် ... ကျွန်မကိုမခေါ်နဲ့"

"ဩော် ... ချစ်ခြင်းရယ် နိုင်စားလှချည်လားဗျာ"

"ကျွန်မ ဘာကိုနိုင်စားလို့လဲ ရှင်နော်"

"ကိုယ်ချင်းလေး နည်းနည်းစာကြည့်ပေါ့။ ကိုယ် သိပ်ချစ်ရတဲ့ ချစ်သူကို နှုတ်လေးတောင်မဆက်ရဘူးဆိုတော့ မနိုင်စားလွန်းဘူးလားဗျာ"

"တော်ပြီ ... ကျွန်မပြောတဲ့အတိုင်းပဲ။ ရှင် ကျွန်မအနားမလာနဲ့။ ခေါ်လည်း မခေါ်နဲ့"





"ကောင်းပါပြီဗျာ၊ ကျွန်တော် လိုက်နာပါ့မယ်"

"ဒါဆိုလည်း၊ ကျွန်မ အိပ်တော့မယ်"

"Goodnight ပါ ဘေဘီ"

"အောင်မယ် ... လူကိုများ"

ချစ်ခြင်း စိတ်ဆိုးမာန်ဆိုးနှင့် ဖုန်းပိတ်လိုက်သည်။ သူမဆရာနှင့် အဆက်အသွယ်ရနေပြီဖြစ်ကြောင်း အသိပေးသင့်ပေမယ့် မနက်ဖြန် သူမွေးနေ့ပြီးမှပဲ ဖွင့်ပြောတော့မည်ဟု ချစ်ခြင်း ဝတ်မှုန် ဆုံးဖြတ်လိုက်သည်မှာ သူ့ကို နည်းနည်း ညှာတာလိုက်တာ ဖြစ်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူဟာ တစ်မြို့လုံးနှင့် ရင်းနှီးကျွမ်းဝင်သည့် အပြင် ပတ်ဝန်းကျင်မြို့တွေနှင့်ပါ ရင်းနှီးသည်မို့ သူမွေးနေ့ပွဲက စည်ကားသိုက်မြိုက်လှသည်။

ယခင်းတို့ ခင်သည်းမွှန်တို့နှင့်ထက္ခ ကျောင်းမှာရှိသမျှ ဆရာ ဆရာမတွေအားလုံးနီးပါး သူမွေးနေ့သို့ သွားကြရပါသည်။

သူဟာ မြို့မျက်နှာဖုံး။ သည်မြို့ရဲ့ ရွှေမင်းသား မဟုတ်ပါလား။

သူများတွေ မင်္ဂလာဆောင်သွားသည်ထက်၊ အလှူသွားသည်ထက် ပိုမိုပြင်ဆင်ခြယ်သကြသော်လည်း ချစ်ခြင်းဝတ်မှုန်ကတော့ ခပ်ရိုးရိုးပဲ။





ချည်သားအိအိ၊ ပန်းခရမ်းရောင်ဝမ်းဆက်လေးနှင့်သာ။ အမေစုလိုပဲ ရင်ဖုံးလည်စိ၊ ခါးတင်းလက်ရှည်လေးမို့ သူမ၏ လှပသည့်ကိုယ်လုံးပြည့်ပြည့်၊ အရပ်မြင့်မြင့်လေးနှင့်တော့ အဆင်ပြေလောက်သည်။

သူမမှာ ဘာလက်ဝတ်လက်စားမှမရှိတာနှင့်တော့ အတော်ပါပဲ။ ချစ်ခြင်းဝတ်မှုန်မှာ အစိမ်းရောင်ကြယ်ပုံနားကပ်လေးနှင့် အစိမ်းရောင်ခမောက်ပုံလက်စွပ်လေးပဲ ရှိပါသည်။

သို့သော် သူမ ဘယ်တုန်းကမှ အားမငယ်ပါ။ မေမေက သူ့ဆွဲကြိုးလေး အတင်းဆင်တာတောင် မဝတ်ခဲ့။

"မေမေရယ်၊ ပကာသနတွေ သမီး မမက်ပါဘူး။ လူ့ရဲ့ ကိုယ်ပိုင်အရည်အချင်းကသာ အဓိကကျတာပါ။ လက်ဝတ်ရတနာတွေ ဝတ်ဆင်ရတာ စိတ်ရှုပ် အလုပ်ရှုပ်ပါတယ်"

"ဒြော် ဂုဏ်တွေ၊ ငွေတွေ၊ ပကာသနတွေကြားမှာ ဖို့သမီးလေး မျက်နှာငယ်မှာ စိုးလို့ပါ"

"မငယ်ပါဘူး။ အဲဒါတွေ သမီး စိတ်မဝင်စားဘူး။ သမီး စိတ်ဝင်စားတာ စာတွေ၊ ကဗျာတွေပဲ။ ပန်းချီကားတွေပဲ"

ယခုလည်း သူများတွေ ရွှေသံ၊ ငွေသံထွက်နေပေမယ့် သူမကတော့ ဘာမှမထွက်။ သူများတွေ လက်ဆောင်ပစ္စည်းအတွက် သူ့ထက်ငါ ဦးစွာ အကောင်းစားတွေ ရွေးနေသိစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူနေကြပေမယ့် –

ချစ်ခြင်းကတော့ ယခုလထုတ် သူမ၏ကဗျာလေးပါသည့် မဂ္ဂဇင်းတစ်အုပ်ကိုသာ လက်ဆောင်အဖြစ် ပါကင်စာရွက်လေးနှင့် ပတ်ခဲ့သည်။

ပြောကြေးဆို မဂ္ဂဇင်းတိုက်က မေတ္တာလက်ဆောင်ပေးသည့် စာအုပ်လေ။

သူမတန်ဖိုးထားတာပေါ့။ သို့သော် သူလည်း တန်ဖိုးထားမည့်ထင်လို့ ထိုစာအုပ်လေးကိုပေးလိုက်တာပါ။ မဟေသီမဂ္ဂဇင်းစာအုပ်လေး။

အများအမြင်မှာ တန်ဖိုးမရှိဘူးလို့ ထင်ကြမှာပေမယ့် ကိုယ့်လို သူလို စာ၊ ကဗျာ ဝါသနာပါသူတွေအတွက်တော့ စာရေးသူ၊ ကဗျာရေးသူကိုယ်တိုင်ပေးသည့် မေတ္တာလက်ဆောင်ရသည့်စာအုပ်ဟာ တန်ဖိုးမဖြတ်နိုင်ပါ။

သူမ အောကတ္တိုပါဖိနပ်ပန်းရောင်လေးကိုပဲ စီးခဲ့သည်။

အများနှင့်အတူ လမ်းလျှောက်သွားကြရင်း ချစ်ခြင်းဝတ်မှုန်ကတော့ တိတ်တိတ်ဆိတ်ဆိတ်ပါ။

သူမ လင်းပိုးအိမ်ကို နည်းနည်း ကရုဏာသက်မိပေမယ့် သူမရင်ထဲမှာ နေရာအပြည့်ယူထားတာ ဆရာ။

ပြီး ဆရာက လောလောဆည် အကူအညီလိုနေသူ။





လင်းပိုးအိမ်လောက် လူကြိုက်များမှာမဟုတ်။

“ချစ်ခြင်း ဘာတွေတွေးနေလဲ၊ ကိုယ်ခေါ်နေတာမကြားဘူး”

“ဪ ... ယမင်း ဘာပြောချင်လို့လဲ”

“ချစ်ခြင်းတို့ ဘယ်တော့လက်ထပ်ကြမှာလဲလို့ မေးနေတာ”

“ချစ်ခြင်းတို့နှစ်ယောက်က မိတ်ဆွေတွေပါ၊ ချစ်သူတွေမှမဟုတ်ကြဘဲ”

“ချစ်ခြင်းကသာ ငြင်းနေ။ ကိုလင်းကတော့ တစ်ခါမှမငြင်းဘူး”

“ဘာမှမဟုတ်ပါဘူး ယမင်းရယ်”

သူမတို့အုပ်စု မွေးနေ့ပွဲနားရောက်တော့ မွေးနေ့ပွဲ၏စည်ကားပုံကို လှမ်းမြင်ရသည်။ ကားတွေ၊ ဆိုင်ကယ်တွေလည်း အများအပြား။ ခင်သည်းမွန်နှင့် ယမင်းတို့မှာ တွန့်ဆုတ်ဆုတ်။

“အမယ်လေး ... တကယ့်ကို ဂုဏ်ပကာသနအသိုင်းအဝိုင်းကြီးပါလားဟေ့”

“ကိုယ်က ဝတ္တရားအရ လာရတာပဲ။ ဘာတွန့်နေစရာလိုသလဲ။ သူက ကျောင်းအကျိုးတော်ဆောင်မို့ လာရတာပဲ”

“အေးပါ ... ငါကလည်း မကြောက်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စု မွေးနေ့ပွဲရောက်သွားတော့ မွေးနေ့ရှင်ကိုယ်တိုင် သည်းသည်းလှုပ်လှုပ်။

သူ့မွေးနေ့ပွဲမှာ လူငယ်တွေ အများအပြား။ မိန်းကလေးတွေရော ယောကျ်ားလေးတွေပါ ကူညီဧည့်ခံပေးနေကြတာ။

ထုံးစံအတိုင်း သူ့ဖေဖေနှင့်မေမေကလည်း လူကြီးဝိုင်းတွေမှာ ဧည့်ခံလျက်။ ဒေါ်သစ္စာမွန်ပုံစံကြည့်ရတာ သူ့သားပြောဆိုထားပုံ။

သို့သော် ဒေါ်သစ္စာမွန် မနေနိုင်။ တရွေ့ရွေ့နှင့် ရောက်လာခဲ့တာပါပဲ။

"သမီး နေနိုင်လိုက်တာကွယ်"

အသံတိုးတိုးနှင့် သူ့မလက်ကို ဆုပ်ကိုင်ထားလိုက်ပုံက လှိုက်လှိုက်လှဲလှဲ။

"စာမေးပွဲတွေနီးတော့ မအားလို့ပါရှင်"

ချစ်ခြင်း အပြုံးနှင့် ယဉ်ကျေးစွာ ပြန်ဖြေရသည်။ ဗီဒီယိုတွေကလည်း ရိုက်လို့။

ချစ်ခြင်း အန်တီ့ကိုနှုတ်ဆက်ပြီး လင်းပိုးအိမ်အတွက် လက်ဆောင်ကို ခေါင်းငုံ့ပြီးပေးလိုက်တော့ သူက ချက်ချင်းပင် ဖောက်ကြည့် အတွင်းဘက်လှန်ကြည့်သည်။

သူ့မျက်နှာက ရွှေထုပ်ကောက်ရသည့်နှယ်။ ဝင်းခနဲ။





စာစောက လငပုပ်ဖမ်းနေသည့်ရုပ်က ချက်ချင်းပင် သိသိသာသာ ဝင်းလက်သွားပေပြီ။

"ကျေးဇူးတင်လိုက်တာ ချစ်ခြင်းရယ်။ ကျွန်တော် အရမ်းတန်ဖိုးထားမိပါတယ်ဗျာ"

စာအုပ်ကို ရင်ဝယ်ပိုက်ရင်း သူ မျက်ရည်ဝဲမတတ် ဝမ်းသာကြည်နူးနေစဉ် ချစ်ခြင်း ကိုယ့်ကျောင်းမှ ဆရာမတွေရှိရာသို့ ပြန်လာခဲ့သည်။

သူမကို ဂရုမစိုက်ပါနှင့်။ အနားသို့မလာပါနှင့်ဟု ပြောထားလို့လိုက်နာပေမယ့် သူ့မျက်လုံးတွေက ချစ်ခြင်းရှိရာအရပ်သို့သာ တရစ်ဝဲဝဲ။ အားလုံးရိပ်မိရုံတင်မက ပွင့်လင်းမြင်သာရှိလွန်းလှပါဘိ။

သူ့လိပ်ပြာက ချစ်ခြင်းရဲ့ထံမှာပဲ တဝဲလည်လည်။

အကျွေးအမွေးတွေကလည်း အလျှံပယ်။ နောက်တီးဝိုင်းကလည်းနာမည်ကြီး။ သူ့မွေးနေ့က နံနက် (၆) နာရီမှ (၁၀) နာရီထိ။

သူ့မွေးနေ့က ကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေသည်မို့ ကျောင်းမှ ဆရာမတွေကလည်း ကျွေးသမျှ ထိုင်စားကြရင်း ကျောက်ချနေကြလေရာ ချစ်ခြင်းဝတ်မှုန် တစ်ယောက်တည်း ထပြန်ချင်လို့မရတော့။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ စတန့်ထွင်တယ်ရယ်လို့ ပြောစရာ။

အားလုံးပင် ပျော်ပျော်ပါးပါးနှင့် ပေါ့ပါးလွတ်လပ်နေကြစဉ် သူ့ဘူငယ်ချင်းများက သူ့ကို အတင်းဆွဲခေါ်သွားကြပြီး သီချင်းတစ်ပုဒ် အတင်းဆိုခိုင်းကြသည်။

''အုံ့ပုန်းချစ်'' ဆိုပါလား။ တီးဝိုင်းဆရာလေးက တယောကို စပါယ်ရှယ်တီးခတ်ပေးမည်ပုံ။

ပုံစံကြည့်ရတာ ကြိုတင်ကြံစည်ထားပုံ။

''အုံ့ပုန်းချစ် တစ်ရက်ချစ်ရတာရယ် ××× လင်မယားချစ်တစ်သက်လိုက်လို့ မမီပါတယ်''

ဆိုသည့် ရှေးသီချင်း။

တယောကလည်းနွဲ့နွဲ့၊ သူ့အသံကလည်း ယခုပင် ငိုချတော့မတတ်။ စောစောက ပျော်ရွှင်နေကြသည့် ရွှေပွဲလာအားလုံးငြိမ်သက်တိတ်ဆိတ်သွားကြပြီး သူ့အသံထဲမှာ နစ်မျောနေကြပေပြီ။

အကြောင်းသိတွေများသည်မို့ သူ့ကိုအရမ်းသနားနေကြသမျှ ချစ်ခြင်းကတော့ ဗီလိန်မာယာနှင့် မှားနေသူပေါ့လေ။

သူမကတော့ မလုံသည့်အိုးလို့ပြောချင်လည်း ပြောကြပေတော့။ ပွဲတောင်းလို့ နှစ်ခါပြန်ဆိုနေသည့် သူ့အသံကို မကြားရက်တော့ပါ။





သူမဟာ နှလုံးသားချင်း စာနာတတ်သူမို့ ကိုယ်မချစ်နိုင်ပေမယ့် သူ ကိုယ့်လို အရမ်းကြေကွဲခံစားနေရတာကို သနားမိပါသည်။

သို့သော် သူမ မီးနှင့်မကစားလိုပါ။ အိမ်ထောင်ရေးအချစ်ရေးဆိုတာ ကစားစရာမဟုတ်ပါ။

မချစ်နိုင်ဘဲ၊ လက်မထပ်နိုင်ဘဲနှင့် သူ့ကို မျှော်လင့်ချက်တွေ မပေးချင်။ နှစ်သိမ့်သည့်သဘောမျိုးနှင့်တောင်မှ သူမ အကြင်နာတွေ မပေးနိုင်။

သည်တော့ ခေါင်းငုံ့နားထောင်နေရင်း ဒီပွဲမှ ဘယ်လိုပြန်ရမလဲဟုသာ သူမ စဉ်းစားနေမိသည်။ တန်ခိုးရှင်တစ်ယောက်လို မြေလျှိုးပြီး ကိုယ်ပျောက်သွားလိုက်ချင်ပါသည်။

ငါ့ကို လူဆိုးလို့ ထင်နေကြပုံပဲ။ ငါ့ကံကြမ္မာကိုက ဆိုးလိုက်တာ။

ကိုယ့်ဘဝနဲ့ကိုယ် ဆရာ့ကို ကျေနပ်စွာလွမ်းရင်း မှန်းလေးတွေကြည့်၊ လောကထဲမှာ သာယာနေတုန်း မြှုန်းဆို ငါ့ဘဝ ကမောက်ကမဖြစ်သွားရတယ်။

သူ့ကို အမြန်ဆုံးပြောပြမှာပါ။ အနာဂတ်တုန်း ဆေးချက်မရှိဘူးဆိုပေမယ့် ဆရာနဲ့ပြန်တွေ့ဆုံနေပြီဖြစ်ကြောင်း ငါ သူ့ကို အသိပေးသင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြားခါစမှာ သူ့ စိတ်ဆင်းရဲသွားချင်သွားမှာပေမယ့် သူ လက်လျှော့သွားမှာပါ။

သူမမှာလည်း လူကတခြား စိတ်ကတခြားမို့ မွေးနေ့ပွဲကြီး ဒီလောက်ဆူညံနေပေမယ့် ချစ်ခြင်းကတော့ အမေ့မေ့ အလျော့လျော့။

သည့်စဉ် မွေးနေ့ကိတ်ခွဲတော့မည်မို့ အားလုံးပင် သူ့အနားသို့ စုပြုံရောက်ရှိသွားကြပေမယ့် ချစ်ခြင်းကတော့ ကိုယ့်နေရာမှာပဲ နေကျန်ခဲ့ပါသည်။

သို့သော် သူကတော့ မွေးနေ့ကိတ်လှီးပြီးသည်နှင့် သူ့ဖေဖေနှင့်မေမေကို အရင်ကျွေးသည်။

ပြီးတာနှင့် ခပ်တည်တည်ပင်။ ချစ်ခြင်းရှိရာအရပ်သို့ မုန့်ပန်းကန်နှင့်အရောက်လာခဲ့တော့သည်။ သူမ ခေါင်းငုံ့နေတုန်း သူကလည်းငုံ့ပြီး မွေးနေ့ကိတ်ကို ဦးဦးဖျားဖျား ခွံ့ကျွေးလေ၏။

ရွှေပွဲလာပရိသတ်အားလုံး လက်ခုပ်တွေတီးသူတီးကြ၊ မလိုသူတွေကတော့ မတီးပါ။

ချစ်ခြင်း လှူမှုရေးအရ မွေးနေ့ရှင်ကျွေးတာ စားရပါသည်။ သူမ့ မျက်နှာတစ်ခုလုံး နီရဲနေပါပြီ။ တကယ့် နှင်းဆီနီနီ။ သူမ တားခဲ့သလို တစ်လျှောက်လုံး လိုက်နာခဲ့ပေမယ့် တစ်ချက်တည်းနှင့် ကျင်းဝင်သည့် ဂေါက်သီးသမားထက် ဆိုးပါသည်။





ဗီဒီယိုထဲမှာ ပြန်ကြည့်မှ သူမတို့နှစ်ယောက် ဘယ်လောက်အခြေအနေဆိုးနေတယ်ဆိုတာ ပေါ်မည်။

ထိုနေ့ကလည်း မသေမသပ်၊ အိုးနင်းခွက်နင်းနှင့်ပင်။ ချစ်ခြင်း သူ့ကို ရန်မလုပ်နိုင်တော့ပါ။ သူမေတ္တာ ရေစီးနှုန်းက ပင်လယ်လှိုင်းလောက်ကြီးမားနေတော့ သူ့ကိုမော့ကြည့်မိရင်း

မျက်ရည်ပါးပါးစီးကျနေသည့် သူ့ရုပ်သွင်ကြောင့် သူမမှာ အံ့အားတသင့်။

သူမ ယောက်ျားတွေအများကြီးနှင့် ထဲထဲဝင်ဝင် မပတ်သက်ဖူးပါ။ ဘေးမှ ပွဲကြည့်ပရိသတ်တစ်ယောက်လိုပဲ သူတို့ကို မြင်ဖူး တွေ့ဖူးပါသည်။

လင်းပိုးအိမ် သရုပ်ဆောင်နေတာလား။ မာယာတွေနဲ့ မျှားနေတာလား။

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်အောင် မျက်ရည်ဝေ့ရင်း သူမကိုငုံ့ကြည့်နေသည့် သူ့ကို ဒီလိုစွပ်စွဲလျှင် ချစ်ခြင်း မစာနာရာကျလိမ့်မည်။ နှလုံးသားမဲ့ရာကျသွားမည်။

ကိုယ့်တုန်းကလည်း ဆရာ့အရိပ်ကလေးမြင်သည်နှင့် မျက်ရည်အလိုလို ဝဲတက်လာတာ၊ နှလုံးသားက နာကျင်မှုအောင့်ခဲ့ရတာတွေဟာ လူမသိ၊ သူမသိ၊ မည်သူမှမသိဘဲ ကြိုးဆုံးခဲ့ရသည့် ဇာတ်ဝင်ခန်းတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ယုတ်စွအဆုံး ဆရာတောင်မသိခဲ့သည့်အဖြစ်သနစ်တွေ။ ဇာတ်ဝင်ခန်းတွေ။

ဇာတ်ကတော့အရမ်းနာခဲ့ပြီးပြီ။

ချစ်ခြင်း ဘယ်လိုလုပ်ရမှာလဲ။ ငုံ့ကြည့်နေသည့် သူ့ကို အံ့အားတသင့်မော့ကြည့်မိနေရာမှ သူမ ဖြည်းညင်းစွာ ခေါင်းငုံ့သွားမိသည်။

ထော်ပါတော့ လင်းပိုးအိမ်ရယ်။

ငါ့နှလုံးသားတွေ နာကျင်အောင် မနှိပ်စက်ပါနဲ့တော့။

ဆရာ့ကြောင့် သွက်သွက်ခါအောင် ခံစားခဲ့ရတဲ့ ဒဏ်သင့် နှလုံးသား၊ ဒဏ်ရာမရှုပ္ပနဲ့ နှလုံးသားတို့ ချမ်းသာပေးလိုက်ပါတော့။

သူကလည်း ချစ်ခြင်းရဲ့အနားမှာပဲ မှန်ပန်းကန်ကိုင်ရင်း ကျောက်ရုပ်ကိုငြိမ်သက်ကျောက်ချနေတော့ မွေးနေ့ပွဲကြီးတစ်ခုလုံး တဒင်္ဂတိတ်ဆိတ်နေလိုက်တာ၊ မြင်လို့ပင်မကောင်းတော့။

မွေးနေ့ရှင်ရဲ့နှလုံးသားကို အားလုံးပင် အဖုံးအကွယ်မရှိ မြင်လိုက်ကြရသလို။

ချစ်ခြင်းဝတ်မှုန် ဆုတောင်းပေးလိုက်ပါသည်။

''အသက်ရာကျော်ရှည်ပါစေ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရှင်''





သူ ခေါင်းညိတ်လိုက်တော့ သူမ ဖြည်းညင်းစွာရပ်လိုက်ရင်း နှုတ်ဆက်ရသည်။

''ကျွန်မပြန်တော့မယ် ... see you ''

''နေ နေပါဦး ချစ်ခြင်းရယ် ... ကျွန်တော် လိုက်ပို့မှာပေါ့''

ယခုမှ ပိုဆိုးပြီတည်း။ သူမ လက်ကာပြီးပြန်ထိုင်ရသည်။

''မွေးနေ့ပွဲ ဆက်ပြီးကျင်းပပါဦး၊ ကျွန်မ မပြန်သေးပါဘူး ပျော်ရွှင်စရာမွေးနေ့ ဖြစ်ပါစေရှင်''

သည်တော့မှ သူမကို ဦးညွှတ်ခဲ့ပြီး သူ အခြားဝိုင်းများသို့ ဆက်လက်ထွက်ခွာသွား၏။ မွေးနေ့ပွဲလည်း အသက်ပြန်ဝင်လာခဲ့သည်။

မကြာမီ သူ ဟိုဘက်ဝိုင်းတွေမှာ ကောင်မလေးတွေနှင့် ပြောဆိုနှုတ်ဆက်နေရတုန်း ကျောင်းမှဆရာမတွေ ပြန်လာကြသည်နှင့် ချစ်ခြင်းပါ ရောပြီးပြန်လစ်ဖြစ်ခဲ့သည်။ သူ့မိဘတွေကိုပင် တမင် မနှုတ်ဆက်ခဲ့တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

စာမေးပွဲက မတ်လမှာဖြေရတော့မည်။ ဖေဖော်ဝါရီလထဲ ရောက်ပြီမို့ ချစ်ခြင်းတို့ အိမ်ပြန်ရောက်တော့မည်ပေါ့။

ချစ်ခြင်းဟာ မွေးတတ် ရှုပ်တတ်သူမဟုတ်ပေမယ့် ယခု ကျ ဆရာနှင့်လင်းပိုးအိမ်ကြားမှာ ယောင်ချာလည်နေခဲ့ရပြီ။

တကယ်တော့လည်း ကိုယ့်စိတ်ကြောင့် ကိုယ်ဒီနာကျင်နေ ရတာပါပဲ။

ဆရာ့ကိုအရမ်းချစ်မိ သနားမိသလို လင်းပိုးအိမ်ကျ ကရုဏာစိတ်ကြောင့် ပစ်ပစ်ခါခါ မပြောရက်။

"သေရင်ဆေးပေးမယ်ဆိုရင်တောင် ဖြေဆေးလေးနဲ့ တွဲပေး ပါ" ဆိုတဲ့ တောင်းဆိုမှုကြောင့်လား။





သူ့ကို ဆရာနှင့်ပြန်တွေ့နေပြီဖြစ်ကြောင်း ပြောဖို့ အား ယူနေရတာလည်း မသက်သာ။ ယခုထိ ပြောခွင့်မသာသေး။ ဖုန်းထဲကပြောရအောင်လည်း အချိန်ကိုမရ။

ဆရာနှင့်ကျတော့ရော –

ညက ဖုန်းဆက်ဖြစ်ခဲ့သည့်အကြောင်းအရာတွေကို ပြန် သတိရရင်း ချစ်ခြင်း မျက်ရည်ဝဲရသည်မှာ အခါခါ။ ညက ဆရာ့ဆီ သူမ ဖုန်းဆက်ခဲ့သည်။ ည (၁၀) နာရီကျော်မှပေါ့။ မရဲတရဲဆက်ကြည့်ရတာ။

"ဆရာ"

"ဗြော် ... ဝတ်မှုန်"

"ဆရာ အိပ်နေပြီလားဟင်၊ အနှောင့်အယှက်ဖြစ်သွား ရင် ဆောရီးပါဆရာ"

"ရပါတယ် ... ဆရာ ကလေးသိပ်နေတာ"

"ဗြော်"

ရင်ထဲနင့်သွားမိတာ အဆမတန်။ ဆရာ့ခမျာ အလုပ် လည်းလုပ်ရ၊ အိမ်ထောင့်တာဝန်လည်းထိန်းရ၊ ကလေးတွေ လည်း ထိန်းကျောင်းရ။

"ဒါဆို ကျွန်မစကားပြောရင် ကလေးနိုးသွားမှာပေါ့နော်။ ကလေး (၂) ယောက်လုံး ဆရာနဲ့အိပ်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အကြီးက သူ့အဒေါ်နဲ့အိပ်တယ်။ အငယ်မက ဆရာနဲ့ အိပ်တယ်။ ဆရာ့မရီးလာနေပေးတယ်"

"ဪ"

ချစ်ခြင်းဝတ်မှုန်ရင်ထဲ နင့်ရပြန်သည်။ ဆရာ့မရီးတဲ့။ အပျိုကြီးမို့ လာနေပေးနိုင်တာပေါ့။ ဘယ်အရွယ်လဲ။ ဆရာ့အမျိုးသမီးလိုပဲ သူလည်း လှမှာပေါ့။

ကိုယ်က ဆယ်ကျော်သက်လေးမဟုတ်တော့လို့ အူတိုတာတွေ၊ သဝန်တိုတာတွေနှင့် ကဲကဲဆတ် နေလို့မဖြစ်။ တကယ်ဆို ကိုယ်လည်း ဘာမှမကူညီနိုင်သေးဘဲနှင့်လေ။ ခံစားချက်ကို သူမ မျိုသိပ်ရပါသည်။

သူမ လောလောဆယ် စကားမဆိုနိုင်တော့ပေမယ့် ဆရာကလည်း သူ့ထုံးစံအတိုင်း စကားနည်းပါသည်။

"ဒါဆို တော်သေးတာပေါ့နော်၊ ဆရာ အဆင်ပြေသွားသေးတာပေါ့"

"ဟုတ်တယ်၊ သူက တော်တော်အလုပ်လုပ်နိုင်ပါတယ်။ ကလေးတွေကလည်း သူ့ကို ချစ်ပါတယ်"

ဆရာ သဘောရိုးနှင့်ပြောနေသလား။ တမင်ရည်ရွယ်ချက်ရှိရှိ ပြောနေသလားဟုပင် ချစ်ခြင်း မဝေခွဲနိုင်တော့ပါ။

တကယ်တော့လည်း သူမဘက်ကသာ ဆရာ့ကို အမွှ





အမှုးချစ်မိခဲ့ပြီး ဆရာ့ဘက်က အသိအမှတ်တောင်ပြုခဲ့ရဲ့လား။ ပြန်စဉ်းစားကြည့်တော့ မသေချာ။

ယခုလည်း သူမကို ချစ်တယ်လို့ တစ်ခါဖူးမှ ပြောခဲ့တာမဟုတ်။ ပွင့်လင်းခဲ့ကြသေးတာမဟုတ်။

"ဆရာ ကံကောင်းတာပေါ့။ ကလေးတွေနဲ့ ဥမကွဲ သိုက်မပျက်နေရသေးတာပေါ့"

"ဟုတ်တယ်၊ တချို့တွေဆို ကလေးတွေကို အဘိုးအဘွားတွေဆီ ပို့ထားကြရတာ။ ကိုယ်ကတော့ ကိုယ့်ကလေးတွေကို ကိုယ့်လက်ပေါ်မှာပဲ ကြီးပြင်းစေချင်ပါတယ်"

"ဟုတ်တာပေါ့ ဆရာ"

"ဝတ်မှုန်ရော မိဘမေတ္တာကို ဘယ်လိုနားလည်လဲ"

"ကျွန်မတို့ လိုက်မမီနိုင်လောက်အောင် မြင့်မားလှပါတယ်ဆရာ။ မိဘမေတ္တာဟာ ဘယ်ပန်းချီရေးလို့မမီနိုင်တဲ့အရာပါ"

"ဆရာလည်း အဲဒီမေတ္တာတွေကို အမီလိုက်ရဦးမယ်။ အရောင်တင်ရဦးမယ်။ ကိုယ့်ဆန္ဒထက် သူတို့ရှေ့ရေး၊ သူတို့ဆန္ဒကို ဦးစားပေးရမယ်"

"ဟုတ်ပါတယ်ရှင်"

ချစ်ခြင်းဝတ်မှုန်ရဲ့အသံတွေ အက်ကွဲနစ်ဝင်ကျန်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမလည်း မတတ်နိုင်ပါ။ ဆရာနှင့် ဖုန်းပြောရင်း သူမ ကိုယ်သူမ သိမ်ငယ်ကျုံ့ဝင်သွားရတာလည်း အကောင်အထည် ဒြပ်အဖြစ်တောင်ရှိတော့မည် မထင်။

ဆရာ တမင်ပြောနေတာ ရည်ရွယ်ချက်ရှိရှိနှင့် ရေလာမှာစိုးလို့ မြောင်းပိတ်နေတာ။ သူမ ရင်ထဲ ကြေကွဲရပါသည်။

အချစ်ဆိုတာ ကိုယ်တစ်ယောက်တည်း ရူးလို့မဖြစ်။ အုံ့ပုန်းချစ်နှင့် တစ်သက်လုံး ချစ်သွားလို့ရပေမယ့် မြန်မာ့ထုံးတမ်းစဉ်လာအရ ပွင့်ထွက်လို့မဖြစ်။

သူမ အသံကိုထိန်းပြီး ဆရာ့ကိုနှုတ်ဆက်ရပါသည်။

"ဆရာတို့ အဆင်ပြေရဲ့လားလို့ ဖုန်းဆက်ကြည့်တာပါ။ ကောင်းသောညပါရှင်"

"ဂွတ်နိုက်ပါ ဝတ်မှုန်၊ အိပ်မက်လှလှမက်ပါစေ"

ဖုန်းပိတ်ပြီးတော့ ချစ်ခြင်းဝတ်မှုန်ရဲ့ မျက်ဝန်းကမ်းပါးမှ မျက်ရည်ပူတွေ အလျှံမပြတ် စီးဆင်းနေမိတာ၊ ချစ်ခြင်းကြောင့် ကျတဲ့မျက်ရည်။

အို ငါ ... ဘာဖြစ်လို့ ဒီလောက်ခံစားနေရတာလဲ။

ဟိုး ကမ္ဘာဦးအစကတည်းက ဒီလိုအဖြစ်မျိုးတွေ၊ ဒီလို အချစ်မျိုးတွေ ရှိခဲ့ကြတာပဲ။

တစ်ဖက်သတ်အချစ်ရဲ့ ပူလောင်ခြင်းကို ငါ ကိုယ်တွေ့





ကြုံနေရတာ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲ။

အိပ်မက်လှလှမက်ဖို့ဆိုတာ ဆရာ့အပေါ်မှာပဲ မူတည်ပါတယ်ဆရာ။

ကျွန်မရဲ့အိပ်မက်တွေကို ပိုင်စိုးသူဟာ ဆရာပဲမို့ တစ်ခါက ရေးခဲ့တဲ့ ကဗျာလေးထဲကလိုပဲ –

မိုးလင်းတာနဲ့ ကူးခတ်ရတဲ့
သမုဒ္ဒရာ (၇) စင်းအကြား
ကိန္နရီချောင်းခြား
မိုးလင်းတာနဲ့ ကူးခတ်ရတဲ့
ကညင်ချောင်းလေးထဲ
ကိန္နရီချောင်းခြား
မပျော်တော့ပါဘူး
လောကကြီးထဲ
လွင့်မျောလွင့်မြောက်
ဝင်းပနေတဲ့တစ္ဆေ
ည ညဆို လရိပ်ဖြာနေမယ့်
သူ့စံပယ်ရုံကလေးဆီ။

အမြဲပဲ ဝေးကွာခြင်းနိမိတ်တွေပဲ ကျွန်မရဲ့နှလုံးသားမှာ ကြီးစိုးနေဆဲပါ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ဘယ်လိုမှအပြစ်မတင်နိုင်လောက်အောင်လည်း မိုက်မဲရူးသွပ်စွာ ချစ်မိနေဆဲပါ။

သူမ မျက်ရည်စိုးတွေနှင့် သီးနင့်နေတုန်း သူမတို့ရဲ့ အိမ်ကလေးသို့ ညရိပ် လရိပ်နှင့် အတူရောက်ရှိလာခဲ့သူဟာ လင်းပိုးအိမ် ဖြစ်လို့နေသည်။

အခြေအနေတွေ တော်တော်ဆိုးနေပါလား။

မနေ့ကတင် မွေးနေ့ပွဲမှာ အိုးနင်းခွက်နင်း ဖြစ်ခဲ့ရတာ လတ်လတ်ဆတ်ဆတ်မို့ ချစ်ခြင်း သူ့ကိုမြင်ရတာ သွေးလန့်နေပေမယ့် –

သူမ ကဲကဲဆတ်နေလို့မရပါ။

ဆရာမအပျိုတွေရှိရာ အိမ်ဆိုပေမယ့် (၃) ယောက်တောင်နေသည့်အိမ်။

နောက် ကျောင်းဝင်းထဲမှာလည်း အခြားဝန်ထမ်းတွေ၊ ဆရာကြီးပါ နေနေတာမို့ ဆိတ်ကွယ်ရာမဟုတ်။

ယမင်းခင်နှင့် ခင်သည်းမွန်ကတော့ သူ ကြောင်မနေရအောင် နွေးထွေးစွာ ဆီးကြိုနေရာချပေးကြသည်။

"လာ လာ ... ကိုလင်းပိုးအိမ်။ ဘာတွေယူလာတာလဲ။ ဟာ ပွတာပဲ၊ မုန့်တွေကိုအများကြီးပဲ။ စားမယ်နော်"

"စားပါဗျာ၊ အားလုံးစားဖို့ ဝယ်လာတာပါ။ ချစ်ခြင်း





အတွက်ကတော့ ပန်းသီးပါလာပါတယ်"

"ဟုတ်တာပေါ့၊ ပန်းသီးဆိုတာ ချစ်သူတွေရဲ့ သင်္ကေတပဲ။ ချောကလက်လည်းပေးရတယ်ဆရာကြီးရဲ့။ ကဲ ကျွန်မတို့ လေ့ကျင့်ခန်းစာအုပ်တွေဖျက်ရင်း အခန်းထဲဝင်နေမယ်နော်။ အေးအေးဆေးဆေးသာပြောကြ"

နှစ်ယောက်သား အတွင်းခန်းသို့ ရှောင်ပြေးဖို့ပြင်ကြလျှင် ချစ်ခြင်း သူတို့နှစ်ယောက်ကို ဆွဲထားမိသည်မှာ အားကိုးတကြီး။

"သူနဲ့ငါက မိတ်ဆွေတွေပါ။ ရှောင်ပေးရမယ့်ပတ်သက်မှုမျိုး မဟုတ်ဘူး။ သူများမြင်ရင်လည်း မကောင်းပါဘူးဟာ။ လာပါ ဝိုင်းဖွဲ့စကားပြောကြရအောင်ပါ"

"သူမှာ ပြောစရာစကားတွေ ရှိမှာပေါ့။ ငါတို့တွေက ငုတ်တုတ်ကြီးထိုင်နေတော့ သူ ဘယ်ရင်ဖွင့်ရဲတော့မလဲ။ ကဲပါ တို့အိမ်ထဲလည်း ဘယ်သူမှ လှမ်းမမြင်ရပါဘူး။ နင့်ကိုလည်း ဘာမှ မဖွယ်မရာ မလုပ်စေရပါဘူး။ ငါတို့ ချောင်းကြည့် အဲလေ နားစွင့်နေမှာပါ ... ဟဲ ဟဲ ဟဲ"

ဗိုလ်အောင်ဒင်စတိုင်လ်နှင့်ရယ်ပြီး ယမင်းတို့နှစ်ယောက် အခန်းထဲဝင်သွားကြတော့ ချစ်ခြင်းနှင့်လင်းပိုးအိမ်တို့ နှစ်ယောက် ဧည့်ခန်းထဲမှာ ကျန်ခဲ့ကြရသည်။

သူနှင့်ကိုယ်ဟာ ချစ်သူတွေမဟုတ်လို့ ချစ်ခြင်း ထိုင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရဲပေမယ့် အများအမြင် မတင့်တယ်မှာစိုးတာပါ။

အင်းလေ . . . တို့နှစ်ယောက်အဖြစ်က ချိန်းတွေ့ကြတာမှ မဟုတ်တာ။ သူကလည်း အိမ်ကိုလာတာပဲ။

"ကဲ . . . ပြော ဘာဖြစ်လို့ အိမ်ထိရောက်လာရတာလဲ"

"ချစ်ခြင်းရယ် ရက်စက်တယ်ဗျာ။ တစ်ဖက်သား ဖျပ်ဖျပ်လူးအောင် ခံစားနေရတာတောင် သွေးမပျက်ဘူးနော်။ တော်တော် သမ္မာရင့်နေတဲ့ပုံပဲ"

သူတို့နှစ်ယောက် စကားပြောနေကြတာ ခပ်တိုးတိုးပါ။ အထဲက မကြားတစ်ချက် ကြားတစ်ချက်ရှိရုံ။

"အံမယ် . . . ရှင့်စကားက ကျွန်မကို နစ်နာထိခိုက်နေပြီ။ ကျွန်မဘက်ကလည်း ရှင့်ကို ပြောစရာတွေ ရှိသေးတယ်"

"ပြောပါ၊ ချစ်ခြင်းမကြိုက်တဲ့အရာတွေအားလုံးကို ကျွန်တော်ပြင်ပါ့မယ်။ မွေးနေ့တုန်းက ကောင်မလေးတွေက ကျွန်တော့်နမဝမ်းကွဲလေးတွေပါ။ ချစ်ခြင်း စိတ်ကောက်ပြီးပြန်သွားတာ မဟုတ်လား"

"ရှင်လည်း ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတယ်နော်။ ကဲပါ . . . ကျွန်မပြောတာ သေသေချာချာ နားထောင်စမ်းပါဦး"

သူမတားမှ သူ ငြိမ်သက်စွာနားထောင်ပေး၏။ ချစ်ခြင်း





ခေတ္တအားယူပြီး ပြောချရတာပါပဲ။

"ကျွန်မရဲ့ကဗျာတွေဖတ်ပြီး ရှင် ကျွန်မကို အသည်းကွဲနေမှန်း၊ ရင်ကွဲနာကျနေတဲ့သူမှန်းတော့ သိတယ် ဟုတ်လား"

"သိပါတယ်၊ ဒီကဗျာမျိုးတွေက စိတ်ကူးယဉ်ပြီးရေးလို့ရတဲ့အရာတွေမဟုတ်ဘူးလေ။ တစ်ခါကတော့ ချစ်ခြင်းသိပ်ပြီး လွမ်းခဲ့ ရင်ကွဲနာကျခဲ့မှာပေါ့။ ဒါတွေ ကျွန်တော်ခွင့်လွှတ်နိုင်ပါတယ်"

"ခွင့်လွှတ်စရာ မလိုပါဘူး။ ကျွန်မ သူနဲ့ပြန်ပြီး အဆက်အသွယ်ရနေပြီ"

"ဗျာ"

လင်းပိုးအိမ်အသွင်က လက်ဖြောင့်သေနတ်သမား၏ ပစ်ချက်မှာ ကားခနဲ ပစ်ကျသွားသည့် ငှက်တစ်ကောင်နှယ်။

သူ့ရင်အုံတစ်ခုလုံး ပွင့်ထွက်သွားလေသလား ခံစားလိုက်ရသည်။ သူမပုံစံကလည်း ပျော်ရွှင်နေသည့်ပုံတော့မဟုတ်။

"ကျွန်မ သူနဲ့ပြန်တွေ့ပြီ။ သူက ကျွန်မတို့ရဲ့ပန်းချီဆရာလေ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကလား"

"အင်း ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ မနေ့တစ်နေ့ကလိုပါပဲ။ သူ့ကိုချစ်တဲ့အချစ်တွေနဲ့ ပူနွေးလတ်ဆတ်နေဆဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ငြိမ်သက်သွားလိုက်ကြတာ အချိန်တွေ ဘယ်လောက်ကုန်သွားမှန်းပင် မသိတော့။ အခန်းထဲမှ နားစွင့်နေကြသည့်နှစ်ယောက်မှာ ဘာသံမှမကြားရသဖြင့် အခြေအနေကောင်းနေပြီလားရယ်လို့ ချောင်းကြည့်ကြတော့ –

နှစ်ယောက်သား အသက်ပျောက်နေသလို နေရာမှာ ကျောက်ရုပ်တွေနှယ်။

"ခက်တော့တာပဲ။ ဒီနှစ်ယောက်အစား ငါတော့ အသည်းယားလိုက်တာဟယ်။ အရွယ်လည်း ညီ၊ အလှလည်း ညီ။ အင်း အချစ်ကတော့ မညီဘူးထင်တယ်၊ လင်းပိုးအိမ်က လိုက်ပိုးနေရတာဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ် ဒီလောက်တောင် ကိုယ့်ကို သည်းသည်းလှုပ်နေအောင်ချစ်ရင် ငါဆို ယူလိုက်ပါတယ်"

အခန်းထဲမှနှစ်ယောက် အသည်းယားနေကြပေမယ့် အပြင်ဘက်မှာတော့ လင်းပိုးအိမ်အသွင်က နလန်မထူနိုင်သည့် သို့ပန်းတစ်ဦးလို။

အတန်ကြာမှ အားတင်းပြီး သူမေးနွေးသည်။ တိုးတိုးလေး။

"သူက ချစ်ခြင်းကို ဘာဖြစ်လို့ စွန့်ပစ်ခဲ့တာလဲ။ ခုကျမှ ဘာလို့ပြန်ပြီး ဆက်သွယ်ရတာလဲ"





"ပြောရရင်တော့ မကောင်းပါဘူးရှင်။ ကျွန်မတို့နှစ်ယောက်ရဲ့အဖြစ်က တစ်ဖက်သတ်သဘောမျိုးပါ။ သူက အသိအမှတ်တောင်ပြုတာ မဟုတ်ပါဘူး"

"ဗျာ"

သူ့ပုံစံက အံ့သြလွန်းလို့ မျက်လုံးအပြူးသား။ ပါးစပ်အဟောင်းသား။ သူမကိုကြည့်ရှုပုံက ကမ္ဘာ့အထူးအဆန်းဆုံး သတ္တဝါတစ်ကောင်ကို ကြည့်နေသည့်နှယ်။

ချစ်ခြင်းဝတ်မှုန် တရှိန်ရှိန် ပွင့်အွေးလာသည်အထိ ရှက်ရွံ့ရပါသည်။ သူ့ကိုဆက်ပြီးရှင်းပြရတာပါပဲ။ သူမရဲ့အသံက အဝေးဆုံးမှ မိုင်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရသည့်နှယ်။ အသံလှိုင်းများ တိုးညှင်းပေမယ့် တုန်ယင်ကြေကွဲလို့။

"ကျွန်မကို နားလည်နိုင်မှာမဟုတ်ဘူး။ လုံလောက်တဲ့ အကြောင်းပြချက်တွေ ရှိပေမယ့် ရှင့်ကို ဒီထက်ပိုပြီး ရှင်းမပြချင်တော့ဘူး"

"ချစ်ခြင်းလို ချစ်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ကို သူက အသိအမှတ်မပြုဘူး ဟုတ်လား။ အခုကျတော့ရော ဘယ်အချိန်ပြန်တွေ့ပြီး ဘယ်လို နားလည်မှုတွေ ရသွားရတာလဲ။ မကြာသေးဘူးပေါ့ ဟုတ်လား။ အခုရော ပွင့်လင်းသွားကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းတွေကို ဖြေရမှာ ချစ်ခြင်းဝတ်မှုန် ရှက်ရွံ့ကြေကွဲရပါသည်။ ယခုလည်း ပွင့်လင်းသွားတာ မဟုတ်သေးပါ။

သူမကသာ မျှော်လင့်နေရတာ။ ကြေကွဲနေရတာ။ ဆရာက ချစ်တယ်လည်းမပြော၊ လက်ထပ်ဖို့လည်း မဆို။ ဆင်ဇွေရန်ရှောင် စကားတွေနှင့် ငြင်းပယ်လိုသည့် လက်မခံလိုသည့် နိမိတ်ပုံတွေသာ။ ဝေးကွာသည့်အရပ်မှ တိုက်ခတ်လာသည့် လေပြည်ညင်းတွေဟာ ပူလောင်ဆွေးမြည့်မှုတွေကိုပဲ သယ်ဆောင်နေခဲ့တာ။

"ကျွန်မတို့ အဆက်အသွယ်ပြန်ရတာ ၃-၄ ရက်လောက်ပဲ ရှိပါသေးတယ်"

"ဒါနဲ့များဗျာ"

သူ့အသံက ကြေကြေကွဲကွဲ။ အပြစ်တင်လိုဟန်ကလည်း အပြည့်။

"ရှင့်မွေးနေ့မှာ ရှင်မပျော်ရွှင်မှာစိုးလို့ မွေးနေ့ပြီးမှ ဖွင့်ပြောရတာပါ"

"ကျွန်တော် ဘယ်တော့မှ ပျော်ရွှင်မှာမဟုတ်တော့ပါဘူး။ တစ်ခုတော့ တောင်းဆိုချင်ပါတယ်ဗျာ"

ချစ်ခြင်း သူ့ကို စကားအဖြစ်တောင် မပြောနိုင် မပြောချင်တော့ပါ။





"ချစ်ခြင်း ... သူနဲ့လက်မထပ်ဖြစ်ရင် ကျွန်တော့်ကိုပဲ လက်ထပ်ရမယ်။ ကျွန်တော့်နှလုံးသားတံခါးကို ချစ်ခြင်းအတွက် အမြဲဖွင့်ဟပေးထားပါတယ်။ ချစ်ခြင်း စိတ်အလိုလိုက်ခဲ့ပြီးပြီးပဲဗျာ။ ကိုယ်ချစ်ကိုမရခဲ့ရင်လည်း ကိုယ့်ကို သေလုမတတ် ချစ်နေလွမ်းနေတဲ့ကောင်ကို သတိရသင့်ပါတယ်"

"နောက်တစ်ချက်က ဘယ်လိုအဖြစ်မျိုးနှင့်ပဲ ကြုံရပါစေ ချစ်ခြင်း ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို၊ မောင်ဘွားတစ်ယောက်လို အမြဲ အသိအမှတ်ပြုရမယ်။ ကျွန်တော့်ရဲ့ တသွင်သွင် စီးဆင်းနေတဲ့ သံယောဇဉ်၊ မေတ္တာထုထည်ကို အမြဲလေးစားနေရမယ်"

ပြောပြီး သူ ဆတ်ခနဲထရပ်ပြီး သူမအနားမှ ဖြတ်ထွက်သွားတော့ သူ့မျက်ရည်တစ်စက်က သူမ၏ပါးတစ်ဖက်သို့ လွင့်စင် ထိရှကျန်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ –

ချစ်ခြင်းဝတ်မှုန်ကလည်း ကိုယ့်အလွမ်းနှင့်ကိုယ်မို့ မပျော်တော့တာအမှန်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

လင်းပိုးအိမ်။

အမြဲတမ်း ဖျတ်လတ် သွက်လက်ပြီး စီးပွားရေး၊ လူမှုရေး၊ ပရဟိတတွေနှင့် ပျော်ရွှင်တက်ကြွခဲ့သည့် လူငယ်တစ်ယောက်ဟာ အချစ်ဆိုသည့် စေတန်နတ်ဆိုးနှင့် ရင်ဆိုင်တွေ့လိုက်ချိန်မှာတော့ –

သိကြားမင်း ပစ်ချခံလိုက်ရသည့် အသူရကာယ်နတ်မင်းလို မြင်းမိုရ်တောင်ခြေမှာ ကားခနဲ။

ဘဝဆိုတာတော့ ရုန်းကန်ချီတက်နေရဦးမှာပါပဲ။ သူများတကာ အသည်းကွဲသမားတွေလို အသည်းကို အရက်နဲ့လည်း မစိမ်ခဲ့၊ မကုစားခဲ့ပါဘူး။





လူငယ်စတိုင် ပျောက်သွားပြီး တည်ကြည်လေးနက်စွာ ဘဝကို ဆက်လက်ချီတက်နေဆဲပါ။

မိဘနှစ်ပါးကလည်း အချစ်ဆုံးသားလေး၊ သားလိမ္မာလေးမို့ အရိပ်တကြည့်ကြည့်။ မေမေဒေါ်သစ္စာမွန်ကဆို –

"သား မင်းတို့နှစ်ယောက် စိတ်ကောက်နေကြတာလား။ ငါ့သားကလည်း အနိုင်မယူနဲ့ပေါ့။ မိန်းကလေးဆိုတာ သူတို့အပေါ် ဗိုလ်ကျတာမကြိုက်ဘူးကွဲ့။ မရခင် ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ရတယ်လေ"

"မရခင်တင်မဟုတ်ပါဘူး အမေရယ်။ တစ်သက်လုံး ထိပ်ပေါ်တင်ထားချင်တာပါ။ အခြေအနေတွေက ကောက်ကွေ့တယ် မေမေရဲ့။ မေမေမသိပါဘူးဗျာ။ မေမေသိသွားရင် သားရင်ဘတ်ကြီးလောင်ကျွမ်းနေတာမြင်ပြီး အပူတွေကူးသွားလိမ့်မယ်"

သူ ကိုယ့်အိပ်ခန်းထဲမှာ မှောက်ပြီး အသည်းကွဲနာရင်ကွဲနာကို အစိမ်းတိုက်ခံစားနေရရှာတော့ မေမေက သူ့ခုတင်မှာ လာထိုင်ပြီး –

"ငါ့သားရယ် . . . မိန်းမဆိုတာ ပဲများတယ်ဆို။ ဒီလိုပဲ ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ကိုယ့်ဖက်ပါအောင် သိမ်းသွင်းရဦး"



www.burmeseclassic.com

www.burmeseclassic.com



"အမေ မသိပါဘူးဗျာ။ ပညာတတ်မိန်းမတွေ၊ အထူးသဖြင့် ကဗျာဆရာမတွေက ဗိုပြီးခေါင်းမာတယ် ထင်ပါတယ်ဗျာ။ ဒီကောင် သူ့ရှေ့မှာ ဗိုင်းခနဲလဲသေတောင် သနားမှာမဟုတ်ပါဘူး"

သူတစ်ယောက်တည်း သွေးစိမ်းရှင်ရှင်ထွက်နေရတာ မိစိမ်းကားကြီးတော့ သိမည်မထင်။

ဖေဖေကလည်း သူ့သားအခန်းထဲ ရောက်လာပြန်ပြီး ဩဝါဒတွေ ခြွေချနေပြန်၏။

"မင်းတို့အဖြစ်ကလည်းကွာ တစ်မြို့လုံး ဟိုးဟိုးကျော်နေပြီး ဘာမှမဟုတ်ဘူးလား။ ပုသိမ်သင်တန်းသွားတုန်းကလည်း လိုက်ပို့ လိုက်ကြို။ ငါ့မှာတော့ အိပ်ရာခမ်းနားပဲ စီစဉ်ရတော့မလားလို့။ မင်းကွာ ငါ့သားဖြစ်ပြီး ညံ့ပါ့"

"ဟာ ... အဖေမသိပါဘူး။ အဖေတို့ခေတ်နဲ့ လုံးဝမတူတော့ဘူးဗျ။ အဖေတို့ခေတ်က အမေ့ရှေ့မှာ အသည်းတွေ ကွဲပြ၊ အရက်တွေသောက်ပြရုံနဲ့ အမေက ဘုတ်ခနဲ ကြွေကျခဲ့ပေမယ့် ခုခေတ်က ဒီအထာလောက်နဲ့ မရဘူး"

"မရတော့လည်း ရအောင် ဗျူဟာပြောင်းပေါ့ကွ။ ဒီဂရီ ထပ်တင်ပေါ့။ ခေတ်နဲ့လျော်ညီတဲ့အထာနဲ့ ကြိုးစားပေါ့"

"မရလို့ပေါ့ဗျာ။ ကဲပါ ... ဖေဖေနဲ့မေမေ အေးအေး





နေကြစမ်းပါ။ သားလည်း အသည်းကွဲလို့ မသေပါဘူး။ မကြာခင် ပြန်ပြီးရှင်သန်ထမြောက်လာမှာပါ။ သားကို ပစ်ထားလိုက်ကြစမ်းပါ"

"ပစ်ထားနိုင်မလားကွ၊ သားလေးတစ်ယောက်တည်းရှိတာ။ မင်း ကောင်မလေးဆီ ဖုန်းလေးဘာလေးဆက်ပေါ့။ Message လေး ဘာလေးပို့၊ လုပ်စမ်းပါ။ နည်းနည်းတော့ ထူးခြားလာမှာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဖေပြောတာ ဟုတ်တယ်။ သူက ကျွန်တော့်ဖုန်းကို ကိုင်ပါသေးတယ်"

အားလျားကြီးမှောက်နေရာမှ ဖုန်းကိုဆွဲပြီး သူ ချစ်ခြင်းဆီ ဖုန်းဆက်ဖို့ပြင်နေလျှင် သူ့မိဘနှစ်ပါးမှာ သက်ပြင်းချ၊ ခေါင်းတွေခါကြရင်း အခန်းပြင်သို့ ထွက်ပေးကြပါသည်။

"ဟယ်လို ... ချစ်ခြင်း"

"ချစ်ခြင်းမဟုတ်ဘူး ကိုလင်းပိုးအိမ်ရှေ၊ ယမင်း ... ယမင်း။ ရှင့်ချစ်ခြင်း ခုညပြန်ဖို့ အထုပ်အပိုးတွေပြင်နေတယ်။ အခု ဆရာကြီးဆီ ခွင့်သွားတင်နေတယ်"

"ဗျာ ... ဘာ ဘာပြဿနာတွေဖြစ်လို့လဲဟင်။ ကျွန်တော် စိုးရိမ်လိုက်တာဗျာ"

"ဆေးခန်းပြမလို့ဆိုလားပဲ။ သူ့မြို့ကိုပြန်မှာ။ အဲဒီကျမှ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေနဲ့ တိုင်ပင်ပြီး ဆေးကုမယ်ထင်တယ်''

''အို . . . ကျွန်တော့်လည်း ဘာမှမပြောပါလားဗျာ။ ချစ်ခြင်း တော်တော်ရက်စက်ပါလား''

သူမှာ ယခုထိ ကြေကွဲခံစားနေရဆဲ။ သူ့ရင်ထဲမှာ ချစ်ခြင်းဟာ သူ့အတွက် ထာဝရချစ်သူ။

''သူလာမှ ဆက်ပြောလေ၊ ကျွန်မ ဖုန်းချလိုက်မယ်။ တော်ကြာ ရှင်တို့ကြားထဲ ကျွန်မက ဝင်နှောက်သလို ဖြစ်နေပါဦးမယ်''

''သူ ဘာနဲ့ပြန်မှာလဲ''

''ကားနဲ့ပြန်မှာ (၁၀) နာရီကား''

''ကျေးဇူးပါ ယမင်း။ နောက်မှကျေးဇူးဆပ်မယ်''

''ဟင် . . . ရှင် ရှင် ဘာလုပ်မလို့လဲ''

တစ်ဖက်မှ ဖုန်းပိတ်သွားလျှင် ယမင်းခင် ခေါင်းနားပန်းကြီးနေရသည်။ ငါ ချစ်ခြင်းပြန်မှာပြောလိုက်မိတာ မှားများသွားသလား။ လင်းပိုးအိမ်က လွယ်သူမဟုတ်။ ရှစ်စပ်က ဂျင်ဂျင်လည်နေတာ။ အိုလေ ဒီသတင်းက တော့(ပ်)စီးကရက်လည်းမဟုတ်ပါဘူး။ တစ်ကျောင်းလုံးသိနေကြတာပါ။ ယမင်း ထိတ်လန့်နေမိတာ သူ့ပယောဂပါသွားမှာစိုးလို့ပါ။

☀





ည (၉) နာရီခွဲကတည်းက ကားဂိတ်သို့ ဆင်းလာခဲ့တော့ ချစ်ခြင်းဝတ်မှုန်တစ်ယောက်တည်း ကားဂိတ်နှင့်ကျောင်းက ခပ်နီးနီးမို့ သူမ မည်သူ့ကိုမှလိုက်မပို့ခိုင်းတော့ပါ။

ဆောင်းတွင်းကြီးမို့ ချမ်းလိုက်တာလည်းအလွန်။ နှင်းတွေကလည်း တဖွဲဖွဲကျနေလိုက်တာ။ အရာအားလုံး ခပ်ပိန်းပိန်း။

ကားက (၁၀) နာရီအတိအကျရောက်လာသည်မို့ သူမ ကားပေါ်တက်ရင်း မျက်စိမှိတ်ပြီး ကိုယ့်နေရာမှာထိုင်လိုက်လာခဲ့သည်။

အနွေးထည်တစ်ထည်တည်းမို့ သူမ ချမ်းနေရသည်။ …ကုန်ကို မနက်စောစောရောက်မည်ထင်သည်။ တစ်ညလုံး စီးရမည့်ကား။

ကားကလေအိတ်ကားမို့ သူမ အရမ်းချမ်းနေရပေမယ့် လေအိတ်ကားကတော့ အဲကွန်းဖွင့်ထားတာပါပဲ။

လူတွေများ အံ့ဩပါ့။ ဒီလောက်ချမ်းနေတာကိုများ အဲကွန်းဖွင့်ပေးထားရသတဲ့။

ချစ်ခြင်းမှာ ဒီလောက်ချမ်းမယ်မှန်းမသိလို့ လက်နက်အပြည့်အစုံမပါ။ အနွေးထည်တစ်ထည်တည်း။ နောက်လုံချည် အထည်း တစ်ထည်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကဲတိုက်ကရိုက်ထွက်လာရတာလည်း ပါသည်။ ဒီည တော့ ဆောင်းရဲ့ခါးသီးမှုကို ခါးစည်းခံရမှာပဲ။

ကားထွက်လာတော့ မြို့အထွက်ဂိတ်မှာ ကားခေတ္တရပ်သည်။ နောက် ခရီးသည်နှစ်ယောက်၊ သုံးယောက်လောက် တက်လာကြသည်ထင်ရဲ့။

ချစ်ခြင်းကတော့ ကိုယ့်ခုံဘေးမှနေရာလွတ်ကို ကြည့်ရင်း ခိုက်ခိုက်တုန်မတတ် ချမ်းအေးနေ၏။ ဒီညမှ အအေးလှိုင်းတွေ ဖြတ်သလားမသိ။

သူမအနားသို့ ဧွေ့ခနဲထိုင်လာသူက စောင်ကြီးခြုံထားလျှင် ချစ်ခြင်း မျက်လုံးစွေပြီးကြည့်မိသည်။

လူက လူလုံးပျောက်နေ၏။ အက်စကီးမိုးလို အမွေး ထည်တွေ၊ သားမွေးကုတ်တွေ၊ ခေါင်းစွပ်တွေနှင့်အပြင် စောင် ကြီးကလည်း ကောင်းမှကောင်း။ ယုန်မွေးစောင်လား ဘာလား။ ပေါ့ပါးပြီးနွေးမည့်ပုံ။

သူ့ဘေးမှချစ်ခြင်းကတော့ ကြွက်စုတ်တစ်ကောင်နှယ်။ ရေမွန်းနေသည့် ကြွက်စုတ်လို။

ဟင်း ... မနာလိုချင်စရာ။

သူကမသိဘဲနှင့်' သူမကို သူ့စောင်ကြီးထိုးပေးနေလျှင် ချစ်ခြင်း အတင်းငြင်းရသည်။





"ရတယ် ... ကျွန်မ မချမ်းပါဘူး"

"ချစ်ခြင်း လေဖြတ်သွားမှာစိုးလို့ပါ"

"ရှင်"

အေးလေ။ သူလည်း ငါ့ကိုသိလို့နေမှာပေါ့။ ချစ်ခြင်း စောင်ပေးလာသူကို သေသေချာချာ ကြည့်လိုက်လျှင် သူက ခေါင်းစွပ်ကိုချွတ်ပြီး ပြုံးပြ၏။

"ဟင်"

လင်းပိုးအိမ်။ သူ ဘယ်လိုကာဘယ်လို။

"မအံ့သြပါနဲ့၊ စိတ်မချလို့ စောင်လိုက်ပေးတာ။ နွေး သွားပြီမဟုတ်လား။ ခြေထောက်ကို အပေါ်တင်လိုက်။ ဒီည အရမ်းအေးမှာ။ အအေးလှိုင်းဖြတ်မယ်"

ချစ်ခြင်း ဘာမှမပြောနိုင်တော့ပါ။ တကယ်လည်း သူမ ခိုက်ခိုက်တုန်နေပြီလေ။ သူပေးသည့်စောင်ကြီးသာမရှိရင် သူမ လေဖြတ်မလား၊ အဆုတ်အအေးမိမလား၊ တစ်ခုခုတော့ ဖြစ်နိုင် သည်။

သူပြောသလို စောင်ကြီးကို ခေါင်းမှစပြီး တစ်ကိုယ်လုံး ခြုံလိုက်တော့ နွေးထွေးလုံခြုံသွားတာတော့အမှန်။

"ရှင်ရော"

"ရတယ်၊ ကျွန်တော်က အထပ်ထပ်ဝတ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



အက်စကီးမိုးရုပ် ထွက်နေပြီ"

"ကျွန်မ တရားပါ့မလားရှင်"

"ဒါဆိုလည်း အတူတူ ခြုံမယ်လေ။ ဟိုကဗျာလေးလို ပေါ့ –

ပွဲခင်းသာ လားမသိဘူး
မောင့်ရွှေကိုယ်နဲ့သာခဲနှင့်
လူပုံမှာ တူစုံနွဲ့ရတယ်
မေ့တတ်နိုင်ဘဲ ဆိုတာလေ"

"တော်တော် ရှင်ဟာလေ၊ စောင်ပေးတွာနဲ့မကာမိဘူး အခွင့်အရေးယူဖို့ပဲ"

"မယူပါဘူးဗျာ၊ ခုလို တစ်လှေတည်းစီး တစ်ခရီးတည်း သွားခွင့်ရနေတာနဲ့တင် ကျွန်တော်မျိုးကြီး သေပျော်ပါပြီတဲ့ဗျာ"

ချစ်ခြင်း သူ့ကို ဘာမှပြန်မပြောချင်ပေမယ့် သူမရဲ့ ဒီခရီးစဉ်ကို သူ ဘယ်လိုသိသလဲဆိုတာတော့ အရမ်းသိချင်နေမိသည်။

"ရှင် ကျွန်မရဲ့ ဒီခရီးကို ဘယ်လိုသိတာလဲ"

"မသိပါဘူး၊ ကိုယ်လည်း စီးပွားရေးကိစ္စနဲ့ ရန်ကုန်ဆင်းတာပါ"

"ရှင် မညာပါနဲ့"





"မညာပါဘူးဗျာ၊ နတ်တွေ သိကြားတွေ နှိုးဆော်လို့ နေမှာပေါ့။ ဒါမှမဟုတ် ကျွန်တော်တို့နှစ်ယောက်ရဲ့ ရေစက်"

"တော်ပါ ရှင်ညာတယ်။ ကျွန်မ ညာတဲ့သူဆို သိပ်မုန်းတယ်"

"မညာလည်း ချစ်ခြင်း၊ ကျွန်တော့်ကိုမုန်းနေတာပါပဲဗျာ"

သူ့အသံက ညည်းညည်းတွားတွား။ ချစ်ခြင်းက သူ့ကိုဆို အသေနိုင်သူမို့။

"တော်ပြီ၊ ရှင် တစ်လမ်းလုံး စကားတွေပြောလိုက်မယ် ဆိုရင် ကျွန်မ ဟိုနောက်မှာ သွားထိုင်တော့မယ်"

"မပြောတော့ပါဘူး ခင်ဗျာ၊ အမိန့်တော်အတိုင်း နာခံလျက်ပါ"

ချစ်ခြင်း သူ့ကိုကျောခိုင်းပြီး စောင်ကြီးကို ခေါင်းမြီးခြုံကာ ထိုင်လျက်အိပ်ပစ်လိုက်သည်။ အိပ်လို့တော့မပျော်ဘူးပေါ့။ ဒီလိုပဲ မေ့တစ်ချက်၊ လျော့တစ်ချက်။

နောက်တော့ သူမ တကယ်ပင် အိပ်ပျော်သွားခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းနိုးလာတော့ သူကလည်း ကိုယ့်ကိုမှီလို့ အတူ အိပ်နေကြသည့်အတိုင်း။

"အင်"

သူများမြင်လျှင် ကောင်းကောင်းအထင်လွဲလိုက်မည့် ဖြစ်ခြင်း။ သူမ သူ့ အိပ်ပျော်နေသည်ကိုတော့ မနိုးရက်။ ဘာပဲ ပြောပြော တစ်ဖက်သတ်အချစ်သမားတွေရဲ့အဖြစ်က ဆိုးပါ သည်။

သို့သော် ဒီလိုနည်းနဲ့ သူ ကိုယ့်ကိုသိမ်းပိုက်သွားမှာတော့ မလိုချင်။ အတော်လေးကြာမှ သူ နိုးသွားပြီး အားနာပါးနာနှင့် ခွာသွားသည်။

"ဆောရီး ချစ်ခြင်းရယ်၊ ကိုယ် အရမ်းအိပ်ပျော်သွားမိ လို့ပါ"

ချစ်ခြင်း အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ညလယ် စာစားဖို့ ရေနံ့သာမှာကားရပ်တော့ သူက မုန့်စားဆင်းဖို့ အတင်း ခေါ်သည်။

"ချစ်ခြင်း ကားထဲမှာ အရမ်းညောင်းနေတာ။ ဆင်းပါ မုန့်လည်းစားရင်း စိတ်လည်းလျှော့ရင်း"

"ဟင့်အင်း ... မဆင်းတော့ဘူး။ ကျွန်မ ညဘက် အစားစားကျင့်မရှိဘူး"





"ဒါဆိုလည်း စိတ်လျှော့ရအောင်"

"တော်ပြီ ... ညကတည်းက လျှော့ပြီးသား"

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကိုအားနာလို့လား"

"ဒီကားပေါ်မှာ ရှင့်မြို့ကလူတွေမပါတာပဲလေ။ အခု တောင်"

"ခိုးပြေးပြီလို့ ပြောနေ၊ တွေးနေလောက်ကြပြီ"

"ရှင် ဒါတွေ သိလျက်နဲ့ ကျွန်မနောက်ကိုလိုက်လာ တယ်"

"ဩော် ... ဒါကတော့ စိတ်မချလို့ပါ။ ခုပဲ ကျွန်တော် လိုက်လာပေလို့ပေါ့။ ချစ်ခြင်း အအေးပတ်တော့မလို့"

"အအေးပတ်တာ မသေဘူး။ သူများကဲ့ရဲ့ခံရတာက ပိုဆိုးတယ်။ သူများ တံတွေးခွက်ပက်လက်မျောရမှာလေ"

"ကျွန်တော် အားလုံးတာဝန်ယူပါတယ်ဆို"

"တော်ပါရှင်၊ ရှင့်ဘာသာသွားပြီး စိတ်လျှော့၊ အစား စား။ ကျွန်မ စောင်ခြုံပြီး ပုန်းကျန်ခဲ့မယ်"

"ဩော် ... ချစ်ခြင်းရယ်။ လုံပါ့မလားဗျာ"

"လုံတယ်၊ ရှင်ပဲသွားတော့"

ချစ်ခြင်းဝတ်မှုန် တကယ်ပင် စောင်ခြုံကာ ကျန်ခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြန်တက်လာတော့ မှန့်တွေဝယ်လာပေမယ့် ချစ်ခြင်းဝတ်မှုန် မစားတော့ပါ။

✳ ✳ ✳



## အခန်း (၂၄)

ချစ်ခြင်းဝတ်မှုန်အတွက် ဘဝမှာစိတ်အဆင်းရဲရဆုံးကာလများပါပဲ။

ရောဂါကြောင့် သူမစိတ်ထဲ ခြောက်ခြားရသလို ဆရာနှင့် ဆက်သွယ်ရတာလည်းအဆင်မပြေ။ လင်းပိုးအိမ်ကတော့ ပြန်လာဖို့ တကျိုကျိုဖုန်းဆက်လို့။

စိတ်ညစ်ရသည့်အထဲ သခွပ်ပင်က မီးတကျည်ကျည်။

သူမရဲ့ရောဂါက breast မှာ အကြိတ်ဖြစ်တာ။ အကြိတ်က ဘာမှန်းမသိပေမယ့် သူမတို့က မျိုးရိုးထဲမှာ breast (ရင်သား) ကင်ဆာရှိခဲ့ဖူးသည်မို့ ခွဲစိတ်ဆရာဝန်မကြီးက ဖြတ်ပစ်ချင်သည်။

ချစ်ခြင်း ဘယ်သူနှင့်တိုင်ပင်ရမှန်းမသိ။ လွှမ်းခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



(၃) နှစ်လောက်က အကြိတ်ခွဲဖူးပြီး ဆေးစစ်ချက်က clear ပါ။

သို့သော် သူမရှေ့မှာပဲ အဒေါ်တစ်ယောက်က breast ကင်ဆာနှင့် ဆေးတွေသွင်း၊ ဓာတ်တွေကင်နေရပြန်လေရာ။

အိမ်မှာ သည်ကိစ္စအတွက်နှင့်ပင် ဆွေးနွေး ငြင်းခုန်နေကြရသည်။

မိဘနှစ်ပါးရော အစ်ကိုတွေကပါ တစ်ဦးတည်းသော ညီမ၊ သမီးလေးမို့ အသက်ရှည်ရေးပဲ ဦးစားပေးလိုကြသည်။

"အဲဒါမရှိတော့ရော ဘာဖြစ်လဲ။ နင်က ယောက်ျားယူချင်သေးလို့လား။ အပျိုကြီးပဲလုပ်၊ အပျိုကြီးဆိုတာ ကိုယ့်မင်းကိုယ့်ချင်းပဲ။ ဒီအိမ်နဲ့ခြံကိုနင်ပဲယူ။ စာလေးပေလေးဖတ်၊ စာလေးကဗျာလေးရေး။ ဆရာမအလုပ်ကလေးနဲ့ ဘာမှ စိတ်ပူစရာမရှိဘူး"

"အစ်ကိုကြီးတို့ပဲ အပြောကောင်းတယ်။ ချစ်ခြင်းမှာ ချစ်သူရှိတယ်၊ အိမ်ထောင်လေးဘာလေး ပြုချင်သေးတာပေါ့"

"ဘာ ဘာ ဘာ ... နင်ကပဲ ရည်းစားတွေ ဘာတွေနဲ့ ဟုတ်လား။ အဲဒီကောင်က ဘယ်ကကောင်လဲ။ ကလေကချေလား၊ ဘာလုပ်လဲ နင့်ပုံစံနဲ့များ"

ချစ်ခြင်းဝတ်မှုန် ညာတာပါတေးနှင့် ပေါ့ပေါ့ပဲပြောချလိုက်တာတောင် အစ်ကိုတွေပုံစံက မီးခဲနင်းမိသည့်နှယ်။





ဆွေ့ဆွေ့ခုန်လို့။

အမေကတော့ ဖေးဖေးမမ ဝင်ပြောပါ၏။

"သူလည်း မငယ်တော့ဘူးလေ။ အစိတ်ကျော်ပြီပဲ။ နင်တို့ ဘာမှဖိုလ်ကျမနေကြနဲ့။ နင်တို့တုန်းကမှ နှစ်ဆယ်ကျော်တာနဲ့ အိမ်ထောင်ပြုခဲ့ကြတာ"

"အမေ ဘာသိလို့လဲ။ အခု သူ့ရောဂါက ကြီးမလား သေးမလား။ Breast ဖြစ်ရရင် ဟိုက ဘယ်ယူတော့မလဲ"

"ဟဲ့ ... ဒါ နင်တို့ပြောစရာလား"

"ပြောရတာပေါ့ အမေရဲ့။ တစ်ဖက်ဖြတ်ဖြတ် နှစ်ဖက်ဖြတ်ဖြတ် ဘယ်လိုမှအဆင်ပြေမှာမဟုတ်ဘူး။ တော်ကြာ တစ်ခုလပ်အဖြစ်နဲ့ အိမ်ပြန်ရောက်လာမှာ"

"ဒါဆို နင်တို့မိန်းမတွေမှာ breast ဖြစ်ရမယ့်ရောဂါဆိုရင်ရော နင်တို့ စွန့်ပစ်လိုက်ကြမှာပဲလား"

အမေ့ကို အတိုက်အခံပြောနေသည့် အစ်ကို ခေတ္တငြိမ်သွားပြီး စိတ်မကောင်းသည့်ရုပ်က အထင်းသား။ ပြီးမှ –

"ဒါကတော့ အမေရယ်။ ကိုယ့်လက်ထဲရောက်မှ ဖြစ်ရမယ်ဆိုရင်တော့ ကိုယ့်ကံပဲပေါ့။ ဒါပေမဲ့ မယူခင်ဖြစ်ပြီးသားဆိုရင်တော့ စဉ်းစားမှာပေါ့"

ချစ်ခြင်းဝတ်မှုန် သူ့အစ်ကိုကို ရန်တွေ့မိတော့ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



မှန်းပင်မသိ။

"ဒါဆို အစ်ကိုကြီးတို့ယောက်ျားတွေရဲ့အချစ်က ဘာလဲ။ အပေါ်ယံအရေပြားတစ်ထောက်ရဲ့ အလှအပကိုပဲပေါ့။ အဲဒီမိန်းမရဲ့ နှလုံးသား၊ အရည်အချင်းတွေ ချစ်ခြင်းမေတ္တာတွေကို ထည့်မတွက်တော့ဘူးလား"

"စိတ်ကူးတွေယဉ်မနေနဲ့ မိချစ်ခြင်း။ နင့်အကောင်ဆီ နင် breast နှစ်ဖက်လုံး ဖြတ်လိုက်ရတယ်လို့ ပြောကြည့်လိုက်။ သူ့ဆီက ဘယ်လိုအဖြေပြန်လာမလဲလို့ စောင့်ကြည့်ပေါ့"

"အဲဒီကြားထဲကမှ သူက ယူဦးမယ်ဆိုရင်ရော အစ်ကိုကြီးတို့ သဘောတူမှာလား"

"အောင်မယ် ...နင်က လျှော့ဈေးနဲ့ ပေါပေါလောလော ပေးပစ်လိုက်ချင်ပေမယ့် ငါတို့ကတော့ ငါတို့ညီမလေးကို အထွတ်အမြတ်ထားတယ်။ နင့်မှာ ဘာတွေပဲ မရှိရှိရှိ ငါတို့အတွက်တော့ ငါတို့ညီမလေးဟာ ဘုရင်မပဲ"

"စကားတွေ လျှောချမပစ်နဲ့။ ညီမလေးချစ်သူက သဘောထားကြီးကြီးနဲ့ယူမယ်ဆိုရင် သဘောတူပေးမလား"

"သူ ဘယ်သူလဲ၊ သူ့အရည်အချင်း သူ့စာရိတ္တ သူ့အလုပ်အကိုင်တွေတော့ ပြောရဦးမယ်လေ။ ငါတို့ကလည်း စုံစမ်းစစ်ဆေးရဦးမယ်၊ တွေ့ကြည့်ရဦးမှာပေါ့"





ဆရာ လာပါ့မလား။ ယခုထိ သူမတို့ရဲ့ ဆက်ဆံရေးက ရေစုန်မျောနေတုန်း။ ချစ်သူဘဝကို မရောက်ကြသေး။ သို့သော် သူမ သူ့အတွက် ဝိုက်ပွဲဝင်ရပါသည်။

"ဒါတော့ စိတ်ချ။ သူက သဘောလည်း ကောင်းတယ်။ အနုပညာသမားပဲလေ။ ကဗျာဆရာ ပန်းချီဆရာ"

"ဟ ... အနုပညာသမားတွေဆိုတာ ထွန်းထွန်းပေါက်ပေါက်မဖြစ်ရင် ထမင်းငတ်တဲ့လူများတယ်၊ ဘယ်သူလဲ၊ ဘယ်ကဗျာဆရာလဲ"

"သူက ပညာရေးကောလိပ်က ပန်းချီဌာန၊ ကထိကပါ။ ထမင်းမငတ်ပါဘူး"

"ဟဲ့ အဲဒီလောက်ဆို အသက်လည်းကြီးရောပေါ့။ သားတွေ သမီးတွေလည်းရှိရောပေါ့။ မုဆိုးဖိုလား လူပျိုကြီးလား"

ချစ်ခြင်း ဘာဆက်ပြောရမှန်းမသိ။ Breast ကအကြိတ်တွေအတွက် စိတ်ဆင်းရဲနေရတာကတစ်မျိုး၊ အချစ်ရေးကတစ်မျိုး။

သူမ ပြောလိုက်လျှင် အဖြေက ဘာထွက်လာမယ်ဆိုတာ သိပြီးသားမို့ သူမ မပြောချင်တာနှင့် အော်ဟစ်ငိုယိုပြလိုက်ပါသည်။

"ဘာတွေမေးနေမှန်းကိုမသိဘူး။ သူများစိတ်ဆင်းရဲနေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုမှ ထပ်ပြီးစိတ်ဆင်းရဲအောင် ဝိုင်းနှိပ်စက်နေကြတယ် အီး''

''ဟဲ့ . . . သွားကြစမ်း။ ကလေးက လိမ္မာပြီးသား။ နင်တို့လို မဟုတ်တာ မလုပ်ဘူး။ သွား . . . သွားကြ။ မနက်ဖြန် ဆေးရုံတက်ဖို့ပဲ စီစဉ်ကြ။ သွေးတွေ ဘာတွေလည်းရှာထား''

''သွေးကတော့ မပူနဲ့။ အစ်ကို (၃) ယောက်ဆီက (၃) ပုလင်းရမယ်''

အစ်ကိုတွေ သူမရဲ့အခန်းထဲကထွက်သွားတော့ ချစ်ခြင်း မေမေ့ကိုပါ အပြင်ထွက်ခိုင်းလိုက်သည်။

''မေမေ သမီး သူ့ဆီဖုန်းဆက်လိုက်ဦးမယ်။ သူ့သဘောထားတွေ ပြောင်းသွားလည်း ကိုယ့်ကံပဲပေါ့''

မေမေက သူမကို ကြင်နာစွာဖေးမ ဖက်ပွေ့ထားရင်း အားပေးခဲ့သည်မှာ။

''သမီး ယောက်ျားဆိုတာ အလှအပကြိုက်ကြတာများတယ်။ သမီးမှာ ရင်သားမရှိတော့ဘူးဆိုရင် သူ့သဘောထားတွေ ပြောင်းသွားလိမ့်မယ်။ သမီး ခံနိုင်ရည်ရှိအောင် စဉ်းစားထားနော်''

''အင်းပါ . . . အမေရယ်။ သမီးကသိလိပဲပေါ့။ တကယ်လို့ သူက ယူမယ်ဆိုရင်တော့ မေမေ သဘောတူပေးရမယ်နော်''





''သူက သမီးအစ်ကိုကြီးပြောသလို လူပျို၊ လူလွတ်တော့ မဟုတ်ဘူးထင်တယ်။ သမီး ဒီလောက်လျှို့ဝှက်နေရင်''

မိခင်မို့ အဖြေကို ကြိုမြင်ပြီးသား။ ချစ်ခြင်း မျက်ရည်ကျရသည်။

''မေမေရယ် . . . သမီး သူ့ကို သိပ်ချစ်တယ်။ သူဟာ လူလွတ်ပါ''

''တစ်ခုလပ်လား။ မုဆိုးဖိုလား။ ကလေးတွေရော ဘယ်နှစ်ယောက်ပါမလဲ''

မေမေ့စကားက သူမနားထဲ ကန့်လန့်ကြီးဖြစ်နေပေမယ့် ဒါ အမှန်တရားပဲလေ။

''သူ့အမျိုးသမီး ဆုံးသွားတာကြာပြီ။ ကလေးနှစ်ယောက်ကျန်ခဲ့တယ်တဲ့။ ကလေးတွေက လိမ္မာပါတယ် မေမေရယ်။ သူ့ဖေဖေကလည်း နူးညံ့ပျော့ပျောင်းတာပဲဟာ''

''သမီးရယ် ဘယ်လောက်ပင်လိမ္မာလိမ္မာ မိထွေးနဲ့လင်ပါသားသမီးဆိုတာ အဆင်ပြေခဲသားပဲကွယ်''

''မေမေကလည်း မိထွေးတွေက ဆိုးလို့နေမှာပေါ့''

''သားသမီးတွေဘက်ကရော ကိုယ့်မိခင်မဟုတ်တဲ့ သူစိမ်းမိန်းမတစ်ယောက်ရဲ့ စေတနာ၊ မေတ္တာဆိုတာကို ယုံကြည်နိုင်မတဲ့လား။ ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲရမယ့်အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်မိပါစေနဲ့ သမီးရယ်။ ငါ့သမီးက စိတ်ကူးယဉ်ဆန်တယ်။ အနုပညာသမားဆိုတာ နှလုံးသားနဲ့ လူလုပ်ကြတာ။ နှလုံးသားကို အတိုင်းအတာတစ်ခုအထိပဲ နာကျင်ပါစေ။ မေမေက စေတနာနဲ့ သတိပေးတာပါ''

မေမေ့စကားတွေကိုလက်ခံပေမယ့် ချစ်ခြင်းဝတ်မှုန် အချစ်သူ့ရဲကောင်းမကြီး လုပ်ပြချင်ပါသည်။

ကမ္ဘာလောကကြီးထဲမှာ မရှိဖူးသေးသည့် အချစ်တွေနှင့် ဆရာ့အပေါ်၊ သူ့သားသမီးတွေအပေါ် မေတ္တာတွေရှာသွန်းဖြိုး ပေးချင်မိပါသည်။

ချစ်သူ့ရဲ့လိုအပ်နေမည့်ကွက်လပ်ကလေးကို သူမ ဖြည့်ဆည်းပေးချင်မိတာကြောင့်

လောလောဆည် ကိုယ့်ဝေဒနာကိုပင် မေ့နေမိတာ အမှန်။

✳

ချစ်ခြင်းဝတ်မှုန် ခွဲစိတ်ဖို့ ချိန်းထားသည့်ရက်ကို အိမ်မှာပဲ အားမွေးရင်း စောင့်နေရသည်။





ရင်ထဲမှာ တိမ်းတိမ်းမွေ့မွေ့။ မိန်းမတစ်ယောက်အတွက် ရင်သားတွေ ဖြတ်တောက်ပစ်ရမယ်ဆိုတာ တော်တော်ခံစားရတာပဲ။

အေးလေ . . . မေမေပြောသလို၊ အစ်ကိုတွေပြောသလို အပျိုကြီးလုပ်ပစ်လိုက်တော့လည်း အေးတာပါပဲ။ အလှအပအတွက်ကတော့ ပံ့ပါတဲ့ဘရာစီယာတွေ ဝတ်လိုက်ရင် ပြီးတာပါပဲ။

သို့သော် ချစ်ရသူကိုတော့ သတင်းပို့ရင်း နှုတ်ဆက်ချင်ပါသည်။

သူက သဘောထားကြီးမယ်ဆိုရင်ရော –

ချစ်ခြင်းဝတ်မှုန် ခေါင်းကို ညင်သာစွာ ခါရမ်းမိပါသည်။ သူမတို့နှစ်ယောက်လုံး ဘဝက မြစ်တွေလို ပေါင်းစည်းလို့ မရနိုင်။ ကျောက်တောင်တွေလို အခြေခိုင်နေကြသည့်ဘဝတွေမို့ ပေါင်းစည်းဖို့ဆိုတာ တော်တော်ခဲယဉ်းမှာပါပဲ။

သူမ ဆရာ့ထံ ဖုန်းခေါ်ဖို့စဉ်းစားပြီးမှ အခြေအနေတွေကို ပါးစပ်နှင့် ပြောမထွက်သည်မို့ viber နှင့်ပို့ဖို့ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



*ဆရာ*

*ကျွန်မရဲ့အကြိတ်တွေကြောင့် breast နှစ်ဖက်လုံး ဖြတ်ပစ်ရမယ်တဲ့။ မျိုးရိုးထဲမှာလည်း ရင်သားကင်ဆာ ဖြစ်ဖူးတဲ့လူရှိတယ်လေ။*

*မိဘမောင်ဘွားတွေက အသက်ရှည်အောင်ဆိုပြီး ဖြတ်ဖို့ စီစဉ်နေကြတယ်။*

*ဆေးရုံကဆင်းလို့ အားလုံးအိုကေသွားရင်တော့ ဆရာ့ဆီ ကျွန်မ လိုက်လာခဲ့မယ်။*

*ဆရာ့ရဲ့ မပြည့်စုံသေးတဲ့ ပန်းချီကားလေးကို ပြီးပြည့်စုံသွားအောင် ဝတ်မှုန် ဆက်ဆွဲပေးချင်ပါသေးတယ်။*

*ဆရာတို့မိသားစု ကျန်းမာချမ်းမြေ့ကြပါစေ။*

ဒါဟာ ကံစမ်းမဲတစ်ခုပါပဲ။ သူ ဘယ်လိုဆုံးဖြတ်မလဲ။ သူမ နာခံရတော့မည်သာ။

ချစ်ခြင်းဝတ်မှုန် လင်းပိုးအိမ်ကိုတော့ ဘာမှမပြောပါ။ သူ ဖုန်းဆက်လျှင်လည်း နည်းနည်းပါးပါးပဲ မရိုင်းရုံ ပြန်ပြောပြီး သူမ ဖုန်းချပစ်ခဲ့သည်။

သူမ ဆေးရုံတက်ရသည့်ကိစ္စဟာ တကယ့်တော့ဝ်စီးကရက်ပါ။





သို့သော် ယမင်းခင်တစ်ယောက်ကိုတော့ ချစ်ခြင်း ရင်ဖွင့်ခဲ့ပါသည်။ နောက် သီရိခေတ်ကိုလည်း အကျိုးအကြောင်းတွေ လှမ်းပြောဖြစ်သည်။

ကံကဆိုးချင်တော့ သီရိခေတ်တို့မိသားစု မော်လမြိုင်မှ ပြောင်းသွားခဲ့ပြီ။ အင်းလေ အစကတည်းကလည်း ဆရာနှင့် သီရိခေတ် အဆက်အသွယ်ရှိတာမှမဟုတ်တာ။

ချစ်ခြင်းဝတ်မှုန်အတွက် စိတ်ဆင်းရဲရဆုံးဘဝမျက်နှာစာ။ အိပ်မက်ဆိုးတွေပါ။

✳

Viber နှင့်စာပို့ပြီးကတည်းက သူ ချစ်ခြင်းကို တိခနဲ အဆက်သွယ်ဖြတ်ချသွားခဲ့တာ။

ချစ်ခြင်းဝတ်မှုန် အံ့သြလွန်းလို့ နာကျင်လွန်းလို့ ရင်ဘတ်တစ်ခုလုံး သွေးစက်စက်ကျနေသလားပင် ထင်မိသေး။

ဖုန်းဆက်တော့လည်း မကိုင်။ Viber မှစာပို့တော့လည်း ဖတ်မကြည့်။ ဖွင့်တောင်မကြည့်တော့။ ချစ်ခြင်းနှင့်ဆိုင်ရာမှာစိုးလို့ အင်တာနက်တောင် လုံးဝဖွင့်မကြည့်တော့သည့်သူ။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တာ ဆရာရယ်။

ကိုယ့်ကို နှစ်ပေါင်းများစွာ သည်းခံပြတ်မှ အရှုံးအမူး ကိုးကွယ်မြတ်နိုးလွန်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ –

တသွင်သွင်စီးဆင်းနေတဲ့ အချစ်တွေကို နည်းနည်းမှ ငဲ့မကြည့်တော့ဘူးနော်။

ဘာပဲပြောပြော ဆရာ။

ချစ်ခြင်းရေးတဲ့ အသည်းကွဲကဗျာတွေ၊ ရင်ကွဲနာတေး တွေကို ကြားခဲ့ ဖတ်ခဲ့ရဖူးတာပဲမဟုတ်လား။

ကျွန်မရဲ့ ပြိုးပြိုးပျက်ပျက်လက်နေတဲ့ အနုပညာတွေ ဟာ ဆရာ့ကိုချစ်တဲ့ အချစ်တွေကြောင့်ပဲ ရှင်သန်ဖူးပွင့်ခဲ့ရတာပါ။

မျက်ရည်ရိုင်တွေနဲ့ အက်ရှု လွမ်းမြည့်နေရတဲ့ စာတွေ ကဗျာတွေ။

ဩော် ... အစ်ကိုတွေပြောခဲ့ဖူးသလိုပဲ

ယောက်ျားတွေရဲ့အချစ်ဟာ အပေါ်ယံအရေပြား တစ် ထောက်ပါပဲနော်။

ကလေးတစ်ယောက်လို ကမ္ဘာကြီးဆုံးအောင် လျှောက် ပြေး အော်ဟစ် ငိုကြွေးလိုက်ချင်ပေမယ့် –

ကျွန်မ အကောင်းဘက်ပဲ တွေးလိုက်ပါတယ်။

ဆရာ ရက်စက်လွန်းလို့ အသည်းတွေကွဲကြေ၊ ရှုမတတ်





ခံစားနေရပေမယ့် –

ဒါဟာလည်း လောကခံတစ်ခုပါပဲလို့ တွေးခဲ့ပါတယ်။

ဆရာ အကောင်းဆုံးအဖြေကို ရွေးချယ်လိုက်တာ နေမှာ ပါလို့။

နောက် လင်းပိုးအိမ်ရဲ့ ဝဋ်ကြွေးတွေလည်တာလားလို့ လည်း ချစ်ခြင်း တွေးမိတယ်။

တစ်ဖက်သတ်အချစ်နဲ့ ယဥ်ယဥ်လေး ရှူနေရတဲ့ ဘဝက နေ ချစ်သူတွေဖြစ်ပြီးမှ ရက်စက်စိမ်းကားခံလိုက်ရတဲ့အဖြစ်က အဆပေါင်း ရာထောင်မက ပိုပြီးခံစားလိုက်ရပါတယ်။

ပြန်ဆုံကြတာ ရက်ပိုင်းလေးပဲမို့ အရှုံးတစ်ပိုင်း ဖြစ်ခဲ့ရ ပါတယ်။

ဒါပေမဲ့လေ ချစ်ခြင်းတွေးခဲ့ဖူးသလိုပါပဲ။

မမွေးဖွားမီကတည်းက သေဆုံးခဲ့ရတဲ့အချစ်တစ်ခုမို့

သေကွဲ ရှင်ကွဲတွေ ထပ်မံခွဲခွာရတော့ရော

ဘာများထူးခြား တောက်ပလာဦးမှာတဲ့လဲလေ။

ကျွန်မရဲ့ချစ်သူရေ

ရင်ထဲမှာ အမြုတေတစ်ခုလိုပဲ၊ ထာဝရမြှုပ်နှံထားလိုက် ပါပြီ။

ရွှေပင်လယ်ခြားသူကြီးရေ ...



www.burmeseclassic.com

www.burmeseclassic.com



မိုး ရေ လေ ကိုက်ဝါးမှုတွေက
ငါ့ခန္ဓာကိုယ်တစ်ပြင်လုံး
အက်မွ ချွတ်ခြုံကျစေပြီ။
ငါ့ရှေ့မှာ
အရောင်အဆင်းမဲ့ ရွက်ကြွေခင်တန်းတစ်အုပ်
စမ်းရေမဲ့ ဒဏ်သင့် စမ်းချောင်းကလေး
ခြောက်သွေ့အက်ကွဲ ဖုန်းဆိုးမြေ။
အဝေးကွာဆုံး ဝေးကွာမှုတွေ
အဆွေးမြည့်ဆုံး ဆွေးမြည့်ခြင်းတွေ
ချစ်သူမီးမုန်တိုင်းရေ။
ငါ့တစ်ကိုယ်လုံးသာ ဝါးမြိုသွားပါတော့ကွယ့်
အဲဒီနေဝင်ချိန်ရှုမျှော်ခင်းထဲ
တရှိန်ရှိန် လွမ်းမောဆွတ်ကျင်မှုတွေနဲ့
ရွှေပင်လယ်ဆီ
ငါ့မှာ။ ။
နောက်ဆုံးတောင်ကုန်း ကဗျာလေးပေါ့။
ချစ်သူရေ –
ရှေးရှေးက ရာဇဝင်သားတွေ
တောင်စွယ်နေကွယ်ရင် အဆုံးစီရင်ခံရသတဲ့။





ချစ်သူလည်း ကျွန်မကို အဆုံးစီရင်ခဲ့ပြီမို့ နောက်ဆုံးတောင်ကုန်းကဗျာလေးနဲ့ ထာဝရနှုတ်ဆက်လိုက်ပါတယ်။

ကမ္ဘာကြီးရဲ့ အမိုးတစ်ခုအောက်မှာ အတူရှိနေကြရဲ့နဲ့

ဘယ်တော့မှ ပြန်မဆုံနိုင်ကြတော့မယ့် အရပ်မျက်နှာတစ်ခုဆီမှာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

အိမ်ရှေ့သို့ဆိုက်လာသည့် ကားနှစ်စီးနှင့် ကားပေါ်မှ ဆင်းလာကြသည့် လူများကြောင့် ချစ်ခြင်းဝတ်မှုန် မားခနဲ ထရပ်မိသည်အထိ အံ့ဩထိတ်လန့်ရပါသည်။

သူမတို့အိမ်က သစ်သားအိမ်ပါ။ ကျွန်းနှင့်ဆောက်ထားသည့် ဆင်ဝင်အိမ်။ သစ်တွေပေါစဉ်က လုလုပပ ခမ်းခမ်းနားနား ဆောက်ခဲ့တာ။ သစ်သားနှစ်ထပ်အိမ်ကြီးပါ။

ချစ်ခြင်းဝတ်မှုန် အောက်ထပ်ဧည့်ခန်း သစ်သား ဆက်တီတွေမှာထိုင်ပြီး စာဖတ်နေတုန်း ကားနှစ်စီးနှင့်လူတွေ ရောက်လာတာ။

သူမ ငေးကြောင်ကြည့်နေဆဲ ကားပေါ်မှ ဆင်းလာကြ





တာ ဆရာကြီး၊ ယမင်းခင်၊ ဆရာမတစ်ချို့နှင့် လင်းပိုးအိမ် သူ့ဖေဖေနှင့်မေမေ။ နောက် မြို့မိမြို့ဖတွေ။

သည့်ထက်ပိုဆိုးတာက လင်းပိုးအိမ် သူမအနားသို့ တရွေ့ရွေ့တိုးကပ်လာပြီး မျက်ရည်စို့သည့်မျက်ဝန်းများနှင့် လူနာသတင်းမေးတာ –

"ချစ်ခြင်း နေကောင်းသွားပြီနော်။ ဆေးရုံတက်နေကတည်းကလာချင်တာ။ ချစ်ခြင်းရှက်မှာစိုးလို့"

သူမရဲ့ လက်တစ်ဖက်ကိုကိုင်ပြီး သူ ယုယစွာ သတင်းမေးနေဆဲ ဖေဖေနှင့်မေမေက အားလုံးကို ယဉ်ကျေးပျူငှာစွာ ဧည့်ခန်းထဲသို့ ဖိတ်ခေါ်ပါသည်။

"ကဲ . . . ကြွကြပါရှင်။ ခရီးပန်းနေကြရောပေါ့။ မိုင်ပေါင်းရာချီပြီးမောင်းခဲ့ကြရတာ"

သူ့ဖေဖေက –

"မဝေးပါဘူးဗျာ၊ လာချင်ရင်အနီးကလေးပဲ မဟုတ်လား"

ကျောင်းမှူးဆရာကြီးကလည်း ဖော်ဖော်ရွေရွေ။ အိမ်ပေါ်သို့ ဖေဖေနှင့်မေမေအပြင် အစ်ကို (၃) ယောက်လည်း ရောက်လာကြပေပြီ။

ချစ်ခြင်းဝတ်မှုန် မျက်လုံးပြူးနေရ၏။ ဘာတွေလဲ။



www.burmeseclassic.com

လင်းပိုးအိမ် ဘာတွေလုပ်မလို့လဲ။ ဖေဖေနှင့်မေမေ ကြည့်ရတာ လည်း ရိပ်စားမိနေသည့်ပုံ။

ဆရာကြီးနှင့် မြို့မိမြို့ဖ (၂) ယောက်က စကားစမြည် တွေပြောလို့။

စကားတွေလက်လွန်ကုန်ကြမှာစိုးရွံ့ ချစ်ခြင်းဝတ်မှုန် သူ့ကို ခြံထဲသို့ လူကြီးများကို ခွင့်တောင်းပြီး ခေါ်လာခဲ့ပါသည်။ သူမတို့ခြံက ခပ်ကျယ်ကျယ်။ သီးပင် ပန်းပင်တွေနှင့် အုပ်အုပ် ဆိုင်းဆိုင်း။

"ရှင် ဘာတွေလုပ်လာတာလဲ။ ကျွန်မ လက်မခံနိုင်ဘူး နော်"

"ခုမှတော့ မရတော့ဘူး။ ကျွန်တော် ဘုရင့်နောင်ဖောင် ဖျက်သလို အားလုံးစီစဉ်လာခဲ့ပြီ"

"ဒါ ရှင် ဘောင်ကျော်တာပဲ။ ရှင်နဲ့ကျွန်မ ချစ်သူတွေ လည်းမဟုတ်ဘူး။ အခုဆို ပိုဆိုးသေးတယ်။ ကျွန်မ အိမ်ထောင် ပြုဖို့ လုံးဝ စိတ်မကူးတော့ဘူး"

"ဘာလို့ စိတ်မကူးရမှာလဲ ချစ်ခြင်းရယ်။ မြို့မှာ ကျွန်တော် ဘယ်လိုမှ ခေါင်းမဖော်ရဲတော့ပါဘူး။ ချစ်ခြင်းကို ချစ်ရုံချစ်ပြီးတာဝန်မယူတဲ့ယောက်ျား၊ ခေါင်းရှောင်တဲ့ယောက်ျား။ တစ်နပ်စားကြံတဲ့ကောင်ဆိုပြီး ချစ်ခြင်းပြန်တာတောင် ကျွန်တော့်





ကြောင့်လို့ ပြောနေကြတာ"

"ဟုတ်မှမဟုတ်ဘဲ ရှင်ပြောပြလိုက်ပေါ့"

"ဒီကိစ္စမျိုးက ရှင်းပြလို့မှ မရတာ။ သူတို့စိတ်ထဲက ထင်နေတာတွေ ကျွန်တော် ဘယ်လိုလုပ်ပြီး တစ်အိမ်တက်ဆင်း ရှင်းပြရမှာလဲ"

"ရှင်နော် ကျွန်မ အခု အင်္ဂါမစုံတော့ဘူး"

"ရတယ်။ ကျွန်တော်ချစ်တာ ချစ်ခြင်းရဲ့အနုပညာတွေ ဖန်တီးနေတဲ့ နှလုံးသားအကြည်ဓာတ်လေးကိုချစ်တာ။ ရုပ်ဝတ္ထု တွေမလိုဘူး။ စည်းစိမ်ဥစ္စာတွေ မလိုဘူး။ ကျွန်တော့်အချစ် နတ်ဘုရားမရဲ့ အနုပညာမှော်စမ်းရေထဲ လူးလိမ့်ကြည်နူးချင်တယ်။ အဲဒါ ရာသက်ပန်ပဲ"

"တော်စမ်းပါ ... ပုံပြင်တွေလာပြောမနေနဲ့။ ရှင် အရူး ထတိုင်း ကျွန်မ ခွင့်မပြုနိုင်ဘူး"

အိမ်ထောင့်က ခရေပင်အောက်မှာ ချစ်ခြင်းဝတ်မှုန် တကယ်ပင် ဒေါသတွေ ထွက်နေရပါသည်။

"ဘာလဲ ရှင်က ကျွန်မမှာ အင်္ဂါမစုံတော့ဘူး။ လျှော့ ဈေးနဲ့ရမှာပဲဆိုပြီး"

"ဟာဗျာ ချစ်ခြင်းရယ် ပြောရက်လိုက်တာ။ [illegible] ကို လျှော့ဈေးနဲ့ ဝယ်ရအောင် ကျွန်တော် လူယုတ်မာမဟုတ်ဘူး။

www.burmeseclassic.com



ကျွန်တော့်ချစ်သူကို ကျွန်တော် အမြင့်ဆုံးတန်ဖိုးထားတယ်။ ဘယ်နတ်သမီးနဲ့မှ မလဲနိုင်ဘူး။ ဘယ်ဘုရင်မနဲ့မှ မလဲနိုင်ပါဘူးဗျာ''

''ရှင် ရှင် ကျွန်မချစ်သူ ဘယ်မှာလဲလို့ မေးဖို့ကောင်းတယ်''

ပြောရင်းမှ သူမ ငိုချလိုက်တော့ သူက သူမ၏ ပခုံးလေးကို ပုတ်ခါ ကြေကြေကွဲကွဲ။

''ချစ်ခြင်း လစာမဲ့ခွင့်ယူသွားတယ်။ ချစ်ခြင်းရဲ့ ရင်ကွဲနာကဗျာလေး အင်တာနက်က တက်လာတယ်။ မဂ္ဂဇင်းထဲမှာ ပေါ်လာတယ်။ အခြေအနေတွေကို နားလည်လိုက်ပါတယ်။ တကယ်တော့ နှလုံးသားရှိတဲ့ ဘယ်လိုသကောင့်သားကများ ဒီကဗျာလေးရဲ့ဒဏ်ကို ခံနိုင်ရည်ရှိမှာတဲ့လဲဗျာ။ ကျွန်တော့်အတွက် ဈေးဖွဲ့တာမဟုတ်ပေမယ့် ဘေးကနေပြီး ချစ်ခြင်းအတွက် မျက်ရည်လည်ရွဲ ခံစားနေရသူပါ''

တကယ်ပင် သူ မျက်ရည်တွေဝဲနေပြီး နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေတော့ ချစ်ခြင်း ခေါင်းငုံ့လိုက်ပါသည်။

ခရေပင်ရင်းက ခုံတန်းပြာမှာထိုင်ရင်း သူမ သူ့ကို ရန်တွေ့နေမိဆဲ။

''ကျွန်မ ဘယ်သူ့အချစ်ကိုမှ မယုံကြည်တော့ဘူး။





အချစ်ဆိုတာ အလကားပဲ။ အကောင်အထည်မဲ့ စိတ္တဇနောက်သက်သက်ပဲ။ ကျွန်မ အချစ်ကြောင့် မရူးချင်တော့ဘူးသိရဲ့လား''

''မရူးစေရပါဘူးဗျာ။ ကျွန်တော့်အချစ်ကြောင့် ချစ်ခြင်း ဘယ်တော့မှ မရူးစေရပါဘူး''

သူမ သူ့ကို ပက်ပက်စက်စက်တွေပြောပစ်လိုက်ချင်ပါဘိ။ သူမရင်ထဲမှာ အချစ်ကြောင့် ရူးမတတ် ပေါက်ကွဲနေချင်မိတာ။

''ရှင်ရှူးချင်ယောင်ဆောင်မနေနဲ့။ ကျွန်မမှာ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ တာဝန်တွေ၊ မိခင်တစ်ယောက်ရဲ့တာဝန်တွေ ဘာမှမထမ်းဆောင်နိုင်တော့ဘူး''

''ရတယ်၊ ကျွန်တော်ချစ်တာ ချစ်ခြင်းရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ,လုံးပဲ။ ကျွန်တော်ချစ်တဲ့အရာတွေ အများကြီးကျန်သေးတယ်။ ကျွန်တော် ချစ်ခြင်းကို ခြေဆုံး ခေါင်းဆုံး ချစ်တာဗျာ။ မရှိသေးစကား။ ကလေးရလာလည်း ကျွန်တော် နို့ဘူးတိုက်မွေးပါ့မယ်''

''ဟင် ရှင် ရှင်''

ဒီလောက်ထိပြောလာတော့ သူမ သူ့ရင်ဘတ်ကြီးကို ထုရိုက်ပြီး မျက်ရည်လည်ရွဲငိုကျွေးမိရသည်။ နောက် သူတို့ ထားခဲ့ပြီး သူမ အိမ်နောက်ဘက်မှ ပတ်ဝင်ဖို့ ပြေးသည်မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူက ချင်ခြင်းလက်ကို ဆွဲထားခဲ့သည်။

''ချစ်ခြင်းရယ် ကျွန်တော့်အရှက်ကိုမခွဲပါနဲ့တော့ဗျာ။ တစ်ဖက်သတ်သမားတွေ ဘယ်လောက်ခံစားရတယ်ဆိုတာ ကိုယ်တိုင်လည်း ကြုံဖူးရဲ့သားနဲ့။ ကျွန်တော့်အချစ်တွေကိုလည်း နည်းနည်းတော့ လေးစားပါ။ ချစ်ခြင်းကို ကျွန်တော် တစ်သက်လုံး ရိုရိုသေသေ၊ လေးလေးစားစားနဲ့ မြတ်မြတ်နိုးနိုး ချစ်သွားမှာပါဗျာ။ နော် မေမေ့မျက်နှာကိုလည်း ထောက်ပါဦးဗျာ။ မေမေ့ကို အရှက်မခွဲပါနဲ့နော် နော်''

သူ တနော်နော်နှင့်ချော့ရင်း မျက်ရည်သုတ်ပေးနေလျှင် ချစ်ခြင်း၏မျက်ရည်တွေက တားမရ ဆီးမနိုင်။

သည်စဉ် သူတို့နှစ်ယောက်ကို ချစ်ခြင်းရဲ့မေမေက ထွက်ခေါ်လာခဲ့သည်။

''သားနဲ့သမီး လာကြလေ။ လူကြီးတွေစကားပြောကြမယ်''

လင်းပိုးအိမ် ချစ်ခြင်း၏လက်ကိုဆွဲကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့ပါသည်။

✳ ✳ ✳



## အခန်း (၂၆)

သူမိဘတွေနှင့် မြို့မိမြို့ဖတွေရော၊ ဆရာကြီးနှင့် ဆရာမတွေပါ စကားပြောကောင်းကြပါပေသည်။ စေတနာစကားတွေမို့ အားလုံးအဆင်ပြေချောမွေ့ရပါ၏။

မင်္ဂလာရက်ကို တစ်လအတွင်း သတ်မှတ်ကြပြီး ဒီမြို့မှာတစ်ပွဲ၊ လင်းပိုးအိမ်တို့အိမ်မှာတစ်ပွဲ စီစဉ်ဖို့ ရက်ရွေးကြသည်။

လင်းပိုးအိမ်ကတော့ ကဲမှကဲ။

တစ်နာရီတောင် မခွဲချင်တော့ပြီမို့ အမြန်ဆုံး လက်ထပ်ပေးဖို့သာ တွင်တွင်တောင်းဆိုနေလေ၏။

လင်းပိုးအိမ်တို့အဖွဲ့က (၁၀) ယောက်ရှိပေမယ့် သူတို့အိမ်ကလည်း အကျယ်ကြီးမို့ အားလုံးအဆင်ပြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဝတ်မှုန်ရဲ့အစ်ကိုတွေကလည်း ညီမကို စနောက်လို့။ ညွှန့်သည်တွေကွယ်ရာမှာပေါ့။

ညွှန့်သည်တွေက အပေါ်ထပ်မှာ။ သူတို့မိသားစုက အောက်ထပ်ထမင်းစားခန်းထဲမှာ။ စကားပြောနေကြတာပေါ့။

"ဟဲ့မိချစ် ... ငါတို့မျက်စိတွေလည်ကုန်ပြီ။ နင်ပြောတော့ နင့်ချစ်သူက ပန်းချီဆရာ၊ ကဗျာဆရာဆို။ ကလေးနှစ်ယောက်အဖေဆို။ ခု ဒီကောင်က ဘယ်ကပေါ်လာရတာလဲ"

"အေးလေ ... ငါတို့ကိုလည်း အကျိုးအကြောင်း ဘာမှ မပြောပြဘဲနဲ့။ ပြဿနာက ဒဲ့ကြီး။ ပြော အဲဒီကောင်က ဘာလဲ"

"အစ်ကိုကြီးတို့ကို လူကြီးတွေ ပြောပြပြီးပြီလေ။ ဘွဲ့ရ အပြင် စီးပွားရေးလုပ်တယ်။ သူက ချစ်ခြင်းကို တစ်ဖက်သတ် ကြိုက်နေတာ"

"နင့်ပုံစံက သူ့ကို သနားနေပါတယ်"

"ဟိုမြို့မှာ သူက အသည်းအသန်ဆိုတော့ ညီမလေးကို လူတွေက ယုန်ထင် ကြောင်ထင်ပေါ့"

"အားနာပါးနာ လက်ထပ်တာတော့ မကောင်းဘူးနော်။ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး မဟန်လျှင် နောင်ပြင်ရန် ခက်တယ်တဲ့"

"အင်း ... ပိုင်ရှင်ကတ်အိုးကွဲနဲ့တော့ တွေ့နေပြီ။ ငါတို့ညီမ





လေး အင်္ဂါမစုံတာတောင် ယူမှာဆိုတော့ နည်းတဲ့အရူး မဟုတ်ဘူး"

"ဟဲ့ ညီမလေး ... နင် သူ့ကို အကျိုးအကြောင်းတွေ တော့ ရှင်းပြပြီးပါပြီနော်"

"ဟာ ... အစ်ကိုကြီးတို့ကလည်း ဘာတွေပြောမှန်းကို မသိဘူး။ တော်ပြီ"

ချစ်ခြင်း အစ်ကိုတွေကို ထရိုက်ပြီး မျက်နှာလေးနီနေသဲ အိမ်အပေါ်ထပ်မှ လင်းပိုးအိမ် အောက်သို့ဆင်းလာပြီး သူတို့ မိသားစုအနားသို့ မရဲတရဲကပ်လာလေ၏။ ပြီး–

"ဖေဖေ၊ မေမေနဲ့အစ်ကိုကြီးတို့ခင်ဗျာ ကျွန်တော် ချစ်ခြင်းနဲ့ စကားပြောပါရစေ"

အစ်ကိုလတ်က ခပ်နောက်နောက်လူ။

"အံမယ် ... ဒီခေတ်ထဲမှာ ဒီလိုခွင့်ပန်တာမျိုးက ရှား သွားပြီမောင်။ ခွင့်ပြုရမှာပေါ့ကွာ။ မင်းက ငါ့ညီမရဲ့ သူရဲကောင်း ပဲ။ ဒီခြံထဲတင်ပြောနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

သူက ချစ်ခြင်းကိုရပ်စောင့်နေပေမယ့် သူမ မျက်စေ့ ထိုးလိုက်ပါသည်။

"တော်ပြီ မပိုနဲ့၊ ပြောစရာရှိတာတွေ ပြောပြီးပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



မနက်ကျပြန်တော့"

"ဟား ... ရက်စက်တယ်ဗျာ။ ချစ်ခြင်းမှာ နှလုံးသားမှ ရှိရဲ့လား"

အစ်ကိုလတ်က သူ့ဖာတ် သူနိုင်အောင် ကပါသည်။

"မိချစ် ... ပဲများမနေနဲ့။ လိုက်သွား။ ငါ့စကား အလကားမဖြစ်စေနဲ့။ လူတစ်ဖက်သားကို လေးစားဦးမှပေါ့"

ချစ်ခြင်း တောင့်ခနဲထကာ သူ့နောက်လိုက်သွားရတော့ မိသားစုအားလုံး သက်ပြင်းချရုံ။

လခြမ်းပုံလေးရဲ့အောက်မှာ ခရေရိပ်က ခပ်မှောင်မှောင်။ လင်းပိုးအိမ်ကတော့ ရင်ခုန်သံတွေနှင့် ရှူးမတတ်။

သူ ချစ်ခြင်းလက်ကိုဆွဲပြီး ခုံတန်းပြောမှာထိုင်လိုက်သည်။

"မိဘတွေ၊ အစ်ကိုတွေရှေ့မှာ ရှင်သိပ်ကဲတာပဲ"

"ဪ ဆွေးနွေးစရာလေး ကျန်သေးလို့ပါ"

"ညနေက လူကြီးတွေအကုန်ပြောပြီးကြပြီလေ"

"ကိုယ်တစ်ယောက်တည်း ချစ်ခြင်းကို တောင်းဆိုချင်လို့ပါ"

"ပြော"

"လက်ထပ်ပြီးရင် ကျွန်တော့်ကို မောင်လို့ခေါ်နော်"

"ဒုက္ခပါပဲ၊ နားရှက်စရာတွေ လာပြောနေတယ်"





"နောက်တစ်ချက်က လက်ထပ်ပြီးတာနဲ့ ကျွန်တော်တို့ ဟန်းနီးမွန်းထွက်မယ်"

"ထွက်ပေါ့၊ ဒါပဲလား။ ဘယ်ကိုထွက်မှာလဲ"

"ချစ်ခြင်း မရောက်ဖူးသေးတဲ့ နေရာတွေပေါ့။ ကချင်ပြည်နယ်ရောက်ဖူးလား။ ဝိတိုရိယတောင်ကို သွားတက်ကြမယ်လေ"

သူ့ညာဥ်အတိုင်း ခပ်တည်တည်နှင့် အရွှန်းဖောက်လာတော့ ချစ်ခြင်း မျက်စောင်းအကြီးကြီး ထိုးသည်။ သူ့ကိုဆို အကောင်းကိုမမြင်နိုင်ပါဘူး။

"အလကား အပိုအလုပ်တွေရှင်။ ကိုယ့်အိမ်မှာနေလည်း ပြီးတာပဲ"

"လကမ္ဘာထိ ဟန်းနီးမွန်းမထွက်ချင်တာပဲ ကျေးဇူးတင်ဦးဗျ"

"အံမယ် ... ရှင်ကရော ခရိုနီသူဌေးတွေလို လကမ္ဘာထိ သွားဖို့ လမ်းစရိတ်ရှိလို့လား"

"သမ္မာအာဇီဝသမားတွေကတော့ ခရိုနီတွေလို အချောင် ဘယ်ငွေရှာလို့ရမလဲဗျာ။ ငွေရှိရင်တောင် ဘယ်သူ့မှ အကျိုးမရှိတဲ့နည်းတွေနဲ့ တစ်ကိုယ်ရေကိစ္စတွေမှာ သုံးမယ်မဟုတ်ပါဘူး။ အများပြည်သူ အကျိုးရှိမယ့်ကိစ္စတွေမှာပဲ သုံးချင်ပါတယ်"

www.burmeseclassic.com



"ဒါဆိုလည်း ဟန်းနီးမွန်းမထွက်နဲ့ပေါ့။ အလကား ဝိုက်ဆံကုန်လို့"

"ဩော် . . . အနည်းအပါး ကုန်သင့်ကုန်ထိုက်တာလေးလောက်လည်း ကုန်ဦးမှပေါ့ဗျာ။ နို့မို့ ဘ၀ဆိုတာ အလကားဖြစ်ကုန်ရမှာပေါ့။ နောက်ဆို သားတွေ သမီးတွေ ပွားစည်းပြီး ခုလို သာသာယာယာ လျှောက်သွားနိုင်မှာမဟုတ်ဘူးလေ"

"ဟိုး ဆရာကြီး ဟိုး။ စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့ဦး။ ရှင်ယူမယ့်မိန်းမက သူများနဲ့မတူဘူးနော်။ အနုပညာကလွဲလို့ ဘာမှလွမ်းတာ မဟုတ်ဘူး။ နောက်"

"တော်ပါပြီ ချစ်ခြင်းရယ်။ မောင် အားလုံးနားလည်ပါတယ်။ ပြောရဦးမယ်၊ မောင်ကလည်း သူများနဲ့မတူတဲ့ယောကျ်ားပါဗျာ။ စီးပွားရှာတတ်ရုံတင်မက အိမ်ထောင်ကိုလည်း ဦးစီးတတ်တယ်၊ ထိန်းသိမ်းတတ်တယ်။ ချစ်ခြင်းကို တစ်သက်လုံး သသလေး ရှရှလေး ထားမှာပါဗျ။ ဖေဖေ့လိုပေါ့"

"ဘာလဲ ရှင့်မေမေက ဘာမှမလုပ်တတ်ဘူးလား။ မပိုပါနဲ့နော်။ အန်တီကြည့်ရတာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ပုံစံပါ"

"မေမေက နုတယ်လေ။ ရောဂါသည်လေ။ တယုတယထားရတာ။ ဒါပေမဲ့ဗျာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ရဲ့





စံနှုန်းက ဘာလဲ။ ကျွန်တော်တို့သားအဖရဲ့ ခံယူချက်ကတော့ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဆိုတာ သားကိုသခင်၊ လင်ကိုဘုရား ကျွန်တော်တို့သားအဖကို ချစ်ခင်၊ ကြင်နာ၊ သစ္စာရှိ နွေးထွေးစေတာနဲ့ပဲ အလုံးစုံပြီးပြည့်စုံနေပါပြီ။ ချစ်ခြင်း ဘာမှမလုပ်တတ်ရင်နေ မောင့်ကို မောင့်သားသမီးတွေကို နွေးထွေးတဲ့ အကြင်နာတွေ၊ အယုယတွေနဲ့ အိမ်ထောင်ကို သာယာစေရင် ရပါပြီ"

"အောင်မယ် . . လူကိုများ မချက်တတ်၊ မပြုတ်တတ်၊ မစီမံတတ်တဲ့ အလကားမိန်းမကျလို့။ ရှင်ပြောနေပုံကြီးက"

"အိုကေ . . . ဒါဆိုလည်း ပြီးရောပေါ့။ အချစ်ရယ် ဘာ လိုသေးလဲဗျာ။ ဒီကမ္ဘာပေါ်မှာ မောင့်လောက် ကံကောင်းတဲ့လူ ရှိမှာမဟုတ်ဘူးပေါ့"

သူ ချစ်ခြင်းကို ဆွဲဖက်ပြီး ပါးလေးကို ရှုရှုမွှေးကြူလောခဲ့လျှင် သူမကလည်း ထုံးစံအတိုင်း သူ့ကို သူ့ရင်ဘတ်ကြီးကို တဗုန်းဗုန်းထုရိုက်လို့ပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ချောင်းသာလောက်တော့ သွားသင့်သည်ဆိုပြီး သူတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးသည်နှင့် တန်းပြီးထွက်ခဲ့ကြသည်။

ဟန်းနီးမွန်းထွက်သည့်စုံတွဲက သူတို့နှစ်ယောက်တင် မဟုတ်။ ဖေဖေနှင့်မေမေပါ ပါသည်။

"မင်းက အပျော်လွန်နေတော့ ကားမောင်းတာ စိတ်မချဘူး။ ငါကလည်း တစ်ယောက်တည်းတော့ ပျင်းတယ်ကွ။ မှင်းအမေပါ ခေါ်ခဲ့မှာ"

"ဟာ ... ဖေဖေကလည်းဗျာ။ ဖေဖေတို့ပါတော့ ရှုတ်တာပေါ့ဗျ။ လေးစားရ အားနာရတာတွေနဲ့ မလိုက်ပါနဲ့ ဖေဖေရာ ကိုယ့်ဘာသာ နောက်မှသွားစမ်းပါ"





"ဟောကောင် မကဲနဲ့၊ ဆိုင်တွေပိတ်ထားရတဲ့အတူတူ မင်းကိစ္စတွေ လုပ်ပေးနေရတဲ့အတူတူ ငါတို့လည်း ဟန်းနီးမွန်း ထွက်မယ်၊ ရှေ့ရတုအကြို"

"ဖေဖေ ကဲတယ်ဗျာ။ မေမေက နုနုလေးနော်။ ချောင်းသာရေ ချောင်းသာလေနဲ့ ဖြစ်ပါ့မလား"

"ဖြစ်တယ်၊ ငါမိန်းမ ငါတစ်သက်လုံးတောင် တယုတယ၊ အရိပ်တကြည့်ကြည့် လုပ်လာခဲ့တာ၊ သူ့ခမျာ အိမ်တွင်းပုန်းကုလားမ လုပ်ခဲ့ရရှာတာ။ စိတ်ချပါကွာ။ ငါ မင်းတို့ကို မရှုတ်ပါဘူး။ ငါတို့မပါဘူးလို့သာ သဘောထားလိုက်၊ ဟိုတယ်လည်း တစ်ခန်းစီဒိတ်ပြီးပြီ"

"ပြီးရော"

ဒီလို သဘောတူညီချက်တွေနှင့် လာခဲ့ကြတာ။ သို့သော် ကားမောင်းတော့ ဖေဖေနှင့်သူ တစ်လှည့်စီမောင်းကြပါသည်။ မေမေနှင့် ချစ်ခြင်းက ကားနောက်ခန်းထဲမှာ။

သူ ဖေဖေ့ကို ခပ်တည်တည်နှင့်နောက်၏။

"တွေ့လား။ ဖေဖေတို့သာပါမလာရင် သားအနားမှာ သူ နေရမှာ။ ဒီလိုဝေးကွာနေရမှာမဟုတ်ဘူး"

"မကဲနဲ့ ဟောကောင်၊ တစ်သက်လုံးစားရမယ့်အစားအစာကို တစ်ထိုင်တည်းအကုန်စားရင် စားပိုးနင့်သေသတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဖေဖေကလည်း သားက ရိုးရိုးပြောနေတာ"

"ငါကလည်း ရိုးရိုးသတိပေးတာ။ အိမ်ထောင်ဦးမှာ မင်း သိပ်ကဲလွန်းရင် ကောင်မလေး အထင်သေးသွားတတ်တယ်"

"ဟာဗျာ ... ဖေဖေကလည်း သားက နှာဘူးကြီးကျနေတာပဲ။ ကိုယ်ချစ်လွန်းလို့ မရအရယူထားရတဲ့ မိန်းမပါဗျ။ ဖေဖေ့လို မမှတ်ပါနဲ့"

သားအဖနှစ်ယောက် စိတ်တွေဆိုးပြီး ဖအေက နောက်ဘက်ရောက်၊ ချစ်ခြင်းက ရှေ့ကိုရောက်။

လင်းပိုးအိမ် ဆင်တဲ့အကွက်တွေ။

✳

ချောင်းသာကမ်းခြေမှာ ရေချိုးကြတော့ ဖေဖေနှင့်မေမေက တစ်တွဲ၊ သူနှင့်ချစ်ခြင်းက တစ်တွဲပေါ့။

မေမေက တီရှပ်အဝါ၊ သရီးကွာတားအနက်လေးနှင့် အလန်းကြီးလန်းနေသလို ဖေဖေကလည်း ဒူးကျဘောင်းဘီ အပွင့်ကြီးနှင့် ယယ်ရှပ်ဆင်လို့။ တကယ့်ကို မိုးမမြင် လေမမြင်။

ဘောကွင်းတစ်ခုကို အတူစီးပြီး အသက်တွေ အစိတ်





လောက် ပြန်ငယ်နေကြပုံ။

လင်းပိုးအိမ်ကလည်း ဒူးကျဘောင်းဘီနှင့်။ သူက ကစား သမားမို့ ဘော်ဒီလှပါသည်။

အဲ ချစ်ခြင်းကတော့ ရေထဲကို လုံးဝမဆင်း။ သူမ ဝတ်ထားတာ ချည်ထည်ဝမ်းဆက်အပြာလေးနှင့်။

သူမှာ ဝေါင်စင်းစင်း။ သူမကိုရေထဲဆင်းဖို့ ခေါ်ရတာ လည်း အာပေါက်မတတ်။ သူမက မဆင်းပါ။

"မဆင်းချင်ပါဘူး။ ရေစိုသွားရင် ချစ်ခြင်းမလှတာတွေ ပေါ်သွားမှာပေါ့"

"ဘာဖြစ်လို့ မလှရမှာလဲ။ မောင့်မျက်စိထဲမှာ ချစ်ခြင်းက အလှဆုံးပဲ။ ဝတ်စုံပြည့်နဲ့ဆင်းတာပဲချစ်ရယ်၊ လာပါ မောင်ရှိသားပဲ။ ဘာမှမဖြစ်စေရဘူး"

"ကျွန်မ ရေကြောက်တယ်"

"လာပါချစ်ရဲ့၊ မောင်တစ်ယောက်လုံးရှိတယ်"

သူ ချစ်ခြင်းကို အတင်းရေထဲဆွဲပြီး ဘောကွင်းစွပ်ပေးသည်။ သူလည်း ဘောကွင်းထဲဝင်သည်။ ချစ်ခြင်းကို ဘောကွင်းစီးနည်းသင်ပေးသည်။

"လှိုင်းကို ကျောခိုင်းထား ချစ်ရဲ့။ ဘောကွင်းမှာ နှိပ်ချည် မြှင့်ချည်၊ တွေ့လား ... အဲ အဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

ချစ်ခြင်းက ဘောကွင်းမစီးတတ်တာမို့ ရေလှိုင်းနှင့် မျက်နှာချင်းဆိုင်ရိုက်မိပြီး ပင်လယ်ရေ ငန်တူးခါးတွေ ပါးစပ်ထဲဝင်၊ လူက ဘောကွင်းထဲမှ ပြုတ်ကျသည်။

သူမ ကြောက်လိုက်တာ အလွန်။ လင်းပိုးအိမ် ဘောကွင်းကို ထားခဲ့ပြီး ချစ်ခြင်းကို ဆွဲထူရသည်။ ရေထဲမှာမို့ သူမနှင့်သူ ထွေးထွေးယှက်ယှက်။

လုံချည်က လုံချည်စကပ်မို့ ကျွတ်မကျပေမယ့် လှိုင်းကြောင့် အပေါ်လန်တက်ကုန်သည်။ ချစ်ခြင်းမှာ ဖရိုဖရဲ။

"ဖူး ဖရှူး"

ရေတွေကလည်း ငန်လိုက်တာ ခါးလို့။ သူက သူမကို ဖက်ပြီး ရေလှိုင်းတွေကို ကျောပေးထားလိုက်၏။

ဘောကွင်းက ဘယ်ရောက်သွားမှန်းမသိ။ သူနှင့် ရင်ဆို့လောက်ရှိသောရေက ချစ်ခြင်းနှင့်ကျတော့ ပါးစပ်လောက်ရောက်သည်။

သူမ ငိုယိုပြီး သူ့ကိုဖက်တွယ်ထားရတော့ လင်းပိုးအိမ် သဘောတွေကျလို့။

"ကြောက်ပြီလား၊ နောက်ဆို ကိုယ့်ယောကျ်ားကို





နိုင်စားဦးမလား"

သူက အူမြူးနေပေမယ့် ရေကြောက်သည့်ချစ်ခြင်းမှာ သူ့ကို ဖားပျံလိုကပ်ထားနေရတာ။ ရှက်လည်းမရှက်နိုင်တော့ပါ။

"ရေစပ်ပြန်ပို့၊ ကျွန်မကို ရေစပ်ပြန်ပို့"

"မောင်လို့ခေါ်လေ၊ မောင်လို့ခေါ်မှ ရေစပ်ပြန်ပို့မယ်"

"ရှင်နော် . . . အခွင့်အရေးမယူနဲ့။ သူများဒုက္ခရောက်နေတုန်း"

"ဒုက္ခက မရောက်ဘူး။ မောင် ရှိနေသရွေ့ ချစ် ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး မှတ်"

ရေထဲမှာ သူမွှေ့ယမ်းနေတော့ သူမမှာ တကယ့်ကို ဗရုတ်သုတ်ခ။ ဘောင်းဘီနှင့် ရေထဲဆင်းတာမဟုတ်လို့ လုံချည်ကလည်း လန်၊ ချစ်ခြင်းမှာ လုံချည်လည်း ဆွဲမချဖြစ်။

ရေထဲမှာ ဒုက္ခရောက်မှာစိုးလို့ သူ့ကို မျက်စိစုံမှိတ်ပြီး ဖက်ထားရတာ။

"ပို့ ပြန်ပို့"

သူကတော့ တကယ့်ပွဲတော်တွေ့နေသည်နှယ်။ ချစ်ခြင်းကို ပါမစ်အပြည့်နှင့် ဖက်ထားတာ သူ့ရင်ဘတ်ကြီးနှင့် တင်းသားတည်းကိုဖြစ်လို့။ သည်အခါ သူ ခံစားမိလိုက်တာ တင်ပုံတစ်ခု။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်က သိန်းထောင့်ငါးရာဆု ဆယ်ဆုလောက် ပေါက်သူလို ဝမ်းသာအားရ။ ချစ်ခြင်းကို ပွေ့ဆွဲရင်း ရေစပ်သို့ ခေါ်သွားလိုက်တာ မြန်မှမြန်။

"ဘာလဲ ... ဘာဖြစ်လို့လဲဟင်"

"ဝမ်းသာလို့ ... မောင် အရမ်းဝမ်းသာလို့"

ချစ်ခြင်း မျက်မှောင်လေးကြုတ်ပြီး အခြေအနေတွေကို နားမလည်နိုင်ဖြစ်နေရပေမယ့် သူကတော့ မှိုရသည့်မျက်နှာနှင့်။

"ကဲ ... သွားကြစို့၊ ဟိုတယ်မှာ ရေချိုပြန်ချိုးမယ်။ ပျားရည်သောက်မယ်"

"ဟင် ... တော်ပြီလား"

"တော်ပြီ ... ချစ် အအေးမပတ်မှာစိုးလို့"

လင်းပိုးအိမ် သူ့ဖေဖေနှင့်မေမေကို လက်ပြခဲ့ပြီး ချစ်ကို မျက်နှာသုတ်စောင်တစ်ထည် ခြုံပေး။ သူလည်း တစ်ထည်ခြုံကာ ဟိုတယ်သို့ ပြန်ခဲ့ကြသည်။

✳

ရေချိုး အဝတ်လဲပြီးတော့ လင်းပိုးအိမ် သူမအနားသို့ မချိုမချဉ်ရုပ်နှင့် ကပ်လာလျှင် ချစ်ခြင်း ပြာသွားသည်။





"ဘာလဲ သူနော်။ ညမရောက်သေးဘဲနဲ့"

"ညရောက်မှ ပျားရည်သောက်မှာပါ။ ခု ချစ်ကို ဝမ်းသာစရာသတင်းလေး ပြောချင်လို့"

"ဘာလဲဟင်"

"ဩော် ... ကျန်းမာရေးဌာနက ထုတ်ထားတဲ့ စာသားလေး သဘောကျလို့ပါ။ မိခင်နို့သည် ကလေးများအတွက် အကောင်းဆုံးဖြစ်သည် ဆိုတာလေ"

"မောင်နော်၊ အဲ ... ရှင်နော်"

"ရေထဲမှာ ချစ်ရဲ့လျှို့ဝှက်ချက်ကို သိသွားပြီလေ။ ဘာလဲ မောင့်ကို အချစ်စမ်းတာလား"

လင်းပိုးအိမ်မေးတော့ ချစ်ခြင်းဝတ်မှုန် ခေါင်းငုံ့သွားသည်။ သူမ ထိုင်နေသည့်ခုတင်ဆီသို့ လင်းပိုးအိမ်ကပ်လာပြီး ချစ်ခြင်းကို ပွေ့ဖက်လာခဲ့သည်။ သူမ ရှင်းပြရပါ၏။

"ချစ်ခြင်းကိုခွဲမယ့် ဆရာဝန်မကြီး အရေးပေါ် အစည်းအဝေးသွားရတော့ ဆရာဝန်ကြီးနဲ့ခွဲရတယ်။ သူက မဖြတ်ဘူးလေ။ မျိုးရိုးမှာ ကင်ဆာရှိတိုင်း ကိုယ့်ကျဖြစ်ချင်မှဖြစ်မှာ မလိုအပ်ဘဲ မဖြတ်သေးဘူးဆိုပြီး အကျိတ်ကိုပဲ ခွဲထုတ်သည်။ နောက် ဘိုင်အိုစီစစ်တယ်၊ clear ပါပဲ"

"အဲဒါ ဘာဖြစ်လို့ သူ့ကိုရှင်းချက်မပြောတာလဲ"

www.burmeseclassic.com



"တော်ပါပြီရှင်ရယ်၊ breast မရှိတော့ဘူးဆိုတာနဲ့ ဇာတ်လမ်း အဆက်အသွယ်ပြတ်သွားတာပဲလေ။ သူ့ကို ရင်ထဲမှာပဲ အမြဲတေ တစ်ခုလို သိမ်းဆည်းထားလိုက်ပါပြီ။ သူဟာ ချစ်ခြင်းရဲ့ဂုဏ်ထူး ဆောင်ချစ်သူပေါ့"

"စိတ်တော့မနာပါနဲ့ ချစ်ရယ်။ သူ့မှာလည်း လုံလောက် တဲ့အကြောင်းပြချက် ရှိမှာပါ"

"မနာပါဘူး။ ချစ်ခြင်းက သူ့ကို အရမ်းရှုးသွပ်မိတာပါ။ ချစ်ခြင်းရဲ့နှလုံးသားပုံရိပ်ထဲမှာ သူ အမြဲထာဝရ ရှိနေမှာပါ"

ချစ်ခြင်းရဲ့ကျောပြင်လေးကို ယုယစွာ ပိုက်ထွေးရင်း လင်းပိုးအိမ် သတိရနေမိတာ ဆရာ့ရဲ့ခံစားချက်လေးကိုပါပဲ။ လွန်ခဲ့တဲ့ (၃) ရက်လောက်က fb မှာတင်ထားခဲ့တာ။

"အချစ်ဆိုတာ စောင့်စည်းခြင်းပါပဲ။ မီးတောင်မြို့တစ် လို ရင်ထဲမှာ အုံ့ဖွဲ့လောင်မြိုက်ရင်း မြိုသိပ်ရင်း သူ့အတွက် အနစ်နာခံပေးလိုက်တာ ငါ့ဘဝအတွက် အကောင်းဆုံးအမြတ်ပါပဲ လေ" တဲ့။ သူ ချစ်ခြင်းကို မပြောမိတာလည်း အပြစ်ရှိမည်မထင်။ ဘာကြောင့်ဆို အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးလို့ ဆိုထားကြ သည့် မဟုတ်ပါလားလေ။

ကြယ်စင်မှူးဝေ

၂၁-၁-၂၀၁၆



၂၀၁၆ ခုနှစ်တွင် ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်

နှလုံးသားကို မိုင်းစိုးသူ

ကြယ်စင်မှူးဝေ

အသည်းကွဲလေဒီ

မယ်နိုင်

ကျွန်မကချစ်၍ ကျွန်မကိုချစ်သော

မိုးစက်ပွင့်

ဝန်ခံပါ ချစ်သူ

အလင်းသစ်

မာန်

လှိုင်းကြာဖြူ

ပန်းအနှားသတတ်မျိုး